သဒ္ဓါပညာ နှစ်ဖြာစုံရ ကုံလုံ၍
ငါးဝကာမဂုဏ် စွန့်တုံပစ်ပြွား မြတ်ဗုရား၏
သားတော်အစစ် ဖြစ်ကြီးဖြစ်သော ဝိပဿနာ ကမ္မဋ္ဌာန်းပြ
ပုဂ္ဂိုလ်မဟော် နိုင်ငံကျော်သော
သာသနာပြု
ဓမ္မစေတီဆရာတော်ဘုရား
စီရင်ရေးသားအပ်သော

# သောတာပန်လမ်း
# အလင်းကျမ်း

မူပိုင်ရှင်
ပါဠိတက္ကသိုလ်စာအုပ်ဆိုင်
စိန်စိန်မြင့်

ဣဿာသယ ပိဋကတ် စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

သဒ္ဒါပညာ နှစ်ဖြာစုရ ကုံလုံ၍
ငါးဝကာမဂုဏ် စွန့်တုံပစ်ပြား မြတ်ဗုရား၏
သားတော်အစစ် ဖြစ်ကြီးဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်းပြ
ပုဂ္ဂိုလ်မဟော် နိုင်ငံကျော်သော

သာသနာပြု

**ဓမ္မစေတီဆရာတော်ဘုရား**

စီရင်ရေးသားအပ်သော

# သောတာပန်လမ်း
# အလင်းကျမ်း


မူပိုင်ရှင်
ပါဠိတက္ကသိုလ် စာအုပ်ဆိုင်
စိန်စိန်မြင့်

ဣန္ဒာသယပိဋကတ်စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။
၅၀၄-က (နဝမအကြိမ်)။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၄၉၁၈)

ပါဠိဆရာများ - ဦးထွန်းသိန်း, ဦးစိန်အုပ်, ဦးဝင်းဖေ။

ထုတ်ဝေသူ - ဦးထွန်းစိန်
ထုတ်ဝေသူမှတ်ပုံတင်အမှတ် - (၀၄၅၄)

ပါဠိတက္ကသိုလ်စာအုပ်ဆိုင်
(၄၇)ရွှေတိဂုံဘုရား အရှေ့စောင်းတန်း၊
ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးသန်းမောင်
ပုံနှိပ်သူမှတ်ပုံတင်အမှတ် - (၀၇၉၄)

ဇူဗလီသယပိဋကတ်စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

---

နဝမအကြိမ် စာအုပ်ရေ ၂၀၀၀။
အဘိုး ၃-ကျပ် ၅၀-ပြား။

၁၃၃၃-ခု၊ တော်သလင်းလ။ ၁၉၇၁-ခု၊ ဩဂုတ်လ။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၁။ | ပဏာမဥယျောဇဉ်ပြခဏ်း | ၁ |
| ၂။ | သောတာပန်ဖြစ်ခြင်းအင်္ဂါလေးပါး | ၁၁ |
| ၃။ | ငါသုံးငါကိုခွဲပြခဏ်း | ၁၆ |
| ၄။ | ဒိဋ္ဌိအယူပြခဏ်း | ၁၇ |
| ၅။ | ပရမတ်ခန္ဓာငါးပါးကိုသိကာမျှနှင့်သက္ကာယဒိဋ္ဌိကွာ၍ သောတာပန်ဖြစ်အောင်ပြသောအခဏ်း | ၂၁ |
| ၆။ | ဓာတ် ၁၀-ပါးဖြင့်ဒိဋ္ဌိကွာ၍သောတာပန်ဖြစ်နည်း | ၂၄ |
| ၇။ | ရှုနည်းကား | ၂၄ |
| ၈။ | သက္ကာယဒိဋ္ဌိကိုမသတ်ဘဲတဏှာကိုသတ်၍ မဖြစ်နိုင်သောအကြောင်း | ၂၇ |
| ၉။ | သံသရာထွက်လမ်း စခန်းသုံးပါးကိုပြခဏ်း | ၂၉ |
| ၁၀။ | သစ္စာလေးပါးကိုသိ၍ ဒိဋ္ဌိကွာပြီးသောတာပန် ဖြစ်သောအခဏ်း | ၃၂ |
| ၁၁။ | အနတ္တသိ၍ ဒိဋ္ဌိကွာသောအကြောင်း | ၃၄ |
| ၁၂။ | ဓာတ်ခြောက်ပါးနှင့် သက္ကာယဒိဋ္ဌိကွာသောအခဏ်း | ၃၈ |
| ၁၃။ | ပဋိစ္စသမုပ္ပါဒ်နှင့် ဒိဋ္ဌိကွာပုံ | ၄၅ |
| ၁၄။ | ပဋိစ္စသမုပ္ပါဒ်ကိုဝဋ် ၃-ပါးဖြင့်သံသရာလည်ပုံ | ၄၇ |
| ၁၅။ | ပဋိစ္စသမုပ္ပါဒ်ဝဋ် ၃-ပါးဖြတ်နည်း | ၄၈ |
| ၁၆။ | သံသရာကိုပြခြင်း | ၅၀ |
| ၁၇။ | သောတာပန်ပုဂ္ဂိုလ်သည် တဘဝထက်တဘဝ မြင့်မြတ်ခြင်းကိုပြခြင်း | ၅၃ |
| ၁၈။ | ဘေးကြီး ၄-ပါးအကြောင်း | ၅၄ |
| ၁၉။ | မဂ် ၄-ပါးဖြင့် သံယောဇဉ် ၁၀-ပါးပယ်ပုံ | ၅၉ |
| ၂၀။ | နီဝရဏ ၆-ပါး ၈-ပါးကိုမဂ် ၄-ပါးနှင့်သတ်နည်း | ၅၉ |

# မာတိကာ

ဦးရေ　　အကြောင်းအရာ　　စာမျက်နှာနံပါတ်


၂၁။ သံယောဇဉ် ၁၀-ပါးပယ်ပုံ ၅၉
၂၂။ အနုသယ ၇-ပါးပယ်နည်း ၆၀
၂၃။ မဂ်လေးပါးနှင့် အာသဝေါတရားလေးပါးပယ်ပုံ ၆၀
၂၄။ မဂ်လေးပါးနှင့်ကိလေသာ ၁၀-ပါးပယ်ပုံ ၆၀
၂၅။ စိတ်စေတသိက်တို့နှင့် သောတာပန်ပယ်သတ်ပုံ ၆၁
၂၆။ ပုထုဇန်နှင့်အရိယာတို့ ဒုစရိုက်ပယ်ပုံကိုခွဲခြား၍ ပြခက်း ၆၃
၂၇။ သောတာပန်အစစ်ဖြစ်ပုံဥပမာ ၆၅
၂၈။ ပဟာန် ၃-ပါးနှင့်စပ်၍ပြခက်း ၆၇
၂၉။ ပဟာန် ၃-ပါးတမျိုးပြခက်း ၆၈
၃၀။ အဖြေကပ်၍နေသောအချက်ပြခက်း ၆၈
၃၁။ သောတာပန်ပုဂ္ဂိုလ်တို့သဘောကိုပြခက်း ၆၉
၃၂။ ဝိပဿနာဉာဏ်အကြောင်း ၇၀
၃၃။ အနိစ္စ,ဒုက္ခ,အနတ္တ,အသုဘတရားတို့ကျင့်ရသော တရားမဟုတ်သည်ကိုပြခက်း ၇၈
၃၄။ ၃၁-ဘုံတရားကိုအကျဉ်းချုပ်ပြခြင်း ၈၀
၃၅။ မဂ်လေးပါးကပယ်သတ်နိုင်သော တရားကိုပြခြင်း ၈၁
၃၆။ သမထ သမာဓိလမ်းနှင့် ဝိပဿနာလမ်းခွဲပြခက်း ၈၂
၃၇။ ပညာ,သီလ,သမာဓိအကြောင်း ၈၅
၃၈။ တရားတို့ကိုလောကီ လောကုတ္တရာနှစ်လမ်းခွဲပြခက်း ၈၆
၃၉။ မဂ္ဂင် ၈-ပါးအခွဲ ၈၇
၄၀။ သစ္စာလေးပါးတွင် မဂ္ဂင်ရထားတပ် သံသရာလည်နေပုံ သံသရာမှထွက်ပုံပြခက်း ၈၈
၄၁။ အပါယ်ကျခြင်းဟူသမျှတို့သည်သက္ကာယဒိဋ္ဌိ ပြဋ္ဌာန်းသည် ၉၃
၄၂။ ဝိပလ္လာသ ၃-ပါးအကြောင်း ၉၅
၄၃။ သာသနာအကြောင်း ၉၇

| ခန်းရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၄၄။ | လောကီတရား လောကုတ္တရာတရားခွဲပြခန်း | ၁၀၀ |
| ၄၅။ | မဂ်တက်စဉ်အကျင့်ကိုပြခန်း | ၁၀၂ |
| ၄၆။ | လောကီကုသိုလ် အကျင့်ခက်၍ လောကုတ္တရာကုသိုလ် အကျင့်လွယ်ကြောင်း | ၁၀၃ |
| ၄၇။ | ဗုဒ္ဓဘာသာစစ်ကို ရွေးထုတ်၍ပြခြင်း | ၁၆၀ |
| ၄၈။ | သောတာပန်ပုဂ္ဂိုလ်တို့ပယ်နိုင်သော ဝိစိကိစ္ဆာရှစ်ပါး | ၁၀၉ |
| ၄၉။ | ကိလေသာ ၃-မျိုးကိုပြသောအခန်း | ၁၁၂ |
| ၅၀။ | ပုထုဇန်တို့သီလကို လုံခြုံပုံနှင့် အရိယာတို့ သီလကို လုံခြုံပုံခွဲပြခန်း | ၁၁၄ |
| ၅၁။ | ပရိဿဝ ၄-ပါးကို အကျဉ်းပြခြင်း | ၁၁၆ |
| ၅၂။ | ပဟာန် ၃-ပါးတမျိုးပြခြင်း | ၁၁၇ |
| ၅၃။ | အာရုံ ၆-ပါး၌ ခန္ဓာ ၅-ပါး၊ ရုပ်နာမ် ၂-ပါး ဖြစ်ပေါ်လာပုံကိုပြခြင်း | ၁၂၁ |
| ၅၄။ | မနော၌ နာမ်ရုပ်ဖြစ်ပုံ | ၁၂၃ |
| ၅၅။ | ဓာတ်သတ္တရသ အဋ္ဌာရသကိုပြခြင်း | ၁၂၄ |
| ၅၆။ | သတိပဋ္ဌာန် သမ္ပဇည၌ နာမ်ရုပ်ရှုနည်း | ၁၂၄ |
| ၅၇။ | သီလဆိုလောက်သောသီလ,သမာဓိဆိုလောက်သော သမာဓိ, ပညာဆိုလောက်သောပညာကို ရွေးကောက်၍ ပြပါဦးအံ့ | ၁၂၈ |
| ၅၈။ | ဩကာသ ပဏ္ဏမ အဓိပ္ပါယ် | ၁၃၀ |
| ၅၉။ | တောင်းပန်ပုံအဓိပ္ပါယ်ကား | ၁၃၁ |
| ၆၀။ | ရေစက်ချအကြောင်း | ၁၃၆ |
| ၆၁။ | ပါရမီ ၁၀-ပါးအကြောင်း | ၁၃၇ |
| ၆၂။ | ကုဋ္ဌပရဝ ရဟန်းကျင့်ဝတ် ၆-ပါးပြခြင်း | ၁၄၀ |
| ၆၃။ | ဘင်္ဂလီနှင့် ဗုရားကိုပင့်ခြင်း | ၁၄၅ |
| ၆၄။ | ရုပ်နာမ်ခန္ဓာတရားကို ကျက်မှတ်သင်ကြားရ၍ ဒိဋ္ဌိတဏှာတို့ မလာကပ်နိုင်ခြင်း | ၁၄၈ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၆၅။ | ပြည်တန်လည်ဆွဲ အမြဲပုတီးနှင့်တူသောမဂ်ဖိုလ်ကို တောင်းခံကျ်း | ၁၄၉ |
| ၆၆။ | ဒိဋ္ဌိတဏှာ နတ်ဒေဝါတို့၏ တိုက်တွန်းခြင်းကို လက်မခံဘဲ ရုပ်နာမ် ၂-ပါး လက်နက်နှင့် တားမြစ်ခြင်း | ၁၄၉ |
| ၆၇။ | ရုပ်နာမ်,ခန္ဓာ,ဓာတ်သစ္စာတရားတို့ကို နှလုံးသွင်း သင့်ကြောင်း | ၁၅၁ |
| ၆၈။ | ဖြစ်လေရာဘဝတိုင်း၌ မဂ်ဉာဏ်ဖိုလ်ဉာဏ်နှင့်တကွ ကြီတိုင်းပြည့်စုံရန်ဆုတောင်း | ၁၅၂ |
| ၆၉။ | မဟာကရုဏာ သမာပတ္တိဉာဏ်ကိုတောင်းခြင်း | ၁၅၃ |
| ၇၀။ | ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာတရားကို ကျက်မှတ်၍ နှစ်သက်သဖြင့် ထိပ်ပေါ်၌ထားခြင်း | ၁၅၃ |
| ၇၁။ | ရုပ်နာမ် ခန္ဓာတရားကို ဝတ်တက် ဝတ်ကပ်ပြုကျင့်၍ နေသင့်ကြောင်း | ၁၅၅ |
| ၇၂။ | မြတ်စွာဘုရားသည် သတ္တဝါတို့၏ အသက်သခင် ဖြစ်ကြောင်း | ၁၅၆ |
| ၇၃။ | မဏ္ဍိမကျင့်စဉ် မဂ္ဂင်ရေကျောမျော၍လိုက်သင့်ကြောင်း | ၁၅၈ |
| ၇၄။ | မြတ်စွာဘုရား၏ တရားတော်သည် မြေခိုင်မြေမာ ပေါက်သော သစ်ပင်ကြီးနှင့် တူကြောင်း | ၁၆၀ |
| ၇၅။ | သူတော်ကောင်းတရားများကျင့်ရန် ရှေ့နောက် ဆင်ခြင်၍ ရှေ့အရိယာလမ်းကိုလိုက်ပုံ | ၁၆၁ |
| ၇၆။ | နာမ်ရုပ်တို့ကို မြင်အောင်ရှုရမည့်အကြောင်း | ၁၆၂ |
| ၇၇။ | သဒ္ဓါရတရားပယ်ပြီး မဂ်ဖိုလ်တရား ကျင့်ရန် ပညာရှိနေသောအရပ်၌ နေရခြင်း | ၁၆၂ |
| ၇၈။ | လူမိုက်များ နတ်မိစ္ဆာအယူကိုပယ်၍ ဘုရား၏ တရားတော်ကျင့်ရန် | ၁၆၃ |
| ၇၉။ | ဘုရားဖူးသွားသူတို့ ဘုရားနှင့်မတွေ့ကာမဂုဏ်မွေ့ခြင်း | ၁၆၄ |

အကြောင်းအရာ　　　　စာမျက်နှာနံပါတ်

၈၀။ မာန ဇာသာ တရားကိုပယ်၍ ဝိပဿနာ ပွားသင့်ကြောင်း ၁၆၅
၈၁။ ရုပ်နာမ်ခန္ဓာ တရားကျင့်သူသည် မင်းပေါင်း တကာ ထက်မြတ်ပုံ ၁၆၅
၈၂။ သင်္ခါရတရားဆည်းပူးမိသူ လတ်တလောသေစေ တတ်သော အဆိပ်အိုးကြီး စားမိသူနှင့် တူကြောင်း ၁၆၆
၈၃။ အာရုံ ၆-ပါးကိုသိလျှင် လောကီနှင့်လောကုတ်ဦးသူ ကနိုင်ခြင်း ၁၆၇
၈၄။ နားရှိလျက်မကြား စိတ်ရှိလျက်မသိ ခိုင်ခံ့စွာနေ၍ မတည်ခြင်း ၁၆၈
၈၅။ နိဗ္ဗာန်ရန်သူ ၆-ပါးကိုသတ်၍ဗုရားကိုပူဇော်ခြင်း ၁၆၉
၈၆။ သူတော်ကောင်းနှိပ်စက်သူကို ဒေါသထွက်ကောင်း၏ တရားအစည်းအဝေးကို လောဘထွက်ကောင်း၏ ၁၇၀
၈၇။ ရုပ်နာမ်တရားတို့ကို ဟောပြောကျင့်ခြင်းမှလွဲ၍ လောဘ,မာန မထောင်လွှားသင့်ကြောင်း ၁၇၁
၈၈။ သင်္ခါရအကုသိုလ်,ကုသိုလ်အားထုတ်သူသည် လောကုတ္တရာကိုကျင့်ကြံ၍ မဖြစ်နိုင်ကြောင်း ၁၇၁
၈၉။ အမျက်ထွက်ခြင်းကို စင်ကြယ်အောင် သူတော် ကောင်းနှင့်ပေါင်းဖေါ်ရခြင်း ၁၇၂
၉၀။ လောဘ ဒေါသ မောဟသည် ခန္ဓာ၌ဖြစ်ခြင်း ၁၇၃
၉၁။ အဋ္ဌုတ္တရန်သူကို ဝိပဿနာနှင့်ဆုံးမ၍ဗုရားကို ကြည်ညိုရန် ၁၇၃
၉၂။ ပဋိစ္စသာမုပ္ပါဒ်စက်ရဟတ်တရားကိုဟောသဖြင့် မခံနိုင်၍ထွက်ပြေးခြင်း ၁၇၄
၉၃။ မိမိခေါ်၍ရသောရေယာဉ်ကို အသဲစွဲနှစ်သက်သကဲ့သို့ နိဗ္ဗာန်အလိုရှိသူသည် မဂ္ဂင်ရေယာဉ်ကိုနှစ်သက်ရန် အကြောင်း ၁၇၅

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၉၄။ | ရုပ်နာမ်တရားကိုဟောနိုင်လျှင်ဆရာဗုရားဟူ၍ မှတ်ရမည် | ၁၇၆ |
| ၉၅။ | ဒုသီလပေါင်းမိက ငရဲကျခြင်း,သုသီလပေါင်းက နိဗ္ဗာန်ရခြင်း | ၁၇၆ |
| ၉၆။ | မင်္ဂလာကန်စဉ်ကျင့်ထုံးပြခန်း | ၁၇၇ |
| ၉၇။ | ဒိဋ္ဌိသေပြီးသူအထက်မင်္ဂကိုကျင့်ရန်ပြခန်း | ၁၇၇ |
| ၉၈။ | သောတာပန်ဖြစ်ပြီးသူကိုအထက်မင်္ဂတက်ရန်ပြခန်း | ၁၇၈ |
| ၉၉။ | ဝီရိယရှေ့စိန် တောထွက်ရန် တိုင်ပင်ခန်း | ၁၈၀ |
| ၁၀၀။ | ဘင်္ဂလီနှင့် တရားတောင်း | ၁၈၁ |
| ၁၀၁။ | ကျမ်းပြုသည့်အတွက်မေတ္တာပို့ | ၁၈၅ |



မု-ဓိ-သံ

# သောတာပန်လမ်းအလင်းကျမ်း

## ဒုတိယပြင်ချက်ပဏာမဥယျောဇဉ်ပြခဏ်း

သံသရာ ကမ္ဘာအဆက်ဆက် ကျင်လည်၍ နေကြရသော ပုထုဇဉ် သတ္တဝါအများတို့သည် ကမ္ဘာပေါင်း အသင်္ချေ အနန္တပင်ကြာသော်လည်းဘုရားအစစ်အမှန် တရားအစစ်အမှန်သံဃာအစစ်အမှန်ကို အလွန်တရာတွေ့ခဲကြ၍ခဲ ကိုးကွယ် ဆည်းကပ်ရခဲကုန်၏။ ဘုရားကိုကိုးကွယ်ခြင်း၌ ရုံဖန်, ရုံခါ နတ်ကို ဘုရားပြု၍ ကိုးကွယ်ရကုန်၏။ ရုံဖန်တောင်ကို, ရုံဖန်ဆင်ကို, ရုံဖန်မြင်းကို, ရုံဖန် ဗြဟ္မာကို, ရုံဖန်ခြတောင် ပလူတောင်ကို, ရုံဖန် ကြေးကို,ရုံဖန်ကျောက်ကို, ရုံဖန်ငွေကို, ရုံဖန် ရွှေကို, ရုံဖန်အုတ်ကို,ရုံဖန်သစ်ပင်ကြီးကိုစသည်ဖြင့်အမျိုးမျိုးသော ဘုရားတွေကို ကိုးကွယ်ဆည်းကပ်ကြရကုန်၏၊ ဘုရားမှန်ကို အလွန်တွေ့ကြုံခဲကုန်၏။

ထို့ကြောင့် အင်္ဂုတ္တိုရ်ပါဠိတော်တွင် "ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော" ဟုဟောတော်မူသည်။ ။ဗုဒ္ဓုပ္ပါဒေါ၊ သစ္စာလေးချက် တရားနက်ကို လက်ဝယ် တင်ထား စိန်မြလားသို့ ပိုင်းခြားတိတိ အစွမ်းကုန်သိနိုင်သော ဓိပတိထွတ်ထား ဘုရားကိုယ်တော်မြတ်၏ ပွင့်ပေါ်လာခြင်းသည်။ ဒုလ္လဘော၊ ခဲယဉ်းကြီးစွာခဲယဉ်းပါ၏။ ဤစကားတော်အရဖြင့်တကဲ့ဘုရားကို ဆိုလိုသည်ဖြစ်သောကြောင့် ကြေး,ကျောက်, အုတ်, ရွှေ, ငွေ, တော, တောင်, သစ်ပင်, ဆင်,မြင်း, ဗြဟ္မာမင်းစသည်တို့ကို ဘုရားပြု၍ကိုးကွယ်ရခြင်းကိုမှဆိုလိုဖြစ်ပေသည်။

ဇာဋ္ဌာသယ ၅၀၄-၁ (နဂမသာကြမ်)

သံသရာဒုက္ခမှ ထွက်မြောက်နိုင်သော သစ္စာလေးချက်သဘော နက်ကို ထက်နတ်ပြဟ္မာ သတ္တဝါအားရှင်လူများကို ဟောကြားနိုင် သောဗုဒ္ဓ၊ ၎င်းတရားကိုအလိုလို ထိုးထွင်း၍သိပြီး သူတပါးအား ဟောကြားနိုင်သောဗုဒ္ဓ၊ ရုပ်ခန္ဓာ, နာမ်ခန္ဓာချင်းကို မတုမပြိုင် နိုင်သောဗုဒ္ဓ၊ လောကသုံးပြာ သတ္တဝါနှင့် ကမ္ဘာကိုအစိုးရသော အနုတ္တရဗုဒ္ဓ၊ တန်ခိုးတော် အနန္တ, ဉာဏ်တော်အနန္တ, ဘုန်းတော် အနန္တတို့ကို သူသူငါငါ မတုနိုင်ကြသော ဘဂဝဗုဒ္ဓ၊ ဤဗုဒ္ဓ ကိုသာဗုဒ္ဓခေတ် တ,ပစ္စည်းနှင့် ဆက်ဆံသောဗုဒ္ဓဖြစ်၍ လောက သုံးပါးကိုခြုံ၍သိခြင်း ဗုဒ္ဓဟုခေါ်ထိုက်ပေသည်။

ဤပုဂ္ဂလာဓိဋ္ဌာန်, ဓမ္မာဓိဋ္ဌာန် ဗုဒ္ဓက ဟောပြော ပြသသော တရားသည်မဂ်လေးပါး၊ ဖိုလ်လေးပါးဖြစ်ကုန်၏၊ ၎င်းမဂ်လေးပါး၊ ဖိုလ်လေးပါးကို ဖြစ်စေရစေနိုင်သော နိဗ္ဗာန်ပရိယတ် အကျင့်မြတ် တည်းဟူသောရုပ်နာမ်ခန္ဓာ၊အာယတန၊ပဋိစ္စသမုပ္ပါဒ်၊ခေတ်သစ္စာ၊ ဝိပဿနာ တရားများဖြစ်ကုန်၏၊ ဤမဂ်တရား ဖိုလ်တရား နိဗ္ဗာန် တရားတို့ကိုသာလျှင် ဓမ္မာ ဓိဋ္ဌာန်နိယတ အမြဲဗုဒ္ဓ၏တရား၊ ၎င်း ဗုဒ္ဓ၏ ကိုယ်စားလှယ်ဖြစ်သော ဂင်္ဂါဝါဠု သဲစု ထောင်သောင်း ပွင့်တော် မူကြသော ပုဂ္ဂလာဓိဋ္ဌာန် ဗုဒ္ဓတို့၏ တရားတော် ဖြစ်ပေသည်။

၎င်းမဂ်တရား ဖိုလ်တရားကိုကျင့်ကြံပွားများကြသော ကလျာဏ အတွင်းဝင်နှင့်အရိယာ သံဃာတော် ရှစ်ပါးသာလျှင် ဓမ္မာဓိဋ္ဌာန် ဗုဒ္ဓ၊ပုဂ္ဂလာဓိဋ္ဌာန်ဗုဒ္ဓ၏သားတော်သွီးတော်အစစ်ဖြစ်ပေသည်၊ ဤဗုဒ္ဓအစစ် ဓမ္မာဓိဋ္ဌာန်၊ ပုဂ္ဂလာဓိဋ္ဌာန် နှစ်ပါး၊တရားအစစ် မဂ် လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်ပရိယတ်၊ အကျင့်မြတ် ဝိပဿနာ တရား၊ သံဃာအစစ် ကလျာဏအတွင်းဝင်နှင့် အရိယာ သံဃာရှစ် ပါး။ ။ဤသုံးမျိုးမှလွဲ၍ ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ ကိုးကွယ်ခြင်း မထိုက်၍ ဗုဒ္ဓ-တု၊ တရား-တု၊ သံဃာ-တုတို့ကို ပယ်ဖြတ်ပြီးလျှင် အစစ် အမှန်ကို ဝန္ဒနာ ပြုလို၍။ ။ဗုဒ္ဓ, တရား၊ သံဃာအား၊ ညွတ်တွားဝန္ဒနာ-ဟုဆိုပေသည်။

ဤသရဏဂုံသုံးပါးအရာ၌ အကျယ်ကိုသိလိုလျှင် ငါတို့စီရင်ရေးသားသောသရဏဂုံ စစ်တမ်း အလင်းကျမ်းမှာ ကြည့်လေ၊ နိဗ္ဗာန်လမ်းပြ ဓမ္မကထိကမှာ ကြည့်လေ။

အပါယ်ကိုတကယ်ကြောက်သူဖြစ်ကြကုန်သောသူတော်ကောင်တို့သည် မိမိတို့၌သားမယား၊လင်သား၊စပါးဆန်ရေ၊ ရွှေငွေ၊ ဆင်မြင်း၊ကျွန်သင်းပင်းတို့ကို မပစ်မစွန့်ရဘဲ ကာမဂုဏ် စည်းစိမ်ကြီးပေါ်က စံစား၍နိဗ္ဗာန်သို့ သွားနိုင်သောသိကြား၊ ဝိသာခါတို့ကို ဥပမာစံထား၍ သောတာပန်ဖြစ်ခြင်းတရားကို လိုလား ကျင့်ကြံရန်လျှောက်ထားတောင်းပန်သောကြောင့်။ ။သောတာပန်လို၊ များလူဗိုလ်၊ ကြည်ညိုတောင်းပန်ထွာ-ဟု စပ်ဆိုပေသည်။

သမထလမ်းများလိုရသေ့ရဟန်း ပြုလုပ်ပြီးကျင့်ကြံရသော လမ်းမဟုတ်သည့် သောတာပန်လမ်းသည် ဘုံစဉ်စံလမ်း၊ ကာမဂုဏ် လင်သားမယား၊ကျွဲ-နွား၊ဆင်မြင်း၊ ကျွန်သင်းပင်းတို့ကို လက်မလွှတ်ဘဲနိဗ္ဗာန်ကိုအကြာဆုံး ခုနစ်ဘဝနှင့် သွားနိုင်သော နည်းလမ်းဖြစ်ပေသည်။ ။ဧင်းသောတာပန်ဖြစ်၍ နိဗ္ဗာန်သို့ သွားလိုသူတို့အတွက် “သောတာပန်လမ်း အလင်းကျမ်း” အမည်နှင့် ရေးသားသဖြင့် အပါယ်ကိုတကယ်ကြောက်ကြသော ရဟန်း၊ရှင်လူ့တို့သည်ကြိုးစားအားသစ်ပြီး သင်ကြား ကျင့်ကြံကြစေလို၍။ ။သောတာပန်လမ်း၊ အလင်းကျမ်း၊ ထူးဆန်မည်သညာ။ ။အပါယ်ကင်းလို၊များလူဗိုလ်၊ ကြည်ညိုအားသစ်ပါ-ဟုစပ်ဆိုပေသည်။

ယခုဗုဒ္ဓဘာသာဝင်လူရှင်ရဟန်းတို့သည်မနုဿတ္တဒုလ္လဘတည်းဟူသော လူ၏ အဖြစ်ကိုလည်း ရကြကုန်ပြီ၊ ပဗ္ဗဇ္ဇိတ ဒုလ္လဘတည်းဟူသော ရသေ့ရဟန်း ရှင်သာမဏေ၏ အဖြစ်ကိုလည်းရကြကုန်ပြီ၊ ဗုဒ္ဓုပ္ပါဒဒုလ္လဘတည်းဟူသောမြတ်စွာဗုရားသာသနာတော်ကြီးနှင့်လည်းကြုံကြိုက်ကြရကုန်ပြီ၊သဒ္ဓါသမ္ပတ္တိတည်းဟူသော ရတနာ သုံးပါးအား ယုံကြည်သက်ဝင်ခြင်းကို ရကြလေကုန်ပြီ၊ ဤခဲယဉ်းခြင်းလေးပါးကို လက်ရှိလက်ကိုင်ရပြီး ဖြစ်ပြီးမှန်ပါဟုတ်ပါလျက် သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ တည်းဟူသော သူတော်ကောင်း၏ တရား ရုပ်နာမ်, ခန္ဓာ,ဓာတ်,သစ္စာ, ဝိပဿနာ,မဂ်, ဖိုလ်,နိဗ္ဗာန် တရားတပါး

ကိုသာသင်ဘို့၊ ကြားဘို့၊ နာဘို့၊ မှတ်ဘို့ ကျင့်ဘို့သာ လိုကြသည် ဖြစ်သောကြောင့်။ ။ငါးဖြာဒုလ္လဘ၊ ဤဘဝ၊ အရခက်လှပါ။ ။ သဒ္ဓမ္မလဝနံ၊ ဒုလ္လဘံ၊ ကြားရန် ခက်လှပါ-ဟုစပ်ဆိုပေသည်။

နိဗ္ဗာန်ကိုရောက်လိုသော လူ့ရှင်အပေါင်းတို့သည် နိဗ္ဗာန်လမ်း စဉ် တည်းဟူသော ရုပ်နာမ် ခန္ဓာဓာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ်တရား တို့ကိုတတ်ကျွမ်းလိမ္မာအောင် ရှေးဦးစွာပဌမ သူတော်ကောင်းများ ထံမှာသင်ကြားရပေသည်၊ ၎င်းနိဗ္ဗာန်လမ်းကြောင်းကိုမသိကြသော ရဟန်း,ရှင်,လူတို့သည် လမ်းမမြင်တဲ့အကန်းနှင့် တူခြင်းကြောင့်။ ။ ရုပ်,နာမ်,ခန္ဓာ၊ဓာတ်သစ္စာနှင့်၊ အာယတနာ ပဋိစ္စ၊မတတ်က၊ အန္ဓ ခေါ်သည်သာ-ဟု စပ်ဆိုပေသည်။

မဂ်ဖိုလ်နိဗ္ဗာန်ကိုအလိုရှိကြကုန်သော အမျိုးကောင်း-သားသမီး, ရဟန်း,ရှင်, လူတို့သည် ရုပ်, နာမ်, ခန္ဓာဓာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ် တရားတို့ကို တတ်ကျွမ်းလိမ္မာကြကုန်၏။ ထိုသူတို့သည် နိဗ္ဗာန်သွား လမ်းကိုဉာဏ်မျက်စိရှိကြသူဖြစ်၍၎င်း၊ မဂ်တရား ဖိုလ်တရားကို အလို ရှိကြသည့်အခါ ရနိုင်ခြင်းဖြစ်၍၎င်း၊ ကလျာဏမဖြစ်လျှင် မဂ်ဖိုလ် နှင့် ဝေးကွာသည်ဖြစ်၍၎င်း။ ။ကလျာဏ၊ အမည်ရ၊ တတ်ကြသူတို့ မှာ။ ။ကလျာဏ၊မဖြစ်က၊ မဂ်ဝေးရသည်သာ-ဟု စပ်ဆိုပေသည်။

သူပြော လူပြောနှင့် သူလိမ် လူလိမ် ခံနေကြသော ရဟန်း,ရှင် လူတို့သည် လောကီကုသိုလ် ပြုပြီးလျှင်လောကုတ္တရာတည်းဟူသော မဂ်ဖိုလ် နိဗ္ဗာန်ကို ဆုတောင်းကြကုန်၏။ ဤသူတို့သည် ခုတ်ရာ တခြား၊ ရှရာတလွဲဖြစ်ကုန်သည်။ ကောက်ညှင်းပေါင်းဝယ်စားရာမှာ နူရင်းယိုအဆစ်တောင်းသကဲ့သို့ ကောက်ညှင်းပေါင်းသည်ကလည်း နူရင်းယိုမရှိ၍ မပေးနိုင်၊ ပြေးပြီးတော့ ရပါလိမ့်မည်၊ ဆုသာ တောင်း၍ ကောက်ညှင်းပေါင်းလိုသာ များများ ဝယ်စားပါဟု ပြောဆိုကြသကဲ့သို့ မဂ်တရား ဖိုလ်တရားကိုမေးမြန်းပြီး သင်ကြား ကျင့်ကြံခြင်းကို မပြုကြ၍ ဉာဏ်မျက်စိကန်းသောအန္ဓဗာလ သတ္တဝါ များသည် မဂ်ဖိုလ်နှင့် အလွန်တရာ ကွာဝေး သောကြောင့်။ ။ အန္ဓဗာလ၊ဆုပန်ကြ၊ ဝေးစွမဂ်နှင့်ကွာ-ဟု စပ်ဆိုပေသည်။

တရားစစ် တရားမှန်ကို မေးမြန်းသင်ကြား၍ တတ်မြောက်လိမ္မာကြသော ရဟန်းရှင်လူတို့သည် နည်းလမ်းသိပြီးဖြစ်၍ ကျင့်ကြံလိုက်ပါကခဏကလေးနှင့် မဂ်ဖိုလ် ရနိုင်ခြင်းကြောင့်ဇင်း၊ ဤယခု လွယ်လွယ်ကူကူနှင့် သောတာပန်ဖြစ်နိုင်သော ကျမ်းကိုမကြည့်ရှု မသင်ကြားဘဲလျက်နေက မဂ်လမ်းဖိုလ်လမ်းကိုရနိုင်ဘို့ အခွင့်မရောက်နိုင်မည်ကိုစိုးရိမ်၍ဇင်း၊ မန္တလေးကိုသွားလိုသော သူတယောက်သည် ရှေးဦးစွာ သင်္ဘောလမ်းကသွားနည်း၊ မီးရထားနှင့်သွားနည်းတို့ကို မေးမြန်းသင်ကြား၍ ရထားသင်္ဘောပေါ် သို့တက်မိ၊စီးမိ၊လက်မှတ်ယူမိလျှင် မန္တလေးရောက်ပါစေဟု ဆုတောင်းဘို့ရာ မလိုသကဲ့သို့ ဖြစ်သည်၊ ဤဥပမာကဲ့သို့ ဖြစ်ကြ၍။ ။ဆုတောင်းမရ၊ ကျင့်ကြံက၊ ရမည်ကေန်သာ။ ။ကျမ်းကိုမချင့်၊ ရမ်း၍ကျင့်၊ အခွင့်မရောက်ပါ။ ။နည်းလမ်းသိမှ၊ ကျင့်လိုက်က၊ ခဏမဂ်ဆိုက်မှာ-ဟု စပ်ဆိုပေသည်။

သောတာပန် ဆိုသောစကား၊ ကလျာဏ ဆိုသောစကား၊ စူဠသောတာပန် ဆိုသောစကားသဘောတူတူဖြစ်သည်၊ ကျင့်လမ်းစဉ်ကိုသိသော ပုဂ္ဂိုလ်ဟု ခေါ်ဆိုသဖြင့် ဤပုဂ္ဂိုလ် သုံးမျိုးဖြစ်မှ ကျင့်လမ်းစဉ်ကို ကျကျနန သိရုံရှိသေးသည်၊ ဤပုဂ္ဂိုလ်မျိုးသည် သမထ လမ်းများကဲ့သို့ ကမ္မဋ္ဌာန်းထိုင်၍ ကျင့်ရသောပုဂ္ဂိုလ်မျိုး မဟုတ်၊ရုပ်နာမ်ခန္ဓာဓာတ်သစ္စာတရားတို့ကိုသင်ရင်းကြားရင်း မေးမြန်းရင်း တရားနာရင်းဖြစ်ကြသော ပုဂ္ဂိုလ်မျိုး ဖြစ်သည်၊ ဒဿနဘုမ္မိ ဒဿန ကိစ္စသာဖြစ်ကြကုန်၏၊ အမြင်မှန်အယူမှန် ကိစ္စပြီးလျှင် သောတာပန် ဖြစ်ကြခြင်းကြောင့်။ ။သောတာပန်မှ၊ကျင့်လမ်းစ၊ သိရှိကြရုံသာ-ဟု စပ်ဆိုပေသည်။

သောတာပန် ပုဂ္ဂိုလ်မျိုးတို့သည် ရသေ့ ရဟန်းလုပ်၍ ကျင့်ကြသော ပုဂ္ဂိုလ်မျိုးမဟုတ်၊ အိမ်ထောင်ကိစ္စနှင့်ဘဲ ကျင့်ကြံ ကြသော ပုဂ္ဂိုလ်မျိုးဖြစ်သည်၊ဝိပဿနာတရားကိုမကျင့်ဘဲလျက် ကာမဂုဏ်ကို အားကြီးစွာပျော်ပိုက်လိုက်စား၍နေသော သောတာပန်သည်ခုနစ်ဘဝနှင့် နိဗ္ဗာန်ရောက်နိုင်၏။ ဝိပဿနာလက်ရှိနှင့် ကာမဂုဏ်ထဲမှာနေသော သောတာပန်သည်ကောဠဓသောတာပန်တဘဝနှင့်နိဗ္ဗာန်

သွားသောပုဂ္ဂိုလ်၊ ကောလံကောလ သောတာပန် နှစ်ဘဝ၊ သုံးဘဝ၊ လေးဘဝ၊ ငါးဘဝ၊ ခြောက်ဘဝတို့တွင် တပါးပါးနှင့် နိဗ္ဗာန်ကို သွားနိုင်သော ပုဂ္ဂိုလ်ဖြစ်ကုန်၏၊ ထို့ကြောင့်။ ။လူ သောတာပန်၊ မကျင့်ပြန်၊ မှတ်ရန်ခုနစ်ဘဝ။ ။တရားကျင့်က၊ ဗေဇ၊ ကောလနှစ်မျိုး-ဟု စပ်ဆိုပေသည်။

သတ္တာယဒိဋ္ဌိ တရားကွာ၍ သောတာပန် ဖြစ်ပြီးသော ရဟန်း သာမဏေ ရသေ့ပရိဗိုဇ် အရဟတ္တဗေဇ ရှိကြသော ပုဂ္ဂိုလ်တို့သည် ဤဘဝ ဤအဝတ်နှင့် အသက်ထက်ဆုံး တည်ရှိပါက ဝိပဿနာ ဘာဝနာကို မပွားသော်လည်း သေခါနီး ဆဲဆဲမှာ အထက် မဂ်သုံးပါး ရောက်၍ရဟန်းကိစ္စကုန်ရကုန်၏။ ပုဂ္ဂလာဓိဋ္ဌာန်ကြောင်း၌သက်နိုး ဝတ်နှင့်သောတာပန်ပုဂ္ဂိုလ်သည်စုတေမနေ သေလွန်၍နတ်ပြည်မှာ လူ့ပြည်မှာဖြစ်၍၎င်း၊ ဘုံစဉ်စံသွားသည်ဟူ၍၎င်း မရှိကုန်၊ တရား မကျင့်သော်လည်း မဂ်ဖိုလ်ကို ဤဘဝရ၍ ရဟန္တာဖြစ်နိုင်ခြင်း ကြောင့်။ ပဗ္ဗဇ္ဇိတာ၊ ဒိဋ္ဌိကွာ၊ ဤဘဝရဟန္တာ။ ။တရားကျင့်ကျင့်၊ မကျင့်ကျင့်၊ အခွင့်ရောက်ဘည်သာ-ဟု စပ်ဆိုပေသည်။

သတ္တသတ္တဂ္ဂိနာဝါရာ၊ အဋ္ဌမေ အဋ္ဌမေ ဒကာ။ စတုသဋ္ဌိ ယဒါ ပုဏ္ဏာ-စသည်ဖြင့် အဋ္ဌကထာ ဆရာတို့မိန့်ဆိုအပ်သည့်အတိုင်း ဤ မဟာလောကဓာတ်ကြီးသည် မီးလောင်၍ပျက်သော ကမ္ဘာ ခုနစ် ကြိမ်၊ရေပျက်သော ကမ္ဘာတကြိမ်၊ ရှစ်လီစေ့သောအခါ လေပျက် သော ကမ္ဘာတကြိမ် ဖြစ်ကုန်၏။ မီးပျက်သော ကမ္ဘာ (၅၆)ရေ ပျက်သောကမ္ဘာ (၇) လေပျက်သော ကမ္ဘာ (၁) ပေါင်း (၆၄) ကမ္ဘာ စေ့ပြန်လျှင် ဤကဲ့သို့ဘဲ မီးပျက်သော ကမ္ဘာကစ၍ ပျက် ပြန်ရကုန်၏၊ ၎င်းကမ္ဘာ တခုလျှင် ကပ်ကြီးလေးကပ် ရှိကုန်၏၊ သံဝဋ္ဋကပ်၊ သံဝဋ္ဋဋ္ဌာယီကပ်၊ ဝိဝဋ္ဋကပ်၊ ဝိဝဋ္ဋဋ္ဌာယီကပ်ဖြစ်ကုန်၏၊ ဤမဟာကပ်ကြီးတကပ်လျှင် အန္တရကပ်(၆၄)ကပ်ရှိကုန်၏၊အန္တရ တကပ်လျှင် အသက်အသင်္ချေယျ အပ္ပမေယျ တမ်းက အနှစ် တရာ လျှင် တနှစ်ကျဆုတ်၍ ဆယ်နှစ်တမ်းရောက်၊ ၎င်းဆယ်နှစ် တမ်းက ကပ်ဆေးပြီး၍ အသင်္ချေယျ အပ္ပမေယျ တမ်းကိုပြန်၍ အသက်တမ်း ရောက်လျှင် အန္တရတကပ်ဖြစ်၏၊ ဤကဲ့သို့ သက်တမ်းကပ် (၆၄)

ကပ် စေ့သောအခါ လူနေသော သံဝဋ္ဋ မဟာကပ်ကြီး တခု ဖြစ်၏။

ဤလူများနေသော ကပ်လောက်ကြာအောင်မီးလောင်နေသော ကပ်ကို သံဝဋ္ဋဌာယီ ကပ်ကြီးတခုခေါ်၏၊ ဤလူများ နေသော မဟာကပ်လောက်ပင် ကြာအောင် လေကြီးတိုက်၍ နေခြင်းကိုဝိဝဋ္ဋ မဟာကပ်တခုဟု ခေါ်ပေ၏။ ၎င်းလူများနေသော ကပ်လောက် ကြာအောင်ပင် မိုးရွာနေသည်ကို ဝိဝဋ္ဋဌာယီ မဟာကပ်ကြီး တခု ခေါ်ပေ၏၊ အန္တရ (၆၄)ကပ်ကို မဟာတကပ်၊ မဟာလေးကပ်ကို တကမ္ဘာဟုခေါ်ကုန်၏။

ဤကမ္ဘာပျက်ပုံ၊ သတ္တဝါတွေမီးလွတ်ပုံ၊ အသက်တမ်းဆုတ်ပုံ၊ အသက်တမ်း ရှည်လာပုံ၊ နက္ခတ်တာရာဂြိုဟ်တကာတို့ ပေါ်လာပုံ၊ ဗေဒင်လေးပုံ ပေါ်လာပုံ၊ ရသေ့ရဟန်းတွေ ပေါ်ပေါက်လာပုံ၊ သမ္မတမင်း တင်မြှောက်ပုံ၊ လောကဓမ္မတာ လောကီကုသိုလ် အကုသိုလ်တရားတို့အလိုလိုဖြစ်လာပုံ၊ သတ္တဝါတွေ လောကတရား ပျက်ပုံ၊ စောင့်ထိန်းပုံ၊ ရွှေငွေမိုးကြိုး ကျောက်သံပတ္တမြား ပြဒါးရှင် များဖြစ်လာပုံ၊ ဝိဇ္ဇာဇော်ဂီတို့ ဓာတ်ပညာတတ်၍ ရွှေငွေ ဖြစ်ခြင်း လေးပါးတို့၏ ဖြစ်ပုံ၊ မင်္ဂလာဆောင်ပုံ၊ အိမ်ထောင်မှု အတွက် ကမ္ဘာဦးလူတို့ မိန်းမယောက်ျားဖြစ်ပုံ- စသည်ဖြင့် လောကီဓာတ်၊ လောကုတ္တရာဓာတ် နှစ်မျိုးတက်၍ ငါတို့ စီရင်ရေးသားသော ဓာတုမင်္ဂဝိဇ္ဇာကျမ်းမှာ ကြည့်ရှုကြပါလေ။

ဤကမ္ဘာတည်၍ ပြီးသောအခါ သုဂတိဘုံ အထက်၌ မီးလွတ် ရာမှာနေကြသော ဗြဟ္မာတို့သည် စုတိစိတ်ကျလာ၍ အရောင်အဝါ နှင့်ပင်ဥပပါတ် ပဋိသန္ဓေဖြစ်ကြ၍ မြေဆီ မြေဩဇာတို့ကို စားသောက် သဖြင့် ၄-ယောက်ကယောက်ျား၊ ၄-ယောက်ကမိန်းမ၊ ရှစ်ယောက် ၄-စုံအိမ်ထောင်မှုကို ပြုကြကုန်၏၊ ကမ္ဘာဦးသူ ကိုးယောက် အနက် ဗုရားလောင်းတယောက်သည်အိမ်ထောင်မှုကိုမပြုလို၍သင်တို့နေတဲ့ တောင်ဘက် မြှောက်သည့် တောင်မှာနေမည်ဆို၍သမထ ဘာဝနာ ကမ္မဋ္ဌာန်းများ စီးဖြန်း၍ နေကုန်၏၊ ရှစ်ယောက် လေးဦးသားတို့က ပေါက်ပွား လာသော လူအပေါင်းများစွာ ဖြစ်လာ၍ မဆုံးမ

တတ်ကြသဖြင့် သွီးကညာလေးယောက်ကို ရွေးချယ်ပြီးလျှင် ဖုရားလောင်းအား ခြေရင်းအလုပ်အကျွေးပေး၍ သမ္မတ မင်းမြောက်ကြကုန်၏၊ ဤကာစ၍ သမ္မတမင်းများ နည်းလမ်းကိုယူ၍ ဘုရင်မင်းမြတ်များနန်းတက်လျှင် မိဖုရား ၄–ယောက်ကို လက်ဆွဲ၍ နန်းထက်မှာ ဘိသိက်သွန်းကုန်၏။

ဖုရားလောင်းသည် ကာမဂုဏ် ကာမသံသဂ္ဂကို အလွန်စက်ဆုပ်၏၊ ဗြဟ္မာပြည်က လာသူဖြစ်၍ အချို့ကို ဗြဟ္မစရိယ ဗြဟ္မာစိုရ်တရားလေးပါးကို ဆုံးမ၏၊ စိတ်ကိုမလေအောင်ကာသိုဏ်းပရိကံများပြ၍ ကမ္မဋ္ဌာန်းများကိုပြ၏၊ အစပဌမ ပထဝိကသိုဏ်ဝန်းကို ပြ၏၊ နောက်တဆင့် တဆင့်ဉာဏ်ပွားများ၍ကသိုဏ်းဆယ်ပါးဖြစ်ကုန်၏၊ အနုဿတိဆယ်ပါး၊ အသုဘဆယ်ပါး၊ သညာ ၁–ပါး၊ ဝဝတ္ထာန် ၁–ပါး၊ ဗြဟ္မာစိုရ်လေးပါး၊ အာရုပ္ပတရားလေးပါး၊ပေါင်း သမထ တရား (၄၀) ဖြစ်ကုန်၏၊ ဤတရားစုကား နတ်ရွာသုဂတိဖြစ်သော တရား၊ဗြဟ္မာနှစ်ဆယ်မှာ ဖြစ်သောတရားဖြစ်ကုန်၏၊ နိဗ္ဗာန် ရောက်ကြောင်း မဟုတ်ကုန်။

ငါးပါးသီလ ပေါ်ပေါက်လာပုံ၊ ဆယ်ပါးသီလ ပေါ်ပေါက်လာပုံ၊ ရှစ်ပါးသီလပေါ်ပေါက်လာပုံ၊ ၎င်းသီလတို့ပျက်ပုံ၊ ဆုတ်ကပ်တက်ကင်မှာတရားစောင့်ပုံ၊တရားပျက်ပုံတို့ကို သေသေချာချာနားလည်လိုလျှင် ငါတို့စီရင်သော ဓာတုမဂ္ဂဝိဇ္ဇာကျမ်းမှာ ကြည့်လေ။ ။ဤကျမ်းမှာ–စကားအလျှင်းသင့်ရုံမျှ ရေးသားလိုက်သည်၊ နိဗ္ဗာန်လမ်းပြ ဓမ္မကထိကမှာလည်းကြည့်လေ။

ကမ္ဘာနှင့် မြေစာဆိုသလို ကမ္ဘာပေါ်လျှင် မြေစာမြက် ပေါ်ပေါက်ရသကဲ့သို့ အာဇုသိုလ်ဒုစရိုက် ဆယ်ပါး၊ အဓမ္မိကတရား ဆယ်ပါး၊ ဒါန,သီလ,သမထ,ဘာဝနာ တည်းဟူသောပုညကြိယာ ဆယ်ပါး လောကီကုသိုလ် တရားတို့သည် အလိုလို ပေါ်ပေါက်လာရခြင်းဖြစ်သည်ဟုမှတ်ပါလေ။ ။ဤသခ်ါရတရားသည် ဖုရားပွင့်ပေါ်တော်မူမှ ဟောပြောသည် မဟုတ်၊ ကမ္ဘာဦးကပင် ရသေ့ပရိဗိုဇ် ဘိုးသူတော်မယ်သီလမှစ၍ဟောပြောနိုင်ကြကုန်သည်၊ဖုရားလောင်း ဆုံးမသည့်အတိုင်း ရသေ့ရဟန်းပြု၍ ကမ္မဋ္ဌာန်း ဘာဝနာ

များကို အချိုလူတို့ကျင့်ကြ၍၊ အချိုကား ဈာန်အဘိညာဏ်ကို ရကြ၍သေသောအခါ ဗြဟ္မာပြည်မှာပြန်၍ဖြစ်ကြကုန်၏၊အချိုကား အပ္ပနာ သမာဓိကိုမရ၊ ဥပစာရ သမာဓိကိုသာ ရကြသဖြင့် သေသောအခါ နတ်ရွာသုဂတိမှာ ဖြစ်ကြကုန်၏၊ ဤကမ္မဋ္ဌာန်းသူ များကစ၍ အိမ်ရာထောင်သောသူကို အာဂါရပုဂ္ဂိုလ်ဟု ခေါ်၏၊ အိမ်ရာမထောင်ဘဲ ရသေ့ရဟန်း ပရိဗိုဇ်လုပ်သူကိုအနာဂါရပုဂ္ဂိုလ် ဟုခေါ်၏။ ။ဗုဒ္ဓ ကိုယ်တော်မြတ်သည် ဗုဒ္ဓ အဖြစ်တော်သို့ ရောက်တော်မူသောအခါ ထိုပုဂ္ဂိုလ်နှစ်မျိုးလုံးပင် နိဗ္ဗာန်ကိုရောက် အောင် အနာဂါရလမ်း, အာဂါရလမ်းဖြင့် နှစ်နည်းနှစ်လမ်းခွဲ၍ ဟောပြတော်မူပေသည်။

အခါတပါး ဥဂ္ဂသေနသူဌေးသည် မြတ်စွာဗုဒ္ဓ ကိုယ်တော် မြတ်ကိုလျှောက်ထား၏၊ တပည့်တော်၏မယားသည် တပည့်တော် ခရီးထွက်သွားချင် တပည့်တော် လာမည့်လမ်းကို တမ်းတ၍ ထမင်းမစား ဟင်းမစား လေသာပြူတင်းက ဘယ်ကိုမှမကြည့်ဘဲ တပည့်တော်ကို မျှော်တ၍သာနေပါ၏၊ လင်၏ဝတ္တရားကိုလည်း ကျေပွန်ပါ၏၊ သို့ကလောက် လင်ကိုချစ်သော မယားကိုလည်း တပည့်တော်မပစ်နိုင်ပါ၊ ကျွန်ကျေး၊ သင်းပင်း၊ ရတနာ၊ ရွှေငွေ- ဆင်၊ မြင်း၊ ကျွဲနွားတို့ကိုလည်း မစွန့်ပြန်နိုင်ပါ၊ ဥစ္စည်းစိမ်ကြီးကို ပစ်၍ ရဟန်းလည်း မပြုနိုင်ပါ၊ ဆင်းရဲသော ဘဝနှင့် အပါယ် လေးပါးကိုလည်း ဘယ်အခါမှ မကျမရောက်လိုပါ၊ လောကီ စည်းစိမ်ကို ခံစားစံစားလျက် ကာမဂုဏ်ကိုလက်မလွှတ်ဘဲနိဗ္ဗာန်ကို ရောက်လိုပါသည်ဟု လျှောက်ထားလေ၏။

ဤအခါ ဗုဒ္ဓကိုယ်တော်မြတ်သည် ကာမဂုဏ် တန်းလန်းနှင့် အာဂါရပုဂ္ဂိုလ်များ နိဗ္ဗာန်ကိုသွားသော သောတာပန်လမ်း ဘုံစဉ် စံကိုဟောပြတော်မူပေသည်။

ဤသောတာပန်ဘုံစဉ်စံလမ်းသည်ရှေးဦးစွာ ဉာတပရိညာစခန်း တည်းဟူသော ရုပ်၊ နာမ်၊ ခန္ဓာ၊ ပဋိစ္စသမုပ္ပါဒ်၊ ဓာတ်သစ္စာတရား တို့ကိုသင်ကြားပြီးလျှင်တတ်မြောက်သောအခါ အိမ်ထောင်ကိစ္စကို

မပယ်ချဘဲလျက် ဤရုပ်ကောင်၊ နာမ်ကောင်၊ ခန္ဓာကောင်၊ ပဋိစ္စသမုပ္ပါဒ် ကောင်သာရှိသည့်ဟု ထင်အောင်၊ မြင်အောင် မိမိခန္ဓာပေါ်မှာ နေရင်းထိုင်ရင်း ကာမဂုဏ်ပျော်ပါးရင်း ရှုကြည့်၍ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါးကောင်ပျောက်ပြီး ခတ်ကောင်၊ ရုပ်နာမ်ကောင်မှန်း သိသည်ကိုပင် အတ္တပျောက်၍ အနတ္တ ပေါက်သူသောတာပန်ဖြစ်သူဟုခေါ်ဆိုသဖြင့် ပရမတ်ခတ်တရားကို သိကာမျှနှင့် သောတာပန်ဖြစ်နိုင်သောကြောင့်။ ။အနာဂါရ၊အာဂါရနှင့်၊ ပုဂ္ဂလနှစ်မျိုး၊ ကျင့်စဉ်ရိုး၊ ကျမ်းကိုးပြမည်သာ။ ။ထွက်လမ်းသိက၊ နိဗ္ဗာန၊ ကျင့်ရမဟုတ်ပါ။ ။ကျင့်ရန်မခက်၊ သိဘို့ခက်၊ မပျက်မှတ်လိုက်ပါ။ ။ရုပ်နာမ်မသိ၊ လူ့ဒိဋ္ဌိ၊ ဖြစ်မည့်ကေန်သာ။ ။ရုပ်နာမ်သိကာ၊ ဒိဋ္ဌိကွာ၊ ကျင့်ဘို့မလိုပါ-ဟု စပ်ဆိုလိုက်ပေသည်။

ဤဥဂ္ဂသေန သူဌေး လျှောက်ထုံးကဲ့သို့ ဆင်းရဲသော ဘဝမှစ၍ အပါယ်ကို တကယ်ကြောက်ကြသူ လောကီစည်းစိမ်ကြီးကို လက်မလွှတ်ဘဲလျက်ဘုံစဉ်စံပြီး နိဗ္ဗာန်သွားလိုသူ ဘဝအနန္တက ပြုကျင့်ခဲ့သောအကုသိုလ်ကံတွေအတွက် အပါယ်လေးပါးကိုမကျရောက်လိုသူသည် ဤငါတို့ ရေးသားစီရင်သော(သောတာပန်လမ်း-အလင်းကျမ်း) (သောတာပန်လမ်း-သံခိပ်ကျမ်း) (ပဋိစ္စသမုပ္ပါဒ်လမ်းမေးဖြေကျမ်း) တို့ကို သင်အံ ကျက်မှတ်ကြပါ ကုန်ဟုဆိုပေသည်။ သောတာပန်လမ်းသည် ရန်ကုန်မှ မန္တလေးသို့ရင်း၊ ပြည်မြို့သို့ရင်း၊ လက်မှတ်ခံပြီးလျှင် သန်းခေါင်ရထားကိုစီးပြီး စိတ်ချလက်ချ အိပ်၍လိုက်သွားသောသူနှင့် တူကုန်၏၊ ရထားလမ်း ဆုံးသောအခါ မိုးလင်း၍ အလိုရှိရာ သွားရသကဲ့သို့ ဖြစ်ပေသည်၊ သန်းခေါင်ရထားစီး၍အိပ်လိုက်သည်နှင့် သောတာပန်သည် တရားမကျင့်ဘဲ ကာမဂုဏ်ထဲမှာ အိပ်၍ နေတာနှင့်တူ၏၊ ရထားလမ်း ဆုံး၍ မိုးလင်းပြီး အလိုရှိရာ မန္တလေးမြို့၊ ပြည်မြို့ ရောက် သည်နှင့် ခုနစ်ဘဝ စေ့၍ သေခါနီးမှာ ရဟန္တာ ဖြစ်ပြီး နိဗ္ဗာန်ရောက် သည်နှင့်တူ၏။ ။သို့ပါ၍ လွယ်လွယ် ကူကူနှင့် တရားမကျင့်ဘဲ နိဗ္ဗာန် ရောက်လို သွားလို သူများသည် ငါတို့ ရေးသားသော ကျမ်းစာကို သင်အံ ကျက်မှတ်စေခြင်းငှာ။ ။ထို့ကြောင့်ပင်လျှင်၊

ဤကျမ်းတွင်၊ သင်အံကျက်မှတ်ပါ။ ။နိဗ္ဗာန်လိုလား၊ အမျိုးသား၊ ကျိုးစားကြလေပါ-ဟု စပ်ဆိုပေသည်။

---

## သောတာပန်ဖြစ်ခြင်းအင်္ဂါလေးပါကိုပြခဏ်း

## (သုတ်ပါထေယျပါဠိတော်)

စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိ ယင်္ဂါနိ။ ကတမာနိ စတ္တာရိ၊ သပ္ပုရိသသံသေဝေါ သဒ္ဓမ္မသဝနံ ယောနိသော မနသိကာရော ဓမ္မာနုဓမ္မပဋိပတ္တိတိ။

ဘိက္ခဝေ၊ သံသရာဝဋ် ကျော့ကွင်းညွတ်မှ ကင်းလွတ်လိုငြား အို ချစ်သားတို့။စတ္တာရိမာနိ၊ လေးပါးသောတရားတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ သောတာပန်ဖြစ်ခြင်း၏ အကြောင်းအင်္ဂါ တို့တည်း။ ကတမာနိ စတ္တာရိ၊ အဘယ်အကြောင်းတရား လေးပါးတို့နည်း ဟူမူကား။ သပ္ပုရိသ သံသေဝေါ၊ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာတို့၌ ကျွမ်းကျင်လိမ္မာသော သူတော်ကောင်းတို့နှင့် ပေါင်းဘော်ရခြင်း တပါး။ သဒ္ဓမ္မသဝနံ၊ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာတို့နှင့် စပ်သော တရားစကားကို ကြားနာ နာခံမှတ်သား သင်ကြားရခြင်းသည် လည်းတပါး။ ယောနိသောမနသိကာရော၊ ရုပ်ဓာတ်, နာမ်ဓာတ်, ခန္ဓာဓာတ်, ပရမတ်တရားတို့ကို မြင်အောင် ထင်အောင် အသင့် အတင့် နှလုံးသွင်းရခြင်းလည်းတပါး။ ဓမ္မာနုဓမ္မပဋိပတ္တိ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရားတို့ကို ရခြင်း၏ အကြောင်း ဖြစ်သော သက္ကာယ ဒိဋ္ဌိကိုပယ်ရှားရခြင်းလည်းတပါး။ ဣတိစတ္တာရိ၊ ဤလေး ပါးသော တရားတို့သည်။ သောတာပတ္တိယင်္ဂါနိ၊ သောတာပန် ဖြစ်ခြင်း၏ အကြောင်းအင်္ဂါရပ်တို့ပေတည်း။

ထို့ကြောင့်။ ။သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ သင့်ရာစိတ် ထား၊ မဂ်အားလျှော်ဘိ၊ ဒိဋ္ဌိကိုခွါ၊ ဤလေးဖြာ၊ သောတာပန်စစ် ဖြစ်ကြောင်းတည်း-ဟု စပ်ဆိုပေသည်။

မဂ်ဖိုလ်ကို အလိုရှိကြသော သူတော်ကောင်း အပေါင်းတို့သည် ရှေးဦးစွာ အရေးအကြီးဆုံးအချက်လေးပါးဖြစ်ပေသည်၊ ဤအချက်

လေးပါးအချိုးမကိုက်လျှင် မဂ်ကို၊ဖိုလ်ကို၊နိဗ္ဗာန်ကိုမရနိုင်ဟုမှတ်ပါလေ။ ရွှေငွေကိုအလိုရှိက ရွှေငွေရှိသော သူ၏ထံ ဆည်းကပ်ရဘိသကဲ့သို့မဂ်ပညာ၊ဖိုလ်ပညာ၊အလိုရှိကသောတာပန်၊သကဒါဂါမ်၊အနာဂါမ်၊ ရဟန္တာ ဖြစ်အောင် ဟောပြနိုင်သော ရုပ်၊ နာမ်၊ ခန္ဓာတို့၌ကျွမ်းကျင်လိမ္မာသော သူတော်ကောင်းကို ပေါင်းတော်ရပေသည်။

အပေါင်းမှား၍ ဆရာမှား၍ ကျား၊ ငါး၊ ကြောင်၊ ကြွက် ဖြစ်ရချက်ထူးဆန်းရဟန်းကြီး ကပိလကိုလည်း ဓမ္မပဒပါဠိတော်တွင် ရှုရမည်။ ။ရာဟုလာအလောင်း ဆရာအပေါင်းမှား၍ နဂါးဖြစ်ရသည်ကိုလည်း စဉ်းစားပါလေ။ ။ဝိနည်းဇာတ်တော်တွင် ကိုးကွယ်ဆည်းကပ်သော ဆရာမှား၍ တပည့်များ နဂါး၊ ဂဠုန်၊ တိရစ္ဆာန်ဖြစ်ရခြင်း ကိုလည်း စဉ်းစားပါလေ၊ အဝတ်ဖြူ ဆင်တူတာနှင့်ဘိုးသူတော်ကိုချစ်တီးမှတ်၍ သွေးအပ်မှားသလိုလည်းရှိတတ်သည်။ ဟောကြားသော စကားသံ တရားသံကိုမစွဲ အဝတ်ကိုစွဲလိုက်လျှင် အလွဲလွဲ အချော်ချော် ဖြစ်တတ်သည်။ ။ပညာရှိတို့ စဉ်းစားကြပါကုန်။

သူတော်ကောင်းက ဟောပြောပြသသော ရုပ်၊ နာမ်၊ ခန္ဓာ၊ ဓာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ်စသော တရားများကို ကြားနာ နာခံမှတ်သားသင်ကြားရမည်ဆိုပါလျက် ဒါန၊ သီလ၊ သမထတရားကိုသင်ကြား၍နေလျှင် အချိုးမကိုက် လွဲတတ်သည်ဟုမှတ်။ ။အသင့်အတင့် နှလုံးသွင်းဆိုသောစကားသည် မိမိက စဉ်းစဉ်းစားစားစိတ်ကောင်း နှလုံးကောင်းဖြင့် ရုပ်ပေါ်၊ နာမ်ပေါ်၊ ခန္ဓာပေါ်မှာထားရမည်ဆိုပါလျက် ကွဲရှဲရှုတ်ချပြစ်တင်တို့ စိတ်ထားလျှင် အချိုးမကိုက်၍ မဂ်ဖိုလ်မရနိုင်သေးဟုမှတ်။

ရုပ်၊ နာမ်၊ ခန္ဓာ၊ ဓာတ်သစ္စာတို့ကို ဟောပြနိုင်သော သူတော်ကောင်းနှင့် ပေါင်းမိခြင်း။ ။ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာတို့ကို မိမိက ကြားနာ နာခံမှတ်သား သင်အံ လေ့ကျက်ခြင်း။ ။မိမိစိတ်ကို ကောင်းစွာ အသင့်အတင့်နှလုံးသွင်းနိုင်ခြင်း။ ။ဤအင်္ဂါ သုံးပါးနှင့်ပြည့်စုံသော်လည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊နိဗ္ဗာန် တရားတော်မြတ်

ကိုရမြင်း၏ အကြောင်းဖြစ်သော သစ္စာယဒိဋ္ဌိတရားကို မပယ် မသတ်လိုက်က မဂ်ဖိုလ် နိဗ္ဗာန်ကို မရနိုင်။ ။ဤအင်္ဂါလေးပါး တရားတပါးပါး ပျက်ကွက်က မရနိုင်ဟူ၍ မှတ်ပါလေ။ အရေး အကြီးဆုံး အချက်ဖြစ်သည်။ မဂ်ဖိုလ်ကို အလိုရှိသော သူတော် ကောင်းတို့ကြပ်ကြပ်စဉ်းစားတော်မူကြပါကုန်။

သောတာပတ္တိမဂ် ဆိုသော စကားသည်-မဂ္ဂေါ၊ သံသရာနယ် စခန်းမှထွက်လမ်းတည်းဟူသော ခရီးအစသို့။ သောတော၊ စီးဝင် ခြင်းသည်။ပတ္တိ၊ရောက်ကုန်၏။ ။အမိပ္ပါယ်မဟ္ဗာစကားသက်သက် ပြန်ဆိုလျှင် နိဗ္ဗာန်ကို သွားသော လမ်းစသို့ ရောက်သောသူဟု ခေါ်သည်။တနည်း-သောတ၊နား။မဂ္ဂ၊မဂ်တရား။ပတ္တိ၊ရောက်ခြင်း။ အမိပ္ပါယ်-သံသရာကိုထွက်တတ်သောမဂ်တရားနားကိုရောက်သူဟု ခေါ်သည်။

သံသရာထွက်ကြောင်း တရားနားကိုရောက်လျှင် သောတာပန် ဖြစ်မည်လောဟု မေးစရာရှိပါ၏။ နားကိုရောက်ရုံ ကြားရုံမျှနှင့် မဖြစ်နိုင်၊ သောတာပန်ဖြစ်တတ်သော နည်းလမ်းအစဉ်ကို နားမှာ ကြားသည့်အတိုင်း မိမိစိတ်ကပယ်ရမည်၊ တရားကိုပယ်၊ ယူရမည့် တရားကို တခါတည်း စွဲမြဲယူလိုက်မှ သောတာပန် ဖြစ်မည်ဟူ၍ မှတ်ပါလေ။

သောတာပန်မဖြစ်နိုင်ဘူးဆိုသောလူ့ရှင့်ရဟန်းများမှာသူတို့၏ နား၌ဒါန၊သီလ၊သမထတရားကိုများများကြီးကြားရ၍ ဒါန၊သီလ၊ သမထကို စွဲသဖြင့် မဂ်တရားနှင့်လွဲနေသူများဖြစ်၍ သောတာပန် ဖြစ်နိုင်သော နည်းလမ်း တရားစကားများကို ကြားလျှင် တီကို ဆားပက်မိသလို တွန့်ကာ တွန့်ကာ နောက်ဆုတ်၍ သွားတတ်သည် တကြောင်း၊ မဂ်တရားကို အလွယ်ဆုံးနည်းလမ်းဖြင့် ရနိုင်အောင် ဟောပြောပြသနိုင်သော သူတော်ကောင်းကိုပြစ်မှား၍ မဂ္ဂန္တရာယ် သင့်နေခြင်းတကြောင်း၊ ဤကဲ့သို့ပြစ်မှားတတ်သောအကြောင်းတွေ များခြင်းကြောင့် သောတာပန်မဖြစ်နိုင်ဟုမှတ်ပါလေ။

သောတာပန် အလုပ်သည် လွယ်လွယ်ကူကူ ဖြစ်နိုင်ကြောင်း မြတ်စွာဗုရား လက်ထက်တော်မှ ယခုတိုင် သောတာပန် ဖြစ်သူ

လူ့,ရှင်,ရဟန်းတို့သည် ဝိပဿနာ ဘာဝနာတရားကို ကျင့်ကြံ ပွား များ၍ သောတာပန် ဖြစ်သည်မရှိ၊ တရားနာရင်း သော်ငင်း သောတာပန်ဖြစ်သည်။ ရုပ်၊ နာမ်၊ ခန္ဓာ၊ အာယတန,ပဋိစ္စသမုပ္ပါဒ် တရားတို့ကို သင်ကြားလေ့လာရင်း ကလျာဏ ပုထုဇန်အဖြစ်သို့ ရောက်ပြီး၍ သောတာပန်ဖြစ်ခြင်း၊ ဤကဲ့သို့ ပုဂ္ဂလာဓိဋ္ဌာန်ကြောင်း များ၊ ဓမ္မာဓိဋ္ဌာန် ကြောင်းများ၌ များစွာ တွေ့ရှိရ လေသည်။ သောတာပန် ဖြစ်လို၍ ဝိပဿနာကို ပွားများလျှင် ထိုသူသည် ဖြစ်လျှင် သကဒါဂါမ်၊ အနာဂါမ်ရဟန္တာ အထက်မဂ်တပါးပါး၌ တည်သည်၊ မဖြစ်လျှင် ပုထုဇန်အတိုင်း နေသည်။ ဘယ်မဂ်ကိုမှ မရဖြစ်သည်။

အဘယ်အတွက်လဲဟုဆိုလျှင် မဂ်လေးပါး တရား၌ သောတာ ပတ္တိမဂ်သည် အောက်မဂ်ဖြစ်၍ ဒိဋ္ဌိသတ်ဖြစ်သည်။ အထက်မဂ် ၃-ပါးသည် တဏှာသတ်ဖြစ်သည်။ တဏှာဆိုသောတရားသည် မိမိကို အားကုန်တွယ်တာ သာယာကပ်ငြိခြင်း လက္ခဏာ ရှိခြင်း ကြောင့် ဘာဝေတဗ္ဗ ဘုမ္မိ, ဘာဝေတဗ္ဗ ကိစ္စဖြစ်၍ ဝိပဿနာ တရားဖြင့် ပွားများမှရနိုင်သော အထက်မဂ်သုံးပါးဖြစ်သည်။ ။ သောတာပန်ဆိုသော အောက်မဂ်တပါးသည် ဒဿနဘုမ္မိဒဿန ကိစ္စဖြစ်၍ မိမိ၌အယူမှား၊ အမှတ်မှား၊ အမြင်မှား၊ အထင်မှား ပျောက်လျှင် စင်ကြယ်လျှင် ပြီးလေတော့သည်။

ဥပမာ။ ။လူဟယောက်သည် မိမိနေသောအိမ်ကို ရွှေနန်း၊ ရွှေအိမ်ဟု အထင်မှား၊ အမှတ်မှား၊အမြင်မှားခြင်းတချက်။ ။ငင်း အိမ်ကိုင့ါအိမ်ဟု သာယာတွယ်တာကပ်ငြိခြင်းတချက်။ ။ဤအချက် နှစ်ချက်နှင့် နေသောသူကို ပညာရှိ ပုဂ္ဂိုလ်တယောက်က ရွှေနန်း၊ ရွှေအိမ်မဟုတ်၊ ခေတ် ၄-ပါးအိမ် ဟုတ်ကြောင်းထင်ရှားစွာ ပြသ ဖြင့် မိမိဉာဏ်၌ အမြင်စင်ကြယ်၍အထက်ထက်ကအမှတ်မှား၊ အယူ မှား၊ အမြင်မှား၊ အထင်မှား၊ရွှေနန်း၊ ရွှေအိမ်ပျောက်၍ အမြင်မှန် အမှတ်မှန်၊ အယူမှန်၊ ခေတ် ၄-ပါးအိမ်သာ ဟုတ်သည်ဟု သိခြင်း တချက်။ ။ပညာရှိပုဂ္ဂိုလ်က ဤအိမ်ကို မင်းပိုင်သည့် အိမ်မဟုတ်၊ သင်္ဂါရက ပိုင်ကြောင်းကို ကျကျနနပြောဟောသဖြင့် မိမိပိုင်အိမ်

မဟုတ်၍ သာယာခင်တွယ်ခြင်း၊ တဖြေးဖြေး ခေါင်းပါး၍ ၎င်းအိမ်ကို ပြတ်ပြတ်တောက်တောက် စွန့်လွှတ်နိုင်ခြင်းတချက်။ ။ ဤဥပမာကဲ့သို့ ပုထုဇန်ပုဂ္ဂိုလ်သည် ဤမိမိခန္ဓာကြီးကို ငါကောင်၊ ပုဂ္ဂိုလ်ကောင်၊ သတ္တဝါကောင်၊မိန်းမကောင်၊ ယောကျ်ားကောင်၊ နတ်ကောင်၊ ခွေးကောင်၊ လူကောင် စသည်ဖြင့် ဖြစ်တိုင်း, ဖြစ်တိုင်းသော ဘဝတို့၌ အထင်မှား၊ အမြင်မှား၊ အမှတ်မှား၊ အယူမှား မှား၍နေသောသူနှင့် မိမိနေသော အိမ်ကို ရွှေနန်း၊ ရွှေအိမ်ဟု အထင်၊ အမြင်၊ အမှတ်၊ အယူ မှားနေသောသူနှင့်တူ၏။

ပညာရှိပုဂ္ဂိုလ်က ရွှေနန်း၊ ရွှေအိမ်မဟုတ်၊ ဓာတ် ၄-ပါးအိမ်ဟုတ်ကြောင်းကိုပြ၍ ယုံကြည်သဖြင့် ရွှေနန်း၊ ရွှေအိမ် အမှတ်ပျောက်၍ ဓာတ် ၄-ပါးအိမ် အမှတ်ရောက်သူနှင့် သောတာပန်ဖြစ်သူနှင့်တူ၏။ ။ဘယ်အတွက် တူသလဲဆိုလျှင် ကမ္ဘာ ကမ္ဘေသင်္ချေသချာက လူနတ်ငြဟ္မာသတ္တဝါဟု ငါငါထင်ချက် သက္ကာယဒိဋ္ဌိ အယူမှားကြီး၊ အထင်မှားကြီး၊ အမြင်မှားကြီးသည် မြတ်စွာဗုရား သာသနာတော်တွင်း၌ ပညာရှိပုဂ္ဂိုလ်တို့၏ တရား စကားကိုနာခံမှတ်သားရသောအခါဖြစ်စေ၊ မိမိက အပါယ်ဘေး၊ သံသရာဘေး၊ဒုက္ခအပေါင်းကို ကြောက်ရွံ့၍သံသရာမှ ထွက်ကြောင်းလမ်းကောင်းတရားဟူသော ရုပ်၊နာမ်၊ ခန္ဓာ၊ အာယတန၊ ပဋိစ္စသမုပ္ပါဒ်တို့ကို သင်ကြား လေ့လာတတ်မြောက်၍ ကလျာဏ ပုထုဇန်ဖြစ်၍သော်၎င်း၊ ဤခန္ဓာကြီးကို ငါကောင်၊ မိန်းမကောင်၊ ယောကျ်ားကောင်၊ အမှတ်ပျောက်၍ ရုပ်ကောင်၊ နာမ်ကောင်၊ ခန္ဓာငါးပါးကောင်၊ ဓာတ်လေးပါးကောင်၊ ဓာတ် တဆယ့်ရှစ်ပါးကောင်၊ ပဋိစ္စသမုပ္ပါဒ်ကောင်ဟု တခုခုသောဓာတ်ကောင်အနေနှင့် ထင်သူ၊ မြင်သူ၊ မှတ်သူ၊ ယူသူကိုပင်ဒိဋ္ဌိကွာ၍ သောတာပန် ခေါ်ရသည်ဟု မှတ်လေ။

ဤခန္ဓာကြီးကို ငါပိုင်ခန္ဓာ၊ ငါ့ဥစ္စာဟု သာယာကပ်ငြိခြင်း တန်းလန်းရှိသေးသော သောတာပန်ပုဂ္ဂိုလ်ကို မိမိပိုင် ခန္ဓာမဟုတ်ကြောင်း ပညာရှိပုဂ္ဂိုလ်က ဟောပြောဆုံးမသဖြင့် ထိုသောတာပန်ပုဂ္ဂိုလ်သည် ပညာရှိဆုံးမသည့်အတိုင်း ဇကန်မိမိပိုင်ခန္ဓာ မဟုတ်

ကြောင်း သိပြီးသော်လည်း ကာမဂုဏ်ငါးပါးခံစား၊ စံစားမှုကို တခါတည်း အပြတ်မပယ်နိုင်သေးခြင်းကြောင့် တဖြေးဖြေးပြတ်ရန် သော်ငင်း၊ မြန်မြန်ခင်တွယ်ခြင်း တဏှာ ပြတ်အောင်သော်ငင်း၊ ဝိပဿနာကိုပွားများရသောသူနှင့် ရွှေနန်း၊ ရွှေအိမ်သည် ငါ့အိမ် ငါ့ဥစ္စာဟု သာယာတွယ်တာခြင်းရှိသောသူကို ပညာရှိ ပုဂ္ဂိုလ်က သင်္ခါရအိမ်ဖြစ်ကြောင်း ဟောပြ၍ သိသဖြင့် မိမိပိုင် အိမ်မဟုတ်ကြောင်း သိသော်လည်း ထိုအိမ်ကို မစွန့်လွှတ်နိုင်သော သူနှင့်တူ၏။ ။ဘယ်အတွက် မစွန့်နိုင်သလဲဆိုလျှင် ကိုသူသည်ထိုအိမ်ကို အမှီပြု၍ အသက်မွေးခြင်း၊ နေခြင်း၊ ထိုင်ခြင်းအမှုများစွာ ရှိသေး၍ တခါတည်း မစွန့်နိုင်သည့်အတွက် စွန့်နိုင်ရန်ငင်းအိမ်ကို အပြစ်များများတွေ့ရှိအောင် မကြာ မကြာရှုကြည့်နေသူနှင့်လည်းတူ၏။ ။ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်သည် ဤခန္ဓာကြီးကို ငါကောင် အမှတ်ပျောက်၍ ခေတ်ကောင်ဟု မှတ်ယူမှုမျှသာ ရှိသေးသည်။ ငါ့ကိုယ်၊ ငါ့ခန္ဓာဟုသာယာတွယ်တာကပ်ငြိမှု တဏှာတန်းလန်းပင် ရှိသေးသည်ဟု မှတ်ပါလေ။

## ငါ့သုံးငါကိုခွဲပြခက်း

အတ္တ၊ ငါ။ အဟံ၊ ငါ။ မေ၊ ငါ။ မမ၊ ငါ။ ဤငါခေါ်ခြင်းသည် အတ္တ၊ငါသည်။ ဒိဋ္ဌိ၊ ငါဖြစ်သည်။အဟံ၊ ငါသည်မာနငါဖြစ်သည်။ မေ၊ ငါ။ မမ၊ ငါ နှစ်ခုသည်။ တဏှာ ငါဖြစ်သည်။

ထို့ကြောင့် ပါဠိအဋ္ဌကထာဆရာမြတ်တို့သည် အတ္တ-ငါ၊ သူ၊ တပါး၊ ယောကျ်ား၊ မိန်းမဟု ပြန်ဆိုသည်။

အဟံ-ငါသာတတ်သည်၊ ငါသာမြတ်သည်၊ ငါသာလိမ္မာသည်၊ ငါသာဥစ္စာရှိသည်ဟု ပြန်ဆိုသည်။

မေ၊မမတို့၌ငါ၏ခန္ဓာ၊ ငါ၏ဥစ္စာ၊ငါ၏လင်သား၊ ငါ၏မယား၊ ငါ၏ ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည်ဖြင့် ပြန်ဆိုကြလေသည်။

ထို့ကြောင့်သောတာပန်ပုဂ္ဂိုလ်သည် ဒိဋ္ဌိ ငါကိုသာ ပယ်သတ်သေးသဖြင့် ငါကောင်၊ မိန်းမကောင်၊ ယောကျ်ားကောင် အမှတ်ပျောက်ရုံမျှသာဖြစ်သေးသည်၊ ငါသာတတ်သည်၊ငါသာမြတ်သည်

ဟုထင်ချက်မာနတန်းလန်း ငါ၏ခန္ဓာ၊ ငါ၏ဥစ္စာ၊ ထင်မြင်စွဲလမ်းမှုနှင့်ပင် ရှိသေး၍ ပုထုဇန် ပုဂ္ဂိုလ်တို့နှင့် အနေအထိုင် အပြောအဆိုမှာအတူတူပင်ရှိသေးသည်ဟု မှတ်ပါလေ။

ဒိဋ္ဌိဆိုခြင်း၌ "မိစ္ဆာဝသေန ဒိဋ္ဌိ"ဟု မှတ်ရမည်၊ မိစ္ဆာဝသေန၊ မှားသောအစွမ်းအားဖြင့်။ဝါ၊ ငါကောင်၊ မိန်းမကောင်၊ယောကျ်ားကောင်ဟု မှားသော အစွမ်းအားဖြင့်။ ဒိဋ္ဌိ၊ မြင်ခြင်းမှတ်ယူခြင်း၊ ထင်ခြင်း၊ အဓိပ္ပါယ် လူနတ်ဗြဟ္မာသတ္တဝါဟု အမြင်အမှတ် အယူမှားကို ဒိဋ္ဌိဆိုသည်၊ ဒိဋ္ဌိအယူမှားသည် အကျဉ်းအားဖြင့် ဒိဋ္ဌိကြီးသုံးပါး၊ မိစ္ဆာ ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါး၊ သက္ကာယဒိဋ္ဌိ နှစ်ဆယ်ရှိလေသည်။

### ဒိဋ္ဌိအယူပြခဏ်း

ဒိဋ္ဌိကြီးသုံးပါးသည် အကြိယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိဖြစ်သည်။ အကြိယဒိဋ္ဌိအယူသည် သေလျှင်ဆုံး၊ လောင်လျှင်တုံးဘာမျှမဖြစ်၊ သေလျှင် ထာဝရဘုရားထံ ရောက်ကရေ့ဟု အယူရှိခြင်း၊ အဟေတုက ဒိဋ္ဌိအယူသည် ကုသိုလ်,အကုသိုလ်ကိုပြုသော်လည်း အကျိုးမရှိမခံရဟု အယူရှိခြင်း၊ နတ္ထိက ဒိဋ္ဌိအယူသည် တမလွန်လောကသံသရာမရှိဟုယူခြင်း။

ဤအယူသုံးပါးသည်သဘောအတူတူပင်ဖြစ်သည်၊ ၎င်းအယူကိုယူမိသောသူသည် သေသည်နှင့်တပြိုင်နက် အဝီစိငရဲသို့ ကျရောက်လေတော့သည်။ ။၎င်းအယူကို လိုက်စား ယူမှား မိသောပုဂ္ဂိုလ်သည် မိမိအယူမှားမှန်းသိ၍ စွန့်လွှတ်လိုက်လျှင် တခါတည်းအယူမှန်ကို ရောက်လေတော့သည်၊ တရားကျင့်၍ နေရတော့မည်မဟုတ်၊ မိမိအယူကိုသာဟုတ်၏ မဟုတ်၏ စဉ်းစားရုံကလေးမျှသာ တာဝန်ရှိသည်။

တို့အတူ သက္ကာယဒိဋ္ဌိဖြင့် အယူမှား၍ သောတာပန်မဖြစ်နိုင်သောပုဂ္ဂိုလ်တို့သည်လည်း ဤခန္ဓာကောင်ကြီးကို ငါကောင်၊ နတ်ကောင်၊ မိန်းမယောကျ်ားကောင် စသည်ဖြင့် အထင်အမြင်အယူအမှတ်မှားခြင်းကို သက္ကာယဒိဋ္ဌိဟု ခေါ်သည်၊ ငါကောင်၊

နတ်ကောင်၊ သတ္တဝါကောင် အမှတ်ပျောက်၍ ခေါတ်ကောင်၊ ခန္ဓာကောင်၊ ရုပ်နာမ်ကောင်၊ ပဋိစ္စသမုပ္ပါဒ်ကောင်ဟု အထင်၊ အမြင်၊ အမှတ်၊ အယူမှန်သူကိုပင် သက္ကာယဒိဋ္ဌိ အယူမှားပျောက်၍ သောတာပန်အယူမှန်၊ အကြားမှန်၊ အမှတ်မှန်၊ အထင်အမြင်မှန်သူ ဟုခေါ်ရသည်ဟု မှတ်ပါလေ။ ။ထိုသောတာပန် အလုပ်သည် တောထဲမှာ ကျားကိုက်ခံ၍ ကျင့်ရအုံးတော့မည် မဟုတ်၊ သမထ ဘာဝနာလမ်းများကိုအပြစ် ၁၈-ပါးကင်းသောအရပ်၌ "ပလ္လင်္ကံ အာဘုဇိတွာ ကာယံ ဥဇုံ"ဆိုသည့်အတိုင်းတင်ပလ္လင်ခွေ၍ ကိုယ်ကို ဖြောင့်စွာ ထားပြီးလျှင် ကျင့်ရသဖြင့် "ငှက်ချီးကရို၊ မိုးကစို၊ သည်ရွှေကိုကိုယ်ကျင့်လို့မှ ဖြစ်ပါ့မလား"ဟု ညီးသောကိုယ်တော် မြွတ်ကဲ့သို့ မမှတ်မထင် သင့်ကြောင်းကိုလည်း နာနာ ကြပ်ကြပ် မှတ်ပါလေ။

သက္ကာယဒိဋ္ဌိဆိုခြင်းကား "သန္တော သံဝိဇ္ဇမာနော ကာယော သက္ကာယော၊ မိစ္ဆာဝသေန ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ"ဟု ဖွင့်ပြသဖြင့် "သန္တော၊ ထင်ရှားရှိသော။ သံဝိဇ္ဇမာနော၊ ပရမတ်လိုထင်ရှား ရှိသော။ ကာယော၊ ရုပ် နာမ် ခန္ဓာ, အာယတန, ပဋိစ္စသမုပ္ပါဒ်, ခေါတ်အစုကို။ သက္ကာယော၊ သက္ကာယခေါ်၏။ မိစ္ဆာဝသေန၊ ထိုရုပ်နာမ် ခန္ဓာ ပဋိစ္စသမုပ္ပါဒ် ခေါတ်အစုကိုပင် ငါသူတပါး၊ ယောကျ်ား၊ မိန်းမဟု မှားသော အစွမ်းအားဖြင့်။ ဒိဋ္ဌိ၊ မြင်ခြင်း၊ ယူခြင်း၊ ထင်ခြင်း၊ မှတ်ခြင်းကို။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဟု ခေါ်၏။

အဓိပ္ပါယ် ပရမတ် သဘောအားဖြင့် ထင်ရှား ကေန်၊ အရှိ မှန်သော၊ ရုပ်ကောင်၊ နာမ်ကောင်၊ ခန္ဓာကောင်၊ ပဋိစ္စသမုပ္ပါဒ် ကောင်၊ ခေါတ်ကောင်ကို သက္ကာယခေါ်သည်။ ၎င်းသက္ကာယကို သက္ကာယဟုမထင်၊ ငါသူတပါး ယောကျ်ား မိန်းမ အနေဖြင့် အထင်အမြင် အယူ အမှတ်မှားခြင်းကို ဒိဋ္ဌိခေါ်သည်။ သို့ဖြစ်၍ သောတာပန်အလုပ်သည် အထင် အမြင် အမှတ်အယူ အမှား ပျောက်ရုံမျှသာ ရှိသေးသည်ဖြစ်သောကြောင့် အလွန်လွယ်ကူသော အလုပ်ဖြစ်ပါလျက် အထက်ထက်က ဟောပြောကြသော ဆရာ

များသည် ပါဠိသံ စာသံများလွန်း၍ တရားနာသူ ကျင့်လို သူတို့အားလျော့၍ ပါရမီကိုချ၍ နေသူ တိဟိတ်ချ၍ နေသူများကြ လေသည်။

ယခုကျမ်း၌ ဗမာသက်သက်ကို ပြန်ဆို ရေးသားခြင်း ပြုလိုက်သဖြင့် စာကြည့်သူတို့သည် ပါဠိသံ၊ ကျမ်းသံမပါ၍ ပေါ့ပေါ့မှတ်၍ မယုံကြည်ဘဲ ရှိတတ်သည်။ ပါဠိသံကိုလိုချင်လျှင် ငါတို့ကိုယ်တိုင်တွေ့လျှင် အလိုရှိသော ပါဠိများကို ပေးမည်။ သို့မဟုတ် မြဝတီဆရာတော် ရေးသားသော(ဒိဋ္ဌိသတ်ခဏ်းခတ်ကမ္မဋ္ဌာန်း၊ သံသရာဖြတ်ခဏ်း ခတ်ကမ္မဋ္ဌာန်း) ကျမ်းတို့၌ ကြည့်လေ။ ။ပါဠိတွေ ထည့်က သောတာပန် တရားကလေးလောက်ကို စတ္တုသတ်ော တစင်းစာလောက် ရေးမှ သိရမည် လိုလို ရှိနေသည် ဖြစ်သော ကြောင့် နားလည်သည်ကို လိုရင်းဖြစ်၍ ဗဟ္မာ ကျကျ ရေးသား လိုက်ပေသည်။

မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါး၌လည်း သက္ကာယဒိဋ္ဌိ၏ အစီးအပွားသာဖြစ်သည်။ အကျယ်သိလိုလျှင် လယ်တီ ဆရာတော်ဗုရားရေးသားသော(ပဋိစ္စသမုပ္ပါဒ်ဒီပနီ)မှာ ကြည့်လေ။

သက္ကာယဒိဋ္ဌိ နှစ်ဆယ်ဖြစ်ပုံမှာ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တည်းဟူသော ခန္ဓာငါးပါးကိုတပါးလျှင်လေးပါးစီဖြစ်၍ ငါးခုလေးလီ နှစ်ဆယ် ဖြစ်သည်။ ဖြစ်ပုံကား ရုပ်သည် ငါ-၁၊ ငါ-သည် ရုပ်-၁၊ ရုပ်ထဲမှာ ငါရှိ၏။ ငါထဲမှာရုပ်ရှိ၏။ ၁-ပေါင်းလေးခု ဤကဲ့သို့ ဝေဒနာသညာမှာလည်း ယူလေ နှစ်ဆယ်ဖြစ်၏။ အကျဉ်းအားဖြင့် သက္ကာယဒိဋ္ဌိတခု အကျယ်အားဖြင့် မရေတွက်နိုင်သည် ဖြစ်သည်။သောတာပန် ပုဂ္ဂိုလ်သည် တထောင့်ငါးရာကိလေသာတွင် ဒိဋ္ဌိကိလေသာတခုကိုသာ ပယ်သေးသည်။တထောင့်လေးရာကိုးဆယ့်ကိုးခု ကိလေသာကျန်သေးသည်ဟု မှတ်ပါလေ။

"ဥပမာ" အလွန်မိုက်လှ စွာသော တိုက်ခန်း တခုထည်း၌ ဘာရှိမှန်းမသိ၍ မီးခြစ်ဆံ တချောင်းဖြင့် ခြစ်၍ ကြည့်လိုက်သော် ငွေတပုံ-ရွှေတပုံ-ပတ္တမြား,တပုံ တွေ့ရှိ၏။ မီးတောက်သေ၍ ဘာမျှ မယူနိုင်၊ နောက်တခါ ခြစ်လျှင် ၎င်းတိုက်ခန်းထဲ၌ ဘာရှိသည်ဟု

သိဘို့ရန်မလို၊ ယူဘို့ရန်သာလိုတော့သဖြင့် မီးခြစ်ဆံတဆံကုန်ခြစ်၍ ငွေကိုယူ၏၊ နောက်တဆံ ရွှေကိုယူ၏၊ နောက်တဆံ ပတ္တမြားကို ယူ၏၊ မီးခြစ်ဆံလေးချောင်းကုန်သောအခါ မိုးလင်း၍ လာကုန်၏။

ဤဥပမာ ကဲ့သို့ သံသရာ ထွက်ကြောင်းတရား မသိသည်နှင့် တိုက်ခန်း၌ မိုက်မှောင်နေသည်နှင့်တူ၏။ ပဌမမီးခြစ်တဆံဖြစ်သဖြင့် မှောင်လင်း၍ ရွှေ,ငွေ,ပတ္တမြားကို တွေ့လိုက်သည်နှင့် ပုထုဇန် အနွယ် သက္ကာယဒိဋ္ဌိကွာ၍ သောတာပန် ဖြစ်သူနှင့်တူ၏။ ဘယ် တဏှာတရားကိုမျှ မပယ်နိုင်သည်နှင့် ရွှေ,ငွေ, ပတ္တမြားကို မယူနိုင် သည်နှင့်တူ၏။ ဒုတိယ တဆံဖြစ်၍ ငွေကိုယူသည်နှင့် ကာမရာဂကို ခေါင်းပါးအောင်ပယ်သော သကဒါဂါမိနှင့် တူ၏။ တတိယတဆံ ခြစ်၍ ရွှေကိုယူသည်နှင့် ကာမရာဂကို အကြွင်းမရှိ ပယ်နိုင်သော အနာဂါမိနှင့် တူ၏။ စတုတ္ထတဆံခြစ်၍ ပတ္တမြားကို ယူသည်နှင့် ရူပရာဂ အရူပရာဂ ခပ်သိမ်းသော ကိလေသာကို အကြွင်းမရှိပယ် သတ်နိုင်သောရဟန္တာနှင့်တူ၏။ မိုးလင်းသည်နှင့်ရဟန်းကိစ္စတုံး၍ တလင်းထဲ လင်း၍ နေခြင်းနှင့်တူ၏။ သို့ဖြစ်ပါ၍ သောတာပန် ပုဂ္ဂိုလ်သည် တဏှာကို ပယ်ကြောင်း ကြည်ကြောင်း မဟုတ် သိမှု, မှတ်မှု,အယူမှားဒိဋ္ဌိကို ပြောင်းလဲမှုသာ ဟုတ်ခြင်းကြောင့် မိမိအယူ ဝါဒကိုဟုတ်၏ မဟုတ်၏ မှန်၏ မမှန်၏ကိုစဉ်းစားဆင်ခြင်ရုံကလေး မျှသာဖြစ်သည်။

ဓမ္မကထိကပုဂ္ဂိုလ်များက ဟောကြားသော အခါဖြစ်စေ ရုပ်, နာမ်,ခန္ဓာတရားအစုကို သင်ကြားလေ့လာသောအခါ ဖြစ်စေ မိမိ ကိုယ်ခန္ဓာပေါ်ကိုတင်၍ဆင်ခြင်စဉ်းစားသောအခါ ခေတ်ကောင်, ရုပ်နာမ်ကောင်, ခန္ဓာကောင်, ပရမတ်ကောင်, သဘောတုံး, သဘောခဲ့ကောင်သာ ကေန်အမှန်ဘဲရှိသည်ကိုတွေ့ရှိ၍ ဤအယူကို ယူလိုက် သဖြင့် ငါကောင်, မိန်းမကောင်, ယောကျ်ားကောင် ပျောက်သွားသည်ကိုပင် သက္ကာယဒိဋ္ဌိကွာသူ၊ သောတာပန်ဖြစ်သူ၊ သံသရာထွက်လမ်းအစကိုရောက်သူ၊ ဝိဇ္ဇာဉာဏ်ရှိသူ၊ သောတာပတ္တိ မဂ်ဆိုက်သူ၊ ဖိုလ်ဆိုက်သူ၊ အပါယ်ကင်းသူ၊ ပရမတ္ထ သောတာပန် ဖြစ်သူ၊ အရိယာပုဂ္ဂိုလ် ဖြစ်သူ၊ အနတ္တလက္ခဏာ ပေါက်သူ၊

အတ္တစွဲ ပျောက်သူ၊ သံဃာအစစ် ဖြစ်သူ၊ မြတ်စွာဘုရား သား သမီးအစစ်ဖြစ်သူ၊ ဝိဝဋ္ဋဘုံစည်စံသူဟု ကျန်းဂန်စကား အမျိုးမျိုးဖြင့် ပြကြ ပြောကြခြင်းဖြစ်လေသည်ဟု မှတ်ပါလေ။

———

## ပရမတ်ခန္ဓာငါးပါးကို သိကာမျှနှင့် သက္ကာယဒိဋ္ဌိကွာ၍ သောတာပန်ဖြစ်အောင် ပြသောအခန်း

ခန္ဓာဆိုသောစကားသည် ဗဟွာစကားဖြင့် အပေါင်း အစုဟု ခေါ်သည်။ ရူပက္ခန္ဓာ-ရုပ်အပေါင်း အစု၊ ဝေဒနာက္ခန္ဓာ-ဆိုးမှု ကောင်းမှု တို့၌ ခြောက်အာရုံမှာ ခံစားခြင်း အပေါင်း အစု၊ သညာက္ခန္ဓာ-ခြောက်အာရုံ၌ မှတ်သားခြင်း အပေါင်းအစု၊ သင်္ခါရက္ခန္ဓာ-ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့ကို ပြုပြင်စီမံခြင်း အပေါင်း အစု၊ ဝိညာဏက္ခန္ဓာ-ခြောက်အာရုံ၌ သိခြင်းအပေါင်းအစု၊ ဤ-ငါး ခုကို ခန္ဓာငါးပါးဟု ခေါ်သည်။

ရူပကိုရုပ်ဟု နာမသတ် အနက်မပြန်ဘဲ ဗဟွာကျကျ ပြန်လျှင် ဖောက်ပြန်တတ်သော သဘောတခု၊ ဝေဒနာခံစားမှု၊ သညာမှတ် သားမှု၊ သင်္ခါရာ စီမံမှု၊ ဝိညာဏ သိမှု။ ။ဗဟွာစကား အားဖြင့် ဖောက်ပြန်သောသဘော၊ ခံစားတတ်သော သဘော၊ မှတ်တတ် သောသဘော၊ စီမံ ကြံစည်ဟတ်သော သဘော၊ သိတတ်သော သဘော ဤသဘောတရားငါးပါးကို ပေါင်းစု၍ထားခြင်းကို ခန္ဓာ ငါးပါးဟု ခေါ်သည်။

ဤသဘောငါးချက်ကို မိမိခန္ဓာပေါ်သို့တင်၍ အအေးမှ အပူသို့ ဖောက်ပြန်ခြင်း၊ အပူမှ အအေးသို့ ဖောက်ပြန်ခြင်း သက်သက်ကို ဉာဏ်ထဲ၌ မထင် ထင်အောင်စဉ်းစားလျှင် ကိုယ်ရူပကာယတုံးကြီး၌ အထည်,ဒြပ်, အစိုင်အခဲမတွေ့မရှိဘဲလျက် ဖောက်ပြန်ခြင်းသဘော သက်သက်ကိုသာ တွေ့ရှိလိမ့်မည်။ ၎င်းဖောက်ပြန်ခြင်း သဘော သည် ဘယ်လိုနေသလဲ ဆိုလျှင်မပြနိုင်၊ သဘော အားဖြင့်လည်း မိမိဉာဏ်ထဲမှာထင်ရှားရှိ၏။ထင်ရှားရှိသည့်အတိုင်းသာ ဟုတ်သည်။ ငါ-သူတပါးယောကျ်ား မိန်းမ-မဟုတ်ဟု ယူလိုက် ပယ်လိုက်လျှင်



၁၃၇၂၄

အတ္တပျောက်၍ အနတ္တပေါက်သူဟူ၍ရင်း၊ သောတာပန် ဟူ၍ရင်း၊ ခေါ်ဝေါ်ပြောဆိုသည့်အတိုင်း ဖြစ်ပြီဟု မှတ်ပါလေ။

ခံစားခြင်းသဘော၊ မှတ်ခြင်းသဘော၊ စိမ်ကြံစည်ခြင်းသဘော၊ သိခြင်းသဘော ဤ-နာမ်တရား လေးပါးသည် တပြိုင်နက် မရှေး မနှောင်းအတူတူဖြစ်ပေါ်လာကြသောတရားဖြစ်၍ သိမှုအစုကိုသာ ဦးစီး၍ရှုကြည့်ပါလေ။ မျက်စိနှင့်အဆင်းကို မြင်လိုက်သောအခါ အဖြူ၊အနီ၊အကြောင်၊အကြားကိုသိလျှင် သိမှု ငါမဟုတ်၊ သိမှုသာ ဟုတ်သည်၊ မှတ်လိုက်လျှင်မှတ်မှု ငါမဟုတ်၊မှတ်ခြင်း သဘောသာ ဟုတ်သည်။ အဆိုး-အကောင်းခံစားလျှင် ခံစားခြင်း သဘောငါမှ ဟုတ်၊ ခံစားတတ်သောသဘောစိတ်ကလေးသာဟုတ်သည်။ တခုခု ကိုစိမ်ကြံစည်သောအခါငါမကြံစည်၊စိမ်ကြံစည်တတ်သောသဘော စိတ်သာဟုတ်သည်။ အာရုံ အရပ်ရပ်တို့ကို သိသောအခါ ငါမသိ၊ သိတာသည် ငါမဟုတ်၊ သိတတ်သောစိတ်ကလေးသာဟုတ်သည်။ ဤကဲ့သို့မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ လျက်တိုင်း၊ ထိတိုင်း၊ စိတ် ကူးတွေးတိုင်းတို့၌သိမှု၊ မှတ်မှု၊ ကြံစည်မှုတို့ကို ညက်၍ အထင်အမြင် သန်အောင်စဉ်းစားလေ စဉ်းစားပါများလျှင် သိခြင်း၊ မှတ်ခြင်း၊ ကြံစည်ခြင်း၊ ခံစားခြင်းတို့သည် စိတ်သက်သက်ဖြစ်၍ သဘောတုံး သဘောခဲကိုတွေ့ရှိလိမ့်မည်။ ဘယ့်နှယ် နေသလဲဆိုလျှင် မပြနိုင်၊ မိမိညက်ထဲ၌လည်း ထင်ထင်ရှားရှားရှိ၏။ ထင်ထင်ရှားရှားရှိသည့် အတိုင်းသိမှု၊မှတ်မှု ၊ခံစားမှု၊ ကြံစည်မှုတို့သည်သူ့ဘာသာ သူ့သ ဘောအတိုင်း ဖြစ်နေပါကလား၊ဟု ငါစွဲရမှာအခက်ကြီးပါကလား ဟုငါကောင် အထင်အမြင်ပျောက်၍ မှတ်တာလဲသဘောဘဲ၊ခံစား တာလဲသဘောဘဲ၊ ကြံစည် စိတ်ကူးတာလဲ သဘောဘဲဟု ပရမတ် နာမ်တရားလေးပါး သဘောသက်သက်ကို တွေ့ရှိလိမ့်မည်။ ။ တွေ့ရှိသည့် သဘောသာဟုတ်သည်။ ပုဂ္ဂိုလ်သတ္တဝါငါသူတပါး၊ ယောကျ်ား-မိန်းမ မဟုတ်ဟု ယူလိုက် ပယ်လိုက်လျှင် ဒိဋ္ဌိကွာ၍ သောတာပန်အစစ်ဖြစ်ပြီဟု မှတ်ပါလေ။

ထို့ကြောင့် ရတနသုတ်ပါဠိတော်၌ သောတာပန် ပုဂ္ဂိုလ်သည် ဝိပဿနာဘာဝနာကို ဘယ်လိုပင် မေ့လျော့သော်လည်း နတောဘဝ

အဌမမာ ဒိယန္တိ ရှစ်ကြိမ်မြောက်သော ဘဝကိုမယူ၊ ခုနစ်ဘဝသာ ယူ၍ နိဗ္ဗာန်စံဝင်သူ ဖြစ်ကြောင်း မြတ်စွာဘုရား ဟောတော်မူသည်။

ပုဂ္ဂလာဓိဋ္ဌာန်ကြောင်း၌ဝိသာခါသည်ခုနစ်နှစ်အရွယ်ကမြတ်စွာဘုရားဟောကြားသော သစ္စာလေးပါး ရုပ်, နာမ်, ခန္ဓာတရား တို့ကို နား၌ကြားသည့်အတိုင်းယုံကြည်၍ ဓာတ်ကောင်၊ ခန္ဓာကောင်သာရှိသည်။ ပုဂ္ဂိုလ်သတ္တဝါမရှိဟု ယူခြင်းကြောင့် သောတာပန်ဖြစ်ခြင်း၊ ပဋ္ဌာအရှုးမသည် မြတ်စွာဘုရား တရားတော်ကို နာကြားရင်း သောတာပန်ဖြစ်သည်။ ။ခေမာမိဖုရားသည် လှဂုဏ်ကိုအားကိုး၍ နေရာ မြတ်စွာဘုရားက သူ့ထက်အဆတရာမျှ မကအောင် လှသောမိန်းမငယ် ဖန်ဆင်းဖျက်ဆီးပြီး တရားဟောသဖြင့် တရားနာရင်း သောတာပန်ဖြစ်သည်။ ၎င်းပုဂ္ဂိုလ်တို့သည် သောတာပန် စခန်း၌ ဝိပဿနာ အကျင့်လုပ်သည်ဟု ထင်ရှားစွာမရှိ အထက်မဂ်သုံးပါးကိုသာ ဝိပဿနာဖြင့်ကျင့်၍ ရဟန္တာ ဖြစ်ကြောင်း ထင်ရှားလေသည်။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်ပုဂ္ဂိုလ်တို့လည်း အရှင်အဿဇိနှင့်တွေ့၍ "ယေဓမ္မာ ဟေတုပဘဝါ၊ တေသံ ဟေတု တထာဂတော"စသည်ဖြင့် သစ္စာလေးပါးတရားကိုနာရင်း သောတာပန် ဖြစ်ကြလေသည်။ အထက်မဂ်သုံးပါးကို မြတ်စွာဘုရားထံသို့ရောက်မှ ဝိပဿနာတရားဖြင့် ကျင့်ကြီလေသည်။ ဥဂ္ဂါတ်တိုင်းပြည် မိဂါရသူဌေး သုဘဒ္ဒါတို့ကိုအကြောင်းပြု၍ တတိုင်းလုံး ကျွတ်တမ်းဝင်ကြသောအရာမှာ မြတ်စွာဘုရားတရားတော်ကိုနာကြားရင်း ဖြစ်ကြလေသည်။ ။၎င်းလိုကျွတ်တမ်းဝင်သူ ရှစ်သောင်းလေးထောင်တို့၌လည်း သောတာပန်သာ ဖြစ်ကြလေသည်။ အထက် မဂ်သုံးပါး၌ တည်ရှိသောသူအလွန်တရာနည်းသည်ဟု မှတ်ပါလေ။ ။၎င်းကဲ့သို့ ပုဂ္ဂလာဓိဋ္ဌာန်ကြောင်းကို ပြမည်ဆိုလျှင် များစွာ ပြနိုင်ပါ၏၊ ကျယ်မည်စိုး၍ မပြလိုက်ပါ။

## ဓာတ် ၁၈-ပါးဖြင့် ဒိဋ္ဌိကွာ၍ သောတာပန် ဖြစ်နည်းကိုပြချက်

မျက်စိ အကြည်ဓာတ်၊ နား အကြည်ဓာတ်၊ နှာခေါင်း အကြည်ဓာတ်၊ လျှာ အကြည်ဓာတ်၊ ကိုယ် အကြည်ဓာတ်၊ မနော အကြည်ဓာတ်အားဖြင့် အခံဓာတ်ခြောက်ပါး။ ။အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့-အထိ စိတ်ကူးအားဖြင့် အတိုက်ဓာတ် ခြောက်ပါး။ ။မျက်စိအခံဓာတ်နှင့် အဆင်းအတိုက်ဓာတ် ပြိုင်ဆိုင်သောအခါ တခုခုကိုသိမှုစိတ်ကလေး နားအခံဓာတ်နှင့် အသံ အတိုက်ဓာတ်တို့ ပြိုင်ဆိုင်သောအခါ သိမှုစိတ်ကလေး၊ နှာခေါင်းနှင့် အနံ့ ပြိုင်ဆိုင်သောအခါ သိမှုစိတ်ကလေး၊ လျှာနှင့် အရသာ ပြိုင်ဆိုင်သောအခါ သိမှုစိတ်ကလေး၊ ကိုယ်နှင့်ထိမှုပြိုင်ဆိုင်သောအခါ သိမှုစိတ်ကလေး၊ မနောနှင့် စိတ်ကူး ပြိုင်ဆိုင်သော အခါ သိမှုစိတ်ကလေး ၎င်းသိမှု စိတ်ခြောက်ခုကို အပေါ်ဓာတ် ခြောက်ပါးဟု ခေါ်ခြင်း ပေါင်းဓာတ် ၁၈-ပါး၊ အခံဓာတ်ခြောက်ခု အတိုက်ဓာတ်ခြောက်ခု ဤ ၁၂-ခုကို ရုပ်ဓာတ်ခေါ်သည်။သိမှုခြောက်ခုကို နာမ်ဓာတ် ခေါ်သည်၊ အကျဉ်း အားဖြင့် နာမ်, ရုပ် နှစ်ပါးသာ ရှိသည်။ ခန္ဓာငါးပါး၌လည်း နာမ်ဓာတ်လေးပါး၊ ရုပ်ဓာတ်တပါး၊ အကျဉ်းအားဖြင့် နာမ်,ရုပ်နှစ်ပါးသာရှိသည်။ ဘယ်ဓာတ်ကိုဘဲရှုရှု နာမ်,ရုပ်နှစ်ပါးဖြစ်အောင် ရှုရသည်။

### ရှုနည်းကား

ဒိဋ္ဌိကွာအောင်ရှုလိုလျှင် နာမ်ဓာတ်ကို ကြပ်ကြပ်ဖိ၍ ရှုရသည်၊ ဒိဋ္ဌိကွာ၍ သောတာပန်ဖြစ်ပြီးသော ပုဂ္ဂိုလ်တို့မှာ ရုပ်ဓာတ်ကို ဖိ၍ ရှုရသည်၊ ဒိဋ္ဌိသည် နာမ်မှာ များများ စူးစိုက်သည်။ ရုပ်မှာ များစွာ မစူးစိုက်၊ တဏှာသည် ရုပ်မှာများများစူးစိုက်သည်၊ နာမ်မှာများစွာ မစူးစိုက်၊ သို့ဖြစ်၍ သောတာပန် ဖြစ်လိုသူတို့သည် အခံဓာတ်နှင့် အတိုက်ဓာတ် ပြိုင်ဆိုင် သောအခါ သိမှုစိတ်ကလေး ပေါ်လာသည်ကို နာနာကြပ်ကြပ်မှတ်၊ ၎င်းသိမှုစိတ်ကလေးသည် လူ, နတ်, ဗြဟ္မာ-သတ္တဝါမဟုတ်၊ သိမှုသာဟုတ်သည်ဟု ဉာဏ်အမြင်သန်သည့်

အတိုင်း ပယ်လိုက် ယူလိုက်လျှင် ဒိဋ္ဌိကွာ၍ သောတာပန် ဖြစ်ပြီဟု မှတ်ပါလေ။

မြတ်စွာဘုရား ကိုယ်တော်မြတ်သည် များစွာသော ပရိသတ်တို့အား အောက်မဂ် တပါး၌ရရန် သင့်လျော်လျှင်ခေတ် ၁၈-ပါးကို ဟောပြတော်မူသည်။ ဟောပြတော် မူရာ၌လည်း အပေါ်ခေတ် ခြောက်ပါး၊ နာမ်ခေတ်ကို ဖိ၍ ဟောတော်မူသည်။ အပေါ်ခေတ် ခြောက်ပါး၌ အသက်မရှိ၊ ငါမရှိ၊ ပုဂ္ဂိုလ်သတ္တဝါ မရှိကြောင်းကို စည်နှင့် လက်ခတ်ဥပမာ တိမ်တိုက်နှစ်ရပ်ဥပမာစသည်ဖြင့် ဟောတော်မူသည်။

အဋ္ဌကထာ ဆရာတယောက်ကမေးသည်မှာ မြတ်စွာဘုရားသည် ခေတ် ၁၈-ပါးကို ဘယ်အတွက် ဟောပါသလဲဟု မေးသောအခါ အဋ္ဌကထာဆရာတယောက်က ဖြေသည်မှာသတ္တဝါအများတို့သည် အခံခေတ်နှင့် အတိုက်ခေတ် ပြိုင်ဆိုင်သောအခါ စိတ်ခေတ် သိမှုကလေးပေါ်လာ၏။ ၎င်းပေါ်လာသော စိတ်ခေတ်ကလေးကိုပင် ငါဟုမှတ်ထင်သိမ်းပိုက်၍ ငါမြင်သည်၊ ငါးကြားသည်ဟု မိစ္ဆာဒိဋ္ဌိ အယူမှားခြင်း ၎င်းသိမှု စိတ်ခေတ်ကလေးကိုပင် ဇီဝ-အသက်၊ သဿတ ပုဂ္ဂလ မုဝ အမြဲဟု သက္ကာယ ဒိဋ္ဌိအယူ၊ သဿတဒိဋ္ဌိ အယူမှားတို့ကိုပယ်ဖျောက်၍ သောတာန်ဖြစ်အောင် ခေတ် ၁၈-ပါးကို ဟောပါသည်ဟု ဝန်ခံပြလေသည်။

> ဝိဇာနနသဘာဝေ ဝိညာဏေ ဇီဝသညိနံ သညာ
> သမူဟာနနတ္ထံပိ အဋ္ဌာရသေဝ ဝုတ္တာ။

ဝိဇာနနသဘာဝေ၊ အာရုံအရပ်ရပ်ကို သိခြင်းသဘောရှိသော။ ဝိညာဏေ၊ ပရမတ်ဟူသောဝိညာဏ်သိမှု စိတ်ကလေး၌။ဇီဝသညိနံ၊ ငါအသက်၌ ဝိညာဉ်ရှိ၏ဟု မှတ်ထင်ကြကုန်သော အန္ဓ ပုထုဇန် လူမိုက်တို့၏။ သညာသမူဟာနနတ္ထံပိ၊ မှားယွင်း ဖေါက်ပြန်သော မိစ္ဆာဒိဋ္ဌိ အယူ၊ သဿတဒိဋ္ဌိ အယူ၊ သက္ကာယဒိဋ္ဌိ အယူတို့ကို ကောင်းစွာ ပယ်နုတ်တော်မူခြင်းအကျိုးငှါလည်း။ အဋ္ဌာရသေဝ၊ အခံခေတ်၊ အတိုက်ခေတ်၊ အပေါ်ခေတ် တည်းဟူသော ခေတ်

၁၀-ပါးတို့ကိုသာလျှင်။ ဘဂဝတာ၊ မြတ်စွာဘုရား သခင်သည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်လေပြီ။

ဤအဋ္ဌကထာဆရာမြတ်တို့ မိန့်ဆိုသည်ကိုထောက်ရှု၍ နာမ်မှာ ဒိဋ္ဌိစူးစူးစိုက်စိုက် ရှိနေကြောင်းသိရသဖြင့် "ဒိဋ္ဌိသတ္တာ၊ ခွါသူမှာ၊ နာမ်မှာကြိုးအားသစ်"ဟု သခင်ပဖြင့် သံပေါက် စပ်ဆိုလေသည်၊ ဗဟ္မာစကားဖြင့်ယခုရဟန်း,ရှင်,လူတို့သုံးစွဲကြသော အရာမှာလည်း "နာမ်မှာဒိဋ္ဌိစိုက်၊ ရုပ်မှာတဏှာစိုက်" စကားကို အပြောအဆို များကြလေသည်။ ။ငါသေသော် ကိစ္စမရှိပါ၊ ငါ့၌ ရေတွင်း၊ ရေကန်၊ စရပ်၊ တံတား၊ ကျောင်း၊ ရှင်ပြု, ပဒ္ဒင်းခံ စသည်ဖြင့် ကုသိုလ်ထုပ်ကလေး အတော်ရပါပြီဟု ပြောဆိုသော စကားမှာ ငါဆိုသော ဒိဋ္ဌိနာမ်မှာလား ရုပ်မှာလားဟု စဉ်းစားလိုက်လျှင် နာမ်မှာငါစူးစိုက်၍ နေကြောင်းကို ထင်ထင်ရှားရှား ဖြစ်ပေသည်။ ငါသေလျှင် အလောင်းကောင် ရုပ်ကြီးကိုပြခဲ့၍ ငါငါဟု စွဲလမ်း မှတ်ထင်သော စိတ်ကလေးနာမ်တရားသည် လူ့ပြည်၊ နတ်ပြည်တို့၌ ကောင်းကောင်းမွန်မွန် ဖြစ်ဦးမည်၊သံသရာတလျှောက်လုံး၌ဤစိတ် ကလေးသည်ပင်လျှင်အမြဲ လူနတ်ဗြဟ္မာ သတ္တဝါဖြစ်နေသည်၊ ဤ စိတ်ကလေးပင်ငါ၊ ငါသည်ပင်လျှင်ဤစိတ်ကလေးဟု အယူအမှတ် အထင် အမြင် မှား၍ နေကြလေသည်၊ သေလျှင် အသက်ထွက်ပြီ ဆိုသောစကားမှာလည်း ရုပ်ကျန်ရစ်ခဲ့၍ စိတ်ကလေးထွက်သွားပြီး တဘဝဖြစ်ဦးမည်၊ ၎င်းစိတ်ကလေကိုပင် အသက်၊ အသက်ဆိုသော စိတ်ကိုပင်ငါဟု အထင် အမြင် မှားနေကြသဖြင့် သသတ, ဇဝ, ပုဂ္ဂလ, ဇီဝ, တည်းဟူသော သတ္တာယဒိဋ္ဌိ အယူမှား ဖြစ်နေကြ လေသည်။

ရုပ်၌ တဏှာစိုက်ပုံမှာလည်း အဆင်းကြိုက်တဏှာ၊ အနံ့ကြိုက် တဏှာ၊ အသံကြိုက်တဏှာ၊ အရသာကြိုက်တဏှာ၊ အတွေ့ကြိုက် တဏှာ၊ စိတ်ကူးကြိုက်တဏှာ-ဤတဏှာခြောက်ပါးသည် ရုပ်ပေါ် မှာနေသည်။ သတ္တဝါတို့ စွဲလမ်းချက် တဏှာ၊ 'ဥပါဒါန်မှာ အဆင်းရုပ်၊ အသံရုပ်၊ အနံ့ရုပ်၊ အရသာရုပ်၊ အတွေ့ရုပ်၊ စိတ်ကူး သောအခါ ဤရုပ် ငါးပါးကို စူးစူးစိုက်စိုက်တဏှာကပ်ငြိသည်။ ။

သို့ပါ၍ သောတာပန် ဖြစ်ပြီးသော ပုဂ္ဂိုလ်မှာ တဏှာတန်းလန်း ကျန်သေးသဖြင့် ကာမရာဂ ခေါင်းပါးစေရန်၊ ပြတ်စေရန် ရုပ်ကို ဖိ၍ ရှုကြည့်ရမည်၊ ရာဂစိတ်ခေါင်းပါးစေလိုလျှင် မိမိရူပကာယကြီး စက်ဆုပ် ရွံရှာဘွယ် အသုဘ အနေနှင့် ရှုရမည်၊ မယုံလျှင် စမ်းလေတော့။

---

## သက္ကာယဒိဋ္ဌိကိုမသတ်ဘဲတဏှာကိုသတ်၍ မဖြစ်နိုင်သောအကြောင်း

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် သတိပဋ္ဌာန် တရား လေးပါးတို့တွင် ကာယာနုပဿနာသိဝထိကိုးပိုင်းတို့ကိုဟောတော် မူရာ၌ အောက်မဂ်တပါး၊ နှစ်ပါးပြီးပြီးသောပုဂ္ဂိုလ်ကို အထက်မဂ် နှစ်ပါးအတွက် ဟောတော်မူသည်။ ယခုနိုင်ငံ၌ ပျံ့နှံ့၍နေသော သတိပဋ္ဌာန်စာအုပ်သည် တဏှာသတ်အတွက် ဟောတော်မူသော ပါဠိတော်များဖြစ်သည်။ "ဒိဋ္ဌိနွဲ့ဖလာနံ"အထက်မဂ်နှစ်ပါး အတွက် သက်သက် ဟောသော ပါဠိတော်ဖြစ်၍ သတိပဋ္ဌာန် အဓိပ္ပါယ် ကောက်မှာ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်နှင့် ဖြစ်နိုင်ကြောင်း အဖျင်းဆုံး အနာဂါမ် တည်သေး၏ဟု ဆိုသောကြောင့် ပုထုဇန် ပုဂ္ဂိုလ်တို့ ကျင့်သောတရားမဟုတ်ကြောင်း သိရလေသည်။

မြတ်စွာဘုရား ကိုယ်တော် မြတ်သည် ၃၂-ကောဋ္ဌာသ ကမ္မ ဋ္ဌာန်းကို ဇေဂုစ္ဆ အနေစက်ဆုပ်ရွံရှာဘွယ် ဟောတော် မူရာ၌ ဒိဋ္ဌိ ကွာပြီး၊ သောတာပန်ဖြစ်ပြီး ပုဂ္ဂိုလ်များကို အထက် မဂ်အတွက် တဏှာကွာအောင်ဟောတော်မူသည်။ ။တခါ တခါ ဝိပဉ္စိတညူ ပုဂ္ဂိုလ်၊ ဥဃ္ဃာဋိတညူပုဂ္ဂိုလ်များကို မဂ်လေးပါး၊ မဂ်သုံးပါး တရှိန် တည်း တတ်နိုင်မည်ကို ထောက်၍ ၎င်းကာယာနုပဿနာ ကမ္မ ဋ္ဌာန်းကို တဏှာသတ်၊ ဒိဋ္ဌိသတ် နှစ်ပါးတွဲ၍ "ကေသာသုညာ အတ္တေနဝါ အတ္တနိယေနဝါ"အစရှိသည်ဖြင့်ဆံပင်၌ငါမရှိကြောင်း ဒိဋ္ဌိသတ်၊ ဆံပင်သည် ငါ့ဟာ မဟုတ်ကြောင်းတဏှာသတ် ဤကဲ့သို့ ဒိဋ္ဌိ၊ တဏှာ ၂-ပါးတွဲ၍ဟောတော်မူလေသည်။ ကမ္မဋ္ဌာန်းပြဆရာ

တို့သည် ဒိဋ္ဌိသတ်ကမ္မဋ္ဌာန်း၊ တဏှာသတ်ကမ္မဋ္ဌာန်း နှစ်ပါးကွဲကွဲပြားပြားရှိရသည်။ကမ္မဋ္ဌာန်းပြဆရာမလိမ္မာက သမထနှင့်ဝိပဿနာ မကွဲဘဲရှိတတ်သည်။ ဒိဋ္ဌိ-တဏှာ မကွဲ၍ အလွဲလွဲ ဖြစ်တတ်သည်။ မဂ်လမ်း ဖိုလ်လမ်းဝေးတတ်သည်။ သို့ဖြစ်၍ ဒသဂုတ္တရပါဠိတော်၌ မြတ်စွာဘုရားဟောတော်မူသည်မှာ....

> တယော မေ ဘိက္ခဝေ ဓမ္မေ အပ္ပဟာယ အဘဗ္ဗော ရာဂံ ပဟာတုံ ဒေါသံ ပဟာတုံ မောဟံ ပဟာတုံ။ ကတမေ တယော သက္ကာယဒိဋ္ဌိံ အပ္ပဟာယ ဝိစိကိစ္ဆံ အပ္ပဟာယ သီလဗ္ဗတပရာမာသံ အပ္ပဟာယ၊ ဣမေ ခေါ ဘိက္ခဝေ တယော ဓမ္မေ အပ္ပဟာယ အဘဗ္ဗော ရာဂံ ပဟာတုံဒေါသံ ပဟာတုံ မောဟံ ပဟာတုံ။

ဘိက္ခဝေ၊ သံသရာဝဋ်ကျော့ကွင်းညွတ်မှ ကင်းလွတ် လိုငြားအိုချစ်သားတို့။ တယော၊ သုံးပါးကုန်သော။ ဣမေ ဓမ္မေ၊ ဤဆိုလတ္တံ့သောတရားတို့ကို။ အပ္ပဟာယ၊ ပဌမဦးစွာ မပယ်ခွါ မူ၍။ ရာဂံ၊ရာဂတဏှာကို။ ပဟာတုံ၊ ပယ်ခွါခြင်းငှါ။ ဒေါသံ၊ ဒေါသကို။ ပဟာတုံ၊ ပယ်ခွါခြင်းငှါ။ မောဟံ၊ မောဟကို။ ပဟာတုံ၊ ပယ်ခွါခြင်းငှါ။ အဘဗ္ဗော၊ မထိုက်လေ တော့ပြီ။ ကတမေ တယော၊ အဘယ်တရားသုံးပါးတို့နည်း ဟူမူကား။ သက္ကာယဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိကို။ အပ္ပဟာယ၊ ပဌမဦးစွာ မပယ်ခွါမူ၍။ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာကို။ အပ္ပဟာယ၊ ပဌမဦးစွာ မပယ်ခွါမူ၍။ သီလဗ္ဗတပရာမာသံ၊ သီလဗ္ဗတပရာမာသကို။ အပ္ပဟာယ၊ ပဌမဦးစွာ မပယ်ခွါမူ၍၊ ဘိက္ခဝေ၊ သံသရာဝဋ်ကျော့ကွင်းညွတ်မှ ကင်းလွတ် လိုငြားအိုချစ်သားတို့။ ခေါ၊ မုချကေန် အမှန်စင်စစ် အားဖြင့်။ တယော၊ သုံးပါးကုန်သော။ ဣမေ ဓမ္မေ၊ ဤသက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာသီလဗ္ဗတပရာမာသ တရားတို့ကို။ အပ္ပဟာယ၊ ပဌမဦးစွာမပယ်ခွါမူ၍။ရာဂံ၊ ရာဂတဏှာကို။ ပဟာတုံ၊ ပယ်ခွါခြင်းငှါ။ ဒေါသံ၊ ဒေါသကို။ ပဟာတုံ၊ ပယ်ခွါခြင်းငှါ။ မောဟံ၊ မောဟကို။ ပဟာတုံ၊ ပယ်ခွါခြင်းငှါ။အဘဗ္ဗော၊ အစဉ်အတိုင်းသာရနိုင်တတ်နိုင်သည့်မဂ်စဉ်နှင့် မကိုက်ညီ၍ မထိုက်လေတော့သည်။

ရတနသုတ် ပါဠိတော်၌လည်း သောတာပန် ပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ-ဤတရား သုံးပါး ကိုသာ ပယ်သေးကြောင်း ဟောတော်မူသည်။ ။သက္ကာယဒိဋ္ဌိ ကွာလျှင် ဝိစိကိစ္ဆာ ကင်းပြတ်လေတော့၏။ သီလဗ္ဗတ ပရာမာသ တရားသည်လည်း ပါလေတော့၏။ ထို့ကြောင့် တရားကျင့်ဘို့ရာ အရေးမကြီးပါ၊ သိဘို့ရာသာ အရေးအကြီးဆုံးဖြစ်၍ ဘယ်အလုပ် ကိုလုပ်လျှင် ဘယ်အကျိုး ရှိမည်၊ ဘယ်တရားကို ကျင့်လျှင် ဘယ် ကုသိုလ်ကိုရမည်၊ ဘယ်မဂ်၊ ဘယ်ဖိုလ်ကို ရမည်ဟု သေသေချာချာ သိအောင်၊ တတ်အောင် ပညာရှိတို့ထံ မေးမြန်း စုံစမ်း သင်ကြား တတ်မြောက်မှ ကျင့်ရ လုပ်ရသည်ဟု မှတ်ပါလေ။

——

## သံသရာထွက်လမ်း စခန်းသုံးပါးကို ပြခဏ်း

စခန်းဆိုသော စကားသည် သွားလိုသောခရီးကို မရောက်မီ အကြားရပ်နားသောနေရာဌာနကိုခေါ်သည်။ ။သံသရာမှနိဗ္ဗာန်သို့ သွားသော ခရီးအစဉ်မှာ ရပ်နားသော စခန်းသည် သုံးခုရှိ၏။ ဉာတပရိညာစခန်း(၁)၊တီရဏပရိညာစခန်း(၂)၊ပဟာဏ ပရိညာ စခမ်း(၃) ပေါင်းသုံးပါးရှိသည်။ ဉာတပရိညာစခန်း ဆိုသည်မှာ ရုပ်၊ နာပ်၊ခန္ဓာ၊ ပဋိစ္စသမုပ္ပါဒ်၊ ဓာတ်၊ သစ္စာတရားတို့ကို သင်ခြင်း နာကြားခြင်း၊မေးမြန်းခြင်း၊ ကျက်မှတ်ထားခြင်းကိုခေါ်သည်။ ။ တီရဏပရိညာ စခန်းဆိုသည်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ တို့ကိုဤဉာတပရိညာတည်းဟူသော ရုပ်၊ နာမ်၊ ခန္ဓာ၊ ဓာတ်၊ ပဋိစ္စ သမုပ္ပါဒ်တို့ အပေါ်မှာတင်၍ ရှုဆင်ခြင်သောအရာကို ခေါ်သည်။ ပဟာနပရိညာဆိုသည်မှာ ဤဉာတပရိညာတည်းဟူသောရုပ်၊နာမ်၊ ခန္ဓာ၊ ဓာတ်၊ သစ္စာတို့အပေါ်မှာ လက္ခဏာသုံးပါးတင်၍ ရှုလိုက် သည့်အခါ အနတ္တ လက္ခဏာ ပေါက်လျှင် ဒိဋ္ဌိကို ပယ်နိုင်၍ သောတာပန်ဖြစ်ခြင်း၊ အနိစ္စနှင့် ဒုက္ခ လက္ခဏာကို ပေါက်လျှင် တဏှာကိုပယ်နိုင်၍ သကဒါဂါမ်ရဟန္တာဖြစ်ခြင်းကိုခေါ်သည်။

အနတ္တ လက္ခဏာ ပေါက်ပုံကား။ ။ရုပ်တရား၊ နာမ်တရား၊ ပဋိစ္စသမုပ္ပါဒ်တရား၊ ခန္ဓာငါးပါး တရား၊ ခေတ်လေးပါး၊ ခေတ်ခြောက်ပါး၊ ခေတ်တဆယ့်ရှစ်ပါး၊ ခေတ်လေးဆယ့်ရှစ်ပါး တို့တွင် ရုပ်ခေတ်၊နာမ်ခေတ်ကွဲအောင် တခုခုသောဝိပဿနာ ကမ္မဋ္ဌာန်းကို သင်၍ တတ်မြောက်သောအခါ သံသရာထွက်လမ်း စခန်းသုံးခုတွင် ဉာတပရိညာ စခန်းကို ရောက်ပြီ ဟူ၍မှတ်၊ ၎င်းသင်ကြား တတ်မြောက်သည့်အတိုင်း မိမိခန္ဓာပေါ်သို့တင်၍ ခေတ်ကောင်၊ ရုပ်နာမ်ကောင်၊ ပဋိစ္စသမုပ္ပါဒ်ကောင်၊ ဟုတ်, မဟုတ်ကို ဆင်ခြင်စဉ်းစားကြီစည်တွေးတော၍ ကြည့်သည့်အတိုင်းပရမတ်၊ ရုပ်ခေတ်၊ နာမ်ခေတ်ကို တွေ့လိမ့်မည်၊ ဤအခါ ပညတ် ပျောက်လိမ့်မည်၊ တွေ့သည့်အတိုင်းဤခန္ဓာကောင်ကြီးသည် ဤရုပ်၊ နာမ်၊ ခန္ဓာ၊ပဋိစ္စသမုပ္ပါဒ် ခေတ် သဘာဝတရားသာ ရှိသည်၊ ပုဂ္ဂိုလ် သတ္တဝါ မရှိဟု ဟုတ်တိုင်း မှန်တိုင်းကို ယူလိုက်လျှင် တီရဏပရိညာ စခန်းတွင် အနတ္တပရိညာစခန်းကို ပေါက်ရောက်လေတော့၏။ ။အတ္တ-ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ အထင်၊ အမြင်၊ ပျောက်၍ အနတ္တ လက္ခဏာ ပေါက်သည်နှင့်တပြိုင်နက် ပဟာန ပရိညာ စခန်းတွင် ဒိဋ္ဌိကွာ၍ သောတာပန် ဖြစ်လေတော့၏။ ။ထို့ကြောင့် မြတ်စွာဗုရားသခင်သည် ညီတော် အာနန္ဒာအား ဟောကြားတော်မူသည်မှာ....

> ဧတဿ အာနန္ဒ ဓမ္မဿ အညာဏာ အနနုဗောဓာ အပဋိဝေဓာ ဧဝ မယံ ပဇာ တန္တာ ကုလကဇာတာ သကုဏိ ကုဏ္ဍိကဇာတာ မုဉ္စပဗ္ဗဇဘူတာ အပါယံ ဒုဂ္ဂတိံ သံသာရံ နာတိ ဝတ္တတိ။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဧတဿ ဓမ္မဿ၊ ဤခန္ဓာ အာယတန၊ ပဋိစ္စသမုပ္ပါဒ်၊ ခေတ်၊ သဘာဝတရားတို့ကို။ အညာဏာ၊ သရုပ်သဘော ကြေလည်အောင် သင်ကြားခြင်းဖြစ်သော ဉာတပရိညာ စခန်းကို မသိကြခြင်းကြောင့်။ အနနုဗောဓာ၊ လက္ခဏာ သုံးခုမြင်အောင်ရှုမှု တည်းဟူသော တီရဏပရိညာစခန်းသို့ထိရုံမျှမသိကြခြင်းကြောင့်။ အပဋိဝေဓာ၊ ဒိဋ္ဌိကို ပယ်သတ်လျက် မဂ်ဖိုလ်သို့

ဆိုက်ကပ်ကြကုန်သော ပဟာန ပရိညာစခန်းသို့ ရောက်ရှိမှုမပေါက် မထွင်းနိုင်ကြခြင်းကြောင့်။ တဏှာကုလကဇာတာ၊ သံသရာစက် ဝဲဂယက်မှ ထွက်လမ်းကိုရှာရာစခန်းတွင် ရက်ကန်းသည့် အဖျင်း အမိုက်၏ ကြွက်ကိုက်သော ချည်ခင်ထွေးကဲ့သို့ ရောထွေး လောက် လက် အဖြေ အရှင်း ခက်၍ နေကြသေးသော။ သကုဏိကုဋ္ဌိက ဇာတာ၊ လောက်လက်ပွေလိမ် စာပူးအိမ်ကဲ့သို့ မွေ့သိမ်ယှက်မြွေး ရှုပ်ထွေး၍နေကြသေးသော။ မုဥ္စပဗ္ဗဇာဘူတာ၊ ပန်းတော် မြက်ဆွေး ဝိန်းမြက်ဆွေးကဲ့သို့ ရှုပ်ထွေး၍ နေကြသေးသော။ အယံပဇာ၊ သံသရာမှာ ရှည်ကြာမြင့်လျား ခရီးသွားရသူ နတ်, လူ, ဗြဟ္မာ ပုထုဇန်သတ္တဝါလူမိုက်တွေဟူသမျှသည်။ ဧဝံ၊ ဤသံသရာထွက်လမ်း စခန်း သုံးခုကို မသိ၍ ရှုပ်နေသည့်ဆိုခဲ့သည်အတိုင်း။ အပါယံ၊ ချမ်းသာ ကင်းသဖြင့် ကြီးပွားခြင်း ဟူသမျှကို ဘယ်နည်းနှင့်မှ မရနိုင်သော။ ဒုဂ္ဂတိံ၊ မကောင်းသဖြင့် မိုက်လုံးပွင့်သူတို့ကို ဆူဆူ ထန်ပြင်း မဆန်ငြင်းနိုင်အောင် ဇွတ်အတင်း လားရာ ရောက်ရာ ဖြစ်သော။ ဝိနိပါတံ၊ မိုးဦးကျချောင်းရေနှင့် လေပွေ, လေရူးတို့၌ ပါသွားသောသစ်ရွက်ခြောက်ကဲ့သို့ ပေါက်လွှတ် တလကြမ်း ပရမ်း ပတာ သေလျှင်အမြဲ ကြဲ၍ကျရာဖြစ်သော။ သံသာရံ၊ အိုးထိန်းစက်ခုံ ဆုံလည်သည့်နွား ချားရဟတ်ပမာ ချာချာပတ်ရစ် ခွေးဖြစ်၊ နတ် ဖြစ်၊လူဖြစ်၊ငှက်ဖြစ်၊တဖြစ်ထဲဖြစ်၍နေသော သံသရာကြီးကို။ နာတိ ဝတ္တတိ၊ ဒိဋ္ဌိရန်ကြီး မဖြတ်လှီးသူတို့ ဘယ်နည်းနှင့်မှ မလွန်မကျော် နိုင်ကြလေသတည်း။

ဤဒေသနာကိုထောက်၍ သံသရာက ထွက်မြောက် လိုသောလူ, ရှင်,ရဟန်းတို့သည် ရှေးဦးပဌမလိုရင်းအချက်၌ ပညာရှိများကိုမေး မြန်း၍ သံသရာ ထွက်ကြောင်း တရားကို သင်ကြားရမည်၊ သင်ကြား သည့်အတိုင်း ကျကျနန တတ်မြောက်ပြီးမှ ကျင့်ကြံ ပွားများရမည်။ နည်းလမ်းကို ကျနစွာ မတတ်မြောက်ဘဲ ရမ်း၍ ကျင့်က အခွင့် မရောက်ဘဲ အာဠာရ၊ ဥဒကတို့ကဲ့သို့ ကျင့်ကျိုးမနပ်ဘဲ ရှိနေမည်ကို စိုးရိမ်၍ သတိပေးလိုက်သည်၊ ဈာန်မထနိုင်တဲ့ (ကို)သမထ(မ)သမ ထတို့။

## သစ္စာလေးပါးကိုသိ၍ ဒိဋ္ဌိကွာပြီး သောတာပန် ဖြစ်သောအခဏ်း

သစ္စာဆိုသောစကားသည် အမှန်ကိုခေါ်သည်၊ အမှန်လေးခုကို သစ္စာလေးပါးခေါ်သည်။ ။ဒုက္ခအမှန်၊ ဒုက္ခ ဖြစ်ကြောင်း တဏှာ မာန ဒိဋ္ဌိတည်းဟူသော သမုဒယအမှန်၊ ဤအမှန် နှစ်ချက်သည် ဝဋ္ဋသစ္စာခေါ်သည်၊ သံသရာမှ မထွက်နိုင်ကြောင်း မှန်သည်ဟုလည်း ခေါ်သည်၊ ဒုက္ခ ချုပ်ငြိမ်းခြင်း မှန်သည်၊ မဂ်တရားလေးပါး ဖိုလ်တရားလေးပါးသည် ဒုက္ခချုပ်ငြိမ်းရာကို ရောက်ကြောင်း မှန်သည်၊ ဤအမှန်နှစ်ချက်သည် ဝိဝဋ္ဋ သစ္စာခေါ်သည်၊ သံသရာမှထွက်သော တရားမှန်သည် နိဗ္ဗာန် ရောက်ကြောင်း မှန်သည် ဟုလည်းခေါ် သည်။

သမုဒယက အကြောင်း၊ ဒုက္ခက အကျိုး ဖြစ်သည်။ မဂ်က အကြောင်း နိရောဓကအကျိုးဖြစ်သည်။ ။ဒုက္ခ တည်းဟူသော လူ့, နတ်,ဗြဟ္မာ,သတ္တဝါ,ခန္ဓာကို ရစေတတ်သော သမုဒယတရားသည် ဒိဋ္ဌိ,တဏှာ,မာန အရင်းအမြစ် ဖြစ်သည်။ ၎င်းဒိဋ္ဌိ,တဏှာ, မာနသုံးပါးဦးစီး၍ လောကီကုသိုလ် အကုသိုလ်တရား နှစ်ပါးကို ကျင့်ကြံမိသမျှ ကာလပတ်လုံး ဒုက္ခကမလွတ်နိုင်ဟူ၍ မှတ်လေ၊ ထို့ကြောင့် ပပဉ္စသူဒနီပါဠိတော်၌....

ယော ပပဉ္စမနုယုတ္တော၊ ပပဉ္စာဘိရတော မိဂေါ။
ဝိရာဓယိ သော နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။

မိဂေါ၊တော၌ပျော်ရွှင်သားသမင်နှင့်သာတူသည် ဖြစ်၍။ ယော ပုဂ္ဂလော၊သံသရာဝဋ္ဋစက်မှ လွတ်ထွက်ရန် လမ်းအစဉ်ကိုမသိမမြင်သော အကြင်ပုဂ္ဂိုလ်သည်။ ပပဉ္စမနုယုတ္တော၊ သံသရာ နယ်စခန်းမှထွက်လမ်းကို ပိတ်ကာလျက်ရှိကြသည့် ဒိဋ္ဌိ,တဏှာ,မာန တည်းဟူသော ပပဉ္စတရားတို့ဖြင့်ယှဉ်ကပ်လျက် အရပ်ရပ်သော ကုသိုလ်အမှု အရပ်ရပ်သော အကုသိုလ်အမှုတို့ကို ပွားများအားထုတ်၏။ ပပဉ္စာဘိရတော၊ ဒိဋ္ဌိ, တဏှာ, မာနတို့ဖြင့် ယှဉ်ကပ်လျက် အရပ်ရပ်သော ကုသိုလ်အမှု အရပ်ရပ်သော အကုသိုလ်အမှုတို့၌ လွန်စွာ ပျော်မိုက်

နှစ်ခြိုက်သော။သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်တွေသည်။ယောဂကွေ့မံ၊ ကာမယောဂ, ဘဝယောဂ, ဒိဋ္ဌိယောဂ, အဝိဇ္ဇာယောဂ တည်းဟူသော ယောဂလေးဖြာတို့၏ ကုန်ရာ စင်စစ်ဖြစ်သော။ အနုတ္တရံ၊ နှိုင်းပြိုင်စရာရှာမရအောင် မြတ်လှစွာသော။နိဗ္ဗာနံ၊ လူ,နတ်,မြဟ္မာ, သတ္တဝါပုံယင်တို့သည် ခုံမင်အားရမ်းမှုလမ်းစုံမက နှစ်သက်ရည်သုံ တောင့်တကြကုန်သော နိဗ္ဗာန်တရားတော်မြတ်ကို။ ဝိရာဓယိ၊ ယခုမျက်မှောက် ဆိုက်ရောက် ရရှိ၍ နေကြသော လူ့ဘဝနှင့် မြတ်ဗုဒ္ဓသာသနာမှာ တခါတည်း လက်လွတ်မျက်ချွတ်ချော် တိမ်းစောင်း၍ သွားရပြန်လေတော့၏။

ဤဒေသနာကိုထောက်ရှုယဖြင့် ဒုက္ခ အမျိုးမျိုးကို ကြောက်လန့်ကြကုန်သောရဟန်း,ရှင်လူ,သူတော်ကောင်းတို့သည်၊ဒုက္ခ၏ကုန်ဆုံးချုပ်ငြိမ်းရာ နိရောဓသစ္စာ တည်းဟူသောနိဗ္ဗာန်သို့ ရောက်ကြောင်း မဂ်တရားများကို ပွားများအားထုတ်ထိုက်ပေသည်။

သစ္စာလေးပါးအကျဉ်းအားဖြင့် ဖြစ်ဘတ် ပျက်တတ်သော ရုပ်နာမ်ခန္ဓာတရားအစုတို့သည် ဒိဋ္ဌိ,တဏှာ,မာန ယှဉ်ကပ်၍လုပ်သော လောကီ ကုသိုလ်အကုသိုလ် အကြောင်းရင်းဟုမှတ်၊ ၎င်းဒုက္ခငြိမ်းသည့်ကိုပင်နိဗ္ဗာန်ဟုခေါ် ၏၊ ၎င်းနိဗ္ဗာန်ရောက်ကြောင်းတရားသည် မဂ်လေးပါး၊ ဖိုလ်လေးပါး တရားဖြစ်၏၊ ဤမဂ်တရားကိုကျင့်မှ ဒုက္ခချုပ်ငြိမ်းမည်ဟု နားမှာ ကြားသည့်အတိုင်း မပျက်မကွက် အသဲစွဲအောင်ယူလိုက်သည်ကို သောတာပန်ဖြစ်ပြီဟု မှတ်ပါလေ။

သောတာပန်ပုဂ္ဂိုလ်သည် သစ္စာလေးပါး တရားကိုသိရုံမျှသာ ရှိသေးသည်။ ၎င်းသစ္စာလေးပါး၌ပြဘွယ်ကိစ္စလေးပါးကို မပြုနိုင်သေးဟုမှတ်ပါလေ။ ထို့ကြောင့်အရှင်သာရိပုတ္တရာသည် အရှင်အဿဇိထံ၌ တရားတော်နာရင်း သောတာပန်တည်သောအရာမှာ သစ္စာလေးပါး တရားကိုသိရုံဘဲ ရှိသေးသည်။ အထက်တရားကို ဘယ်လိုကျင့်ရမည် မသိ၍ အရှင်အဿဇိနှင့်တကွ မြတ်စွာ ဗုရားထံသို့ လိုက်သွား၍၊ မြတ်စွာဗုရားထံသို့ရောက်မှ အထက်မဂ်သုံးပါးအတွက် ဝိပဿနာတရားကို ကျင့်ကြံလေသည်၊ အရှင်အဿဇိ ဟောတော်မူသောတရားကား....

ယေဓမ္မာ ဟေတုပဘဝါ၊ တေသံ ဟေတု တထာဂတော။
အာဟ တေသဉ္စ နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။

ယေဓမ္မာ၊ အကြင်ဖြစ်တတ်ပျက်တတ်သော ရုပ်နာမ်ခန္ဓာ တရားအစုတို့သည်။ ဟေတုပဘဝါ၊ လောကီကုသိုလ်, အကုသိုလ် ဟိတ်တရား နှစ်ပါးသာ အရင်းခံရှိကုန်၏။ တေသံဟေတု၊ ထိုလောကီကုသိုလ် အကုသိုလ် ဟိတ်တရားနှစ်ပါးတို့၏။ နိရောဓော၊ ချုပ်ငြိမ်းရာမှန် နိဗ္ဗာန်တရားတော်မြတ်ကို။ မဟာသမဏော၊ ရဟန်းကြီးရဟန်းမြတ် ဖြစ်တော်မူသော။ တထာဂတော၊ ငါတို့ဆရာ မြတ်စွာဗုရားသည်။အာဟ၊ဟောကြားတော်မူ၏။တေသဉ္စ၊ ထိုနိဗ္ဗာန်ရောက်ကြောင်းတရားကောင်းမှန် မဂ္ဂင်ရှစ်တန်အကျင့်မှန် တရားကိုလည်း။ မဟာသမဏော၊ ရဟန်းကြီး ရဟန်းမြတ် ဖြစ်တော်မူသော။ တထာဂတော၊ ငါတို့ဆရာ မြတ်စွာဗုရားသည်။ ဧဝံဝါဒီ၊ ဤမှာင်တရားဖိုလ်တရားကိုဟောလေ့ပြောလေ့ယူလေ့ရှိ၏။

ထို့ကြောင့်သစ္စာလေးပါးတရားတွင် သစ္စာညဏ်လေးပါး၊ ကိစ္စညဏ်လေးပါး၊ ကတညဏ်လေးပါးအားဖြင့် မြတ်စွာဗုရား ကိုယ်တော်မြတ် ဓမ္မစကြာ တရားတွင် ဟောတော်မူရာ သောတာပန်ပုဂ္ဂိုလ်သည် သစ္စညဏ်လေးချက်, တဆယ့်ခြောက်ချက် ကိုသာ သိသေးသည်၊ ကိစ္စညဏ်နှင့် ကတညဏ်ကို ဆားတောင် မမြည်းရသေးဘူးဟုမှတ်ပါလေ။

## အနတ္တသိ၍ဒိဋ္ဌိကွာသောအကြောင်း

မြတ်စွာဘုရားကိုယ်တော်မြတ်ပွင့်တော်မူမှအနတ္တတရားရှိသည်၊ မြတ်စွာဗုရားကိုယ်တော်မြတ် အဆူဆူတို့ မပွင့်မပေါ် မဖြစ်ထွန်းကရင်းအနတ္တတရားမရှိ ကွယ်ပျောက်ရပြန်လေသည်။

ကမ္ဘာ့နိယာမအစဉ်၌ အနိစ္စ ဒုက္ခတရား ၂-ပါးသာ ထင်ထင်ရှားရှားရှိ၏၊ထို့ကြောင့် အရှင်ဂေါတမ မြတ်စွာဗုရားသည် ဗုရားအဖြစ်ဘော်သို့ ရောက်သောအခါ ပဉ္စမ ရှေးဦးစွာ ကောဏ္ဍည၊ ဘဒ္ဒိယ၊ ဝပ္ပ၊ မဟာနာမ်၊ အဿဇိ-ဟူသော ပဉ္စဝဂ္ဂီ ရသေ့ငါးဦးအား ဝါတွင်း ၃-လပဟ်လုံး အနတ္တ လက္ခဏသုတ်ကို

ဟောတော်မူသည်။ ။အနတ္တ တရားက အတ္တ, အတ္တာနု ဒိဋ္ဌိ, အတ္တဝါ ဒုပါဒါန်, သက္ကာယဒိဋ္ဌိတို့ကို သတ်နိုင်သောတရားဖြစ်၍ ရှေးဦးစွာပဉ္စမ သောတာပန်ဖြစ်စေလို၍ အနတ္တကို အရေးတကြီး ပြု၍ ၄၅-ဝါ ကာလပတ်လုံး ဗုဒ္ဓရားကိုယ်တော်မြတ်ဟောကြားတော်မူလေသည်။

အနိစ္စနှင့် ဒုက္ခတရားက ဗုရားမပွင့်မီကရှိနှင့်သော တရားဖြစ်၍ နောက်မှ ပေါ်လာသော အနတ္တကို နောက်ထား၍ အနိစ္စ, ဒုက္ခ, အနတ္တဟု အစဉ်အားဖြင့် ဆိုကြလေသည်။ ။အမှန်အတိုင်း ဗုရားပွင့်စကစ၍ ရေလျှင်အနတ္တ၊ အနိစ္စ၊ ဒုက္ခသာမှန်၏။ ဘယ်အတွက်ဆိုလျှင်အနတ္တက အတ္တသတ်၊ အနိစ္စက နိစ္စသတ်၊ ဒုက္ခက သုခသတ်ဖြစ်သည်၊ ဤခန္ဓာငါးပါးကောင်ကြီးကိုမြဲ၏၊ ချမ်းသာ၏၊ ထင်ချက်သည် တဏှာဖြစ်၏။ ။သို့ဖြစ်၍ အနိစ္စနှင့် ဒုက္ခ ကမ္မဋ္ဌာန်းသည် တဏှာသတ်ဖြစ်သည်၊ အနတ္တပေါက်၍ အတ္တပျောက်ပြီး သောတာပန်ဖြစ်ပြီးမှ ရှုကြည့်ရသော ဝိပဿနာကမ္မဋ္ဌာန်း ဖြစ်သည်။

အနတ္တသည် အတ္တကို သတ်နိုင်ခြင်းကြောင့် သက္ကာယဒိဋ္ဌိ သေသည်။ ။သို့ဖြစ်ပါ၍ မဂ်လေးပါးကို ရစေတတ်သော တရားသည် လက္ခဏာရေး ၃-ပါးမှာ မရှိပြီ၊ လက္ခဏာ ၃-ပါး ပေါက်လျှင် ရဟန္တာဖြစ်ရလေတော့၏။ ထို့ကြောင့် သံခိပ်ဖြင့် "ဒိဋ္ဌိပျောက်လွှင့် မဂ် ၂-ဆင့် အသင့် ရသည်သာ"ဟု စပ်ဆိုလေသည်။ ။အနတ္တပေါက်၍ အတ္တပျောက် သက္ကာယဒိဋ္ဌိမှစ၍ ဒိဋ္ဌိအယူမှား၊ အမှတ်မှား၊ အထင်မှား၊ အမြင်မှားပျောက်လျှင် သောတာပန်, သကဒါဂါမ်မဂ် ၂-ဆင့်ရကြောင်း စပ်ဆိုလေသည်။

## သံခိပ်

အနိစ္စ ဒုက္ခ၊ အနတ္တ၊ မှတ်ကြလက္ခဏာ။
နိစ္စ သုခ၊ ငါအတ္တ၊ သတ်မှသေမည်သာ။
မသတ်တတ်က၊ သံသာရ၊ ဘဝရှေ့မည်သာ။

ဣမေ ပဉ္စက္ခန္ဓာနိစ္စ၊ ဣမေ ပဉ္စက္ခန္ဓာသုခ၊ ဣမေ ပဉ္စက္ခန္ဓာအတ္တ၊ ဤတရား ၃-ပါးကို ဣမေပဉ္စက္ခန္ဓာ အနိစ္စ၊ ဣမေပဉ္စက္ခန္ဓာ ဒုက္ခ၊

ရူမေပဥ္စက္ခန္ဓာအနတ္တ ဤတရား ၃–ပါးကသတ်ရသည်၊ ဗဟုသာကျကျ ပြန်ဆိုလျှင် ဤနာမ်ရုပ် ၂–ပါး ခန္ဓာ ၅–ပါးကောင်ကြီးကို မြင်၏ဟု အထင်အမြင်မှား တချက်၊ ဤနာမ်ရုပ် ၂–ပါး၊ခန္ဓာ ၅–ပါးကောင် ကြီးဟာချမ်းသာ၏ဟု အထင်အမြင်မှားတချက်၊ဤနာမ်ရုပ် ၂–ပါး၊ ခန္ဓာ ၅–ပါးကောင်ကြီးဟာ ငါဘဲ၊ လူဘဲ၊ သူဘဲ၊ ပုဂ္ဂိုလ် သတ္တဝါ နတ်၊ဗြဟ္မာ၊မိန်းမ၊ယောကျ်ားဘဲဟု အထင်အမြင်မှားတချက် ဤ–၃ ချက်နှင့်ရှိနေကြသော အန္ဓပုထုဇဉ်တို့ကို အန္ဓမှ ကလျာဏ၊ ကလျာ ဏမှ သောတာပန်၊ သောတာပန်မှ သကဒါဂါမ်၊ သကဒါဂါမ်မှ အနာဂါမ်၊ အနာဂါမ်မှ ရဟန္တာ ဖြစ်စေခြင်းငှါ ဤခန္ဓာ ၅–ပါး၊ ရုပ်နာမ် ၂–ပါးသည် မမြဲကြောင်းဖြင့် ဟောတော်မူသည်၊ ဤခန္ဓာ ၅–ပါး ရုပ်နာမ် ၂–ပါးသည် ဆင်းရဲ ကြောင်းဖြင့် ဟောတော်မူ သည်။ ။ဤခန္ဓာ ၅–ပါး၊ ရုပ်နာမ် ၂–ပါးသည် ပုဂ္ဂိုလ် သတ္တဝါ နတ်ဗြဟ္မာမဟုတ်ကြောင်း ဟောတော်မူသည်။ ။ဟောတော်မူရာ၌ လည်း ပဌမမဂ်ကို ရစေခြင်းငှါအနတ္တကိုပေါက်ရောက်အောင် ရှေး ဦးစွာဗုဒ္ဓါးဖြစ်လျှင်ဖြစ်ချင်း အရေးအကြီးဆုံး အချက်မွေ့ကြာနှင့် အနတ္တသုတ်ကို ဟောတော်မူသည်၊ သို့ဖြစ်၍ ပါဠိတော်များ၌....

ရူမေ ပဉ္စက္ခန္ဓာ နသတ္တော နဇီဝေါ နနရော နမာနဝေါ
နဣတ္ထိ နပုရိသော နအတ္တော နာဟံ နအတ္တနိယံ နမမ
နအညဿ နကဿစိ–ဟု ဟောတော်မူသည်။

ရူမေပဥ္စက္ခန္ဓာ၊ ထင်ရှားကေန်အရှိမှန်သည့် ပရမတ်ခန္ဓာ ၅–ပါး ကြီးသည်။ နသတ္တော၊ သတ္တဝါကောင်မဟုတ်။ နဇီဝေါ၊ အသက် မဟုတ်။ နနရော၊ လူမဟုတ်။ နမာနဝေါ၊ မာနထားစရာ အကောင် သတ္တဝါမဟုတ်။ နဣတ္ထိ၊ မိန်းမမဟုတ်။ နပုရိသော၊ ယောကျ်ား မဟုတ်။ နအတ္တာ၊ပုဂ္ဂိုလ်မဟုတ်။နာဟံ၊ငါမဟုတ်။ ။ဤရှစ်ပုဒ်သည် ဒိဋ္ဌိသတ်ဖြစ်သည်။ ။နအတ္တနိယံ၊ ငါဆိုတာ မရှိသဖြင့် ငါ၏ဥစ္စာ မဟုတ်။ နမမ၊ မိမိဆိုတာ မရှိသဖြင့် မိမိဥစ္စာလည်း မဟုတ်။ နအညဿ၊ သူတပါးဆိုတာ မရှိသဖြင့်သူတပါးဥစ္စာလည်းမဟုတ်။ နကဿစိ၊ ဘယ်သူဆိုတာမှ မရှိသဖြင့် ဘယ်သူ တစုံတယောက်၏ ဥစ္စာလည်းမဟုတ်။ ဤ ၄–ပုဒ်သည် တဏှာသတ်ဖြစ်သည်။

အဓိပ္ပါယ်သဘောကား ခန္ဓာငါးပါး ရုပ်နာမ် ၂-ပါးမှမသိလျှင် အန္ဓပုထုဇဉ် လူမိုက်၊သိလျှင် ကလျာဏပုထုဇဉ်လူလိမ္မာ။ လူလိမ္မာဖြစ်သည့်အတိုင်း ခန္ဓာ ၅-ပါး ရုပ်နာမ်နှစ်ပါးသာ ရှိသည်၊ ဟုတ်သည် မှန်သည်ဟု အမှန်ကို သိသော သမ္မာဒိဋ္ဌိ ဉာဏ်အတိုင်း ယူလိုက်လျှင် နတ်ဘဲ၊ လူဘဲ၊ ငါဘဲ၊ မိန်းမဘဲ၊ ယောကျ်ားဘဲ၊ သတ္တဝါဘဲ၊ ပုဂ္ဂိုလ်ဘဲဟု မှတ်ထားသော အမှတ်များ၊ အယူများ၊ အမြင်များ၊ မိစ္ဆာဒိဋ္ဌိအယူများရှိသမျှ ဒိဋ္ဌိပြောင်သလင်းခါ၊ သပိတ်ခါ၊ အိတ်ခါကုန်၏၊ ခန်း၏၊ ပျောက်၏၊ ၎င်းအယူ ပျောက်သည်ကိုပင် အနတ္တ ပေါက်၍ သောတာပန် စခန်း ရောက်သည်ဟု ခေါ်၏။ သောတာပန် ဖြစ်ပြီးမှ ၎င်းခန္ဓာ ၅-ပါး၊ ရုပ်နာမ် ၂-ပါး မမြဲကြောင်း၊ ဆင်းရဲကြောင်း၊ နှစ်သက်စရာမရှိကြောင်း၊ စက်ဆုပ်ရွံရှာဘွယ်ဖြစ်ကြောင်းကိုအထက်မဂ် ၃-ပါးအတွက်အနိစ္စထင်အောင်၊ဒုက္ခထင်အောင်၊အသုဘထင်အောင် ရှုရသည်ဟု မှတ်ပါလေ၊ မဂ်စိတ်ဆိုတာ ဘာမှန်းမသိဘဲနှင့် မဂ်ဝီထိချ၍ နေလျှင် အချိန်ကုန်ပြီး ခရီးမရောက်ဘဲ ရှိနေကြတတ်သည် ကို-သဂြိုဟ်, မ-သဂြိုဟ်တို့။

လက်ဖျစ်တတွက် ကုဋေတသိန်း ချုပ်သည်၊ ပဋ္ဌာန်ရ ဝီထိစိတ် ၁၇-ချက်၊ခဏငယ် ၅၁-ချက်သိမှ ဒိဋ္ဌိကွာမည်မှတ်တဲ့ ကိုညင်းချိုတို့၊ ဤအရာသည် သဗ္ဗညုတအရာဖြစ်သည်၊သာဝကအရာမဟုတ်ဟုမှတ် ခြေတလှမ်း ကုဋေတသိန်းပျက်မှုကိုမဆိုထားဘိ၊ တလှမ်းကိုရုပ်နာမ်တချက်မှုကိုဘဲ သိအောင် လုပ်နိုင်လျှင် အောက်မဂ်သား မဟုတ်၊ အထက်မဂ်သားဖြစ်ပြီဟုမှတ်ပါလေ။ ။ဘယ်အတွက်ကြောင့်ဆိုလျှင် အနိစ္စ အချက်ထင်ခြင်းကြောင့် တဏှာသတ် ကမ္မဋ္ဌာန်း ဖြစ်ခြင်းကြောင့်ဟု မှတ်ပါလေ။ သင်ဘို့၊ ကြားဘို့၊ ကျင့်ဘို့ရန် စိတ်မကူးဘဲလျက် ပါရမီချ၊ ဒွိဟိတ်-တိဟိတ်ချ၍ အချိန်ဖြုန်း တတ်သော ကိုမောဃကာလ၊ ကိုဒွိ၊ တိ၊ ကိုပါရမီတို့ စောင့်နေ့လို့ ပါရမီတွေ၊ မဂ်တရားတွေ၊ တိဟိတ်တွေ အလိုလိုလာလိမ့်မည်မဟုတ်။

## ဓာတ်ခြောက်ပါးနှင့် သက္ကာယဒိဋ္ဌိ ကွာသောအခဏ်း

ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်၊ ဝိညာဏဓာတ်ဟူ၍ ခြောက်ပါးရှိ၏။

ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသ ၎င်းဓာတ် ၅-ပါး ရုပ်ဓာတ်ဟုမှတ်။ ။ဝိညာဏဓာတ်ကို နာမ်ဓာတ်ဟု မှတ်။

ရုပ်ဓာတ်၌ လောကပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော။ ။သုတ္တန်ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော။ ။ပရမတ်ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူ၍ ၃-မျိုးရှိ၏။ ထို ၃-မျိုးတို့တွင် လောကပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောသည် မြေ, ရေ, လေ, မီး, ဤဓာတ်စုကိုခေါ်သည်၊ သုတ္တန်,ပထဝီသည် ဆံပင်ကစ၍ ဦးနှောက်ထိ ၂၀။ ။အာပေါသည် သည်းခြေကစ၍ ကျင်ငယ်ထိ ၁၂-ပါး။ ။ဝါယောဓာတ်သည် ထွက်လေ, ဝင်လေ, စုန်လေ, ဆန်လေမှ စ၍ ၆-ပါး။ ။တေဇောဓာတ်သည် ပါစက၊ ဇီရဏ၊ သန္တပ္ပန၊ ဒါဟ၊ ဥသ္မာအားဖြင့် ၅-ပါးပေါင်း ၄၃-ပါးကို သုတ္တန် နည်းအားဖြင့် ခေါ်သည်။ ၎င်းလောကပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ မြေကြီး,ရေ,လေ,မီး,ဓာတ်ကြီး ၄-ပါးနှင့် သုတ္တန် ပထဝီ ၂၀-အာပေါ ၁၂၊ဝါယော ၆-ပါး၊တေဇော ၅-ပါးတို့ကိုလောက၌ပညတ်ခေါ်ဝေါ် သမုတ်သည်အတိုင်း "လောကနည်းအားဖြင့် မှန်သောကြောင့်သမ္မုတိသစ္စာဟုခေါ်သည်၊၎င်းဓာတ်တို့ကို ဘယ်လိုပင်ထင်မြင်သော်လည်း မဂ်ဖိုလ်ကို မရဟုမှတ်ပါလေ။ ။ဘယ်အတွက်ဆိုလျှင် အဝိဇ္ဇာ, မာန, ပညတ်ဖြစ်ခြင်းကြောင့် ထင်ရှားမရှိသည်ကို ထင်ရှားရှိ၏ဟု အထင်အမြင် အမှတ် အယူစွဲမှား သောကြောင့် မိစ္ဆာဒိဋ္ဌိအယူ၊သက္ကာယဒိဋ္ဌိအယူမှ မလွတ်နိုင်၊သေသေ ချာချာမေးလျှင်ဆံပင်မရှိ၊ မြေကြီးမရှိ၊မီးမရှိ၊အရိုးမရှိ၊အကြောမရှိရာသို့ရောက်၍စမ်းသပ်ရှာဖွေလို့မတွေ့ရှိဘဲ ရှိလိမ့်မည်။ သေသေချာချာ စဉ်းစားပါလေ၊ ပရမတ် ပထဝီ၊ တေဇော၊ အာပေါ၊ဝါယော ဆိုခြင်းကား ပျော့မှု,မာမှု, နူးညံ့မှု, သိမ်မွေ့မှု, ကြမ်းတန်းမှုကို ပထဝီဟု ခေါ်၏။

အထည်ဒြပ် အထင်သဏ္ဍာန် အစိုင်အခဲမရှိ၊ လက်နှင့် စမ်းသပ်ကြည့်လျှင် မနောထဲ ဉာဏ်ထဲမှာ ထင်ရှားရှိ၏။ ပူမှု, အေးမှု, နွေးမှုကို တေဇောဓာတ်ဟု ခေါ်၏။ ထောက်ကန်မှု, လှုပ်ရှားမှု, တောင့်တင်းမှု,ပွဖောင်းမှုကိုဝါယောဓာတ်ဟု ခေါ်၏။ ဤဓာတ် ၃-ပါးကို လက်ဖြင့်သော်၎င်း၊ ကိုယ်ဖြင့်သော်၎င်း စမ်းသပ် ကြည့်လျှင် မိမိ မနောဉာဏ်ထဲ၌ ထင်ထင်ရှားရှားရှိ၏။ ကာယနှင့်-မန အရာသာ သိနိုင်သည်။ နတ်မျက်စိသော်မှမမြင်နိုင်၊ အထည်, ဒြပ်, အစိုင်အခဲ အလုံး,အပြားဆို၍ ပရမာ အဏုမြူမျှမရှိဟု မှတ်ပါလေ။

အာပေါ ဓာတ်ကား ဖွဲ့စည်းခြင်း၊ ယိုစီးခြင်း၊ ကပ်တွယ်ခြင်း သဘောလက္ခဏာရှိ၏။ မနောဉာဏ်နှင့် တွေးကြည့်မှသိသည်။ နတ်မျက်စိသော်မှမမြင်ကောင်း၊အထည်ဒြပ်မရှိ၊ဤပရမတ်ဓာတ် ၄-ပါး သည် ဉာဏ်ကြီးသောသူတို့အရာဖြစ်သည်၊ ဝိဇ္ဇမာန ပညတ်ဟုခေါ်သည်၊ ထင်ရှားရှိသောအမည်ဖြစ်သည်၊ သဘောဉာဏ်အားဖြင့် မှန်ကန်သောကြောင့် ပရမတ္ထ သစ္စာခေါ်သည်၊ ပရမတ် ဓာတ်ခေါ်သည်၊ ၎င်းပရမတ်ဓာတ်ကို ပေါက်ပေါက် ရောက်ရောက် ဉာဏ်အမြင်လင်းမှ၊ ထင်မှ၊ မြင်မှ မိစ္ဆာဒိဋ္ဌိအယူ၊ သက္ကာယ ဒိဋ္ဌိအယူ သမ္မုတိသစ္စာတို့ ကင်းပျောက် ကွာရှင်း၍ သောတာပန် ဖြစ်နိုင်သည်ဟုမှတ်ပါလေ။ ။ပရမတ္ထသစ္စာကို မပေါက်က မဂ်ဖိုလ်သို့ မရောက် သမ္မုတိသစ္စာနှင့်အချိန်ကုန်တတ်ကြသည်၊ ရုပ်မှန်း နာမ်မှန်းသိလျှင်ဒိဋ္ဌိကွာသည်၊ ရုပ်နာမ်မသိ ဒိဋ္ဌိမကွာဟု မှတ်ပါလေ။ ။ နာမ်တရားသည် ပရမတ် ဖြစ်၍ သိသူ များကြပါ၏၊ ရုပ်တရား၌ ပညတ်ခံ၍နေခြင်းကြောင့် သိခဲစွ။ အချို့ကမ္မဋ္ဌာန်းပြလူဆရာ၊ရဟန်း ဆရာတို့သည် မိမိ၌လည်းပရမတ္ထသဘာဝ ဖြစ်သော ပရမတ်ရုပ် ကိုလည်းမသိ နာမ်၌လည်း သမ္မုတိနာမ်၊ ပရမတ်နာမ်ဟု မသိ ရမ်း၍ကျင့် ရမ်း၍ ကမ္မဋ္ဌာန်းကိုပြ တပည့် များများ အခြွေ အရံ များများရှိသည့်အတွက် ငါမသိဟုလည်းဝန်မခံခြင်း ရုပ်မှုန့်ကလေး တွေ၊ ကလာပ်မှုန့် ကလေးတွေကို တပည့်များက မြင်ပါသည်ဟု လျှောက်လျှင် အေး-ဟုတ်ပေစွ ငါ့တပည့် ကောန်ရုပ်သိပြီ တကိုယ် လုံးဖွားဖွား ဖွားဖွားနှင့် ရုပ်မှုန့်ကလေးတွေဟာ ကျလာသည်ကိုပင်

ရုပ်၌အသိအမြင် ရုပ်ကမ္မဋ္ဌာန်းပေါက်ပြီဟု မှတ်လေတော့ တပည့် ဟုလည်းဆုံးမသည်။

ကျမ်းစာအုပ်များလည်း ရိုက်၍ သူ၏ ရုပ်ပုံတွေနှင့်ဝေ၄ ကမ်း လှမ်းသည်၊ ဤကဲ့သို့ ရမ်း၍ ကမ္မဋ္ဌာန်းပြသော ဆရာလမ်းစဉ်ကို ကျင့်ယူနာခံကြ ကုန်သော တပည့်အပေါင်းတို့သည် ကျင့်ပါသော် ကျင့်ကျိုးမနပ်၊ အာဠာရ,ဥဒကတို့နှင့်တူ၏။ ။တဏှာကုန်စေလို၍ ငယ်ပါယောက်ျား ကိုယ်ကိုဖြတ်၍ ပစ်သော ကုလား နှင့်လည်း တူ၏၊ စစ်မက်ကိုအောင်စေလို၍ဗိုလ်ပါကို သတ်၍ပစ်သောသူနှင့် လည်းတူ၏။ ။စဉ်းစားကြလေ။

ရုပ်မှုန့်,ကလာပ်မှုန့်သည် အထည်ဒြပ် အစိုင်အခဲရှိ၏ဟု မှတ်။ ။ ရထား,လှည်းမောင်း၍သွားသောအခါမြင်လိုက်သောဖုံမှုန့်ကလေး တမှုန့်ကို ရထရေဏုမြူဟု ခေါ်၏၊ ၎င်းတမှုန့်ကို ၃၆-စိတ် စိတ်၊ တစိတ်ကိုအိမ်ခန်း တိုက်ခန်းတို့၌နေရောင်ထိုး၍မြင်သောဖုံမှုန့်တမှုန့် တဇ္ဇာရီမြူခေါ်၏၊ ၎င်းတမှုန့်ကို ၃၆-စိတ်စိတ်၊တစိတ်ကို အဏုမြူဟု ခေါ်၏၊ လူတို့မမြင်နိုင် နတ်,သိကြား,ဗြဟ္မာတို့ မြင်နိုင်၏၊ ၎င်းကို ၃၆-စိတ်စိတ်၊ တစိတ်ကို ပရမာဏုမြူဟု ခေါ်၏၊ သိကြား,ဗြဟ္မာတို့ မမြင်နိုင်၊ ဗုဒ္ဓ,ရဟန္တာ, ပစ္စေကဗုဒ္ဓါတို့သာ မြင်နိုင်၏၊ ၎င်းပရမာ ဏုမြူအမှုန့်၌ မြေတစု၊ ရေတစု၊ လေတစု၊ မီးတစု တည်းဟူသော လောကပထဝီတေဇော၊ အာပေါ၊ဝါယော၊ဝဏ္ဏ၊ ဂန္ဓ၊ရသ၊ ဩဇာ၊ အဆင်း၊ အနံ့၊ အရသာဓာတ်ဆီ ဤအဋ္ဌကလာပ်ရုပ် တစည်းစည်း ကလာပ်အစည်း ရုပ်မှုန့် ကလေးပေါင်း ၅၀-ရှိသေး၏၊ ၎င်း ကလာပ် ၅၀-ကိုမှဆိုထားဘိ၊ ကလာပ်တစည်းထဲကိုပင် သဗ္ဗညုတ ဉာဏ်မလွတ် အထည် ဒြပ် အစိုင်အခဲ မလွတ်ဟု မှတ်ပါလေ။ ဤကဲ့သို့ လူသာမညတွေ မြင်ကြ၊ ထင်ကြသောအမှုန့်ကလေးတွေကို မဆိုထားဘိ လူမမြင်နိုင်၊ နတ်,သိကြား,ဗြဟ္မာတို့မမြင်နိုင်၊ မြတ်စွာ ဗုဒ္ဓမှမြင်နိုင်သော ပရမာဏုမြူတမှုန့်မှာတောင် ကလာပ်အစည်း ၅၀-ရှိသဖြင့် အထည် ဒြပ် အစိုင်အခဲတွေ ရှိသေး၏ဟု မှတ်ပါလေ။

အာကာသဓာတ်ဆိုခြင်းကား ၎င်းပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့အကြားအကြား ဟာလာဟင်း အဇ္ဈာပြင်တို့ကိုခေါ်

သည်။ သဘောအားဖြင့် ထင်ရှားရှိ၏။ အထည် ဒြပ် အစိုင်အခဲ ဆို၍မရှိဟုမှတ်ပါလေ။ ၎င်းပရမတ္ထသစ္စာ ပရမတ်ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ် ၄-ပါးသည် လောကပထဝီ မြေကြီး၌ပင် ရှိ၏၊ လောက အာပေါ ရေထဲ၌ပင်ရှိ၏။ လောကဝါယော လေထဲ၌ပင်ရှိ၏။ လောကတေဇော မီးထဲ၌ပင်ရှိ၏။ ၎င်း မြေ၊ရေ၊လေ၊မီး-လောကဓာတ်ထဲ၌ရှိသော ပရမတ်ဓာတ် ၄-ပါးတို့ကို ထင်အောင် မြင်အောင် ရှုကြည့်သော်လည်း မင်ဖိုလ်ကိုမရဟု မှတ်။

သုတ္တန်ပထဝီ ၂၀-ထဲ၌လည်း ဆံပင် တချောင်းမှာပင် ပရမတ်ဓာတ် ၄-ပါးရှိ၏၊ အပေါ ၁၂-ပါးတွင် သည်းခြေ တပါးထဲ မှာပင် ပရမတ် ဓာတ် ၄-ပါးရှိ၏။ ဝါယောဓာတ် ၆-ပါးတွင် ထွက်လေ တပါးထဲမှာပင် ပရမတ်ဓာတ် ၄-ပါးရှိ၏၊ တေဇောဓာတ် ၅-ပါး တွင် ပါစကဓာတ် မီးတပါးထဲမှာပင် ပရမတ်ဓာတ် ၄-ပါးရှိ၏။ ပေါင်းဓာတ် ၄၃-ပါးလုံးမှာပင် တပါးမှမကျန် ပရမတ်ဓာတ် ၄-ပါးတွေ့ရှိ၏ဟုမှတ်၊ ။၎င်းသုတ္တန်ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောထဲ၌ ရှိသော ပရမတ်ဓာတ် ၄-ပါးကို ထင်အောင်၊ မြင် အောင်လုပ်ကြီ ရှုကြည့်ကမ္မဋ္ဌာန်းထိုင်ပါသော်လည်း မင်ဖိုလ်ကိုမရ ဟုမှတ်ပါလေ။

အဘယ့်ကြောင့် ဆိုသော် ဤခန္ဓာရုပ် ရုပကာယကြီးသည် ဥတု ဖြင့်မိဘနှစ်ဦးတို့၏ သုက်မှ ကြီးပွားလာရသဖြင့် ဥတုပြုပြင်သောရုပ် ဖြစ်သည်တကြောင်း တော၊ တောင်၊ ဂန္ဓမာ၊ ရေ၊ မြေ၊ သမုဒ္ဒရာ တို့သည် ဥတုဖြင့် ပြုစုပျိုးထောင်၍ ထားသောရုပ်သည် ဥတုဖျက်မှ ပျက်သကဲ့သို့၎င်း၊ လောကပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော သည် ဥတုဖြင့်ပြုပြင်သော ဓာတ်ဖြစ်၍ ၎င်းဓာတ်၌ရှိသော ပရမတ် ဓာတ်ကို ဝိပဿနာတင်၍ မရသကဲ့သို့၎င်း၊ သတ္တဝါတို့ သေကြေ သောအခါ ကျန်ရစ်သောရုပ်ကလာပ်တို့၌ပရမတ်ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော တည်းဟူသော ဓာတ် ၄-ပါး စမ်းသပ် ရှာဖွေလျှင် ရခြင်းကြောင့် လောကဓာတ်၌ ရှိသော ပရမတ်နှင့် အတူတူပင် ရှိနေသည် တကြောင်း၊ လူသေလျှင် နာမ်ရုပ် ၂-ပါး တပြိုင်တည်း ချုပ်သည် ဆိုသောကြောင့် နာမ်ချုပ်၍ နာမ်မရှိ

သည့်ထင်ရှား၏၊ ရုပ်ပရမတ်ချုပ်သွားသည်ကို မထင်ရှား ၎င်းခန္ဓာကြီး၌ ပျော့မှု၊ မာမှု၊ ထောက်ကန်မှု၊ လှုပ်ရှားမှု၊ ဖွဲ့စည်းမှု၊ ယိုစီးမှုတည်းဟူသော ပရမတ်ဓာတ်တွေ အရိုးကျ သွားတောင် တွေ့ရှိနေသေး၏၊ ၎င်းသက်ရှိသက်မဲ့တို့၌ ရှိသော ပရမတ်ဓာတ်ကို တွေ့ကာ သိကာမျှနှင့်ဓာတ်ပေါက်ပြီပရမတ်ရုပ်ဓာတ်သိပြီမဆိုနိုင်သေး၊ အဘယ့်ကြောင့်ဆိုသော် ပါဠိတော်, အဋ္ဌကထာ, ဋီကာများနှင့် မကိုက်၍မှတ်ပါလေ၊ 'ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ' ဆိုသောပါဠိတော် "အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာစ နိရုဇ္ဈရေ" ဆိုသောပါဠိတော် "ယေ နိရုဒ္ဓါ မရန္တဿ တိဋ္ဌမာနဿဝါ ဣဓ" ဆိုသော အဋ္ဌကထာခေသသူ၊ရှင်သူ၊ မထူးကြောင်း ရေ၌ ရေး၍မထင်၊ ညဏ်၌ သာထင်၏။ အပ်နဖားထွင်းသော ဂုံးဖျားမှာ တင်လိုက်သော မုန်ညင်းစေ့ကဲ့သို့ ၎င်း ချက်ချင်းဖြစ်၊ ချက်ချင်းချုပ်သော နာမ်,ရုပ်တို့ကိုပြတော်မူကြသော အဋ္ဌကထာဆရာမြတ်တို့၏စကား "ဥဒကေ ဒဏ္ဍရာဇိဝ အာရဂ္ဂေရိဝ သာသပေါ" ဟု မိန့်ဆိုကြသော အရာများနှင့်မညီဖြစ်၍ နေသောကြောင့်ဟု မှတ်ပါလေ။

ပရမတ်ရုပ်၌ပဋိသန္ဓေကံကြောင့်ဖြစ်သောပရမတ်ဓာတ် ၄-ပါး၊ ပဝတ္တိစိတ် စေတနာ ကံကြောင့်ဖြစ်သော ပရမတ်ဓာတ် ၄-ပါး၊ ပဋိသန္ဓေ ဥတုကြောင့်ဖြစ်သော ပရမတ်ဓာတ် ၄-ပါး၊ ပဝတ္တိ ဥတုကြောင့်ဖြစ်သော ပရမတ်ဓာတ် ၄-ပါး၊ ပဋိသန္ဓေ စိတ်ကြောင့်ဖြစ်သော ပရမတ်ဓာတ် ၄-ပါး၊ ပဝတ္တိ စိတ်ကြောင့် ဖြစ်သော ပရမတ်ဓာတ် ၄-ပါး၊ ပဝတ္တိအာဟာရကြောင့် ဖြစ်သော ပရမတ်ဓာတ် ၄-ပါး၊ ဤသို့အားဖြင့် ပရမတ်ဓာတ် ၄-ပါး ၇-မျိုးရှိ၏။ ၎င်းပဋိသန္ဓေစိတ်ကြောင့် ဖြစ်သောရုပ်၊ ကံကြောင့် ဖြစ်သောရုပ်၊ ဥတုကြောင့်ဖြစ်သော ရုပ်တို့သည် ဤပဝတ္တိကာလသို့ မပါမရှိကုန်။

၎င်းရုပ်တို့ကို လက္ခဏာသုံးပါး ဝိပဿနာတင်လို့လည်း မထင်နိုင်၊ မမြင်နိုင်ကုန်။ ။ဘမိန္နစ်ဦးတို့၏ သုက်,ဥတုမှ တနေ့ တခြားကြီးပွားလာ၍အသက် ၅၀-၆၀-တိုင်အောင် သေသည်တိုင်အောင် ၎င်းဥတုဇရုပ်ကြမ်း ကလာပ်ကြမ်းကြီး၌ စမ်းသပ်၍ရသော ပရမတ်ဓာတ် ၄-ပါးကိုလည်း ဝိပဿနာတင်လို့ အနိစ္စအချက် မထင်မမြင်

နိုင်၊ အသက်ဝိညာဏ်ရှိစဉ်အခါ ကလည်း ၎င်းဥတုဇ ရုပ်ကြီး၌ ပရမတ် ၄-ပါးတွေ့၏။ သေသောအခါရုပ်ကြီး၌လည်းပရမတ်ဓာတ် ၄-ပါးတွေ့၏။ သတ္တဝါတို့ သေကြလျှင် နာမ်,ရုပ်နှစ်ပါး ချုပ်၏။ ဘဝသစ်၌ နာမ်,ရုပ်နှစ်ပါး ဖြစ်၏ ဆိုသော စကားနှင့် တိုင်းထွာလျှင် နာမ်သာပျောက်သည်။ လူသေကောင်၌ ပရမတ်ဓာတ်လေးပါး ရုပ်မပျောက် ဖြစ်၍နေပေလိမ့်မည်။ ။ပရမတ္ထ သဘာဝတ္တဖြစ်သောနာမ်,ရုပ်တို့သည် တကွဖြစ်၊ တကွပျက်၊ မခွဲစကောင်းခွဲလို့မရဟု လယ်တီဆရာတော် ဖုရားသည် ဥပမာအားဖြင့် ပြသည်မှာ- အလွန် ကြည်လှစွာသောရေထဲ၌ ကြည်လှစွာသောရေ၌ ပိုးကောင်ကလေးပေါ်ကျနေဘိသကဲ့သို့ ပရမတ် နာမ်ရုပ်တို့သည်ဉာဏ်အမြင်၌ အလွန် သန့်ရှင်းကြည်လင်၍ သဘောသက်သက်မျှသာ နာမ်လည်း သဘော၊ရုပ်လည်းသဘော၊ သဘောလည်း နာမ်ရုပ်။ ။ရုပ်သည်လည်းနာမ်၊ နာမ်သည်လည်းရုပ်၊ ၎င်းနာမ်ရုပ်သဘော နှစ်ခုခွဲမရ၊ တသားတည်း တထပ်တည်းဖြစ်အတူ ပျက်အတူ ရှိကြောင်းမိန့်ဆိုတော်မူသည်။ ။အဘယ်ကြောင့် နာမ်လည်းရုပ်၊ ရုပ်လည်းနာမ်ဟု ပြပါသနည်းဆိုလျှင် နာမ်ဟုခေါ်ဝေါ်ခြင်း၊ ရုပ်ဟု ခေါ်ဝေါ်ခြင်းသည်နူတ်ထဲ၌သာ အမည်ကွဲကြလေသည်၊ သဘောဉာဏ် အထင်အမြင်မှာအတူတူပင် ဖြစ်ခြင်းကြောင့် ပါဠိတော်အဋ္ဌကထာ ဋီကာတို့၌ ဘဝအနန္တဖြစ်ပုံများကို ရွှဲလုံးကလေးတွေ ကြိုးဖြင့်သီကုံး၍ပြခြင်း၊ ပုတီးကုံးဖြင့်ပမာပြခြင်းပြုကြလေသည်။

သတ္တဝါတို့ သေပျောက်ကြသောအခါနာမ်နှင့်တကွပျက်၊ တကွချုပ်သောရုပ်သည် ကံကြောင့် ဖြစ်သောရုပ်၊ အာဟာရကြောင့်ဖြစ်သောရုပ်၊ စိတ္တဇကြောင့်ဖြစ်သောရုပ်၊ ဤပရမတ်ဓာတ် ၄-ပါး ရုပ်တို့သည် နာမ်နှင့်တကွပျက်၊ တကွဖြစ်၊ တကွချုပ်ကြလေသည်။ ပဝတ္တိ၌လည်း ထွန်းထားသည့်ဆီမီး၊ စီးနေသော မြစ်ရေကဲ့သို့ရင်း၊ နာမ်ရုပ်တို့သည် တဖြစ်ထဲဖြစ် တချုပ်ထဲချုပ်ဖြစ်ကြလေသည်။ ။ သတ္တဝါ အသေကောင်၌ ကျန်ရစ်သောဓာတ် ၄-ပါး ရုပ်သည် ပဋိသန္ဓေက ဥတုဇရုပ်ဖြစ်၍ ဥတုကြောင့်ကြီးပွား ဥတုဘဲဖျက်မှ အရိုးကျ၍ မြေဩဇာဖြစ်ပြီး ပျောက်ကြရလေတော့၏။ ။ရုပ်ကို

အလွန်ဘဲ အသိခက်၏၊ စဉ်းစားဆင်ခြင်ကြပါလေကုန်၊ နာမ်နှင့် တကွဖြစ် တကွပျက်သောရုပ်နာမ်တို့ကို မရှုဘဲလျက် အလွဲရုပ်ကိုရှုမိ ဝိပဿနာလုပ်မိက ဤမဟာပထဝီမြေကြီး ဩကာသလောကရုပ်ကို ဝိပဿနာတင်လို့ မရသလို ဤခန္ဓာကိုယ်ကြီး၌လည်း မြေကြီးရုပ် ဩကာသလောက တပုံတမျိုးပါသည်ကို သတိမမူဘဲရှိတတ်ကြ သည်။ ။ဘယ်အတွက် ဩကာသလောက မြေကြီး၌ရှိသော ပရမတ်ဓာတ် ၄-ပါးကို ဝိပဿနာတင်လို့မရသလဲဆိုလျှင်မြေကြီး၌ ရှိသောပျော့မှု, မာမှုသဘော၊ ပူမှုအေးမှုသဘော၊ ထောက်ကန်မှု လှုပ်ရှားမှုသဘော၊ ဖွဲ့စည်းမှု ယိုစီးမှုသဘောကို အနိစ္စလက္ခဏာ မမြဲပုံကိုရှုကြည့်မှု အလွန်ခက်ခဲသည်၊ အကယ်၍ ပရမတ်ဓာတ် လေးပါး မမြဲတာ ဤမြေကြီး၌ ထင်မြင်ပါဦးတော့၊ ဒုက္ခလက္ခဏာ တင်ဘို့ခက်ခဲ၏၊ မြေကြီးက ငါဆင်းရဲ၏ဟုမဆိုနိုင်၊ အနတ္တလက္ခဏာ တင်ပြန်ကလည်း မြေကြီးက ငါပုဂ္ဂိုလ်သတ္တဝါ ယောက်ျားမိန်းမ မဟုတ်ဟု မဆိုနိုင်။ ။အစကတည်းက ငါပုဂ္ဂိုလ် ယောက်ျား မိန်းမ သတ္တဝါကောင်လုပ်၍နေတာမဟုတ်သောကြောင့် ငါ့ကိုလက္ခဏာ ရေး ၃-ပါးလာ၍ မတင်ပါနှင့်ဟုမြေကြီးက ဧကန် ဆိုစရာ ရှိသည်၊ ထို့အတူဤခန္ဓာ၌ ဩကာသလောက တည်းဟူသော မြေကြီးရုပ် ဥတုဇရုပ်တို့သည်ပါလာသဖြင့် ပရမတ်ဓာတ် ၄-ပါးလည်းပါလာ ရတော့၏၊ ၎င်းပရမတ်ဓာတ်လေးပါးကို ဝိပဿနာတင် မိလျှင် မြေကြီးကို ဝိပဿနာ တင်သည်နှင့် အတူတူ ဖြစ်သောကြောင့် လမ်းလွဲ၍ ခရီးမတွင်မည်စိုးသဖြင့် ခွဲထုတ်ဝေဘန်ပြလိုက်ပါသည်။

နာမ်၌လည်းသမ္မုတိနာမ်၊ ပရမတ်နာမ်ဟုနှစ်မျိုးရှိ၏။ ။သမ္မုတိ နာမ်ဆိုခြင်းကား လူနတ်ယောက်ျား မိန်းမပုဂ္ဂိုလ်သတ္တဝါ အိမ်၊ ကျောင်း၊စရပ်၊ ရေကန်၊ရေတွင်းစသည်ဖြင့် အမည်နာမနှင့် စပ်ဆိုင် သမျှ ခေါ်ဝေါ်ပညတ်သည်ကို သမ္မုတိနာမ်ဟုမှတ်။

ပရမတ်နာမ်ဆိုခြင်းကား ဘဝင်စိတ် ခဏောယ်စိတ် ဝိညာဏ်စိတ် စေတသိက်တို့ကို နာမ်တရားဟုမှတ်ပါလေ၊ ဗဟွာစကားဖြင့် သိမှု၊ မှတ်မှု၊ ဆင်ခြင်မှု၊ စဉ်းစားမှု၊ တွေးတောမှု၊ ကြံစည်မှုစိတ်တွေကို ပရမတ်နာမ်ဟုခေါ်သည်။

## ပဋိစ္စသမုပ္ပါဒ်နှင့်ဒိဋ္ဌိကွာပုံ

အဝိဇ္ဇာသည်သစ္စာ ၄-ပါးကိုမသိခြင်း၊ သစ္စာ ၄-ပါး၌ပြုဘွယ်ကိစ္စရှိသမျှကိုမသိခြင်း၊ သစ္စာလေးပါး၌ ပြုဘွယ်ကိစ္စရှိသည်ကိုမပြုနိုင်ခြင်းအားဖြင့် အဝိဇ္ဇာ ၃-မျိုးရှိ၏။

သစ္စာ ၄-ချက်၊ ၁၆-ချက် ၂၅၆-ချက်စသော သစ္စာဉာဏ်ကို ဖုံးကွယ်၍ထားတတ်သောအဝိဇ္ဇာတမျိုး။ ။သစ္စာ ၄-ပါး၌ဒုက္ခကို ပိုင်းခြား၍ ရှုရမည်ကိစ္စ၊ သမုဒယကို ပယ်ရမည်ကိစ္စ၊ နိရောဓကို မျက်မှောက်ပြုရမည်ကိစ္စ၊ မဂ္ဂကိုပွားများရမည်ကိစ္စ ဤကိစ္စဉာဏ်ကို ဖုံးကွယ်၍ ထားတတ်သောအဝိဇ္ဇာတမျိုး။ ။သစ္စာ ၄-ပါး၌ဒုက္ခကို ပိုင်းခြားဝေဘန်၍ ရှုရမည်ဆိုသည်အတိုင်း ရှုနိုင်သည့်ကတဉာဏ်၊ သမုဒယကို ပယ်ရမည်ဆိုသည်အတိုင်း ပယ်နိုင်သည့်ကတဉာဏ်၊ နိရောဓကို မျက်မှောက် ပြုရမည် ဆိုသည့်အတိုင်း ပြုနိုင်သည့် ကတဉာဏ်၊ မဂ္ဂကိုပွားများရမည် ဆိုသည့်အတိုင်း ပွားများနိုင်သည့် ကတဉာဏ်တို့ကို ဖုံးကွယ်၍ ထားသော အဝိဇ္ဇာတမျိုး အားဖြင့် သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ၃-မျိုးတို့ကို ဖုံးကွယ်ထားသော အဝိဇ္ဇာ ၃-မျိုးရှိသည်ဟု မှတ်ပါလေ။

သင်္ခါရဆိုခြင်းကား ကုသိုလ်စိတ် အကုသိုလ်စိတ်ကိုဆိုသည်။

ဝိညာဏ်ဆိုသည်ကားပဋိသန္ဓေယူသောစိတ်၊ပဝတ္တိ၌ အခံဓာတ် အတိုက်ဓာတ်ကြောင့် ပေါ်လာသောစိတ်ကို ခေါ်သည်။

နာမ်, ရုပ်ခေါ်ခြင်းကား ပဋိသန္ဓေ တုန်းကစိတ်နှင့် ကလလရေကြည် ပဝတ္တိ၌ အခံဓာတ်ခြောက်ပါး၊ အတိုက်ဓာတ် ခြောက်ပါး တွေ့ထိ၍ပေါ်လာစိတ် ၎င်းစိတ်နှင့်တကွဖြစ်သောရုပ်ကိုခေါ်သည်။

သဠာယတနခေါ်ခြင်းကား မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်မနောကို ခေါ်သည်။

ဖဿခေါ်ခြင်းကား မျက်စိနှင့်အဆင်း ပြိုင်ဆိုင်တိုက်မိ၍ စိတ်ကလေးသိမှုပေါ်လာခြင်း၊ နားနှင့်အသံ တိုက်ဆိုင်၍ သိမှုစိတ်ကလေး ပေါ်လာခြင်း၊ နှာခေါင်းနှင့်အနံ့ တိုက်ဆိုင်မိ၍ စိတ်ဓာတ်ကလေး သိမှုပေါ်လာခြင်း၊လျှာနှင့်အရသာတိုက်မိ၍ သိမှုစိတ်ကလေးပေါ်

လာခြင်း၊ ကိုယ်၌ထိ၍ သိမှုစိတ်ပေါ်လာခြင်း။ မနော၌ စိတ်ကူး၍ သိမှုစိတ် ပေါ်လာခြင်း စသည်ဖြင့် အခံဓာတ်၊ အတိုက်ဓာတ် စိတ်သိမှု ၃-၃၊ ၃-၃ကျ ဖြစ်ပေါ်နေသည်ကိုပင် ဖဿ တွေ့ထိမှုဟု ခေါ်သည်။

ဝေဒနာခေါ်ခြင်းကား အာရုံခြောက်ပါးနှင့်ထိ၍ဆိုးမှုကောင်းမှုတို့၌ သိမှုကိုဒုက္ခဝေဒနာ၊ သုခဝေဒနာ၊ နှစ်သက်မှုကို သောမနဿ ဝေဒနာ၊စိတ်ဆိုးမှုကို ဒေါမနဿဝေဒနာ၊ လျစ်လျူရှုမှုကိုဥပေက္ခာ ဝေဒနာဟု ခေါ်သည်။

တဏှာ ခေါ်ခြင်းကား သောမနဿ ဝေဒနာ၊ ဒေါမနဿ ဝေဒနာ၊ နှစ်သက်မှု၊ စိတ်ဆိုးမှု၊ ခင်တွယ်မှု၊ လိုချင်မှု၊ သာယာမှုကို ခေါ်သည်။

ဥပါဒါန် ခေါ်ဝေါ်ခြင်းကား ၎င်းကာမဂုဏ် ၅-ပါး၊ အာရုံ ခြောက်ပါးတို့၌ သာယာခံစားမှု၊ စိတ်ဆိုးမှုတို့ကို တရက်, တလ, တနှစ်,တသက်,တကမ္ဘာ, ကမ္ဘာတရာ,တထောင်မျှမကဘဝအနန္တ တိုင်အောင်မပျောက်မပျက် မဲမဲသဲသဲ စွဲစွဲမြဲမြဲ မပျောက် မပျက် ရအောင် စွဲလမ်းခြင်းကိုခေါ်သည်။

ဘဝဆိုခြင်းကား ဖြစ်သည်ကိုခေါ်သည်၊ ကုသိုလ်ကံ,အကုသိုလ် ကံ-ဖြစ်သည်ကို ကမ္မဘဝခေါ်သည်၊ ထိုကံကြောင့် လူ့ဘဝ, နတ် ဘဝစသော ဘဝကြီး ၉-ပါးကို ဥပပတ္တိဘဝခေါ်သည်။

ဇာတိခေါ်ခြင်းကား ပဋိသန္ဓေအသစ်ယူသည် ဘဝ အသစ်ဖြစ် သည်ကို ဇာတိ ခေါ်သည်။

ဇရာခေါ်ခြင်းကား အိုခြင်း၊ ရင့်ခြင်း၊ ဆံဖြူခြင်း၊ နားထိုင်းခြင်း စသည်ဖြင့် ယိုယွင်းပျက်စီးသည်ကို ဇရာဟု ခေါ်သည်။

မရဏခေါ်ခြင်းကား သမ္မုတိသေခြင်း၊ပဝတ္တိ ခဏိကသေခြင်းကို ခေါ်သည်။

သောကခေါ်ခြင်းကား စိုးရိမ်ပူဆွေးရခြင်းကို ခေါ်သည်။

ပရိဒေဝခေါ်ခြင်းကား ငိုကြွေးမြည်တမ်း ရခြင်းကိုခေါ်သည်။

ဒုက္ခခေါ်ခြင်းကား ကိုယ်၏ဆင်းရဲစိတ်၏ ဆင်းရဲခြင်းကို ခေါ် သည်။

ဒေါမနဿ ခေါ်ခြင်းကား စိတ်နှလုံး မသာယာခြင်းကို ခေါ်သည်။

ဥပါယာသ ခေါ်ခြင်းကား သက်ကြီးရှိက်ငင် ပင်ပန်းရခြင်းကို ခေါ်သည်။

ဤယခုပြဆိုခဲ့ပြီးသော အဝိဇ္ဇာအစ ဥပါယာသ အဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်ကို သေသေ ချာချာ စဉ်းစား၍ ကြည့်လျှင် လူမရှိ, နတ်မရှိ၊ မိန်းမ၊ ယောက်ျားမရှိ အဝိဇ္ဇာသင်္ခါရတည်းဟူသောပဋိစ္စသမုပ္ပါဒ် ခေတ်ကောင်းကြီးသာ ရှိသည်ဟုဉာဏ်မှာ ထင်မြင်လျှင် သက္ကာယဒိဋ္ဌိကွာ၍သောတာပန်ဖြစ်ပြီဟုမှတ်ပါလေ။

ဤပဋိစ္စသမုပ္ပါဒ်ကို နာမ်ရုပ် ထုတ်လိုက်လျှင် အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊နာမ်တရား၊နာမ်ရုပ်၌နာမ်ရုပ်။ ။သဠာယတန၌အခံခေတ်ရုပ်၊ ဖဿ၌အခံခေတ် အတိုက်ခေတ်ရုပ်၊ သိမှုစိတ်ပေါ်ခြင်း နာမ်ခေတ်။ ။ဝေဒနာ၊တဏှာ၊ ဥပါဒါန်၊ကမ္မဘဝနာမ်တရား၊ဇာတိနာမ်ရုပ်တရား၊ မရဏနာမ်ရုပ်နှစ်ပါးသေခြင်းတရား၊ သောက၊ ပရိဒေဝ နာမ်တရား။ ။ဒုက္ခနာမ်ရုပ်နှစ်ပါးတရား။ ။ဒေါမနဿ ဥပါယာသ နာမ်တရား။ ။၎င်းပဋိစ္စသမုပ္ပါဒ်၌ အကျဉ်းအားဖြင့် နာမ်ရုပ်သာ ရှိသည်၊ ဇရာရုပ်တရား၊ ဤနာမ်ရုပ် ပဋိစ္စသမုပ္ပါဒ် သည်သာ ဟုတ်သည်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောက်ျား၊ မိန်းမ မဟုတ်ဟုပယ်လိုက်လျှင် သောတာပန်ဖြစ်ပြီဟု မှတ်ပါလေ။

---

## ပဋိစ္စသမုပ္ပါဒ်ကိုဝဋ် ၃-ပါးဖြင့် သံသရာလည်ပုံကိုပြခြင်း

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်-၎င်းတရား ၃-ပါးကို ကိလေသာဝဋ်ခေါ်သည်။

သင်္ခါရ၊ ကမ္မဘဝ-၎င်းတရား ၂-ပါးကို ကမ္မဝဋ်ခေါ်သည်။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ ၎င်း ၁၃-ပါးကိုဝိပါကဝဋ် ခေါ်သည်။

သံသရာ လည်ပုံကား- ထိုအဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် တည်းဟူသောကိလေသဝဋ် ၃-ပါး ဦးစီး၍ လောကီ ကုသိုလ်၊အကုသိုလ် ဟုဆိုရသော သင်္ခါရ ၃-ပါး၊ ကမ္မဘဝတည်းဟူသော ကမ္မဝဋ်ကို ဆည်းပူးသဖြင့် ထိုကမ္မဝဋ် လောကီ ကုသိုလ်၊ အကုသိုလ်တို့ အကြောင်းကြောင့် အကျိုးတရား တည်းဟူသော ဝိပါကဝဋ်။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ အစ ဥပါယာသာ အဆုံးရှိသောခန္ဓာနာမ်ရုပ်တရားကြီးကိုရ၏။ ။ ဥပပတ္တိဘဝကြီး ၉-ပါးကို တခါရသဖြင့် အထက်ကနည်းအတိုင်း ကိလေသဝဋ် ၃-ပါး ဖုံးကွယ်ပြန်သောကြောင့် ကမ္မဝဋ် တည်းဟူသော ကုသိုလ် အကုသိုလ်ကို ဆည်းပူးသဖြင့် ၎င်းကမ္မဝဋ် အကြောင်းကြောင့် အကျိုးတည်းဟူသော ခန္ဓာ နာမ်ရုပ် ဘဝကြီး ၉-ပါး၌ ဘေးအဘန်တန် အဖုံဖုံ မကုန်ပြောပြ ဒုက္ခညစ်ဆိုး အပြစ်မျိုးကိုရပြန်လေ၏။ ။၎င်းဒုက္ခသစ္စာတည်းဟူသောဝိပါကဝဋ် ကောင်ကြီးရပြန်လျှင် ကိလေသဝဋ် ၃-ပါးက ဖုံးမြဲ ဖုံးပြန်သဖြင့် အထက်နည်းအတိုင်း သံသရာမပြတ်အောင် ဆက်ကာဆက်ကာ ကျင်လည်၍နေရသည်ဟုမှတ်ပါလေ။

---

## ပဋိစ္စသမုပ္ပါဒ်ဝဋ် ၃-ပါးဖြတ်နည်း

ဝိပါက ဝဋ်တည်းဟူသော ဘဝကြီး ၉-ပါး ဒုက္ခသစ္စာကောင်ကြီးကို ဘယ်သူ့ကြောင့် ရသလဲ စဉ်းစားဆင်ခြင် တွေးတောလျှင် လောကီ ကုသိုလ်၊ အကုသိုလ် တည်းဟူသော ကမ္မဝဋ်ကြောင့် ရကြောင်းထင်ရှား၏။

တဖန်လောကီ ကုသိုလ်၊ အကုသိုလ် တည်းဟူသော ကမ္မဝဋ်ကို ဘယ်အတွက် ပြုမိပါသလဲဟု ဆင်ခြင်စဉ်းစား တွေးတောကြံစည် ကြည့်လျှင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တည်းဟူသော ကိလေသဝဋ် ဖုံးကွယ်ဦးစီး၍ ဆည်းပူးပြုကျင့်ကြောင်းထင်ရှား၏။

သို့ပါ၍ ဝိပါကဝဋ် ကမ္မဝဋ်တို့ကို ပယ်တို့ သတ်တို့ မလို၊ ကိလေသဝဋ်တည်းဟူသောအဝိဇ္ဇာ၊ တဏှာ၊ဥပါဒါန် ၃-မျိုးသော တရားကိုသာ ပယ်တို့ သတ်တို့ လိုသည် ဖြစ်ပါသောကြောင့်

ယင်းတရားမျိုးကို သတ်ရန် ဆင်ခြင် တွေးဆကြည့် ပြန်လျှင်လည်း အဝိဇ္ဇာက ၃-မျိုး၊ တဏှာကဒိဋ္ဌိနှင့်မာနပါ ၃-မျိုး၊ ဥပါဒါန်သည် ကာမ၊ ဒိဋ္ဌိ၊ သီလဗ္ဗတ၊ အတ္တဝါဒုပ္ပါဒါန် ၄-မျိုးရှိပြန်၏။

ယင်းတရားတို့တွင် ပဌမ သောတာပတ္တိမဂ်ကို ရသော သူသည် တဏှာနယ်ကဒိဋ္ဌိတလုံး၊ ဥပါဒါန်နယ်က အတ္တဝါဒုပ္ပါဒါန်၊ သီလဗ္ဗတုပ္ပါဒါန်၊ ဒိဋ္ဌုပ္ပါဒါန် ၃-လုံး၊ အဝိဇ္ဇာနယ်ကသစ္စာ ၄-ပါးတွင် သစ္စာအနက် ၁၆-ချက်နှင့်တကွ သစ္စာဉာဏ်ကိုမသိအောင် ဖုံးကွယ်သော အဝိဇ္ဇာတမျိုး ဤကဲ့သို့သာ ပယ်နိုင်သေးသည် ကိစ္စဉာဏ်ကို ဖုံးသောအဝိဇ္ဇာ၊ ကတဉာဏ်ကိုဖုံးသောအဝိဇ္ဇာ ကျန်သည်၊ တဏှာနှင့်မာန ကျန်သည်၊ ကာမုပါဒါန် ကျန်သည်ဟု မှတ်ပါလေ။

သကဒါဂါမိမဂ်ကိုရသောသူသည် သစ္စာ ၄-ပါး၌ ပြုဘွယ်ကိစ္စရှိသမျှကိုသိအောင် ဖုံးဖိကာကွယ်သော အဝိဇ္ဇာကိုသာတိုး၍ ပယ်နိုင်သေးသည်။ ကတဉာဏ်ကိုဖုံးသော အဝိဇ္ဇာတမျိုး၊ ကာမုပါဒါန်တမျိုး၊ တဏှာ,မာန ၂-မျိုး၊ ဤတရားတို့ကို ရဟန္တာ ကျမှ ပယ်သတ်နိုင်သည်ဟု မှတ်ပါလေ။

ကာမုပါဒါန်နှင့် တဏှာမာန ကတဉာဏ်ကိုဖုံးသော အဝိဇ္ဇာကို အနာဂါမ် ပုဂ္ဂိုလ်တောင် မပယ်မသတ်နိုင်သေးဟုမှတ်။ ။ဘယ်အတွက်လဲဆိုလျှင် အနာဂါမ်မှာ တဏှာကျန်သေး၍ နောက်ပိုး-ပိုး မလွတ်သေး။အဆင်း၊အသံ၊အနံ့၊အရသာ၊အတွေ့တို့ကို သောမနဿဝေဒနာတဏှာဖြင့် သာယာခံစားသေးခြင်းကြောင့် ဖြစ်သည်။

အနာဂါမ်ပယ်သော တရားကား ကာမုပါဒါန် တည်းဟူသော ကာမဂုဏ်ငါးပါး ကာမတရား ယင်းကာမတဏှာ တရားနှင့် တွေ့ထိသောအခါ ကာမရာဂ သံသဂ္ဂပြုလိုသော လောဘကြောင့် ဖြစ်သော ဒေါသစိတ်ကိုသာ ပယ်သေးသည်။ ဗဟွာလိုကျကျ ပြန်ဆိုလျှင် အဆင်းကြိုက် တဏှာ၊ အသံကြိုက် တဏှာ၊ အရသာကြိုက် တဏှာ၊ အနံ့ကြိုက်တဏှာ၊ အတွေ့အထိကြိုက်တဏှာ ကျန်သေး၏၊ အဆင်းကြိုက်တဏှာတွင်မနေဘဲ ရာဂသံသဂ္ဂပြုလိုသောစိတ်၊ အသံကြိုက်တဏှာတွင်မနေဘဲ ရာဂသံသဂ္ဂ ပြုလိုသောစိတ်၊ အနံ့ကြိုက်

တဏှာတွင်မနေတဲ ရာဂသံသဂ္ဂ ပြုလိုသောစိတ်၊ အရသာကြိုက် တဏှာတွင်မနေတဲ ရာဂသံသဂ္ဂ ပြုလိုသောစိတ်၊ အတွေ့အထိ အရသာ ခံစားမှုတဏှာတွင်မနေတဲ ရာဂသံသဂ္ဂ ပြုလိုသောစိတ်၊ အဆင်း၊အနံ့၊အရသာ၊ အတွေ့တို့ကို တွေးမိစိတ်ကူးမိတိုင်း သာယာ ခံစားမှုတဏှာတွင်မနေတဲရာဂသံသဂ္ဂပြုလိုသောစိတ်၊ ဤကာမဂုဏ် ကာမုပါဒါန်ဟုဆိုရသော ကာမတဏှာတွင် မရပ် မဆိုင်းတဲ လွန် လွန်ကျူးကျူး အထူးသဖြင့် ရာဂသံသဂ္ဂ ပြုလိုသော စိတ်ကိုသာ ပယ်သေးသည်။ ။ဝင်းသံသဂ္ဂပြုလိုသောစိတ်၊ ပြုနေသော စိတ်ပင် လျှင် လောဘကြောင့်ဖြစ်သော ဒေါသသံသဂ္ဂစိတ်ဖြစ်သည်။ ထို့ ကြောင့်ကာမရာဂ ဗျာပါဒပြတ်က အနာဂါမ်-ဟု ဆိုပေသည်။ ။ ဗျာပါဒဆိုတာလည်း ဒေါသခေါ်သည်။ ဒေါသမရှိက ကာမဂုဏ် ငါးပါးထိခိုက်၍တဏှာဖြင့်သာယာခံစား သော်လည်း ရာဂသံသဂ္ဂ ပြုလိုသောစိတ်.မရှိပြီဟု မှတ်ပါလေ။

ကိလေသာဝဋ်တွင် သစ္စာဉာဏ်ကို မသိအောင် ဖုံးကွယ်သော အဝိဇ္ဇာပယ်လိုက်က ကမ္မဝဋ်၌ရှိသောအကုသိုလ်တရားတွေ ပြတ်၏၊ ဝိပါကဝဋ်၌ ခန္ဓာကောင်ကြီးမပြတ်သေး။ ။သကဒါဂါမ် လည်း ဤတရားမျှလောက်သာ ပြတ်သေး၏။ ။အနာဂါမ် ဖြစ်သောအခါ ကိစ္စဉာဏ်ကို ဖုံးကွယ်သော အဝိဇ္ဇာပြတ်ခြင်းကြောင့် ကမ္မဝဋ်၌ ကာမကုသိုလ်ပြတ်၏။ ရူပ အရူပ ကုသိုလ်ကျန်သေး၏။ ။ဝိပါက ဝဋ်၌ သောကပရိဒေဝ ဒေါမနဿ ဥပါယာသသာ ပြတ်၏။ ဇာတိ ဇရာ မရဏဒုက္ခ ကျန်သေး၏။ ကိလေသာဝဋ်၌ ကတဉာဏ်ကို ဖုံးကွယ်သော အဝိဇ္ဇာကို ပယ်သတ်လိုက်မှ ရဟန္တာဖြစ်၍ ဝဋ်မြစ် အကုန်ပြတ်လေတော့သည်။ ။ထို့ကြောင့် ကဗျာ သံပေါက်ဖြင့် "ခပ်သိမ်းကိလေ၊ အကုန်ကြွေ၊ ဖြစ်လေရဟန္တာ။ ဒုက္ခခပ်သိမ်း၊ ကင်းလွတ်ငြိမ်း၊ ဇာတ်သိမ်းတော့ သည်သာ"ဟု ဆိုလေသည်။

---

## သံသရာကိုပြခြင်း

သံသရာဆိုသောပါဠိဘာသာသည် ကျင်လည်၍နေခြင်း၊လယ်၍ နေရခြင်း၊ မရပ်မနား ခရီးသွားနေရခြင်းကို ခေါ်သည်။ အဘယ်

ကဲ့သို့ဖြစ်နေသည်ကိုဆိုလျှင် လူ့ဘဝမှ နတ်ဘဝ၊ နတ်ဘဝမှ ဗြဟ္မာဘဝ၊ ဗြဟ္မာဘဝမှ ခွေး,ကြွက်,ငှက်,တိရစ္ဆာန်စသော ဘဝကြီးငယ်တို့၌ တပြောင်းပြန်ပြန် ကျင်လည်ပြေးသွား အရပ် အနား မရှိဘဲ ဖြစ်နေရခြင်းကိုခေါ်သည်။ ။တနည်း ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ်တို့ကို ခေါ်သည်။

သံသရာကြီး၌ ၃-ကြောင်း ၃-သွယ်ရှိ၏။ အောက်သံသရာ၊ အလယ်သံသရာ၊ အထက်သံသရာဟူ၍ ရှိသည်။ အောက်သံသရာ ခေါ်ခြင်းကား ငရဲ၊ တိရစ္ဆာန်၊ပြိတ္တာ၊ အသုရကာယ် ခေါ်သည်။ အလယ်ပိုင်း သံသရာဟူသည်ကား လူ့ပြည်၊ လူ့ဘုံ၊ လူ့ဘဝ၊ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ ဝသဝတ္တီမည်သော နတ်တို့ဘဝ နတ်ပြည်ခြောက်ထပ် ကာမသုဂတိ ၇-ဘုံတို့ကို ခေါ်သည်။ အထက်ပိုင်း သံသရာဟူသည်ကား ဗြဟ္မာပြည်၊ ဗြဟ္မာဘဝ၊ ပုထုဇန် ဗြဟ္မာတို့ကို ခေါ်သည်။

ဤကဲ့သို့ သုံးကြောင်းသုံးသွယ် သံသရာတွင်မိမိတို့ဆိုင်ရာ,ဆိုင်ရာ ၃-ဖြာသောဝဋ် ကွင်းစွပ်၊ သင်တိုင်းစွပ် စွပ်မိလျက်နေကြသည်မှာ အောက်သံရာ၌ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ ၃-ပါး။ အလယ်သံသရာ၌လည်း ၎င်းဝဋ်သုံးပါး။ အထက် သံသရာ၌လည်း ၎င်းဝဋ်သုံးပါး။သူ့သံသရာနှင့် သူ့ဝဋ် မကျွတ် မလွတ် ချည်ခင်စွပ် ခြေထိပ်လက်ထိပ်ခတ် ၃-မျိုး၊ ၃-စား ခြားနား၍ ကျင်လည် နေရခြင်းဖြစ်လေသည်။

အပါယ် ၄-ထွေ အောက်သံသရာ၌ရှိသော ကိလေသ ဝဋ်သည်ကား အတ္တဒိဋ္ဌိ၊အတ္တဝါဒုပါဒါန်၊အတ္တာနုဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတရားဖြစ်သည်။ ကမ္မဝဋ်ကားဒုစရိတ ကမ္မပထတရား ဒုစရိုက် ၁၀-ပါးဖြစ်သည်။ ဝိပါကဝဋ်ကား ငရဲသူ၊ ငရဲသား ခန္ဓာ၊ ပြိတ္တာ ခန္ဓာ၊ တိရစ္ဆာန်ခန္ဓာ၊ အသုရကာယ်တို့၏ခန္ဓာများဖြစ်သည်။

အလယ်ပိုင်း သံသရာ၏ဝဋ် ၃-ထွေမှာကိလေသဝဋ်ကား ကာမတဏှာ၊ ကာမုပါဒါန်ဖြစ်သည်။ ကမ္မဝဋ်ကား ဒါန၊ သီလ၊ ကာမာ

ဝစရဘာဝနာစသော ကုသလ ကမ္မပထတရား ၁၀-ပါးဖြစ်သည်။ ဝိပါကဝဋ်ကား လူတို့ခန္ဓာ၊ နတ်တို့ခန္ဓာဖြစ်သည်။

အထက်ပိုင်း သံသရာ၏ ဝဋ်သုံးထွေမှာ ကိလေသာဝဋ်ကား ဘဝတဏှာ ဈာန်ရသော ဈာန်ချမ်းသာ ဖြစ်ကြသည်။ ကမ္မဝဋ်ကား ရူပါဝစရကုသိုလ် ၅-ပါး၊ အရူပါဝစရကုသိုလ် ၄-ပါး၊ မဟဂ္ဂုတ်ကုသိုလ် ၄-ပါးကံများ ဖြစ်ကြသည်။ ဝိပါကဝဋ်ကား ပုထုဇန်ဗြဟ္မာတို့ခန္ဓာများဖြစ်ကြလေသည်။

ဤသို့လျှင် သံသရာ သုံးကြောင်း သုံးသွယ်၊ ဝဋ်တရားလည်း သုံးကြောင်းသုံးသွယ်ရှိသဖြင့် ထိုသံသရာဝဋ်ဖြတ်တောက်ရန်နိဗ္ဗာန်တရားသည်လည်း အောက်ပိုင်း သံသရာဝဋ်မှ ကျွတ်လွတ်သော နိဗ္ဗာန်၊ အလယ်သံသရာဝဋ်မှ ကျွတ်လွတ်သောနိဗ္ဗာန်၊ အထက်သံသရာဝဋ်မှကျွတ်လွတ်သောနိဗ္ဗာန်ဟူ၍ပဌမနိဗ္ဗာန်၊ဒုတိယနိဗ္ဗာန်၊ တတိယနိဗ္ဗာန်အားဖြင့် သုံးတန်သောနိဗ္ဗာန်ရှိလေသည်။

အပါယ် ၄-ပါး အောက်ပိုင်း သံသရာကို ကျစေတတ်သော အတ္တာနုဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန်၊ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊အယူမှား၊ အမှတ်မှား၊ အမြင်မှား၊ အထင်မှားပျောက်လျှင်၊ စင်ကြယ်လျှင် ထိုပုဂ္ဂိုလ်ကို သောတာပန်ဟုခေါ်သည်။ သောတာပန်ပုဂ္ဂိုလ်သည် အပါယ် ၄-ပါးသံသရာသို့ ကျရောက်ရန် ပူပန်၍ နေရသော ကိလေသာကို တခါတည်း ဖြတ်တောက်လေတော့၏။ အကယ်၍ ကာယကံ၊ ဝစီကံ၊ မနောကံဒုစရိုက် တရားတို့ကိုပြုမိမှားသော်လည်း သစ္စာလေးပါး၊ ရုပ်၊ နာမ်၊ ခန္ဓာ၊ ပရမတ်၊ ဓာတ်တရားတို့ကို သိပြီးသောပုဂ္ဂိုလ်ဖြစ်၍ အပါယ်သို့မကျဟု မှတ်ပါလေ။ "ကိဉ္စာပိသော ကမ္မံ ကရောတိ ပါပကံ" စသဖြင့် မြတ်စွာဗုဒ္ဓ ကိုယ်တော်တိုင် ပရိတ်ကြီး၊ ရတနသုတ်တော်တွင် ဟောတော်မူခြင်းကြောင့် မှတ်ပါလေ။

ထိုသောတာပန်ပုဂ္ဂိုလ်သည် အပါယ်သံသရာသို့ ကျရောက်ရန် အတွက် ပူရသော ကိလေသာ ငြိမ်းအေးသည်ကိုပင် ပဌမနိဗ္ဗာန်၊ သေခဲ့ပြန်လျှင်လည်း လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ သွားရောက်ရန် ဂတိမြဲခြင်းကိုရသဖြင့် ဘေးကြီးလေးပါး၌ ဝိနိပါတ ဘေးကြီး၊

ဒုစရိတဘေးကြီး၊ အပါယိက ဘေးကြီး၊ အညာသဏ္ဍ ဘေးကြီးတို့မှ ကင်းလွတ်ငြိမ်းအေးခြင်းကြောင့်ပဌမနိဗ္ဗာန်၊ ဗုရား၊ တရား၊ သံဃာ သရဏဂုံသုံးပါးကိုးကွယ်ခြင်း၌ ဗုရားအသစ်တဖန် ကိုးကွယ် ဘို့ရန် ရှာဖွေတောင့်တရခြင်း၊ တရားအသစ် ရှာဖွေရန် တောင့်တရခြင်း၊ သံဃာအသစ်ရှာဖွေရန် တောင့်တရခြင်းတို့အတွက် ပူပန်ရသော ကိလေသာ ငြိမ်းအေးခြင်းကြောင့် ပဌမနိဗ္ဗာန်၊ သရဏဂုံ အနိယတ မမြဲခြင်း၊ သရဏဂုံ နိယတမြဲခြင်း နှစ်ပါး၌ မြဲခြင်းသရဏဂုံကို ရ၍ ပဌမနိဗ္ဗာန် အလယ်သံသရာ ကာမသုဂတိ ခုနစ်ဘုံတွင် ကာမဂုဏ် စည်းစိမ်ကို များများကြီးခံစား၍နေလိုလျှင် နေနိုင်ခြင်းကြောင့် ပဌမ နိဗ္ဗာန် ဤတဲ့သို့ ငြိမ်းအေးခြင်း အမျိုးမျိုး၊ ချမ်းသာခြင်း အမျိုးမျိုး တို့ကိုရသောကြောင့် သောတာပန်ပုဂ္ဂိုလ်ကို ပဌမနိဗ္ဗာန်စံဝင်သူဟု ခေါ်ဝေါ်ခြင်းပြုသည်။

---

## သောတာပန်ပုဂ္ဂိုလ်သည် တဘဝထက် တဘဝ မြင့်မြတ်ခြင်းကို ပြခြင်း

သောတာပတ္တိဖလ သစ္ဆိကရိယတော ဟိ ပဌာယ နိစကုလေ ဥပ္ပတ္တိနာမ နတ္ထိ၊ မဟာဘောဂ ကုလေသုယေဝ နိဗ္ဗတ္တတိ။

ဟိသစ္စံ၊ သောတာပန်ဖြစ်လျှင် ယုတ်ညံ့သော အမျိုး၌ မဖြစ်မူ၍ မြတ်သောအမျိုး၌ ဖြစ်သည်ဆိုသော စကားမှန်၏။ သောတာပတ္တိ ဖလသစ္ဆိကရိယတော၊ သောတာပတ္တိ ဖိုလ်ဉာဏ်ကို ကောန် ဆိုက် ရောက်လျက် မျက်မှောက်ပြုသော ကာလမှ။ ပဌာယ၊ စ၍။ နိစ ကုလေ၊ ယုတ်ညံ့သောအမျိုး ယုတ်ညံ့သောစည်းစိမ် ချမ်းသာရှိကြ သော လူယုတ်,လူမွဲ, လူဆင်းရဲ အမျိုး၌။ ဥပ္ပတ္တိနာမ၊ဖြစ်ခြင်း မည် သည်။ နတ္ထိ၊ မရှိကြ လေတော့သည်။ မဟာဘောဂ ကုလေသု ယေဝ၊ မြတ်သောအမျိုး ပြည့်ဖြိုးကြွယ်ဝ ခနဉစ္စာ လွန်စွာပေါများ ကြီးမားသော စည်းစိမ်ချမ်းသာ ရှိကြသော ဘဝတို့၌ သာလျှင်။ နိဗ္ဗတ္တတိ၊ တဘဝတမျိုး ဒီရေ တိုးသကဲ့သို့ တမျိုးတမျိုး အသစ် အသစ်ဖြစ်ရလေတော့သတည်း။

## ဘေးကြီး ၄-ပါးအကြောင်း

ဝိနိပါတဘေးခေါ်ခြင်းကား သေလျှင်ဘယ်ဘဝရောက်မည်မသိ ပရမ်းပတာ ကျချင်ရာကျ ဖြစ်ချင်ရာဖြစ် အစိုးမရ မိုးဦးကျချောင်းရေနှင့် လေပွေ လေရူးတို့၌ ပါသွားသော သစ်ရွက်ခြောက် ကဲ့သို့ ပေါက်လွှတ်တလကြမ်း ပရမ်းပတာ ဖရိုဖရဲ အမြဲ သံသရာကြီးထဲ၌ ကြဲ၍ကျရခြင်းကို ခေါ်သည်။

ဒုစရိတဘေး ခေါ်ခြင်းကား ဘဝကြီးငယ် အသွယ်သွယ်တို့၌ အသက်မွေးမှု လင်သား, မယားကျွေးမှုအတွက် ဒုစရိုက် ၁၀-ပါး တရားတို့နှင့် ကြံစည်လုပ်ကိုင်နေထိုင်ရခြင်းကို ခေါ်သည်။

အပါယဘေးခေါ်ခြင်းကား သောတာပန်မဖြစ်သမျှအပါယ်က လွတ်မည်မဟုတ်၊ လောကီကုသိုလ်၊ ဒါန, သီလ, သမထ, ဘာဝနာ တရားတို့ကိုဘယ်လိုပင်ဆည်းပူးအားထုတ်သော်လည်း ၎င်းကုသိုလ် အတိုင်း လူ့ပြည်နတ်ပြည်ကိုသေလျှင် ကေန်ရောက်မည်ဟုမဆိုနိုင်၊ စိတ်မချရ မလိုလဲလိုလဲ ပြုကျင့်၍ နေရသော ကုသိုလ်မျိုး ဖြစ်၍ ကံကောင်းထောက်ပံ့ပါမှ လူ့ပြည်,နတ်ပြည် ကံချော်လျှင်အပါယ် ၄-ပါးသို့ ကျရောက်တတ်သည်။ အကယ်၍ လူ,နတ် ချမ်းသာကို ရပါသော်လည်း အမြဲတမ်း ရမည်မဟုတ်၊ နောက်ထပ် အသစ် တဖန်ထပ်၍ ဆည်းပူးရခြင်း တဘဝချမ်းချမ်းသာသာ နေဘို့ရာကို တဘဝလုံး ကုသိုလ်ကောင်းမှုပြုကျင့်မှ တဘဝတနပ်စာကို ရသော ကုသိုလ်မျိုး အနိယတ မမြဲသော ကုသိုလ်မျိုး ဖြစ်၍ အပါယိက ဘေးတည်းဟူသော ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ်, အပါယ် ဘုံကျရောက်ရန် ဘေးအလွန်များခြင်းကို ခေါ်သည်။

အညသတ္ထုဘေးခေါ်ခြင်းကား တဘဝလျှင်အယူတမျိုးကိုးကွယ် ဆည်းကပ်ခြင်း၊ ဘုရားတမျိုးပြောင်းလွဲ၍ သွားရခြင်း၊ အယူမှန်ကို မရခြင်း၊ ဘုရားအမှန်ကို မကိုးကွယ်မိခြင်းကိုခေါ်သည်။

တချို့သတ္တဝါပုဂ္ဂိုလ်သည် တော, တောင်, ရေ, မြေ, သမုဒ္ဒရာ, ခြတောင်,သစ်ပင်,နတ်ကွန်းစင်,ကျွဲ,ဆင်,နေ,လ,နတ်, ဗြဟ္မာစသည် တို့ကို ဘုရားပြုလုပ်၍ ကိုးကွယ် ဆည်းကပ်ရခြင်း အယူဝါဒ တရား

ကလည်း မဗ္ဗိမပဋိပဒါ အလယ်အလတ် မယုတ်မလွန် လူတိုင်းကျင့်မည်ဆိုလျှင်ကျင့်နိုင် ကြံနိုင်သင့်လျော်သော အတော်တရား မဟုတ် ဒုက္ခဂါမိနိပဋိပဒါနီ၊ ဒုက္ခအားလုံး ကုန်ဆုံး ချုပ်ငြိမ်း တတ်သော အယူဝါဒတရားမဟုတ်၊ လွန်သောတရား လို၍နေသော တရားများ သာတွေ့ရှိရခြင်း ကျင့်ကြံရခြင်း၊အကယ်၍ဗုဒ္ဓမှန်အယူမှန်ကိုတွေ့ရှိပါသော်လည်းမိမိက သရဏဂုံ ကိုးကွယ်ခြင်း၌ အနိယတမမြဲသော သရဏဂုံကိုးကွယ်ခြင်းဖြစ်၍ ယခုဘဝ ဗုဒ္ဓဘာသာရှင်ဂေါတမအယူနောင်ဘဝ မိစ္ဆာဒိဋ္ဌိအယူ ယခုတနှစ် နှစ်နှစ်တလ ၂–လအတွင်း ဗုဒ္ဓဘာသာ ဘုန်းကြီးရဟန်းနက်ဖြန်ခါ ရဟန်း လူထွက် ခရစ်ယံတရားဟောဆရာယနေ့ဗုဒ္ဓဘာသာ လူဆင်းရဲနက်ဖြန်ခါ ချမ်းသာမည်လိုလို ပြောကြတာနှင့် မိစ္ဆာဒိဋ္ဌိခရစ်ယံထဲရောက်ရခြင်း၏ကဲ့သို့ ကိုးကွယ်ခြင်း အမျိုးမျိုး အယူ အမျိုးမျိုးတို့ မှားယွင်းခြင်းသည် သောတာပန်မဖြစ်၍ သက္ကာယဒိဋ္ဌိတရားမသေလို့ဟု မှတ်ပါလေ။

သောတာပန်ဖြစ်မှ မိမိကိုယ်တိုင်က သံဃာအစစ်ဖြစ်၍ သံဃာကိုးကွယ်ခြင်းရှာဘို့ရန်မလို၊ သံသရာထွက်ကြောင်း တရားရှာဘို့ရန်မလို၊ နောက်ဗုဒ္ဓရားများကို တောင့်တရန်မလို၊ အမြဲနိစ္စ နိယတ ဗုဒ္ဓရားစစ်၊ တရားစစ်၊ သံဃာစစ်နှင့် မိမိသွားလိုသော ဘဝကနေ၍ နိဗ္ဗာန်သို့ သွားနိုင်ခြင်းကြောင့် ပဌမနိဗ္ဗာန် သောတာပန်ပုဂ္ဂိုလ်ဟု ခေါ်ခြင်း၊ အပါယ်ဘေး လွတ်သူဟု ခေါ်ခြင်း၊ ဝိနိပါတဘေး၊ အပါယ်ဘေး၊ ဒုစရိတဘေး အညသတ္တုဘေး ဤဘေးကြီး ၄–ပါး တို့မှ လွတ်သူဟု ခေါ်ခြင်း သောတာပန်၌ရသော မဂ်ဖိုလ်နိဗ္ဗာန်ကို ပြလျှင် ကျယ်မည်ဖြစ်၍ မပြလိုက်ပြီ။

အလယ်ပိုင်းသံသရာကို ကျရောက်ရခြင်းဖြစ်သော ဒါန သီလ ကာမာဝစရဘာဝနာ ကာမကုသိုလ် ကာမတဏှာ ကမ္ဘပထတရား ၁၀–ပါးတို့ကို ပြတ်တောက်၍ အလယ်သံသရာမှ ကျွတ်လွတ်ရခြင်းသည် အနာဂါမ်ပုဂ္ဂိုလ်ဖြစ်မှ အနာဂါမိမဂ်, အနာဂါမိဖိုလ် အနာဂါမ်နိဗ္ဗာန်ကိုရသည်၊ အလယ်သံသရာကို ကင်းလွတ်သော နိဗ္ဗာန်ချမ်းသာဖြစ်၍ ကာမဂုဏ်ငါးပါး စံစား ခံစားခြင်း ဒုက္ခ ကင်းလွတ်ငြိမ်း၍ ကာမသုဂတိ ၇–ဘုံ၌ဖြစ်သောလူနတ် ခန္ဓာတို့ကို

မဖြစ်ရသဖြင့် ငြိမ်းအေးသော ဒုတိယနိဗ္ဗာန်၊ ဘုံ ၃၁-ဘုံ၌အောက် သံသရာအပါယ် ၄-ဘုံ၊ အလယ်သံသရာ သုဂတိခုနစ်ဘုံ သံသရာ ၂-သွယ် ပြတ်သွားသောကြောင့် ငြိမ်းအေးသော သုခချမ်းသာ ဒုတိယနိဗ္ဗာန်။ ။ကာမရာဂ ဗျာပါဒအတွက် ပူပန်စရာ မိမိစိတ်၌ မဖြစ် ပါ လာသောကြောင့် ငြိမ်းအေးသော သုခချမ်းသာ ဒုတိယ နိဗ္ဗာန်။ ။အမျိုးမျိုး နိဗ္ဗာန်ချမ်းသာအနာဂါမ် ပုဂ္ဂိုလ်၌ရှိသော်လည်း ကျယ်မည့်စိုး၍ မပြလိုက်ပြီ။

အထက်သံသရာတသွယ်၌ ကျရောက်စေတတ်သော ကသိုဏ်း ၁၀-ပါးစသော ၁၆-ပါးသောကမ္မဋ္ဌာန်းသမထဘာဝနာရူပါဝစရ ကုသိုလ် ၅-ပါး၊ အာကာသာနဉ္စ ဟည်းဟူသော အာရုပ္ပတရား ၄-ပါးတို့မှ ကျွတ်လွတ်သဖြင့် အထက်သံသရာပြတ်၏၊ ရဟန္တာ ပုဂ္ဂိုလ်ဖြစ်ရခြင်းသည် အလုံးစုံသောဒုက္ခတို့မှ ကင်းလွတ်ငြိမ်းရခြင်း တတိယနိဗ္ဗာန်။ ။သံသရာ ၃-သွယ် ကင်းလွတ်ငြိမ်း၍ တတိယ နိဗ္ဗာန်။ ။ကိလေသာ ၃-မျိုး ဝဋ် ၃-မျိုးကင်းလွတ်ငြိမ်းအေးရခြင်း တတိယနိဗ္ဗာန်။ ။ဘေးအတန်တန် ရန်အဖုံဖုံ ငြိမ်းအေးရခြင်း တတိယနိဗ္ဗာန်၊ ခန္ဓာရှိ၍ ကိလေသာ ၁၅၀၀-တို့ ကင်းလွတ် ငြိမ်းအေးခြင်းကို သဉပါဒိသေသ နိဗ္ဗာန်ဟု ခေါ်သည်၊ ၎င်းခန္ဓာ ချုပ်ငြိမ်း၍ သွားလျှင် အနုပါဒိသေသ နိဗ္ဗာန်ဟု ခေါ်သည်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတိအောင် သဉပါဒိသေသ နိဗ္ဗာန်ရသူဟု မှတ်ပါလေ၊ ရဟန္တာဖြစ်၍ ခန္ဓာ ချုပ်ငြိမ်းမှ အနုပါဒိသေသနိဗ္ဗာန်စံဝင်သူဟုမှတ်ပါလေ။

ထို့ကြောင့်သင်္ခါရ ၃-ပါးတရားတို့ကိုမိုက်တုန်းက လုပ်မိသည်၊ လိမ္မာသောအခါ မပြုလုပ်ကြောင်း နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် ကြီး၌....

အဝိဇ္ဇါ ဘိက္ခဝေ အဝိဇ္ဇာဂတော ပုညာဘိ သင်္ခါရမ္ပိ အဘိသင်္ခါရောတိ အပုညာဘိ သင်္ခါရမ္ပိ အဘိသင်္ခါရောတိ၊ အာနေဉ္ဇာဘိ သင်္ခါရမ္ပိ အဘိသင်္ခါရောတိ၊ ယတော စ ခေါ ဘိက္ခဝေ ဘိက္ခုနော အဝိဇ္ဇာ ပဟီနာ၊ ဝိဇ္ဇာဥပ္ပန္နာ၊ အဝိဇ္ဇာ

ဝိရာဂါ ဝိဇ္ဇာ ဥပ္ပါဒါ နေဝ ပုညာဘိသင်္ခါရံ ကရောတိ၊
နပုညာဘိသင်္ခါရံ နအာနေဉ္ဇာဘိ သင်္ခါရံ ကရောတိ။

ဘိက္ခဝေ၊ သံသရာရေး အပါယ်ဘေးကို မြော်တွေး တတ်ကုန်သောငါ၏ချစ်သား ချစ်သွီးတို့။ အဝိဇ္ဇါ၊ အလိမ္မာ ဉာဏ်ပညာ မရှိသော။ အဝိဇ္ဇာဝဂတော၊ တွေဝေ မိုက်မဲ အမြင်နဲသော သူသည်။ ပုညာဘိသင်္ခါရမ္ဘိ၊ဒါန,သီလ,ဘာဝနာစသောပုညကြိယာ ၁၀-ပါး ကာမကုသိုလ်စိတ်ရှစ်ခု၊ရူပကုသိုလ်စိတ် ၅-ခုကို။အဘိသင်္ခါရောတိ၊ ပြုမိ မှားတတ်လေတော့၏။ အပုညာဘိသင်္ခါရမ္ဘိ၊ ပါဏာတိပါတ စသော ဒုစရိုက် ၁၀-ပါး၊ အကုသိုလ်စိတ် ၁၂-ခုကိုလည်း။ အဘိသင်္ခါရောတိ၊ ပြုမိမှားတတ်လေတော့၏။ အာနေဉ္ဇာဘိ သင်္ခါရမ္ဘိ၊ အာရုပ္ပတရားလေးပါး၊ အရူပကုသိုလ်စိတ်လေးပါးကိုလည်း။ အဘိသင်္ခါရောတိ၊ ပြုမိမှားတတ်လေတော့၏။ ဘိက္ခဝေ၊ ချစ်သား,ချစ်သွီးတို့။ ယတော စ၊ အကြင်ကြောင့်လည်း။ခေါ၊ မုချကေန် အမှန်အားဖြင့်။ဘိက္ခုနော၊ သံသရာရေးတွေး၍ ကြောက်တတ်သော ချစ်သား ချစ်သွီးအပေါင်းအား။ အဝိဇ္ဇာ၊ တွေဝေမိုက်မဲ အမြင်နည်းသော အဝိဇ္ဇာတရားယုတ်ကို။ ပဟီနာ၊ ပယ်စွန့်အပ်လေပြီ။ ဝိဇ္ဇာ၊ အသိ အလိမ္မာဉာဏ်ပညာသည်။ ဥပ္ပန္နာ၊ ဖြစ်ပေါ်လာရတော့ပြီ။ အဝိဇ္ဇာ ဝိရာဂါ၊ သံသရာထွက်ကြောင်း တရား၌ မသိ မလိမ္မာသည့် အဝိဇ္ဇာ ကင်းပြတ်ခြင်းကြောင့်။ဝိဇ္ဇာဥပ္ပါဒါ၊ သံသရာထွက်ကြောင်းတရား၌ အသိ အလိမ္မာ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ် လာခြင်းကြောင့်။ ပုညာဘိသင်္ခါရံ၊ ဒါန,သီလစသော ပုညကြိယာဆယ်ပါး ကာမကုသိုလ်စိတ် ရှစ်ခု ရူပကုသိုလ်စိတ် ၅-ခုကို။ နကရောတိ၊ ဘယ်တော့မှ မပြုတော့လေပြီ။ အပုညာဘိ သင်္ခါရံ၊ ဒုစရိုက်ဆယ်ပါး အကုသိုလ်စိတ် ၁၂-ခုကို၊ နကရောတိ၊ဘယ်တော့မှ မပြုတော့လေပြီ။အာနေဉ္ဇာဘိ သင်္ခါရံ၊ အာရုပ္ပတရားလေးပါး အရူပကုသိုလ်စိတ် ၄-ခုကို။ နကရောတိ။ ဘယ်တော့မှ မပြုတော့ပြီ။

ထို့ကြောင့် ကမ္ဘဝင်္ဂ တည်းဟူသော သင်္ခါရ ၃-ပါးကံ၊ ဘဝ ကုသိုလ် အကုသိုလ် တရားတို့ကို ကိလေသာဝဋ် တည်းဟူသော **အဝိဇ္ဇာ**တဏှာ ဉပါဒါန်သုံးပါးတို့ ရှိသည်အတွက် ပြုမိမှားခြင်း

ဖြစ်သည်။ ၎င်းကိလေသာဝဋ် ၃-ပါးကင်းပြတ်ဘို့ရာကိုသာအရေးကြီးသည်။ လောကီ ကုသိုလ် အကုသိုလ်ကို ပြုကျင့်ရာ၌ အပြစ်တင်စရာမရှိဖြစ်သည်။ လောကီကုသိုလ် အကုသိုလ် တရားတို့ကို ဘယ်လိုပင်ပြုကျင့်သော်လည်း ကိလေသာဝဋ် ၃-ပါး ဦးစီး၍ မပြုက သံသရာမှာ မကျင်လည်ဟု မှတ်ပါလေ။ ။ဒိဋ္ဌိ ဦးစီးဦးကိုင် မရှိက ဒုစရိုက်တရားဘယ်လိုပင်ပြုသော်လည်းအပါယ်မကျဟု မှတ်ပါလေ၊ ကာမတဏှာဦးစီးဦးကိုင်မရှိက ဘယ်လိုပင်ဒါန,သီလ,ကာမာဝစရဘာဝနာပွားများသော်လည်း လုပ်သော်လည်း ကာမသုဂတိ ၇-ဘုံ၌မဖြစ်ဟု မှတ်ပါလေ။ ။ရူပါဝစရ၊ အရူပါဝစရ တဏှာ ဘဝတဏှာ ဦးစီး ဦးကိုင် မရှိက ဘယ်လိုပင် ရူပကုသိုလ် ငါးပါး၊ အာနေဉ္ဇာဘိကုသိုလ် အာရုပ္ပတရား လေးပါးတို့ကို ပွားများသော်လည်း ဗြဟ္မာ ၂၀-၌ မဖြစ်ပြီဟု မှတ်ပါလေ။

ပုဂ္ဂလာဓိဋ္ဌာန်ကြောင်း၌ စပါးဖျာတွင် စားသောကြက်ကို ထင်းစနှင့် သောတာပန်မငယ် ပစ်သတ်ခြင်း၊ သောတာပန် သာမဏေကလေးက ရဟန္တာကြီးကို ဆဲရေးတိုင်းထွာခြင်းတို့၌ ဒိဋ္ဌိဦးစီးမရှိ၍ အပြစ်မဖြစ်၊ အပါယ်မကျဟု မှတ်ပါလေ။ ။ရဟန္တာ ကိုယ်တော်မြတ်ကြီးများတောင် ဒုက္ကဋ်ပါစိတ်အာပတ်များသင့်သေးသည်။ ဒိဋ္ဌိဦးစီး၍ ဖြစ်ခြင်းမဟုတ်ဟု မှတ်ပါလေ။

အနာဂါမ်ပုဂ္ဂိုလ်များသည် ရတနာသုံးပါး အတွက် ကျောင်း,ကန်,ဇရပ်ဆောက်လုပ်ခြင်း၊ တရားဟောခြင်း၊ တရားနာခြင်း၊သီလဆောက်တည်ခြင်းစသော ကာမကုသိုလ်တို့ကို ပြုလုပ် သော်လည်း ကာမတဏှာဦးစီးဦးကိုင်မရှိ၍ ကာမသုဂတိ ၇-ဘုံမှာ မဖြစ်ဟု မှတ်ပါလေ။ ရဟန္တာအရှင်မြတ်တို့မှာ ဈာန် အဘိညာဏ် တရားနှင့် ဘယ်လိုပင်နေနေ တရားဟောခြင်း ကာမကုသိုလ် ဘယ်လိုပင်ပြုပြု အာပါတ်ငယ်တို့ ဘယ်လိုပင် သင့်သင့် ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ၊ မာန၊ ဒိဋ္ဌိ၊ အဝိဇ္ဇာ၊ ဥပါဒါန်တရားတို့ ဦးစီးဦးကိုင်မရှိ၍ ဘုံ ၃-ပါး၌ ပဋိသန္ဓေ အသစ်မဖြစ်ဟု မှတ်ပါလေ။ ။ထို့ကြောင့် ကိလေသဝဋ်ကိုသာ ဖြတ်ဘို့ အရေးကြီးသည်။ ကမ္မဝဋ်ဝိပါကဝဋ်ကိုဖြတ်ဘို့ရန်မလိုဟု မှတ်ပါလေ။ ။ဤယခုပြလိုက်သော

အရာ၌ အလွန်နက်နဲသိမ်မွေ့၍ အယူအဆ မှားယွင်း တတ်သည်။ စဉ်းစဉ်းစားစား, တိုင်းတိုင်းထွာထွာ,မြော်မြော်မြင်မြင် ဉာဏ်အရာ ကျမ်းရေးသူ၏- ဉာဏ်လောက်ကြီးမှ ယူတတ်မည်၊ အယူ မှန်မည်၊ ဉာဏ်သေးလျှင် မှားတတ်သည်၊ သမ္ပတ္တိသစ္စာနှင့် ပရမတ္ထ သစ္စာ မညီညွတ်က တဘက်ဘက်ကိုလဲ၍ ၄က်အယူ ထဲကိုလဲ ရောက် တတ်သည်။

**မဂ်လေးပါးသံယောဇဉ် ၁၀-ပါးပယ်ပုံသုတ္တန်နည်း**

သောတာပန်ပုဂ္ဂိုလ်သည်ဒိဋ္ဌိသံယောဇဉ်၊ဝိစိကိစ္ဆာသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်ဂုင်းသုံးပါးကို ပယ်သတ်နိုင်သည်။ သကဒါဂါမ်ပုဂ္ဂိုလ်မှာ သောတာပန်နှင့်မထူးပြီ၊ အနာဂါမ်မှာ ကာမရာဂ သံယောဇဉ်၊ ပဋိဃသံယောဇဉ်၊ မစ္ဆရိယ ကုက္ကုစ္စ ၄-ပါးကို ပယ်သတ်နိုင်၏။ ရဟန္တာဖြစ်မှ ရူပရာဂ အရူပရာဂ သံယောဇဉ်၊ မာနသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ် ၃-ပါးကို ပယ်သတ်နိုင်၍ သံယောဇဉ် ၁၀-ပါးပြတ်သည်ဟုမှတ်လေ။

**နီဝရဏ ၆-ပါး ၇-ပါးကို မဂ်လေးပါးနှင့် သတ်နည်း**

သောတာပန်ပုဂ္ဂိုလ် ဝိစိကိစ္ဆာ၊ ကုက္ကုစ္စ နီဝရဏ နှစ်ပါးကို ပယ်သတ်နိုင်၏၊ သကဒါဂါမ်မှာ သောတာပန်နှင့် မထူးပြီ၊ အနာဂါမ်မှာ ကာမစ္ဆန္ဒ၊ ဗျာပါဒနီဝရဏ နှစ်ပါးကိုတက်၍ သတ်နိုင်၏၊ ရဟန္တာပုဂ္ဂိုလ်မှာ ဥဒ္ဓစ္စ၊ ထိနမိဒ္ဓ၊ အဝိဇ္ဇာ နီဝရဏ သုံးပါးကို တက်၍သတ်နိုင်ခြင်းကြောင့်နီဝရဏ ၆-ပါး၊၇-ပါးတမျိုး၊ ၆-ပါး၊ ၇-ပါး တမျိုးတို့ကို ပယ်သတ်နိုင်၏။

**အဘိဓမ္မာနည်းသံယောဇဉ် ၁၀-ပါးပယ်ပုံ**

သောတာပတ္တိမဂ် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသ သံယောဇဉ် ၃-ပါး ပယ်သည်၊ သကဒါဂါမ်မှာ ပယ်ရန်မရှိ၊ အနာဂါမ်မှာ ကာမရာဂ၊ ပဋိဃ၊ ဣဿာ၊ မစ္ဆရိယ သံယောဇဉ် ၄-ပါးပယ်သည်၊ ရဟန္တာမှာ မာန, ဘဝ, အဝိဇ္ဇာ ၃-ပါးထပ်၍ ပယ်သည်။

## အနုသယ ၇-ပါးပယ်နည်း

သောတာပန်ဒိဋ္ဌိ ဝိစိကိစ္ဆာ ၂-ပါးပယ်သည်၊ သကဒါဂါမ်မှာ မထူးပြီ၊ အနာဂါမ်မှာ ကာမရာဂ၊ ပဋိဃ ၂-ပါး ပယ်သည်။ ရဟန္တာဘဝရာဂ၊ မာန၊ အဝိဇ္ဇာ ၃-ပါးပယ်သတ်သည်။

## မဂ်လေးပါးနှင့်အာသဝေါတရားလေးပါးပယ်ပုံ

သောတာပန်ပုဂ္ဂိုလ် ဒိဋ္ဌာသဝကိုပယ်သည်၊ သကဒါဂါမ်မှာ သောတာပန်နှင့်အတူတူ၊ အနာဂါမ်မှာ ကာမာသဝကိုပယ်သည်၊ ရဟန္တာမှာ ဘဝါသဝ, အဝိဇ္ဇာသဝ ၂-ပါးကို တက်၍ ပယ်နိုင်ခြင်းကြောင့် အာသဝေါ ၄-ပါး ကုန်ခန်း၏ဟုမှတ်ပါလေ။

## မဂ် ၄-ပါးနှင့် ကိလေသာ ၁၀-ပါးပယ်ပုံ

သောတာပန်ပုဂ္ဂိုလ် ဒိဋ္ဌိ၊ဝိစိကိစ္ဆာကိလေသာ ၂-ပါးပယ်သတ်နိုင်သည်၊ သောတာပန်နှင့် သကဒါဂါမ်မှာမထူးပြီ၊ အနာဂါမ်မှာ ဒေါသကိလေသာ၊ အဟိရိက၊ အနောတ္တပ္ပ ကိလေသာကို ပယ်နိုင်သည်၊ရဟန္တာဖြစ်မှ မာန၊ လောဘ၊ ထိန၊ မောဟ၊ဥဒ္ဓစ္စ ကိလေသာ ၅-ပါးကိုပယ်သတ်နိုင်၍ကိလေသာ ၁၀-ပါးငြိမ်းခြင်းသို့ရောက်၏။

သံယောဇဉ် ၁၀-ပါး၌လည်းအဝိဇ္ဇာ သံယောဇဉ်ကိုရဟန္တာမှ ပယ်သတ်နိုင်သည်။ နီဝရဏ ၆-ပါး၌လည်း အဝိဇ္ဇာနီဝရဏကို ရဟန္တာကျမှပယ်နိုင်သည်။ ကိလေသာ ၁၀-ပါး၌လည်း အဝိဇ္ဇာ ကိလေသာကိုရဟန္တာကျမှ ပယ်သတ်နိုင်သည်၊အာသဝေါ ၄-ပါး၌လည်း အဝိဇ္ဇာသဝကို ရဟန္တာကျမှ ပယ်သတ်နိုင်သည်၊ အနုသယ ၇-ပါး၌လည်း အဝိဇ္ဇာနုသယကို ရဟန္တာကျမှ ပယ်သတ်နိုင်သည်။ ဤကဲ့သို့ အဝိဇ္ဇာ တရားကို ရဟန္တာကျမှ ပယ်သတ် နိုင်သည်ဟု ဆိုပါလျက်သောတာပန်ပုဂ္ဂိုလ်သည် သစ္စာ ၄-ပါးကိုမသိဘူးလား သိသလား မေးလျှင် သိကြောင်းကို ပြောပြရလိမ့်မည်၊ သစ္စာ လေးပါးကိုသိလျှင် အဝိဇ္ဇာတရားကိုမပယ်သတ်ဘဲလျက် သိပါမည် နည်းဟု မေးမြန်းလျှင်လည်းအဝိဇ္ဇာကိုပယ်သတ်၍ သစ္စာ ၄-ပါးကို သိပါသည်ဟု ဖြေရပေလိမ့်မည်။

အထက်စကား၌ ရဟန္တာကျမှ အဝိဇ္ဇာကို ပယ်သတ်နိုင်သည်၊ ယခုစကားအရမှာ သောတာပန်က အဝိဇ္ဇာကို ပယ်သတ်နိုင်သည်။ ဤစကား ၂-ရပ်၌ စဉ်းစားတို့ အလွန်ခက်သည်။ ၂-ပါးလုံးပင် ဗုဒ္ဓဟောာ ဖြစ်ပါလျက် ဘယ်အတွက် ကွဲလွဲပါသနည်း ဆိုလျှင် အလွန်အဖြေအရှင်းခက်သဖြင့် တရားကပ်၍နေတတ်သည်။

အဖြေ

အဝိဇ္ဇာတရားသည် ၃-မျိုးရှိ၏၊ သစ္စာဉာဏ်ကို ဖုံးကွယ်ထားသောအဝိဇ္ဇာ ၁၊ ကိစ္စဉာဏ်ကိုဖုံးကွယ်ထားသောအဝိဇ္ဇာ ၁၊ ကတဉာဏ်ကိုဖုံးကွယ်ထားသောအဝိဇ္ဇာ ၁-ဟူ၍ ၃-မျိုးရသည့် အနက် သစ္စာ ၄-ပါး သစ္စာဉာဏ်ကို မသိအောင် ဖုံးကွယ် ထားသော အဝိဇ္ဇာကိုသာ အကြွင်းမရှိပယ်သတ်နိုင်သည်၊ ကျန်အဝိဇ္ဇာ ၂-ပါးသည် သကဒါဂါမ်, အနာဂါမ်ရဟန္တာကျမှ ပယ်သတ် နိုင်သည်။

စိတ်,စေတသိက်တို့နှင့် သောတာပန် ပယ်သတ်ပုံကို ပြခြင်း

လောဘမူစိတ် ၈-ခု၊ ဒေါသမူစိတ် ၂-ခု၊ မောဟမူစိတ် ၂-ခု၊ အကုသိုလ်စိတ် ၁၂-ခုရှိသည့် အနက် သောတာပန် ပုဂ္ဂိုလ်သည် လောဘမူ၌ ဒိဋ္ဌိနှင့်ယှဉ်သောစိတ် ၄-ခုနှင့် မောဟမူ၌ ရှိသော ဝိစိကိစ္ဆာစိတ် ၁-ခု၊ ပေါင်း ၅-ခုကို ပယ်နိုင်သည်၊ ဒေါသမူစိတ် ၂-ခုနှင့် လောဘမူ၌ ဒိဋ္ဌိနှင့်မယှဉ်သောစိတ် ၄-ခု၊ မောဟမူစိတ် ၁-ခုအားဖြင့် အကုသိုလ်စိတ် ၇-ခု ကျန်သေး ကြောင်းကို အဘိဓမ္မတ္ထသင်္ဂြိုဟ်ကို သင်ကြားကြသော လူရှင် ရဟန်းတိုင်းပင် သိကြပါ၏၊ တရားကိုယ်အားဖြင့် ဘယ်ဒုစရိုက်ကိုပယ်သည်ဟု မသိကြ၍ ငြင်းခုံခြင်းပြုကြသည်၊ ဒုစရိုက်တရားကိုယ်ကို ထုတ်ပြလိုက်ပါဦးအံ့။

ပါဏာတိပါတ သူ၏ အသက်ကို သတ်ခြင်း၌ ဒေါသ,လား၊ လောဘ,လား၊ မောဟလား ဉာဏ်နှင့် တွက်၍ကြည့် ဒေါသ သက်သက်နှင့်ဖြစ်သောကံကို မပယ်နိုင်၊ လောဘနှင့် ယှဉ်၍ ဖြစ်သော တံငါမုဆိုး အလုပ်များကိုသာ သောတာပန် ပယ်နိုင်သည်၊ ဘယ်

အတွက်လဲဆိုလျှင်ဒိဋ္ဌိစိတ် စေတသိက်သည် လောဘဒ္ဒသာရှိသည်၊ ဒေါသ-မောဟမှာ မရှိ၍ဖြစ်သည်။

အဝိန္ဒာဒါန် သူတပါး၏ ဥစ္စာ ခိုးယူခြင်း၌ လောဘဖြစ်၍ သောတာပန်ပုဂ္ဂိုလ်မခိုးယူ။ ။သို့သော်လည်း ဒိဋ္ဌိနှင့် မယှဉ်သော ဝိပ္ပယုတ်စိတ် ၄-ခုက ရှိသေးသဖြင့် ခိုးယူသေး၏။

ကာမေသုမိစ္ဆာစာရကံ သူတပါးသားမယားကိုကျူးလွန်ခြင်း၌ လောဘဖြစ်၍ပယ်၏။ ။သို့သော်လည်း ကာမေသု ကာမပိုင်ရှိခြင်း ကိုသာပယ်နိုင်သည်၊ မိစ္ဆာစာရ အုပ်ထိန်းခြင်း ၂၄-ပါး မကောင်း သောကံများကို ဝိပ္ပယုတ်ဖြစ်၍ မပယ်နိုင်။

မုသား၌ လိမ်လည် ကောက်ကျစ်၍ အသက်မွေးမှု ပိုက်ဆံ ကြေးငွေရမှုကို မပြုပယ်၏။ ။ဒေါသ၌ယှဉ်သော မုသား များကို မပယ်နိုင်ဟုမှတ်ပါလေ၊ "မပြောချင်၍မသိ မပေးချင်လို့မရှိ" ပြော သေး၏၊ ဒိဋ္ဌိနှင့်မယှဉ် ဝိပ္ပယုတ်ဖြစ်၏။

ဖရုသဝါစာ ကြမ်းတမ်းစွာဆဲရေးခြင်း၌ ဒေါသဖြစ်၍ ပယ်နိုင်၊ ပိသုဏ-ကုန်းချောခြင်း ဒေါသ ဖြစ်၍ မပယ်နိုင်၊ သမ္ဖပ္ပလာပ၌ လောဘမှု ဝိပ္ပယုတ်ဖြစ်၍မပယ်နိုင်၊ အဘိဇ္ဈာ-သူတပါး စည်းစိမ်ကို မိမိစည်းစိမ်ဖြစ်လိုမှု၌ လောဘမှုဝိပ္ပယုတ်ဖြစ်၍ မပယ်နိုင်၊ ဗျာပါဒ ရန်ငြိုးဖွဲ့ခြင်း၌ ဒေါသမှုဖြစ်၍မပယ်နိုင်၊ မိစ္ဆာဒိဋ္ဌိအယူကိုပယ်သတ် နိုင်၏။

ထို့ကြောင့်"သက်သတ်ခိုးမှု၊ ကာမေသုနှင့်၊ မုသားမိစ္ဆာ၊ကင်း ပြတ်ကွာ၊ မှတ်ပါ သောတာပန်"ဟု ကဗျာ သံပေါက် စပ်ဆိုပေ သည်။ ။"သကဒါဂါမိ၊ ပယ်သတ်ဟန်၊ ကျန်းဂန်မပြည့်နှန်း" ဟု ဆိုသည်။ ။"ဖရုသ ပိသုဏ၊ ဗျာပါဒ၊ ပြတ်ကအနာဂါမ်"ဟု ဆို ပေသည်။ ။သမ္ဖပ္ပလာပ၊အဘိဇ္ဈာ ၂-ပါးကို ရဟန္တာကျမှ ထပ်၍ ပယ်သတ်နိုင်သည်၊ ဒုစရိုက် ၁၀-ပါးကိုပယ်သတ်နိုင်လျှင် ရဟန္တာ ဖြစ်၏ဟုဆိုလျှင် ပုထုဇန်ပုဂ္ဂိုလ်များသည် ဒုစရိုက် လုံးကြပါလျက် ဘယ်အတွက်အရိယာမဖြစ်သနည်းဟု မေးစရာရှိ၏။ ။ပုထုဇန်တို့ ဒုစရိုက်လုံမှုက ပယ်မှု, သတ်မှုမဟုတ် ခွါထားမှု, ရှောင်ထားမှုသာ ဖြစ်သည်၊ အမြစ်ပြတ်ပယ်သတ်ခြင်းမဟုတ်ဟု မှတ်ပါလေ။

## ပုထုဇန်နှင့်အရိယာတို့ဒုစရိုက်ပယ်ပုံကို ခွဲခြား၍ပြခဏ်း

အလုံးစုံသောသတ္တဝါတို့၌ အကျဉ်းအားဖြင့်ကိလေသာ ၃-မျိုး ရှိ၏။ဎင်းကိလေသာ ၃-မျိုးသေမှ နိဗ္ဗာန်ကိုရကြသည်။ ကိလေသာ ၃-မျိုးဟူသည်ကား ဝီတိက္ကမကိလေသာ၊ ပရိယုဋ္ဌာန ကိလေသာ၊ အနုသယကိလေသာဟု ၃-မျိုးရှိ၏။

ဝီတိက္ကမ ကိလေသာ ဆိုခြင်းကား - ကိုယ်နှုတ် နှစ်ပါးနှင့် မကောင်းမှုကံကိုကျူးလွန်ခြင်း၊ပရိယုဋ္ဌာန ကိလေသာဆိုခြင်းကား မနောစိတ်ဖြင့် မကောင်းမှုဟူသမျှကို ကျူးလွန်ခြင်း၊ အနုယသ ကိလေသာခေါ်ခြင်းကား- အနန္တဘဝအဆက်ဆက်တို့ကအာသေ ဝနပစ္စည်းပြု၍ အမျိုး မပျက်ဘဲ ပါလာသော မြုံ၍ နေသော ကိလေသာကို ခေါ်သည်၊ ။ထို့ကြောင့် "လွန်ကျူး ဆူပွက်၊ မျိုးမပျက်၊ ၃-ချက်ကိလေသာ"ဟုစပ်ဆိုလေသည်။

သီလတရားသည် ဝီတိက္ကမကိလေသာ ကိုယ်နှုတ် နှစ်ပါးဖြင့် ကျူးလွန်ခြင်းကို သတ်နိုင်သည်။ ။သမထ သမာဓိ တရားသည် ပရိယုဋ္ဌာန ကိလေသာမနောထဲ၌ ဆူပွက်၍ထနေသော ကိလေ သာကို သတ်နိုင်သည်၊ ဝိပဿနာ ပညာတရားသည် အနုသယ ကိလေသာအမျိုးမပျက် မြုံ၍နေခြင်းကို အမြစ်ပြတ်သတ်နိုင်သည်။ ထို့ကြောင့်"သီလသမာ၊ ဓိပညာ၊ သတ်ရာ ၃-သိက္ခာ"ဟု စပ်ဆို ပေသည်။

သီလတရားကိုကျင့်က တဘဝ တနပ်စာမျှသာအကျိုးရောက်၏၊ သမထ ၄၀-သမာဓိတရားကျင့်ကပြဟ္မာပြည်၊ လူ့ပြည်၊ နတ်ပြည်၊ နှစ်ဘဝနှစ်နပ်စာ အကျိုးပြီးမြောက်၏၊ အပါယ်ကျ မငြိမ်းသေး။ ။ ဝိပဿနာ ပညာတရားကိုကျင့်က ကိလေသာအမြစ်ပြတ်၍ နောင် ကျင့်လမ်းခွင်ကို ဝင်စရာမရှိဖြစ်သည်။ ။ထို့ကြောင့် ပြညာအစ၊ သီလအလယ်- သမာဓိအဆုံးကို မြတ်စွာဗုဒ္ဓ ဓမ္မစကြာ တရား တော်၌ ဟောတော်မူသည်။

ဝိပဿနာပညာတရားကိုကျင့်ကဒုစရိုက် ၁၀-ပါး အမြစ်ပြတ်၍ အနုသယကိလေသာသေလေတော့၏၊ အနုသယကိလေသာ အမြစ်

ပြတ်လျှင် ဝိတိက္ကမ၊ ပရိယုဋ္ဌာန ကိလေသာတို့ပြတ်ရလေတော့၏၊ ဒုစရိုက်ငြိမ်းချင်၍ သီလ စောင့်သော်လည်း မနောဒွာ ဖြစ်သော ဒုစရိုက်ကိုမနိုင်ဟုမှတ်ပါလေ၊ ဒုစရိုက်ကိုငြိမ်းစေလို၍ သမထ ၄၀-ဘာဝနာ သမာဓိလမ်းကိုလုပ်သော်လည်းအနုသယ အမျိုးမပျက်တဲ့ ဒုစရိုက်ကို မနိုင်ဟု မှတ်ပါလေ၊ ထို့ကြောင့် "ပညာလျှင် အရင်း အမြစ် ပညာလျှင် ဦးစီးဦးကိုင် ပညာရှေ့သွားပညာလျှင်နိဗ္ဗာန်ရ၏၊ ပညာလျှင် ကျော်စော၏၊ ပညာလျှင် ဘုန်းကြီး၏၊ ပညာလျှင်ဗုရား ရဟန္တာပစ္စေကဗုဒ္ဓါ ဆရာသမားဖြစ်၏" ဟုမှတ်ပါလေ။

ပညာအရင်းအမြစ်ကျမှန်းမသိသေးသော လူရှင်ရဟန်းတို့သည် ဒါနအရင်းအမြစ်ပြောလိုပြော၊ သမာဓိအရင်းအမြစ်ပြောလိုပြော၊ ရမ်းပြော မှန်းပြော ဆရာတွေကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မရောက်နိုင်၊ မသိနိုင်ကြသည်ဟုမှတ်ပါလေ၊ သမ္မာဒိဋ္ဌိဉာဏ်ရှေ့ပြေး ပညာမရှိလျှင် မဂ်တရား၊ ဖိုလ်တရားကို မဆိုထားဘိ အိမ်တခု ဖြစ်အောင် ဆောက်လုပ်နိုင်မည်မဟုတ်၊ ခတ်တက် ခုတ်လုပ်သော သူကဲ့သို့ ခတ်တက်မဖြစ်၊ လှော်တက်လည်းမဖြစ်၊ ယောက်မလည်း မဖြစ်၍ လွှင့်ပစ်လိုက်သော် ဝီကနဲ မြည်သွားသောကြောင့် ဘာမျှ မဖြစ်၊ ဝီဖြစ်သည် ဆိုသကဲ့သို့ ရှိတတ်ချေသည်၊ စဉ်းစဉ်းစားစား ပြုကြလေကုန်။

## ဥပမာချိန်ကြည့်ရန်

၅-ပါးသီလ ရှိသူတယောက်၊ ရှစ်ပါးသီလမြဲသူ တယောက်၊ ၁၀-ပါးသီလထိန်းသူတယောက်၊ ၂၂၇-ပါးထိန်းသူတယောက်၊ ဘာသီလမှမရှိသူ တံငါမုဆိုး လုပ်စားသူတယောက် ဤလူစုတို့သည် ဝိပဿနာပညာကို ကျင့်ကြံလိုက်ကြပါလျှင် အလျင်အမြန်ဝိပဿနာ လမ်းပေါက်သူက မဂ်ဖိုလ်နိဗ္ဗာန်ကို အရင်ရမည်၊ သီလရှိသည် မရှိသည်နှင့် မဆိုင်၊ တံငါမုဆိုး လုပ်သူက အရင် သက္ကာယဒိဋ္ဌိ တရားသေလျှင် သီလ ၂၂၇-ပါးရှိသူက နောက်ကျ၍ နေသည်ဟု မှတ်ပါလေ၊ ၂၂၇-ပါးထိန်းသူက ဝိပဿနာတရားကို မလုပ်လျှင် သာ၍ဆိုးသည်၊ ဝိပဿနာလုပ်သူ တံငါ မုဆိုးလောက်မှ ခရီး မရောက် မဂ်ဖိုလ်မပေါက်ဟုမှတ်ပါလေ၊ သီလများများ ထိန်းရ

ခြင်းကားလောက၌ သီလ အထိန်းနဲ့သောသူတို့အပေါ်မှာကျော၍ တင်စီး၍ စားသောက် နေထိုင်ရတာတခုဘဲသာသည်။ မဂ်လမ်း, ဖိုလ်လမ်းနှင့် သီလဆရာတို့, သမထ ဆရာတို့မဆိုင်ဟု သေသေ ချာချာ စဉ်းစဉ်း စားစား တွေးတွေးတောတောလုပ်မှ ကြိုကြည့်မှ သိမည်။

## သောတာပန်အစစ် ဖြစ်ပုံဥပမာ

နာရီကို မမြင်ဘူးသော တောတွင်းသား တယောက်သည် မြို့အရပ်သို့ ရောက်သောအခါ ချိုးနာရီကို မြင်သဖြင့် အသက်ရှိ၍ သွားလာမြည်တွန်နေသည်ဟုမှတ်၏၊ နှုတ်ကလည်း အသက်ရှိသည်ဟု ပြော၏၊ တရံရောအခါ မြို့သားနှင့်တွေ့၍ ချိုးနာရီ အသက်မရှိ ကြောင်း ပြောဆိုငြင်းခုံကြရာ မြို့သားက နာရီကို ဖွင့်ပြီးလျှင် စက် သံပတ်တင်း၍ချိန်တုတ်ကိုထိခိုက်သဖြင့် အစဉ်မပြတ် လှုပ်ရှားသွား လာနေသည်ကိုပြ၏၊ သံပတ်ကုန်သော် နာရီရပ်၏၊ ထပ်၍သံပတ် တင်းလိုက် သောအခါ လှုပ်ရှား သွားလာပြန်၏၊ နာရီထိုးချိန် ကျသောအခါ နာရီလိပ်ပြာ ခလုတ်သွား၍ ထိခိုက် သဖြင့် ၎င်း လိပ်ပြာ စက်သည် များစွာ လည်သောအခါ ၁-ချက်၊ ၂-ချက်၊ ၃-ချက်စသည်ဖြင့်ထိုး၏၊ ချိုးလိုလည်းကူ၏ဟု နာရီကိုဖျက်၍ ဖွင့်၍ မြို့သား တောတွင်းသားကို သေသေချာချာ ပြသောအခါ တော တွင်းသားသည် နောက်နောက်က နာရီ၌ အသက်ရှိ၍ သွားလာ နေသည်ဟု စွဲလမ်း မှားယွင်းသော အယူကို တခါတည်း အပြတ် ပယ်စွန့်လိုက်ပြီးလျှင် စက်ကြောင့်သွားသည်၊ စက်ကြောင့် လှုပ်ရှား မြည်တွန်သည်ဟု အစွဲအမြဲ အမှန်အတိုင်းကို ယူလိုက် မှတ်လိုက် လေ၏။

ထို တောတွင်းသားသည် တော၌ ပြန်သွား နေထိုင် သဖြင့် ချိုးနာရီကို မတွေ့မမြင်ရသဖြင့် သတိမရဘဲ ၁၀-နှစ်၊ ၁၅-နှစ်ခန့် မေ့လျော့၍ နေသော်လည်း နောင်သောအခါ မြို့သို့ရောက်လာ၍ ချိုးနာရီကို မြင်လိုက်သည်နှင့် တပြိုင်နက် အထက်ကသိဘူး,မြင်ဘူး, ယုံကြည်ဘူးသည် အတိုင်း ချိုးနာရီ၌ အသက်မရှိ၊ စက်ကြောင့် သွားလာလှုပ်နေ နာရီထိုးကြောင်းကိုတခါတည်းသိလိုက်သတည်း၊

ဘယ်လိုပင် နာရီနှင့်ဝေးကွာနေသော်လည်း နာရီကိုမြင်တိုင်း သတိတရားကအသက်မရှိ စက်သာရှိ၍ သွားလာမြည်တွန်နေကြောင်းကို သိဘိသကဲ့သို့မှတ်ပါလေ။

ဤဥပမာအတိုင်း ပုထုဇဉ်သတ္တဝါတို့သည် မိမိကိုယ်ကို အသက်ရှိ၍ သွားလာ, နေထိုင်, ပြောဆို, မြည်တွန်နေသည် ဘဝဆက်တိုင်း ဆက်တိုင်းစိတ်ကလည်းမှတ်၏၊ နှုတ်ကလည်းပြော၏၊ ဤပုထုဇဉ်နှင့် တောတွင်းသားနာရီကို အသက်ရှိ၏ဟု မှတ်ထင်နေသည်နှင့် တူ၏။ ဤခန္ဓာကြီးသည် အသက်မရှိ၊ စက်နှင့်တူသော စိတ်ဓာတ်ကလေးသည် အကြောင်းသင့်သောအခါ လေဓာတ်နှင့်တကွ ဖြစ်ပေါ်လာပြီးလျှင် တကိုယ်လုံးကိုပျံ့နှံ့စေ၍ လှုပ်ရှားသွားလာ ပြောဆိုနေထိုင်ကြောင်း နှလုံးအိမ်တွင်း၌ မနော‌အကြည် ပေါ်တွင် တဖွားဖွားဖြစ်ပေါ် တဖြုတ်ဖြုတ် ချုပ်၍နေသော စိတ်ဓာတ် ကလေးသည် သွားလို, ပြောလို, ကွေးလို, ဆန့်လိုသော အခါ ၎င်းစိတ်ဓာတ်နှင့် တပါတည်းဖြစ်ပေါ်သော လေဓာတ်က နှလုံးအိမ်ကို ပိတ်၍ထားသော လိပ်ပြာအတောင် ၂–ခုနှင့်တူသော အသားဖတ် ကလေးကို တိုးဝှေ့တိုက်ခိုက်ပြီးလျှင် တကိုယ်လုံးကို စိတ်နှင့်လေနှင့်တကွ ပျံ့နှံ့စေ၍ သွားလာပြောဆို နေထိုင် ကွေးဆန့်ခြင်းကို ပြောပြသော သူတော်ကောင်း ကလျာဏပုထုဇဉ်နှင့် နာရီ အသက်မရှိကြောင်း ဖျက်၍ပြသော မြို့သားနှင့်တူ၏။

အန္ဓပုထုဇဉ် ဉာဏ်မျက်စိမရှိသူကို ဉာဏ်အမြင် သန့်စွမ်းသော ကလျာဏပုထုဇဉ် သူတော်ကောင်းက ရုပ်ဓာတ် နာမ်ဓာတ်သာရှိသည်ဟု ခန္ဓာကိုဖျက်ဆီး၍ ပရမတ်ပေါက်အောင် ပြသဖြင့် အန္ဓပုထုဇဉ်အဖြစ်မှ ကလျာဏအဖြစ်သို့ ရောက်ပြီးလျှင် သောတာပန်ဖြစ်သွား သကဲ့သို့ တောတွင်းသားသည် နာရီကို အသက်ရှိ၏ဟု အမှတ်ပျောက်၍ အသက်မရှိ စက်သာရှိ၏ဟု သိဘိ သကဲ့သို့၎င်း၊ သောတာပန်ပုဂ္ဂိုလ်သည် နေ့တိုင်းနေ့တိုင်း ရုပ်ဓာတ်, နာမ်ဓာတ်ကို မြင်နေသည်မဟုတ် ၁၀–နှစ်၊ ၁၅–နှစ်မေ့၍နေသော်လည်း တွေး၍ ကြည့်သောအခါဖြစ်စေ၊ စကားစပ်မိ၍ ပြောဆိုသောအခါဖြစ်စေ ဤအခါများ၌ မမေ့မလျော့ဘဲ ထင်ကာ ထင်ကာသာ သတိရ

သကဲ့သို့ တောတွင်းသားသည် နာရီနှင့်မတွေ့ဘဲ ၁၀-နှစ်၊ ၁၅-နှစ် ကြာသော်လည်း နောင်နာရီကို တွေ့သောအခါ အသက်မရှိဘိ သကဲ့သို့ငင်း တောတွင်းသားသည် မြို့သားအသိနှင့် ထပ်တူထပ်မျှ သိသကဲ့သို့ အန္တပုထုဇဉ်မှ သောတာပန်ဖြစ်ရခြင်းနှင့်လည်းတူ၏၊ ကလျာဏမှ သောတာပန်အစစ်ဖြစ်သည်နှင့်လည်းတူ၏။

## ပဟာန် ၃-ပါးနှင့်စပ်၍ပြခဏ်း

လောကပါလာရ နတ်မင်းက သူဆင်းရဲ ၃-ယောက်ကို အလွန် သနားသဖြင့်မနောမယ ကျောက်ပတ္တမြားကို တယောက်တလုံးကျ ပေး၏။ တယောက်သောသူမှာ ၁-ရက်မျှသာနေ၏။ တယောက် သောသူမှာ တနှစ်မျှနေ၍ပျောက်သွား၏။ တယောက်သောသူမှာ ဘယ်အခါမျှ မပျောက်ဘဲ ရှိနေလေ၏။ တသက်လုံးမပျောက်ဘဲ ရှိသောသူသည် ၎င်းပတ္တမြားကို အမြဲမပြတ် သွားတိုင်း လာတိုင်း ဆောင်ထားသည်မဟုတ်၊ အလိုရှိသောအခါမှ သေတ္တာကိုဖွင့်၍ ကြည့်၏။

၎င်းဥပမာကဲ့သို့ လောကပါလာရ နတ်မင်းနှင့် သံသရာဘေးမှ လွတ်မြောက်အောင် ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်ဓာတ် တို့ကို သောတာပန်ဖြစ်အောင် ပြောပြသော ဆရာနှင့်တူ၏။ ၎င်းဆရာ စကားကို ကြားနေရသောအခါ ငါ သူတပါး ယောကျ်ား၊ မိန်းမ အထင်အမြင်ပျောက်၍ ဓာတ်၊ နာမ်ကောင်၊ ရုပ်ကောင်ထင်မြင် လိုက်သည်နှင့် မနောမယကျောက်ပတ္တမြားကိုရလိုက်သည်နှင့်တူ၏။ တရက်ကြာမျှ သိပြီးသော် နောက်တွေး၍မရ၊ ငါကောင်၊ မိန်းမ ကောင်၊ ယောကျ်ားကောင် အထင် ပြန်ရောက်သည်နှင့် တဒင် ပဟာန်နှင့်တူ၏၊ တနှစ်အတွင်း တွေး၍ ကြည့်တိုင်း ကြည့်တိုင်း ဓာတ်ကောင်၊ ပရမတ်ကောင်မှန်း သိပြီးမှ ပျောက်ပျက်သွားသော သူနှင့် ဝိက္ခမ္ဘန ပဟာန်နှင့်တူ၏။ ။တသက်လုံး မပျောက်သော သူနှင့် သောတာပန်အစစ်ဖြစ်၍ သမုစ္ဆေဒ ပဟာန်ကို ရသည်နှင့် တူ၏။ ။ပတ္တမြားကို သေတ္တာထဲ၌ထား၍ အလိုရှိမှ တခါတလေ ကြည့်သော ပမာနှင့် သောတာပန်ပုဂ္ဂိုလ်သည် တလစပ်မပြတ်

ရုပ်နာမ်ကောင် ခတ်ကောင် ထင်နေသည်မဟုတ်ဘဲ တခါတလေ အကြောင်း တိုက်ဆိုင်သောအခါ မိမိခန္ဓာကို တွေး၍ကြည့်သဖြင့် ရုပ်နာမ်ကောင်မှန်းသိသည်နှင့်တူ၏။

ပဟာန် ၃-ပါးတပျိုးပြခဏ်း

အဓိသီလာနိ ကဒင်္ဂပဟာနံ ပကာသိတံ ဟောတိ။

အဓိသီလာနိ၊ ၅-ပါး၊ ၈-ပါး၊ ၁၀-ပါးစသော အဓိသီလ တို့သည်။ ကဒင်္ဂပဟာနံ၊ လူ့ပြည် နတ်ပြည်၌ တဘ၀ တနပ်စာ တဒင်္ဂပဟာန်ရခြင်းကို။ပကာသိတံ၊ ထင်ရှားစွာဟောတော်မူသည်။ ဟောတိ၊ ဖြစ်၏။

အဓိစိတ္တာနိ ဝိက္ခမ္ဘနပဟာနံ ပကာသိတံ ဟောတိ။

အဓိစိတ္တာနိ၊ သမထ ၄၀-စသောသမာဓိလမ်း၊ ဥပစာသမာဓိ၊ အပ္ပနာသမာဓိတို့သည်။ဝါ၊ ဈာန်အဘိညာဏ်ကို ရနေသောသမာဓိ ဆရာကြီးတို့သည်။ ဝိက္ခမ္ဘနပဟာနံ၊ ဗြဟ္မာ့ပြည်၊လူ့ပြည်၊ နတ်ပြည် တည်းဟူသောနှစ်ဘ၀ နှစ်နပ်စာရခြင်းကို။ ပကာသိတံ၊ထင်ရှားစွာ ဟောတော်မူသည်။ ဟောတိ၊ ဖြစ်၏။

အဓိပညာယ သမုစ္ဆေဒပဟာနံ ပကာသိတံ ဟောတိ။

အဓိပညာယ၊ဝိပဿနာရုပ်နာမ်ခန္ဓာတို့ကို မမြင်လျှင်မြင်အောင်၊ မသိလျှင်သိအောင်၊ မထင်လျှင်ထင်အောင် သုံးသပ်ဆင်ခြင်သော ဝိပဿနာ အဓိပညာသည်။ သမုစ္ဆေဒပဟာနံ၊ အပါယ်ကိုမကျဘဲ သောတာပန်မှသကဒါဂါမ်၊ သကဒါဂါမ်မှ အနာဂါမ်၊အနာဂါမ်မှ ရဟန္တာတိုင်အောင်မြဲသော ဂုဏ်ရှိသော အရိယာ ဖြစ်ခြင်းကို။ ဝါ၊ သောတာပန်ဖြစ်လျှင် ဝိပဿနာ ဘာဝနာ မလုပ်သော်လည်း ခုနစ်ဘဝတိုင်လျှင်ရဟန္တာအဖြစ်ကို အလကားရနိုင်သောသမုစ္ဆေဒ ပဟာန်ရခြင်းကို။ ပကာသိတံ၊ ထင်ရှားစွာ ဟောတော်မူသည်။ ဟောတိ၊ ဖြစ်၏။

အမြဲကပ်၍နေသောအချက်ကိုပြခဏ်း

မေး။ ။အနာဂါမ်ပုဂ္ဂိုလ်မှန်ကသေလျှင် သုဒ္ဓါဝါသငါးဘုံသို့ ရောက်၏ဟု ဟောတော်မူသည်တချက်၊ မဂ်စိတ်,ဖိုလ်စိတ်သည် ပဋိ

သန္တေစိတ်မဟုတ်သည့်တချက်၊ သုဒ္ဓါဝါသ ငါးဘုံသည် ရူပဘုံ၌ ဖြစ်၍ ၎င်းဘုံ၌ပဋိသန္ဓေနေကြသော သူတို့သည် ရူပကုသိုလ် အဘိညာဏ်ဈာန်စိတ်နှင့်မှ ပဋိသန္ဓေ ယူနိုင်သည် တချက်၊ ဈာနလာဘီ ပုဂ္ဂိုလ် အနာဂါမ်ဖြစ်လျှင် ၎င်းသုဒ္ဓါဝါသ ငါးဘုံသို့ ရောက်နိုင်ပါ၏၊ အဘိညာဏ်ဈာန် ခြောက်သွေ့သော သုက္ခ ဝိပဿက အနာဂါမ်ပုဂ္ဂိုလ်၌ ရူပါဝစရ ကုသိုလ် တည်းဟူသော သမထ သမာဓိ လမ်းကိုမလုပ်သဖြင့် သေလျှင် သုဒ္ဓါဝါသ ငါးဘုံသို့ ရောက်ရန် ကုသိုလ်မရှိ၍ အဘယ်ကဲ့သို့ဖြစ်ပါသနည်း။

အဖြေ။ ။ဈာန်အဘိညာဏ် ရူပါဝစရကုသိုလ် မပြုမလုပ်သော်လည်း အနာဂါမ်ပုဂ္ဂိုလ်ဖြစ်သောအခါ ဒေါသမူဒွေးကို ပယ်သောကြောင့် ကာမတဏှာ, ကာမရာဂ ပြတ်သည်လည်း တကြောင်း သို့အတွက် မေတ္တာဈာန်ကို မပြုမကျင့်ဘဲ အလကား ရနိုင်သောကြောင့်ဟု မှတ်ပါလေ။

### သောတာပန်ပုဂ္ဂိုလ်တို့သဘောကိုပြခဏ်း

စူဠသောတာပန် ခေါ်ခြင်းကား သောတာပန် အငယ်ကို ခေါ်သည်၊ ၎င်းသောတာပန်အငယ်သည် ယခုလူ့ပြည်က သေလွန်သော် နောက်ဘဝနတ်ပြည်ကျလျှင် ပရမတ္ထ သောတာပန်အစစ် ဖြစ်မည်၊ အပါယ်ကိုမကျ သေလျှင် သုဂတိခုနစ်ဘုံမှာ ဧကန်ဖြစ်မည်၊ မိမိ အယူဝါဒမှန်သော ဝိပဿနာတရားကို မည်သူ ဖျက်ဆီး၍မျှ မရ၊ မြတ်စွာဗုဒ္ဓသာသနာမှာ အမြစ်စိုက်မိသူကိုခေါ်သည်၊ ကလျာဏ ပုထုဇဉ်ဆိုသည်နှင့် စူဠသောတာပန်ဆိုသည်မှာ မထူးလှပြီ။

သတ္တက္ခတ္တုပရမ သောတာပန် ခေါ်ခြင်းကား ယခုဘဝ အပြင် ခွေခုနစ်ဘဝအထိ ဝိပဿနာဘာဝနာမလုပ်ဘဲ အလကား ရဟန္တာ ဖြစ်၍ နိဗ္ဗာန်စံဝင်သော ပုဂ္ဂိုလ်ကိုခေါ်သည်။

ကောလံ ကောလသောတာပန် ခေါ်ခြင်းကား နှစ်ဘဝနှင့် ရဟန္တာဖြစ်ခြင်း၊ ၃-ဘဝနှင့်ရဟန္တာဖြစ်ခြင်း၊ ၄-ဘဝနှင့် ရဟန္တာ ဖြစ်ခြင်း၊ ၅-ဘဝနှင့်ရဟန္တာဖြစ်ခြင်း၊ ၆-ဘဝနှင့် ရဟန္တာဖြစ်ခြင်း ကိုခေါ်သည်။ ၎င်းကောလံ ကောလ သောတာပန် ပုဂ္ဂိုလ်သည်

တရားကျင့်ရသော ပုဂ္ဂိုလ်မျိုးကိုခေါ်သည်။အဘယ်ကဲ့သို့ ကျင့်ရသလဲဆိုလျှင် နှစ်ဘဝကနေ၍ နိဗ္ဗာန်ကိုသွားသော ကောလံ ကောလသောတာပန်ပုဂ္ဂိုလ်သည် သည်နှစ်ဘဝ ဝိပဿနာအလုပ်ကို မလုပ်နောက်ဘဝကျမှဝိပဿနာတရားကျင့်သဖြင့်သကဒါဂါမ်အနာဂါမ်ရဟန္တာဖြစ်၍ နိဗ္ဗာန်ကိုကူးသွားသောသူကို ခေါ်သည်။ ၃-ဘဝနှင့်သွားသော သောတာပန် သည်လည်း ၃-ဘဝက ဝိပဿနာအလုပ်ကိုမလုပ်၊ ၄-ဘဝစေ့မှ ဝိပဿနာအလုပ်ကိုလုပ်၍ အထက်မဂ် ၃-ပါးပြီးသောပုဂ္ဂိုလ်ကိုခေါ်သည်။ ၄-ဘဝကနေ၍ နိဗ္ဗာန်ကိုသွားသော ကောလံကောလ သောတာပန် သည်လည်း အထက်ကနည်းအတိုင်း ၄-ဘဝ တရားမကျင့်၊ ၅-ဘဝစေ့မှ ကျင့်သူကို ခေါ်သည်။ ၅-ဘဝ သောတာပန်သည်လည်း ၅-ဘဝ ဝိပဿနာမကျင့်၊ ၆-ဘဝကျမှ ကျင့်သူကိုခေါ်သည်။ ၆-ဘဝ သောတာပန် သည်လည်း ၆-ဘဝ ဝိပဿနာ မကျင့်၊ ၇-ဘဝကျမှ ကျင့်သူကိုခေါ်သည်ဟု မှတ်ပါလေ။

ဧကဗီဇသောတာပန်ပုဂ္ဂိုလ်ခေါ်ခြင်းကား ယခုဘဝ ကာမရာဂအလွန်ထူပြော၍ ဝိပဿနာအလုပ်ကိုမလုပ် ရှေ့ဘဝကျမှမဂ် ၃-ပါးရအောင်ကျင့်သော ပုဂ္ဂိုလ်ကိုခေါ်သည်။

သောတာပန်နှင့် သကဒါဂါမ်မှာ ကာမရာဂ ထူပြောသည်နှင့်ကာမရာဂခေါင်းပါး သည်သာ ကွာကြသည်ဟု မှတ်ပါလေ၊ ပဋိသန္ဓေ ဘဝယူပုံမှာ ၂-ဘဝပဋိသန္ဓေယူရသော ကောလံ ကောလသောတာပန်နှင့် သကဒါဂါမ် အတူတူဖြစ်သည်။ ။ဤသောတာပန်လမ်းနှင့်သွားခြင်းသည် ကာမဂုဏ် လက်မလွှတ်ဘဲ အိမ်ရာတည်ထောင်လျက်အာဂါရိလမ်းနှင့်နိဗ္ဗာန်ကို သွားသောနည်းတည်း။

## ဝိပဿနာဉာဏ်အကြောင်း

သမ္မသနဉာဏ်သည် ရုပ်တရား၊ နာမ်တရား၊ ခန္ဓာတရား အာယတနတရား၊ သစ္စာတရား၊ ပဋိစ္စသမုပ္ပါဒ်တရား၊ ဓာတ်တရားတို့ကိုဆင်ခြင်သုံးသပ်တွေးတော၍ မိမိခန္ဓာပေါ်၌ ဖြစ်ပျက်ပုံကို ရှုကြည့်နေခြင်းကိုခေါ်သည်။

ဎင်းသမ္မသနညာဏ်ရင့်သန်၍ ရုပ်၊ နာမ်၊ ခန္ဓာ၊ ဓာတ်သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်တို့ကိုနာမ်ရုပ်ပိုင်ပိုင်သိခြင်းကိုပင် နာမရူပ ပရိစ္ဆေဒညာဏ်၊ နာမရူပ ပစ္စယပရိဂ္ဂဟညာဏ်၊ နာမရူပဝဝတ္ထာနညာဏ်ဟု ခေါ်သည်။

ဎင်းနာမရူပညာဏ် ၃-ပါးကိုသိ၍ ပုဂ္ဂိုလ်သတ္တဝါ၊ငါ လူတပါး ယောကျ်ား၊ မိန်းမမရှိ၊ ရုပ်ကောင်၊ နာမ်ကောင်၊ ခန္ဓာကောင်သာ ရှိသည်ဟု သမ္မာဒိဋ္ဌိညာဏ်အမြင်သန်၍ သမ္မသနညာဏ်ရင့်သန်သည် အတိုင်း ဓာတ်ကောင်ဘဲလို့ အမြဲမပြတ်ယူလိုက်လျှင် သက္ကာယဒိဋ္ဌိ ကွာ၍ သောတာပန်ဖြစ်ပြီဟု မှတ်ပါလေ။

ဘယ်အတွက်ဆိုလျှင် 'နာမရူပ ဝဝတ္ထာနေန သက္ကာယ ဒိဋ္ဌိယာ ပဟာနံ ဟောတိ'ဟု အဋ္ဌကထာဆရာတို့ဖွင့်ပြခြင်းကြောင့် နာမရူပ ဝဝတ္ထာနေန၊ နာမ်ရုပ်တရားတို့ကိုပိုင်ပိုင်နိုင်နိုင် သိသဖြင့်။ သက္ကာယ ဒိဋ္ဌိယာ၊ သက္ကာယ ဒိဋ္ဌိတရားကို။ ပဟာနံ၊ ပယ်စွန့်နိုင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ထို့ကြောင့်သောတာပန်ပုဂ္ဂိုလ်သည် ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့ကိုသိကာမျှနှင့်အတ္တပျောက်၍ အနတ္တပေါက်သည် ပြသည်။ ။ဎင်းသမ္မသနညာဏ်တိုးတက်ရင့်သန်၍ရုပ်နာမ် ဓမ္မ သင်္ခါရ တရားတို့အပျက်ကို ထင်မြင်ခြင်းကိုဘင်္ဂညာဏ်ဟုခေါ်သည်။ရုပ်နာမ် ခန္ဓာတရားတို့ တဖွားဖွားဖြစ်ပေါ်မှု၊ တဖြုတ်ဖြုတ် ချုပ်ပျောက်မှု သိခြင်းကို ဥဒယဗ္ဗယညာဏ်ခေါ်သည်။ အနိစ္စလက္ခဏာ ပေါက်ပြီဟု မှတ်ပါလေ၊ ဎင်းပရမတ်ဓာတ် ရုပ်နာမ်တို့၌ ဖြစ်ပျက်မှုအမြင် ညာဏ် သမ္မသနရင့်သန်လျှင်ထိုပုဂ္ဂိုလ်သည်ကာမတဏှာ ကာယသံသဂ္ဂရာဂ စိတ်ခေါင်းပါး နေသောကြောင့် သကဒါဂါမိ မင်္ဂဖိုလ် ဖြစ်ပြီဟု မှတ်ပါလေ။ ဘယ်အတွက်လဲဆိုလျှင် အဘိဓမ္မတ္ထ သင်္ဂဟကျမ်း၌ "သကဒါဂါမိမဂ္ဂံ ဘာဝေတွာ ရာဂဒေါသ မောဟာနံ တနုကရတ္တာ" ဆိုခြင်းကြောင့် သောတာပန် ဖြစ်ပြီးသော ပုဂ္ဂိုလ်မှာ ကာမရာဂစိတ်ခေါင်းပါးလျှင် သကဒါဂါမိဖြစ်ပြီဟု မှတ်ပါလေ။

ဎင်းသမ္မသနညာဏ် တိုးတက်ရင့်သန်၍ ဤရုပ်၊ ဤနာမ်၊ ဤခန္ဓာ ကောင်ကြီး၌ငြီးငွေ့စက်ဆုပ်ခြင်းကိုနိဗ္ဗိန္ဒညာဏ်ဟုခေါ်သည်၊အဘယ်

အတွက်နိဗ္ဗန္ဒညာဏ် ဖြစ်သနည်းဆိုလျှင် တဏှာသည် ရုပ်တရား၌ များများကြီး စူးစိုက်၍ နေသောကြောင့်ဤရုပ်၌ ချစ်ခင်နှစ်သက် သာယာခြင်းတဏှာကိုကွာစေတတ်သောအသုဘလက္ခဏာထင်မြင် ခြင်းကြောင့်ဖြစ်သည်။

သုဘမထင်၊ အသုဘထင်လျှင် ကာမတဏှာ ကာယသံသဂ္ဂ တည်းဟူသောရာဂစိတ်တခါတည်းပျက်လေတော့၏၊ ကာမသုဂတိ ခုနစ်ဘုံကိုလည်း ငြီးငွေ့စက်ဆုပ်လေတော့၏၊ ကာမဘုံကိုလည်း တပ်နှစ်သက်ခြင်းကင်းလေတော့၏။ ။သောတာပန်၊ သကဒါဂါမ် ဖြစ်ပြီး၍ ဤနိဗ္ဗန္ဒညာဏ်ထိအောင် သမ္မသနညာဏ် ပေါက်ရောက်လျှင် အနာဂါမ်ဖြစ်ပြီဟုမှတ်ပါလေ။

နိဗ္ဗန္ဒညာဏ်၌ ၃-မျိုးရှိ၏၊ တဒင်္ဂငြီးငွေ့စက်ဆုပ်ခြင်း၊ ဝိက္ခမ္ဘန ငြီးငွေ့စက်ဆုပ်ခြင်း၊သမုစ္ဆေဒ အမြဲငြီးငွေ့စက်ဆုပ်ခြင်းဟူ၍ ၃-မျိုး။ ၎င်း ၃-မျိုးတို့တွင် သမုစ္ဆေဒ အမြဲငြီးငွေ့ခြင်း၌လည်း ၃-မျိုးရှိ ပြန်၏။ ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ၊အသုရကာယ်အပါယ် ၄-ဘုံအောက် သံသရာတသွယ်ကို ဒိဋ္ဌိကွာ၍ အမြဲငြီးငွေ့ခြင်း၊ လူ့ပြည်၊ နတ်ပြည် ခြောက်ထပ် ကာမသုဂတိ ၇-ဘုံ အလယ်သံသရာ တသွယ်ကို အနာဂါမ်ဖြစ်၍ အမြဲငြီးငွေ့ခြင်း၊ ရူပတဏှာ၊ အရူပတဏှာနှင့် နေကြသော ရူပဘုံ၊အရူပဘုံမြဟ္မာ ၂၀-အထက်သံသရာတသွယ်ကို ရဟန္တာဖြစ်၍ အမြဲ ငြီးငွေ့ခြင်းအားဖြင့် သံသရာ ၃-ကြောင်း၊ ၃-သွယ်ငြီးငွေ့ခြင်းရှိ၏။

သက္ကာယဒိဋ္ဌိကွာ၍ အပါယ်လေးပါး အောက်သံသရာတသွယ် ကိုသမုစ္ဆေဒအမြဲငြီးငွေ့နိုင်လျှင် သောတာပန်ဖြစ်ပြီဟု မှတ်ပါလေ။ ကာမရာဂ သံသဂ္ဂစိတ် ခေါင်းပါး၍ ကာမသုဂတိခုနစ်ဘုံကို ရံဖန် ရံဖန်ငြီးငွေ့နိုင်လျှင် သကဒါဂါမ်ဖြစ်ပြီဟု မှတ်ပါလေ။ ။ကာမရာဂ သံသဂ္ဂစိတ်ကင်းပြတ်၍ ကာမသုဂတိ ၇-ဘုံ အလယ် သံသရာကို သမုစ္ဆေဒအမြဲငြီးငွေ့နိုင်လျှင် အနာဂါမ်ဖြစ်ပြီဟု မှတ်ပါလေ။ ။ ရူပတဏှာ,ရူပရာဂ,အရူပတဏှာ,အရူပရာဂကင်းပြတ်၍ မြဟ္မာ ၂၀ အထက် သံသရာတသွယ်ကို အမြဲငြီးငွေ့နိုင်လျှင် အာသဝေါတရား ၄-ပါးကုန်၍ ရဟန္တာပုဂ္ဂိုလ်ဖြစ်ပြီဟု မှတ်ပါလေ။

နိဗ္ဗိန္ဒညာဏ် အမြဲငြီးငွေ့သည် ဆိုရာ၌ စိတ်ထဲ၌ တလစပ်မပြတ် ငြီးငွေ့နေသည်ဟု မမှတ်နှင့် အကြောင်း တိုက်ဆိုင်၍ တွေးကြည့်လိုက်သောအခါ ကောင်းသည်ဟုမထင်ဘဲ မကောင်းဘူးဟု စိတ်ထဲ ညာဏ်ထဲ၌ ထင်မြင်သည်ကို ဆိုသည်။

ဥပမာ

ဇာတိပိသောဘဂဝါ အစရှိသည်ကိုကျက်မှတ် သင်ကြားသောသူ ၃-ယောက်ကဲ့သို့ တယောက်သည် တလအတွင်း မှတ်မိ၍ ပြန်ဆိုနိုင်သေး၏။ တယောက်သည် တနှစ်အတွင်း မှတ်မိ၍ ပြန်ဆိုနိုင်သေး၏၊ တယောက်သည် ဘယ်အခါမှမမေ့ တသက်လုံး မှတ်မိ၍ အလိုရှိသောအခါပြန်ဆိုနိုင်၏၊ ထို့အတူ တလသမားတဒင်္ဂ၊တနှစ်သမား ဝိက္ခမ္ဘန၊ တသက်လုံးသမား သမုစ္ဆေဒဖြစ်သည်၊ ဤဥပမာကဲ့သို့ မှတ်လေ။

ဂုဏ်းသမ္မသနညာဏ် တိုးတက်ရင့်သန်၍ ရုပ်နာမ် ခန္ဓာတို့ကို ဘယ်နံရောအခါမှအလိုမရှိ၊ ဘုံ ၃-ပါး၌ ဖြစ်လိုသောစိတ်မရှိ အမြဲတည်နေသည်ကို မုဥ္စိတုကမျတာညာဏ်ခေါ်သည်။

မိမိခန္ဓာ ၅-ပါး ရုပ်နာမ်တရားတို့၌ ငြီးငွေ့သည်လည်း မဟုတ် မငြီးငွေ့သည်လည်းမဟုတ် လျစ်လျူနေနိုင်ခြင်း၊ ကုသိုလ်၊အကုသိုလ် တည်းဟူသော သင်္ခါရတရားတို့၌ နှစ်သက်သည်လည်း မဟုတ်၊ မနှစ်သက်သည်လည်းမဟုတ်၊ လျစ်လျူရှု နေနိုင်ခြင်း ဤ မိမိခန္ဓာ ကောင်ကြီးကို ကံ၊စိတ်၊ဥတု၊အာဟာရအကြောင်း ၄-ပါး၊သင်္ခါရ ပြုပြင်၍ ဒုက္ခအမျိုးမျိုးဖြစ်နေခြင်း၊ လောကီ ကာမဂုဏ် ချမ်းသာအမျိုးမျိုး ဖြစ်၍နေခြင်း ၂-ပါးတို့၌ နှစ်သက် သည်လည်းမဟုတ်၊ လျစ်လျူရှု၍နေခြင်းကို သင်္ခါရုပေက္ခာညာဏ်ခေါ်သည်။

ဤမိမိခန္ဓာ ကောင်ကြီးက စ၍ ဘုံ ၃-ပါး၌ဖြစ်သော အဇ္ဈတ္တ၊ ဗဟိဒ္ဓ-နှစ်ပါးတို့၌ အပြန်ပြန်အလှန်အလှန် နိစ္စ၊သုခ၊အတ္တ၊သုဘ-မဟုတ်ကြောင်း စဉ်းစား၍ နေနိုင်ခြင်းကို အနုလောမညာဏ်၊ ပဋိလောမညာဏ်ခေါ်သည်။ ၃၁-ဘုံ၌ အာရုံကပ်ငြိခြင်းမရှိ ဘယ်ရုပ်၊ ဘယ်နာမ်၊ ဘယ်ခန္ဓာကိုယ်မှ စွဲလမ်းကပ်ငြိခြင်းမရှိသည်ကို ဂေါတြဘူညာဏ်ဟု ခေါ်သည်။

ဤမုဋ္ဌိတုကမျှတာဉာဏ်၊ သဒ္ဒါရုပေက္ခာဉာဏ်၊ ဂေါတြဘူဉာဏ် ၃-ပါးတို့ကို မိမိစိတ်၌ အမြဲမပျက် အကြောင်းတိုက်ဆိုင်သောအခါ တွေးကြည့်၍ ထင်မြင်လျှင် ရဟန္တာ ဖြစ်ပြီဟု မှတ်ပါလေ၊ ဒုက္ခ လက္ခဏာ ပေါက်ပြီဟု မှတ်ပါလေ၊ ထို့ကြောင့် "ဆုံတိုင်း ဒုက္ခ၊ ရှုနိုင်က၊ မုချအရဟတ္တ" ဟု စပ်ဆိုလေသည်။

မဂ်ဉာဏ်, မဂ်စိတ်, ဖိုလ်ဉာဏ်, ဖိုလ်စိတ် ဆိုသည်မှာ အထူးထူး အထွေထွေ ဖြစ်လာဦးတော့ မလိုလို၊ ဘယ့်နှယ် ဖြစ်သွားဦးမလိုလို၊ ဘာတွေထင်ရ မြင်ရဦးတော့မလိုလို မှတ်၍ မနေနှင့် မဟုတ်ဘူး၊ ရုပ်ခတ်, နာမ်ခတ်သိ၍ ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး အမှတ် ပျောက်သည်နှင့်တပြိုင်နက် သောတာပန်ဖြစ်၏။ သောတာပန် ဖြစ်ကတည်းက သောတာပတ္တိ မဂ်စိတ်, ဖိုလ်စိတ် ဖြစ်ပြီးပြီဟုမှတ်၊ သောတာပန်နှင့် ဆိုင်သော ဝိပဿနာဉာဏ် အနုတ္တပရိညာ စခန်းသို့ ပေါက်သဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန် ၃-ပါး တခါတည်းပြီး ပြီဟု မှတ်ပါလေ။

ကာမရာဂ သံသဂ္ဂစိတ်၊ ဒေါသစိတ်ခေါင်းပါး၍ သကဒါဂါမိ ဖြစ်ကတည်းက သကဒါဂါမိနှင့် ဆိုင်သော မဂ်စိတ်၊ မဂ်ဉာဏ်၊ ဖိုလ် စိတ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ပြီးပြီဟု မှတ်လေ။

ကာမရာဂသံသဂ္ဂစိတ်ကာမတဏှာစိတ်၊ ဒေါသစိတ်ကင်းပြတ်၍ အနာဂါမိဖြစ်ကတဲက အနာဂါမိနှင့်ဆိုင်သော မဂ်ဉာဏ် မဂ်စိတ်၊ ဖိုလ်ဉာဏ် ဖိုလ်စိတ်နိဗ္ဗာန်ပြီးပြီဟု မှတ်ပါလေ။

အလုံးစုံ ကိလေသာကုန်၍ ရဟန္တာဖြစ်ကတဲက အရဟတ္တ မဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်၊ မဂ်စိတ်၊ ဖိုလ်စိတ် နိဗ္ဗာန်ပြီးပြီဟု မှတ်ပါလေ။

"လျှပ်တပျက်တွင်၊ ဖြစ်ပျက်ကုန်လေ၊ စိတ်ခတ်တွေ၊ ကုဋေ တသိန်းသာ" ဆိုသော ကဗျာသံပေါက်အတိုင်း စိတ္တက္ခဏ ဖြစ်ပျက် နေတာကိုသိမှထင်နိုင်,မြင်နိုင်မှ အရိယာဖြစ်မည်မမှတ်နှင့်။ ဤအရာ သည် သဗ္ဗညုတ ဗုရားကြီးများ အရာဖြစ်သည်။ သာဝကတို့နှင့် ဆိုင်သော အရာမဟုတ်ဟုမှတ်။ လက်ဖျစ်တတွက်ကို ကုဋေတသိန်း စိတ်ချုပ်သည်ကို မဆိုထားဘိ၊ ငြင်းဂိုဏ်ဆရာများ ပြောကြားတဲ့

ပဋ္ဌဒွါရဝီထိ၊ စိတ္တက္ခဏ ၁၇-ချက်ကိုတဲ သိအောင်ရှုနိုင်မည်မဟုတ်၊ ဗုဒ္ဓအရာလား၊ သာဝကအရာလား ပိုင်းခြား၍မသိ။ ဤသို့ပြင်းပြိုဟ်ကျမ်းအတွက်မဂ်ဖိုလ်ကို ရထိုက်သောသူများတောင် ပျက်ကုန်ပြီဟု မှတ်ပါလေ။

ရုပ်၊ နာမ်၊ ခန္ဓာတို့၌ မကျွမ်းကျင်မလိမ္မာတဲ ဒါနစွဲသက်သက်နှင့် တရားဟောဆရာတွေဖျက်ခြင်းကြောင့်မဂ်ဖိုလ်ရထိုက်သော သူများ ပျက်စီးကုန်သည်လည်းတချက်။ ။ရုပ်၊နာမ်၊ ခန္ဓာ၊ဝိပဿနာဉာဏ်၌ မလိမ္မာတဲ သီလမှအစ သီလမှအရေးကြီး အာဇီဝဋ္ဌမက သီလကသာ၍ အရေးကြီး၊သီလတရား ဦးစီးဦးကိုင် အကောင်းဆုံး လုပ်၍ ဟောပြောသော လူဆရာ၊ ရဟန်းဆရာတွေ ဟောပြော နှိပ်စက်၍ မဂ်ဖိုလ် ရထိုက်သောသူများ ပျက်စီးကုန်ရခြင်းတချက်။ သမထ၊ သမာဓိ အရေးကြီးသည်။ဥပစာသမာဓိ၊အပ္ပနာသမာဓိ အရေးကြီး နိမိတ်ထင်တို့၊ မြင်တို့ အရေးကြီး ပြောဟောပြသ ဆုံးမနေသော လူဆရာ၊ ရဟန်းဆရာတွေ နှိပ်စက်၍ မဂ်ဖိုလ်ရထိုက်သော သူတွေ ပျက်ကုန်သည်လည်းတချက်။

ဝိပဿနာဉာဏ် ၁၀-ပါး၊ ၁၆-ပါးတို့ကို အစဉ်အတိုင်းတက်၍ လုပ်ရမည်၊ ကျင့်ရမည်ဟု ပြောဟောသော ဆရာတွေ အတွက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရထိုက်သူများ ပျက်စီးကုန်ခြင်း တချက်။ ဤကဲ့သို့ နံမတား၍ ရုပ်တမ်းနေသော ဆရာများ အလွန်တရာ ပေါများသည့်အတွက် မဂ် ဖိုလ် နိဗ္ဗာန်ကို လွယ်လွယ် ကူကူနှင့် ရနိုင်ပါလျက်သားနှင့် မရဖြစ်ကုန်ကြလေသည်။

နံမတား၍ ရုပ်တမ်းနေသောသူဆိုတာ အခြားဟာကိုမမှတ်နှင့်၊ ဝိပဿနာတရားကို ပြောပြလျှင် သူတို့နားနှင့် မတန်ခြင်းကြောင့် "နံမတား"နားနှင့်မတန်ဆိုသည်။ ရုပ်တမ်းနေသော သူဆိုသည်မှာ အရှင်ဂေါတမ မြတ်စွာဗုဒ္ဓ သာသနာအတွင်းမှာ လွယ်လွယ် ကူကူနှင့် မဂ်ဖိုလ် နိဗ္ဗာန်ကိုရနိုင်သော ဝိပဿနာ နည်းလမ်းကို မဂ်တက်စဉ်နှင့်တကွ ကျကျနန မသိခြင်းကြောင့် ဒါနနှင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နိဗ္ဗာန်ကိုရတော့မလိုလို၊ သီလနှင့်ရတော့မလိုလို၊သမထ၊ သမာဓိနိမိတ်တွေ ထင်လျှင် မဂ်ဖိုလ်ကို ရတော့မလိုလို၊ တိဟိတ်မှ

ရတော့မလိုလို၊ ယခုလူတွေဟာ ဒွိဟိတ်တွေဘဲ ပြောလိုပြော၊ ရမ်းပြော, မှန်းပြော, ရမ်းတုတ်, မှန်းတုတ် ဘယ်တရားကိုမှ ပြီးပြီး ပြတ်ပြတ်၊ ပိုင်ပိုင်နိုင်နိုင်၊မသိ,မဟောပြနိုင်။ ဒါနဆရာကိုဒါနတရား ပစ္စည်းဘယ်လောက် ကုန်အောင်လုပ်လျှင် ဒါနပါရမီ ပြည့်မလဲ မေးလို့ ပုတ်ပြတ်မဟောနိုင်။ သီလဆရာကို ဘယ်သီလကို ဘယ်မျှလောက်၊ဘယ်နှစ်ဘဝလောက်၊ ဘယ်နှစ်ကမ္ဘာလောက်ထိန်းလျှင် မဂ်ဖိုလ်ရမလဲဟု မေးလျှင် ပုတ်ပြတ် ကျကျနန သီလဆရာကလဲ မဟောနိုင်။ ။သမထ၊ သမာဓိလမ်းဆရာကို စိတ်ဓာတ်ဂ-လေး ဘယ်ကမ္မဋ္ဌာန်းအာရုံမှာ ဘယ်နှစ်နာရီတည်မှ၊ဘယ်နှစ်ဘဝတည်မှ၊ ဘယ်နိမိတ်ထင်မှ မဂ်ဖိုလ်ကို ရမလဲဟုမေးလျှင် သေသေချာချာ ပိုင်းပိုင်းပြတ်ပြတ် မဟောနိုင်။ ဝိပဿနာဉာဏ် ၁၀-ပါး၊ ၁၆-ပါးကို ဘယ်နှစ်ခေါက်ဆုံးလျှင် ဘယ်နှစ်ခေါက်ပြန်၍ ကျင့်ရမလဲ, ဝိပဿနာဉာဏ် အစဉ်အတိုင်း ဆုံးအောင် ဘယ်နှစ်ခါလုပ်လျှင် မဂ် ဖိုလ် ရမလဲမေးလျှင် မပြောနိုင်၊ ရမ်းပြော၊ ရမ်းတုတ်၍ နေခြင်းကြောင့် ဤဆရာတွေကို ရပ်တမ်း၍ နေသောသူ၊ ရပ်တမ်း-ရမ်းတုပ် ဟောပြောနေသောသူဟုဆိုလိုသည်။

---

## ဝိပဿနာဉာဏ် ၁၀-ပါး
## ၁၆-ပါး ဖြေခဏ်း

ဝိပဿနာ ဉာဏ်သည် ၁၀-ပါး၊ ၁၆-ပါးတို့ကို တောထဲ၌ သွား၍ ကျင့်နေရသော တရားမဟုတ် စံတင်၍ ကြည့်ဘို့ရာ မှတ်ကျောက်ဖြစ်သည်။ ခြောက်မူးရေရွှေ၊ ခုနစ်မူးရေရွှေ၊ရှစ်မူးရေရွှေ၊ ကိုးမူးရေရွှေ၊ ဤရွှေ ၄-မျိုးကို သိဘို့ရာ မှတ်ကျောက် ဖြစ်သည်။ ဤဥပမာကဲ့သို့ နာမရူပရိစ္ဆေဒ၊ နာမရူပ ဝဝတ္ထာန၊ နာမရူပ ပစ္စယ ပရိဂ္ဂဟ ဤဉာဏ်သုံးပါးအတူတူ။ နာမ်ရုပ်ကို ပိုင်နိုင်စွာ သိမှုခေါ်သည်။ ၎င်းဉာဏ်သည် သောတာပန် ဖြစ်ခြင်း။ အင်္ဂါ ၄-ပါးနှင့် အညီ ရုပ်, နာမ်, ခန္ဓာ, ဓာတ်သစ္စာ, ပဋိစ္စသမုပ္ပါဒ်တို့ကို ဟောပြနိုင်သောဆရာကိုတွေ့၍ ရုပ်,နာမ်,ခန္ဓာနှင့်စပ်သော တရားစကားကို

ကြားနာ နာခံ မှတ်သား မိလိုက်သည်နှင့် တပြိုင်နက် မိမိစိတ်ကို အသင့်အတင့် နှလုံးသွင်း၍ ငါသူတပါးယောကျ်ား, မိန်းမ–မဟုတ် ယခုဆရာဟောပြသော ရုပ်, နာမ်, ခန္ဓာ, ဓာတ်ကောင်သာ ဟုတ် သည်ဟု ယူလိုက် ကတည်းက ဤဉာဏ် ၃–ပါး ပြီးပြီဟု မှတ် သက္ကာယဒိဋ္ဌိလဲ ကွာပြီဟု မှတ်ပါလေ၊ အထူးကျင့်ကြံ နေရသည် မဟုတ်။

ထို့နောက် နေရင်း ထိုင်ရင်း ဆိုသလို မိမိ ခန္ဓာကိုယ်ကြီးကို နှစ်သက်စရာမရှိပါကလား၊ စက်ဆုပ် ရွံရှာဘွယ်ပါ ကလား၊ ရုပ်, နာမ်, ခန္ဓာတွေဟာ ဖြစ်ပျက် နေတာပါ ကလားဟု မကြာမကြာ စဉ်းစားဆင်ခြင်တွေးတောပါ များသောအခါ ကာမရာဂ သံသဂ္ဂ စိတ်ခေါင်းပါး လာလိမ့်မည်၊ ခေါင်းပါးလျှင် မိမိသည် သကဒါ ဂါမ်ဖြစ်ပြီဟု သိလေတော့၏။ သကဒါဂါမ်ဖြစ်ကထဲက ဘင်ဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊အလိုလိုပြီးပြီဟု မှတ်ပါလေ။ ။တောထဲမှာ ကျင့် နေရသည် ဆိတ်ငြိမ်ရာမှ ဖြစ်မည်ဟု မမှတ်ပါလေနှင့်။

၎င်းခန္ဓာကိုယ်ကြီးကို အသုဘ အနေဖြင့် မကြာမကြာ ရှုဘန် များ၍ ရာဂ ဒေါသတို့သည် ကာမဂုဏ် ငါးပါးနှင့် ထိသော်လည်း ကာယသံသဂ္ဂဖိတ် မဖြစ်ပေါ်လျှင် အနာဂါမ်ဖြစ်ပြီဟု မှတ်ပါလေ၊ အနာဂါမ်ဖြစ်ကတည်းက ကာမသုဂတိခုနစ်ဘုံ၌ ငြီးငွေ့ စက်ဆုပ် သော နိဗ္ဗိန္ဒဉာဏ် အလိုလိုပြီးပြီဟု မှတ်ပါလေ။ ။ဉာဏ်အစဉ် တွေကို စာထည်း၌ရေးထားသည့်အတိုင်း လုပ်ရသည်မဟုတ်။

ဘုံ ၃–ပါးအလုံးစုံကို ဒုက္ခမှန်းသိ၍ ဘဝကို တပ်နှစ်သက်ခြင်း မရှိ၊ တခါတည်း ပြတ်ကတည်းက ရဟန္တာ ဖြစ်လေတော့၏။ ရဟန္တာဖြစ်လျှင် မုဥ္စိတုကမျတာဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနု လောမဉာဏ်၊ ပဋိလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊အရဟတ္တမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို သိသောဉာဏ် တခါတည်း အပြီး ပါလေ တော့၏။ မြတ်စွာဘုရားစကားကိုနားမလည်လျှင် ဝိဋကတ် ၃–ပုံမက အပုံ ၁၀၀–တတ်စေဦးတော့ ခရီးမရောက်၊ ကပေါက် ကတတ် အလွဲလွဲအချော်ချော် ဖြစ်တတ်သည်။ ပညာရှိတို့ ကြပ်ကြပ်စဉ်းစား တော်မူကြပါကုန်။

## အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘတရားတို့ ကျင့်ရသော တရားမဟုတ်သည်ကို ပြခဏ်း

မဂ္ဂင်ရှစ်ပါးတရား၌ ပညာ, သီလ, သမာဓိ ၃-ပုံ ပုံလိုက်လျှင် ပညာ၌ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ၂-လုံး သီလ၌ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ၃-လုံး သမ္မာသမာဓိ၌ သမ္မာဝါယာမ၊သမ္မာသတိ၊ သမ္မာသမာဓိ ၃-လုံးဖြစ်သည် အနက် ပညာတပုံ၌ သမ္မာသင်္ကပ္ပသည် အကြောင်းတရားဖြစ်၍ ကျင့်ရ-ကြံရသော တရားဖြစ်သည်။ သမ္မာဒိဋ္ဌိသည် အကျိုးတရား ဖြစ်၍ မကျင့်-မကြံရ။ ။ ထို့အတွက်အနိစ္စထင်မြင်ချက်၊ဒုက္ခထင်မြင်ချက်၊ အနတ္တထင်မြင်ချက် အသုဘထင်မြင်ချက်သည် သမ္မာဒိဋ္ဌိဉာဏ် ဖြစ်သည့်အတွက် မကျင့်မကြံရကြောင်းကိုဆိုသည်။ သမ္မာသင်္ကပ္ပ အကြောင်းတရား အကြံအဖန်ကောင်းက ဤသမ္မာဒိဋ္ဌိဉာဏ် ၄-ပါးအလိုလိုပြီးလေတော့၏။

### ဥပမာ

ငွေအိုးတလုံး၊ ရွှေအိုး တလုံး၊ မိုးကြိုးအိုး တလုံး၊ ပတ္တမြားအိုး တလုံး မြှုပ်ထားသည်ကိုဖော်လိုလျှင်ဖုံးပိတ်ကွယ်ကာ၍ ထားသော မြေကြီးအုတ်ခဲ၊ ကျောက်ဖျာ၊ သံပြားတို့ကို အကြံကောင်း ဉာဏ်ကောင်းကောင်းဖြင့် တူးဆွ ဖျက်ဆီးရခြင်းသာ အလုပ် ဖြစ်သည်။ ၎င်းအိုး ၄-လုံးကိုမြင်ရသည်မှာ အလုပ်မဟုတ်၊ ၎င်းအိုး ၄-လုံး ရသည်မှာ အလုပ်မဟုတ်ဟုမှတ်ပါလေ။

ထို့အတူ အနတ္တသမ္မာဒိဋ္ဌိ ဉာဏ်သစ် မြင်ဘို့ရာမှာလည်း အတ္တတည်းဟူသော ပုဂ္ဂိုလ်သတ္တဝါငါသူတပါးပျောက်အောင် ရုပ်နာမ်ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ဓာတ်သစ္စာတို့ကိုသာ ကြားနာ နာခံမှတ်သား သင်ကြားလေ့ကျက်ဆောင်ရွက်ထားရခြင်းသမ္မာသင်္ကပ္ပ အကြောင်းတရားအလုပ်ဟု မှတ်ပါလေ။ ဤအကြောင်းတရား အလုပ်အတိုင်း ရုပ်နာမ်ခန္ဓာကို ထင်မြင်လျှင် အကျိုးတရားတည်းဟူသော အနတ္တ အလုပ် မလုပ်ဘဲထင်မြင်လေတော့၏၊အနတ္တဆိုတာနှင့် ငါသူတပါး ယောက်ျားမိန်းမ အထင်အမြင် အယူဝါဒပျောက်သွားသည်ဆိုတာ အတူတူဟုမှတ်။

အနိစ္စ သမ္မာဒိဋ္ဌိဉာဏ် ထင်မြင်ဘို့ရာမှာလည်း ရုပ်ခဲတ်၊ နာမ်ခဲတ်တို့မပျက်လျှင် ပျက်အောင်ဖျက်ဆီးမှု၊ ကြံစည်မှု၊ သမ္မာသင်္ကပ္ပ အလုပ်ဖြစ်သည်၊ ရုပ်ခဲတ်၊ နာမ်ခဲတ်ပျက်သွားလျှင် မမြဲသည်ကို မြင်သော အနိစ္စသမ္မာဒိဋ္ဌိဉာဏ် အလိုလို ပြီးလေတော့၏၊ ဥပမာ ဆေးလိပ်မမြဲတာကိုမြင်လျှင် ဆေးလိပ်ကိုဖျက်ဆီးရခြင်းသာ အလုပ်ဖြစ်သည်။ဖျက်ဆီး၍ပျက်လျှင်မမြဲတာအလိုလိုပင်မြင်ရလေတော့၏။

အသုဘ သမ္မာဒိဋ္ဌိဉာဏ်ကိုထင်မြင်ဘို့ရာမှာလည်းသုဘတင့်တယ်လှပသည်ဟု ထင်ချက်ပျောက်အောင် မိမိကိုယ်ကြီး၌ စက်ဆုပ်ရွံရှာဘွယ်ရှုရခြင်း၊ ဝတ်ခြင်း၊ စားခြင်းတို့မှ မတင့်တယ်ဟုရှုရခြင်း ဤအရာတွေကိုရှုကြည့် ဆင်ခြင်ရခြင်းသာ သမ္မာသင်္ကပ္ပ အလုပ်အကြောင်းတရား ဖြစ်သည်၊ မတင့်တယ်ဟု ထင်သောအသုဘ သမ္မာဒိဋ္ဌိအကျိုးတရား အလကားပေါ်လာရလေတော့၏။

ဒုက္ခသမ္မာဒိဋ္ဌိဉာဏ်ထင်မြင်ဘို့ရာမှာလည်း သုခချမ်းသာသည်ဟု အထင်ပျောက်အောင် ဣရိယာပထပေါ်၌ မပြောင်းလွှဲဘဲရှုကြည့်မှု ဘုံသုံးပါး၌ ဘယ်နေရာမှချမ်းသာသည်မထင်အောင် ရှုကြည့်မှုသာ အလုပ်တရားဖြစ်သည်၊ မိမိခန္ဓာနှင့်တကွ ၃၁-ဘုံကို ချမ်းသာသုခ မထင်လျှင် အကျိုးတရားတည်းဟူသော ဒုက္ခသမ္မာဒိဋ္ဌိဉာဏ်အလိုလို ပေါ်လာရလေတော့၏။

အနတ္တထင်လျှင် သက္ကာယ ဒိဋ္ဌိသေ၍ သောတာပန်ဟုမှတ်၊ အနိစ္စနှင့်အသုဘထင်လျှင် သကဒါဂါမ်နှင့် အနာဂါမ်ဟုမှတ်၊ ဒုက္ခထင်လျှင်ရဟန္တာဟုမှတ်၊သမုစ္ဆေဒထင်ခြင်းကိုဆိုသည်။ထို့ကြောင့် "ဆုံးတိုင်ဒုက္ခ၊ ရှုနိုင်က၊ မုချအရဟတ္တ"ဟု စပ်ဆိုပေသည်၊ ဒုက္ခတရားအချုပ် အနတ္တတရားအစ ဤနှစ်ပါး လိုရင်း အချက်ကြီးဖြစ်သည်၊ အတ္တပျောက်လျှင် အနတ္တ၊ နိစ္စပျောက်လျှင် အနိစ္စ၊ သုခပျောက်လျှင် ဒုက္ခ၊ သုဘ ပျောက်လျှင် အသုဘ ဖြစ်သည်ဟု မှတ်ပါလေ။

အနတ္တပေါက်ပြီး၍ အောက်သံသရာကိုမုန်း၍ ဒုက္ခဘဲလို့ အမြဲ ထင်နိုင်လျှင် သောတာပန် အနတ္တပေါက်ပြီး၍ အလယ် သံသရာကို ဒုက္ခဘဲဟု အမြဲထင်နိုင်လျှင် အနာဂါမ်အနတ္တပေါက်ပြီး၍ အထက်

သံသရာကိုဒုက္ခဟဲဟု အမြဲထင်နိုင်လျှင် ရဟန္တာ၊ ထို့ကြောင့် အနတ္တအစ ဒုက္ခအဆုံး ၂-လုံးသောလက္ခဏာ အရေးကြီးဆုံးဟု ဆိုပေသည်။

ထို့ကြောင့် အနတ္တကို ဃနဖုံးကွယ်သည်။ အနိစ္စကို သန္တတိဖုံးကွယ်သည်၊ အသုဘကို ပလိဗောဓဖုံးကွယ်သည်၊ ဒုက္ခကို ဣရိယာပထ ဖုံးကွယ်သည်ဟု ပြကြလေသည်။

## ၃၁-ဘုံတရားကို အကျဉ်းချုပ်ပြခြင်း

အောက်သံသရာကို ဒိဋ္ဌိကြောင့်လယ်သည်၊ အလယ် သံသရာကို ကာမတဏှာကြောင့် လယ်သည်၊ အထက် သံသရာကို ရူပတဏှာ၊ အရူပတဏှာကြောင့် လယ်သည်၊ အကျဉ်းအားဖြင့် တဏှာဒိဋ္ဌိသာ ၃၁-ဘုံကို လယ်တတ်သည်ဟု မှတ်ပါလေ။

သောကိအကုသိုလ်မှာ ဒိဋ္ဌိ စူးစိုက်သည်၊ လောကီ ကုသိုလ်မှာ တဏှာစူးစိုက်သည်၊ အကုသိုလ်ကို ဘယ်အတွက် ပြုပါသလဲဆိုလျှင် ပစ္စုပ္ပန် ကိုယ်ခန္ဓာကိုတွယ်တာ၍ ချမ်းသာမှုကိုအလိုရှိသဖြင့် ပြုကျင့်သည်၊ ကုသိုလ်ကို ဘယ်အတွက်ပြုပါသလဲဆိုလျှင် တမလွန် သံသရာမှာ ချမ်းသာမှုကိုအလိုရှိ၍ ပြုကျင့်ကြသည်ဟု မှတ်ပါလေ။

ငါ့,ငါ-ဟု သက္ကာယဒိဋ္ဌိစွဲ ရှိခြင်းကြောင့် ငါ့ကိုယ်။ ငါ့ခန္ဓာ၊ ငါ့သား၊ ငါ့မယား၊ ငါ့လင်၊ ငါ့ဥစ္စာဟု စွဲလမ်းသော တဏှာဖြစ်သည်ဟု မှတ်ပါလေ။ ငါမြင်သည်၊ ငါကြားသည်၊ ငါနံသည်၊ ငါလျက်သည်၊ ငါတွေ့ထိသည်၊ ငါကြံသည်တည်းဟူသော ဒိဋ္ဌိစိတ်ဝိညာဉ်ဖြစ်ပေါ်လာခြင်းကြောင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အကြံ တည်းဟူသော ခြောက်အာရုံကို နှစ်သက်သော တဏှာဖြစ်ပေါ်သည်ဟု မှတ်ပါလေ။

ပရမတ်ဓာတ်ကို မပေါက်ရောက် မထင်မြင်လို့ သက္ကာယဒိဋ္ဌိဖြစ်သည်ဟု မှတ်ပါလေ၊ ပညတ်ရစ်ဖျက်ဆီး၍ စက်ဆုပ် ရွံရှာဘွယ် မရှုနိုင်သည့်အတွက် ကာမရာဂတဏှာ ဖြစ်သည်ဟု မှတ်ပါလေ၊ ကာမရာဂစိတ်သည်ဒေါသဟု မှတ်ပါလေ။ ။အဘယ့်ကြောင့် ဆိုသော် အနာဂါမ်ပုဂ္ဂိုလ် ပယ်နိုင်ခြင်းကြောင့်ဖြစ်သည်၊ အနာဂါမ် ပုဂ္ဂိုလ်

သည် လောဘနှင့် မောဟကိုမပယ်၊ ဒေါသကိုသာပယ်ခြင်းကြောင့် ဖြစ်သည်၊ မိမိခန္ဓာပေါ်၌ တင်၍ မတွေးကြည့်လျှင် ကာမ,ရာဂ သံသဂ္ဂစိတ်သည် ကေန်ဒေါသစိတ်ဖြစ်ကြောင်း သိလိမ့်မည်။

သံ်ါရ ၃-ပါးကို လောကီကုသိုလ်, အကုသိုလ် ခေါ်သည်။ အပုညာဘိသံ်ါရမှာ တဏှာစူးစိုက်သည်၊ အာနေဥ္ဇာဘိသံ်ါရနှင့် ပုညာဘိ သံ်ါရမှာ တဏှာ စူးစိုက်သည်။ ။အတ္တကို ဒိဋ္ဌိခေါ် သည်။ နိစ္စ၊ သုခ၊ သုဘကို တဏှာခေါ်သည်။

**အ**နတ္တပေါက်လျှင် ဒိဋ္ဌိသေ၍ အောက်မဂ်တပါးရသည်။ အနိစ္စ၊ အသုဘ၊ဒုက္ခပေါက်ရောက်ထင်မြင်လျှင် အထက်မဂ် ၃-ပါးရသည်။ သတိပဋ္ဌာန် ၄-ပါး၌ စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာ ပေါက် လျှင် အောက်မဂ် ၂-ပါးရသည်၊ ဝေဒနာ နုပဿနာနှင့် ကာယာ နုပဿနာ ပေါက်ရောက်လျှင် အထက်မဂ် ၂-ပါးရသည်၊ ခန္ဓာ ၅-ပါး၌ ဝိညာဏက္ခန္ဓာ၊သညာက္ခန္ဓာ၊သံ်ါရက္ခန္ဓာ ၃-ပါးပေါက် လျှင် အောက်မဂ် ၂-ပါး ငြိမ်းသည်၊ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ ၂-ပါးပေါက်လျှင် အထက်မဂ် ၂-ပါးငြိမ်းလေ၏။

## မဂ် ၄-ပါးက ပယ်သတ်နိုင်သောတရားကို ပြခြင်း

သောတာပန်ဖြစ်၍ ဒိဋ္ဌိကွာလျှင် ဒိဋ္ဌိအယူမှားရှိသမျှ သေသည်၊ သစ္စာဉာဏ်ကိုဖုံးသော အဝိဇ္ဇာသေသည်၊ အကုသိုလ်စိတ် ၅-ခုသေ သည်၊ ဒိဋ္ဌုပါဒါန်၊ အတ္တဝါဒုပါဒါန်၊ သီလဗ္ဗတုပါဒါန် ၃-ပါး သေသည်၊ ဒိဋ္ဌာသဝသေသည်၊ ဒိဋ္ဌောဃ သေသည်၊ ဝိစိကိစ္ဆာ, ကုက္ကုစ္စ,နီဝရဏ ၂-ပါးသေသည်၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာ, သီလဗ္ဗတ ပရာ မာသသံယောဇဉ် ၃-ပါးသေသည်၊ ဒိဋ္ဌိဝိစိကိစ္ဆာအနုသယ ၂-ပါး သေသည်၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာ ကိလေသာ ၂-ပါးသေသည်။

သကဒါဂါမ်မှာ ကိစ္စဉာဏ်ကို ဖုံးကွယ် ထားသော အဝိဇ္ဇာ သေသည်၊ အနာဂါမ်မှာ ကာမရာဂ၊ ပဋိဃ သံယောဇဉ် ၂-ပါး သေသည်၊ အဘိဓမ္မာနည်းအားဖြင့် မစ္ဆရိယ, ဣဿာ, သံယောဇဉ် ၄-ပါးသေသည်၊ ကာမရာဂ၊ ပဋိဃ အနုသယ ၂-ပါး သေသည်၊

ကာမာသဝသေသည်၊ ဒေါသ, အဟိရိက, အနောတ္တပ္ပ ကိလေသာ ၃-ပါးသေသည်၊ ကာမစ္ဆန္ဒ ဗျာပါဒ နီဝရဏ ၂-ပါး သေသည်၊ ရဟန္တာ ပုဂ္ဂိုလ်မှာ ကျန်ကိလေသာ တရားအပေါင်း အကုန်သေသည်။

## သမထ သမာဓိလမ်းနှင့် ဝိပဿနာ လမ်းခွဲပြခဏ်း

သမထလမ်းသည် သမထဘာဝနာ ကမ္မဋ္ဌာန်း ၄၀-ကို ကျင့်ရသည်၊ ဥပစာရသမာဓိနှင့် အပ္ပနာ သမာဓိ ၂-ပါးကို ရနိုင်သည်၊ ဥပစာရသမာဓိ ၂-ပါးဆိုသည်မှာ မိမိရှုကြည့်သော ကမ္မဋ္ဌာန်း အာရုံ၌ စိတ်တသုံးကို ၂-နာရီ၊ ၃-နာရီတည်နေ တန့်နိုင် ခြင်းကို ခေါ်သည်၊ အပ္ပနာ သမာဓိဆိုသည်မှာ မိမိစိတ်ကို ၎င်းကမ္မဋ္ဌာန်း အာရုံ၌ အလွန်မြဲမြဲခိုင်ခိုင်ရှိ၍ နီဝရဏ ၆-ပါး၊ ဝိက္ခမ္ဘန အားဖြင့် သေသောကြောင့် ဈာန်အဘိညာဏ် ရခြင်းကိုခေါ်သည်၊ ဥပစာရ သမာဓိ အာရုံနှင့် စုတေ သေလွန်သော် သုဂတိ ၇-ဘုံမှာ ဖြစ်သည်။ အပ္ပနာသမာဓိ ဈာန်အဘိညာဏ်အာရုံနှင့်သေသော် ဗြဟ္မာ့ ပြည်မှာဖြစ်၏။ မဂ်ဖိုလ်တရားမဟုတ်၊အလွန်ခဲယဉ်းစွာ ကျင့်ရသော တရားဖြစ်သည်၊ ဝတ်ကြောင်နှင့်ကျင့်၍ မဖြစ်ဟု မှတ်ပါလေ။

ဝိပဿနာလမ်းသည် ခဏိကဘာမာဓိလမ်းဖြစ်၍ အလွန်လွယ်ကူသည်၊ခဏိကသမာဓိဆိုသည်မှာ ဝီထိစိတ်အစဉ်မှာ ပါသွားသော ဧကဂ္ဂတာစေတသိက်ကိုဆိုသည်၊မြင်၊ ကြား၊ နံ၊ လျက်၊ တွေ့၊ထိ၊ ကိုင်တွယ်၊ ကွေး၊ဆန့်၊ရပ်၊ထိုင်၊အိပ်၊ သွားအစရှိသော အာရုံစိတ် ရောက်ရာအရပ်မှာခဏိက သမာဓိပါသွားသောကြောင့် ရုပ်နာမ် ခန္ဓာ ဓာတ်သစ္စာပဋိစ္စသမုပ္ပါဒ်တည်းဟူသောတရားတို့တွင် တပါး ပါးသောဝိပဿနာကမ္မဋ္ဌာန်းကိုသင်ကြားပြီးလျှင် ဣရိယာပထ၄- ပါးတို့၌၎င်း၊ မြင်သောအခါ၊ ကြားသောအခါ၊ နံသောအခါ၊ စားသောအခါ၊တွေ့ထိသောအခါ၎င်းဘယ်အခါမဆိုမိမိကမ္မဋ္ဌာန်း အာရုံကို သတိထား၍ရှုကြည့်မည်ဆိုလျှင် ဖြစ်နိုင်ကြောင်းအလွန် လွယ်လွယ်ကူကူဖြစ်နိုင်ကြောင်းကို၍ကျမ်းစာအုပ်ကိုကြည့်ရှုရသည် နှင့် သိစရာ ရှိလောက်ပါပြီ။

## ဥပမာ

သမထ သမာဓိလမ်းကို ပြသောသူသည် သားဆိုး ကလေးကို လိမ္မာအောင် ဆုံးမသောအရာ၌ အဖေမလိမ္မာ ဆုံးမတာနှင့်တူ၏၊ ဝိပဿနာခဏိကသမာဓိလမ်းသည်သားဆိုးကလေးကို အဖေလိမ္မာ ဆုံးမတာနှင့် တူ၏။ ဘယ်အတွက်လဲ ဆိုလျှင် သားဆိုးကလေး သည် ရွာကိုလယ်၍မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ လျက်တိုင်း၊ တွေ့ထိတိုင်း မကောင်းမှုကိုပြုကျင့်၍ ရပ်သူရွာသားတို့က အဖေ အားတိုင်ကြားသဖြင့် မကြာမကြာလျော်ကြေးပေးနေရ၏။ ဤအခါ အဖမိုက်သည် လျော်ကြေးပိုက်ဆံကို ပေး၍နေရခြင်းသည် ငါ၏ သားရွာကိုလယ်၍သာ မကောင်းမှုကိုလုပ်သဖြင့် လျော်ရသည်ဟု အထင်ရောက်၍ မိမိသားကို အိမ်က မလယ်စေရန်ဆုံးမ၏။ သား သည် အဖစကားနားမထောင်ဘဲ လယ်မြဲတိုင်းလုပ်မြဲတိုင်းလုပ်၏။ အဖသည် နောက် သားဆိုးကို တိုင်မှာတုပ်၍ ထား၏။ သားသည် တိုင်မှာ အတင်း ကြိုးပြတ်အောင် ထွက်ပြေး၍ လုပ်မြဲတိုင်းလုပ် မကောင်းမှု ကျင့်မြဲတိုင်းကျင့်ပြန်၏။ အဖလည်း ပိုက်ဆံ ကြေးငွေ မကြာမကြာလျော်ရ၍ အလွန်တရာ စိတ်ဒုက္ခရောက်၏။ အဖသည် နောက်တခါအိမ်ကိုတံခါးပိတ်၍ထား၏။ သားသည်လူစွမ်းကောင်း ဖြစ်၍ အိမ်ခေါင်မှ ဖောက်ထွက်ခုန်ဆင်းပြီး လုပ်မြဲလုပ်ပြန်၏။ ဤ အခါမှ အဖမိုက်မှာ သာ၍ ဒုက္ခအလွန်ရောက်ရလေ၏။

တနေ့သ၌ သားဆိုးကို လိမ္မာအောင်ဆုံးမတတ်သော လူလိမ္မာ ပညာရှိတယောက်က ဟေ့ လူမိုက် သားဆိုးများကိုဤကဲ့သို့ဆုံးမ၍ မရဘူး။ မင်းက မင့်သားရွာလယ်လို့ မကောင်းမှု ပြုလုပ်ခြင်းကြောင့် ငွေကုန်ကြေးကျ လျော်ရသည်ဟု မှတ်၍ ရွာမလည်ရန် အိမ်မှာ နေရန်ကို တိုင်မှာ ကြိုးနှင့်တုပ်၊ အိမ်တံခါး ပိတ်ခြင်း တို့ကိုလုပ် သလား၊ မင့်သားသည် ဘယ်လိုဘဲ လယ်လယ် မကောင်းမလုပ်၍ ငွေမကုန် မလျော်ရသည်ကိုသာ လိုရင်းအချက် မဟုတ်လားဟု ဆို၍ လူမိုက်၏ သားဆိုးကလေးကို လူလိမ္မာက ခေါ်၍ဆုံးမ သည်မှာ အမောင်သည်ရွာကိုလယ်တာနှင့် မလယ်ဘဲ နေတာ ဘယ်သင်းကို ကြိုက်သလဲဟု မေး၏။ ကျွန်တော်သည် အနမတဂ္ဂ

သံသရာက ရှာကိုလယ်၍လာတာအခုမှ မလယ်ရဘူးဆို၍ကျွန်တော် မနေနိုင်၊ လယ်ရမှ နေနိုင်မည်ဟု ပြော၏။ ထိုအခါ လူလိမ္မာက ကောင်းပြီ လယ်လိုသပဆိုလျှင် လယ်ပါတော့၊ ဆိုသော ငါပြော သော စကားတခုကို နားထောင်ပါဟုဆို၏။

ဤအခါ သားဆိုးကလေးက ရှာကိုလယ်ရလျှင် ကျွန်တော် သဘောနှစ်သက်သဖြင့် ဘယ်စကားကို မဆို နားထောင်ပါမည်။ ရှာမလယ်နှင့် ဆိုသော စကားကိုသာနားမထောင်နိုင်ပါဟု ပြန်၍ ပြော၏။ ဤအခါ လူလိမ္မာက ဆုံးမသည်မှာ မင်းရှာကိုရပ်ကိုလယ် သောအခါ မြင်တိုင်းကြားတိုင်း၊ နံ့တိုင်း၊ လျက်တိုင်း၊ တွေ့ထိတိုင်း၊ စိတ်ကူးတိုင်း၊ နာမ်တရားစိတ်ခေတ်ကလေးကရုပ်တရားကိုယ်ကြီးကို အကြည့်ခိုင်း၍ နာမ်ရုပ်နှစ်ပါး ကြည့်နေသည်။ ငါမကြည့်ဟု သတိ စိတ်ကလေးကို ကြည့်သည်။ နားထောင်သည်စသည်ဖြင့် တပြိုင်နက် သတိမူ၍ စိတ်ရောက်ရာ အရပ် ဌာနတိုင်း လုပ်ပါဟု တချက် ဆုံးမ၏။

ထို့နောက် မြင်လိုက်သော အဆင်းကိုလည်း ငါမရှိ၍ ငါမနှစ် သက်၊ ငါမစုံမက်၊ ငါမခင်တွယ်၊ ငါမသာယာဟု အဆင်း၊ အသံ၊ အနံ့၊ အရသာ၊အတွေ့၊အထိတို့၌ ဤနည်းကိုလုပ်ပါဟု တချက်ဆုံးမ ပြန်၏။ ဤစကား ၂-ချက်ဖြင့် သတိကလေးထား၍ထား၍ အာရုံ ၆-ပါးတို့၌မပြတ်အောက်မေ့သတိမူ၍ ရှာကို လယ်ပါလေတော့ဟု ခိုင်းလိုက်၏။

ထိုသားဆိုးကလေးသည် ရှာကိုလယ်ရင်း ဤအလုပ် ၂-လုပ်ကို သတိမပြတ်လုပ်သဖြင့် ငါမရှိ ရုပ်,နာမ် ၂-ပါးသာ ရှိကြောင်းကို သိသည်အတွက် ငါမရှိဘဲ ငါမကောင်းမှုကို သုပ်စရာမရှိဟု တခါ တည်းပယ်စွန့်လိုက်၊ သားဆိုးသည် လိမ္မာ ယဉ်ကျေး လေတော့၏။ အဖ မိုက်သည်လည်း ငွေမကုန် ချမ်းချမ်း သာသာ ဖြစ်ရလေ တော့၏။

ဤဥပမာ၌ သားဆိုးသည် စိတ်မိုက်နှင့်တူ၏။ ရှာလယ်သည် ဆိုခြင်း၌ အာရုံခြောက်ပါးသို့ စိတ်ရောက်သည်ကိုဆို၏။မကောင်းမှု ပြုကျင့်၍လျော်ရသည်ဆိုသော စကားသည် သံသရာထဲ၌ တပြောင်း

ပြန်ပြန်နေရသည်ကိုဆို၏။ သံသရာမှထွက်လို၍ သမထသမာဓိလမ်းကိုလုပ်သောသူသည် အဖမိုက်နှင့်တူ၏။ ဝိပဿနာလမ်းကိုဟောညွှန်ပြသောသူသည် သားဆိုးကိုလိမ္မာယဉ်ကျေးအောင် ဆုံးမတတ်သောအဖလိမ္မာနှင့်တူ၏။ မြင်တိုင်း၊ ကြားတိုင်းသတိထား၍ နေရခြင်းသည် ခဏိကသမာဓိ နာမ်, ရုပ် ကမ္မဋ္ဌာန်း ဒိဋ္ဌိသတ်၊ တဏှာသတ်ဖြစ်၏။ သားဆိုးလိမ္မာယဉ်ကျေးခြင်းသည်အရိယာ ဖြစ်ထာနှင့်တူ၏။ ငွေကြေးမလျော်ရခြင်းသည် သံသရာမှာ တခါပြန်၍ဘဝမဖြစ်သည်နှင့်တူ၏။ တနည်း သမထသမာဓိ လမ်းပြသော ဆရာသည် အာဠာရ၊ ဥဒကတို့နှင့် တူ၏။ ဝိပဿနာကို ပြသော ဆရာသည် မြတ်စွာဘုရားနှင့်တူ၏။

နိဗ္ဗာန်ရောက်စေလို၍ ဒါန၊ သီလ၊ သမထတို့ကို ပြသောသူသည် ဝမ်းတွင်း ဝက်ရူးရောဂါနှင့် တကိုယ်လုံးအိုင်းကျ၍နေသော အနာရောဂါ ၂-မျိုးရှိသူကို ဆေးကုသည်နှင့်တူ၏။ ဝက်ရူးကို သာ၍ရူးအောင် ဇုန်းပယောဂ အပူးခိုင်းသည်နှင့် တူ၏။ စဉ်းစားကြပါကုန်၊ အလွန်လိမ္မာမှ သိရမည်။

ဝက်ရူးသည် ဒိဋ္ဌိနှင့်တူ၏။ အိုင်းအမာနာကြီးသည် တဏှာနှင့်တူ၏။ ဒိဋ္ဌိ,တဏှာ ၂-ပါးရှိသမျှကာလပတ်လုံး ဒါန၊သီလ၊ သမထတရားတို့ အတွက် သာ၍အနာထ၏။ ဒိဋ္ဌိတဏှာ ၂-ပါး သေ၍ဝက်ရူးအိုင်း အမာနာ ပျောက်လျှင် ဆေးဆိုးပယောဂတို့ တည်းဟူသော ဒါန၊ သီလ၊ သမထတရားတို့ကို ဘယ်လိုပင် ပြုကျင့်သော်လည်း ကိစ္စမရှိ၊ သံသရာမကျင်လည်ဟု မှတ်ပါလေ။

## ပညာ,သီလ,သမာဓိအကြောင်း

တံငါမှုဆိုးလုပ်သောသူကို သီလဆရာက ဆုံးမ၍ ဂျဘဝသီလလုံသဖြင့် တံငါမှုဆိုးမလုပ်၊ နောက်နောက်သော ဘဝကျလျှင် ဒုစရိုက်တည်းဟူသော တံငါမှုဆိုးအလုပ်ကို မလုပ်ဟုမဆိုနိုင်၊ လုပ်မည်ကေန်ဘဲဟု မှတ်ပါလေ။ အမိသီလမဖြစ်နိုင်အမိသီလဆိုခြင်းသည် ခိုင်မြဲသော သီလဟု ဆိုသည်။ ခိုင်မြဲခြင်းသည် ရဟန္တာဖြစ်၍နိဗ္ဗာန်ကျအောင်ခိုင်မြဲမှ အမိသီလဖြစ်သည်။

၄င်းတံငါမှုဆိုး အရက်သမားကို သမထ ဆရာက အချိုးကိုက် ရသေ့ ရဟန်းအလုပ်နိုင်း၍ တောထဲမှာချည်း သက်သက် ထားပြီး ဈာန်အဘိညာဏ်ကို ရအောင် ယခုဘဝနှင့် ဖြုဟ္မာပြည် နှစ်ဘဝ ဒုစရိုက်မှုဆိုးတံငါ အရက်သောက် လွတ်၏။ ၄င်း ၂-ဘဝက လွန် သော်၍အမှုကိုမပြုမကျင့်ဟု မဆိုနိုင်၊ ကေန် ပြုကျင့်မည်ဟု မှတ်ပါ လေ၊ အမိစိတ္တ သမာဓိမဖြစ်၊ အမိ ဆိုခြင်းသည် နိဗ္ဗာန်ရောက် အောင်နိုင်မြဲခြင်းကို ဆိုခြင်းကြောင့်ဟု မှတ်ပါလေ။

ဝိပဿနာပညာ ဆရာက တံငါမှုဆိုး အရက်သမားကိုဝိပဿနာ အချိုးကိုက်အောင်ပြ၊ တံငါမှုဆိုး အရက် သောက်ရင်းလုပ်· သမ္မာ ဒိဋ္ဌိဉာဏ် အမြင်သန်၍ သက္ကာယဒိဋ္ဌိကွာ ဝိပဿနာလမ်း အထ မြောက်လျှင် ယခုဘဝကစ၍ နိဗ္ဗာန် ရောက်အောင် ၍တံငါမှုဆိုး အရက်တို့ သမုစ္ဆေဒပြတ်၏။ ထို့ကြောင့် ပညာသည် အကြောင်း တရား၊ သီလ သမာဓိသည် အကျိုးတရားဖြစ်၏။ပညာစခန်းပေါက်၍ တဏှာဒိဋ္ဌိ ၂-ပါးသေလျှင် သီလ့သမာဓိတရား ၂-ပါးအလကား ပြီးလေတော့၏။

ထို့ကြောင့် အဋ္ဌကထာဆရာတို့က ဝိရတီစေတသိက် ၃-လုံး သည် မဂ်၏ရှေ့ဦးဖြစ်သော သီလဟု ဆိုကြလေသည်၊ မဂ်ကိုမရသမျှ ကာလပတ်လုံး ဘယ်သီလမှ အမိသီလနိုင်မြဲခြင်း မဖြစ်နိုင်၊ သီလ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဝိပဿနာ ပညာ အချိုးကိုက်၍ သက္ကာယဒိဋ္ဌိ ကွာလျှင် သောတာပန်ဖြစ်၍ သူ့မဂ်နှင့် သူပယ်နိုင် သလောက် ဒုစရိုက်မှု အမြစ်ပြတ်လေတော့၏။

### တရားတို့ကို လောကီ လောကုတ္တရာ နှစ်လမ်းခွဲပြခဏ်း

ဒုစရိုက် ၁၀-ပါး၊ အဓမ္မဒါန ၁၀-ပါး တရားသည် အပါယ် ၄-ပါး အောက်သံသရာလမ်း။

ဒါန့သီလ့ကာမာဝစရ ဘာဝနာသည် သုဂတိခုနစ်ဘုံအလယ် သံသရာလမ်း။

ရူပါဝစရ၊အရူပါဝစရ ဘာဝနာသည် အထက်သံသရာ ဗြဟ္မာ ၂၀-လမ်း။

အဓိသီလသည် အထက်သံသရာလမ်း။
အဓိစိတ္တသည် အထက်သံရာလမ်း။
အဓိပညာသည် အရိယာလမ်း။
သီလဝိသုဒ္ဓိသည် အလယ်သံသရာလမ်း။
စိတ္တဝိသုဒ္ဓိသည် အထက်သံသရာလမ်း။
ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ
တည်းဟူသော ဝိသုဒ္ဓိ ၅-ပါးသည် အရိယာလမ်း။
အပုညာဘိသင်္ခါရသည် အောက်သံသရာလမ်း။
ပုညာဘိသင်္ခါရသည် သုဂတိခုနစ်ဘုံနှင့် ရူပ ၁၆-ဘုံလမ်း။
အာနေဥ္ဇာဘိသင်္ခါရသည် အရူပ ၄-ဘုံလမ်း။
သမုဒယသစ္စာနှင့် ဒုက္ခသစ္စာသည် လောကီလမ်း။
မဂ္ဂနှင့် နိရောဓသစ္စာသည် လောကုတ္တရာလမ်း။

မဂ္ဂင် ၈-ပါးအခွဲ

မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာ အာဇီဝ၊ မိစ္ဆာသတိ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသမာဓိ၊ မိစ္ဆာမဂ္ဂင် ရှစ်ပါး။

ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိ၊ စတုသစ္စ သမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖလသမ္မာဒိဋ္ဌိဟူ၍ သမ္မာဒိဋ္ဌိ ခြောက်မျိုးရှိ၏။

ထိုခြောက်မျိုးတို့တွင် ကမ္မဿကတာ သမ္မာဒိဋ္ဌိ မဂ္ဂင်သည်လည်း ရှစ်မျိုးရှိ၏။ ။ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ကမ္မဿကတာ သမ္မာ သင်္ကပ္ပ၊ ကမ္မဿကတာ သမ္မာဝါစာ၊ကမ္မဿကတာ သမ္မာကမ္မန္တ၊ ကမ္မဿကတာ သမ္မာအာဇီဝ၊ ကမ္မဿကတာ သမ္မာသတိ၊ ကမ္မ ဿကတာ သမ္မာဝါယာမ၊ ကမ္မဿကတာ သမ္မာသမာဓိအားဖြင့် ရှစ်ပါး။

ဈာနသမ္မာဒိဋ္ဌိ၊ ဈာနသမ္မာသင်္ကပ္ပ၊ ဈာနသမ္မာဝါစာ၊ ဈာန သမ္မာကမ္မန္တ၊ ဈာန သမ္မာအာဇီဝ၊ ဈာန သမ္မာသတိ၊ ဈာန သမ္မာ ဝါယာမ ဈာနသမ္မာသမာဓိအားဖြင့် ဈာန သမ္မာဒိဋ္ဌိ မဂ္ဂင်ရှစ်ပါး ရှိ၏။

ဝိပဿနာသမ္မာဒိဋ္ဌိမဂ္ဂင်၌လည်း ဤကဲ့သို့ မှတ်လေ။ ။စတုသစ္စ သမ္မာဒိဋ္ဌိ မဂ္ဂင်ရှစ်ပါး၌လည်း ဤကဲ့သို့မှတ်လေ။ ။မဂ္ဂသမ္မာဒိဋ္ဌိ မဂ္ဂင်၌လည်း ဤကဲ့သို့ယူလေ၊ ဖလသမ္မာဒိဋ္ဌိ မဂ္ဂင်ရှစ်ပါး၌လည်း ဤကဲ့သို့ယူလေ။ ဤဝိပဿနာ၊ စတုသစ္စ၊ မဂ္ဂ၊ ဖလ ၄-မျိုးသော မဂ္ဂင်သည်လောကုတ္တရာလမ်းဖြစ်သည်။ ။မိစ္ဆာဒိဋ္ဌိ မဂ္ဂင် ရှစ်ပါး သည် အောက်သံသရာလမ်းဖြစ်သည်။ ။ကမ္မဿကတာ သမ္မာဒိဋ္ဌိ မဂ္ဂင်ရှစ်ပါးသည် အလယ် သံသရာလမ်းဖြစ်သည်။ ဈာနသမ္မာဒိဋ္ဌိ မဂ္ဂင်ရှစ်ပါးသည် အထက် သံသရာလမ်းဖြစ်သည်၊ မိစ္ဆာဒိဋ္ဌိ မဂ္ဂင်၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိမဂ္ဂင်၊ ဈာနသမ္မာဒိဋ္ဌိမဂ္ဂင် ဤ ၃-ပါးသည် လောကီလမ်းဖြစ်သည်။

---

## သစ္စာ လေးပါးတွင် မဂ္ဂင်ရထားတပ်၍ သံသရာလည်နေပုံ သံသရာမှ ထွက်ပုံပြခန်း

ကိုယ်စိတ် ၂-ဖြာ ဆင်းရဲသည်ကို ဒုက္ခသစ္စာဟုမှတ်။ လိုချင် ခြင်း နှစ်သက်ခြင်း လောဘကို သမုဒယ သစ္စာဟုမှတ်၊ ၎င်း လောဘနှင့် ဒုက္ခ ချုပ်သည်ကို နိရောဓ သစ္စာဟုမှတ်။ အာရုံစိတ် ချုပ်သွားသည်ကို မဂ္ဂသစ္စာဟုမှတ်။

သူ့ အသက်ကို သတ်လိုသောဆန္ဒ လောဘစိတ်သည် သမုဒယ သစ္စာဟုမှတ်၊ သတ်၍ နေဆဲအခါ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်း ဒုက္ခ သစ္စာဟုမှတ်၊ ဤအခါ ကာမာဝစရ ကုသိုလ်စိတ်၊ ရူပါဝစရ အရူပါဝစရကုသိုလ်စိတ်၊ လောကုတ္တရာ မဂ်စိတ်ချုပ်၍ နေသည်၊ မဖြစ်ပေါ်ဘဲ နေသည်ကို နိရောဓသစ္စာဟုမှတ်။ ဤလိုသတ်၍နေစဉ် အခါ မိစ္ဆာမဂ္ဂင် ရှစ်ပါး တခါတည်းပါ၏။ အပါယ်သို့ သွားစေ တတ်သောသစ္စာ ၄-ပါး တပြိုင်နက်ဖြစ်၏ဟုမှတ်၊ပါဏာတိပါတ- သူ့အသက်ကို သတ်သောကံတခုမှာပင်သစ္စာ ၄-ပါး တပြိုင်နက် တချက်ထဲဖြစ်သည်ဟုမှတ်။

ထို့ကြောင့် "စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ" ဟု ဟောတော် မူသည်။ ။စတုသစ္စဝိနိမုတ္တော၊ သစ္စာ လေးပါးမှ

လွတ်ကင်းသော။ ဓမ္မောနာမ၊ တရားမည်သည်။ နတ္ထိ၊ မရှိလေတော့ပြီ။

အပါယ် မဂ္ဂင် ရှစ်ပါး တခါတည်း ပါပုံကို ပြဦးအံ့။ သူ့အသက်ကို သတ်စားရလျှင် သတ်၍ ရောင်းဝယ်ရလျှင် ကောင်း၏ဟု မြင်ခြင်းထင်ခြင်းသည် မိစ္ဆာဒိဋ္ဌိမဂ္ဂင်တပါး။ သူ့အသက်ကို မသေလျှင် သေအောင် ကြံစည်ရခြင်း မိစ္ဆာသင်္ကပ္ပတပါး။ ကိုယ်ဖြင့် သတ်ရန်ပြုကျင့်ရခြင်း မိစ္ဆာကမ္မန္တ တပါး။ သူ့အသက်ကို သတ်၍ စားလိုမှု ပရိယေသနမွေးလိုမှုသည် မိစ္ဆာအာဇီဝတပါး။ သူ့အသက် သတ်နေစဉ် မသေမချင်း စောင့်ရှောက်ရခြင်း မိစ္ဆာသတိတပါး။ သေအောင် လုံ့လစိုက်ရခြင်း မိစ္ဆာဝါယာမတပါး။ သတ်၍ နေစဉ်အခါ အခြား အလုပ်အာရုံကို မပြောင်းမရွေ့ဘဲ ဤနေရာတွင် တည်နေရခြင်းသည် မိစ္ဆာသမာဓိတပါး ပေါင်း မိစ္ဆာမဂ္ဂင် ရှစ်ပါးပြည့်စုံသဖြင့် မိစ္ဆာမဂ္ဂင် ရထားစီး၍ အပါယ်သို့ သွားရလေတော့သည်။ ထို့ကြောင့်ဒုစရိုက်ကံ တခုမှာပင်သစ္စာ ၄-ပါး တပြိုင်နက် ဖြစ်သည်ဟုမှတ်။ ဤအရာကိုမှ မသိ၍ မယူနိုင်လျှင်သောတာပန် ပုဂ္ဂိုလ်ကို သစ္စာလေးပါး တပြိုင်နက်မြင်သည်ဟု ပြသော သစ္စဝိမုတ်ကို မသိဘဲရှိတတ်သည်။

ဒါန သီလ ကုသိုလ်ကို လိုချင်ခြင်းသည် လောဘ သမုဒယသစ္စာဟုမှတ်၊ ၎င်း ဒါန သီလအလုပ်ကိုလုပ်ရခြင်းသည်ကိုယ်စိတ်နှစ်ဖြာ ကျဉ်းကျပ်ဆင်းရဲ၏၊ ဒုက္ခသစ္စာဟုမှတ်၊ ဤဒါနသီလကိုကျင့်ကြံပွားများ အားထုတ်နေစဉ်အခါ အကုသိုလ်စိတ် ရူပါဝစရ အရူပါဝစရ လောကုတ္တရာမဂ်စိတ် ချုပ်၏၊ ၎င်းစိတ်ချုပ်ခြင်းကို နိရောဓဟုမှတ်၊ ဤအခါ ကာမာဝစရ ကုသိုလ်စိတ်သာ ဖြစ်၏။ ဒါန၊ သီလတို့ကို ပြုကျင့် ရလျှင် ကောင်း၏ဟု မြင်ခြင်းကမ္မဿကတာ သမ္မာဒိဋ္ဌိဟုမှတ်၊ ၎င်းဒါန၊ သီလမှုမပျက်မစီးအောင် ကြံစည်ရခြင်းသည် ကမ္မဿကတာ သမ္မာသင်္ကပ္ပဟုမှတ်၊ ဤဒါနသီလမှု အတွက် ပြောဆိုခြင်းသည် ကမ္မဿကတာ သမ္မာဝါစာဟုမှတ်၊ ဤဒါန သီလမှုပြုရခြင်းသည် ကမ္မဿကတာသမ္မာကမ္မန္တဟုမှတ်၊ ၎င်းနှင့် အသက်မွေးရခြင်း ကမ္မဿကတာ သမ္မာအာဇီဝ ဟုမှတ်။

၎င်းဒါန သီလမှုကို စောင့်ရှောက်ရခြင်းးကမ္မဿကတာ သမ္မာသတိ ဟုမှတ်၊ ၎င်းဒါန သီလမှုအတွက် လုံ့လ ဥဿာဟ ထုတ်ရခြင်း သမ္မာဝါယာမဟုမှတ်၊ ၎င်းဒါနမှု သီလမှု၌ စိတ်တည်ကြည်ခြင်းကို ကမ္မဿကတာ သမ္မာသမာဓိဟုမှတ်၊ ၎င်းကာမာဝစရ ကုသိုလ်ကံ တခုတည်းပြုရာမှာပင် ကာမသုဂတိနှင့်လျော်သော သစ္စာ ၄-ပါး တပြိုင်နက်ဖြစ်၏ဟုမှတ်လေ၊ ကျန်သော ကာမာဝစရ ကုသိုလ်မှု တို့၌လည်း သစ္စာ ၄-ပါး တပြိုင်နက် ဤလိုသဲ ဖြစ်သည်ဟု မှတ်ပါလေ။

သမထဘာဝနာ ၄၀-တွင် တပါးပါးသော အဘိညာဏ် ဈာန် သမာဓိတရားကို လိုချင်တပ်မက်ခြင်းသည် တဏှာ လောဘ သမုဒယ သစ္စာဟုမှတ်၊ ၎င်း အာနာပါနစသော အလုပ်ကိုလုပ်ရ ခြင်း၌ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲခြင်းကို ဒုက္ခသစ္စာဟုမှတ်၊ ဤအလုပ် ကိုလုပ်၍ နေစဉ် အထမြောက်လျှင် အကုသိုလ်စိတ် ကာမာဝစရ ကုသိုလ်စိတ် လောကုတ္တရာ မဂ်စိတ်တို့ ချုပ်ငြိမ်း၍ နေသည်ကို နိရောဓသစ္စာမှတ်၊ ဤအခါ ရူပါဝစရ အရူပါဝစရ ကုသိုလ်သာ ဖြစ်ပေါ်၏၊ ၎င်းသမထ ဘာဝနာတရား အထမြောက်လျှင် ကောင်း ၏ဟု မြင်ခြင်းသည် ဈာနသမ္မာဒိဋ္ဌိဟုမှတ်၊ ကမ္မဋ္ဌာန်း အာရုံ၌ စိတ် တည်အောင်, အခြား မသွား ရအောင် ကြံစည် ရခြင်း ဈာန သမ္မာသင်္ကပ္ပ၊ ၎င်းကမ္မဋ္ဌာန်းအာရုံမှ အခြားသို့စိတ်မသွားရအောင် စောင့်ရှောက် ရခြင်းသည် ဈာနသမ္မာသတိ၊ လုံ့လ ထုတ်ရခြင်း ဈာန သမ္မာဝါယာမ၊ ဤအမှု ပြုကျင့်ရခြင်း ဈာန သမ္မာကမ္မန္တ၊ ဤအမှုနှင့်နေရခြင်း ဈာန သမ္မာအာဇီဝ၊ ဤကမ္မဋ္ဌာန်းကိုဆိုရခြင်း ဈာနသမ္မာဝါစာ၊ ဤသမထ ကမ္မဋ္ဌာန်း အာရုံ၌ စိတ်တည်ကြည် နိုင်မြဲခြင်း ဈာနသမ္မာသမာဓိဟုမှတ်၊ ဈာနသမ္မာဒိဋ္ဌိ မဂ္ဂင်ရှစ်ပါး တပြိုင်နက်ဖြစ်၍ သစ္စာ ၄-ပါး တပါတည်းပြီးသောကြောင့် ဈာန် ရထားစီး၍ ဗြဟ္မာ ၂၀-သို့သွား၏၊ သမထ ၄၀-လုံးမှာ တပါးပါး ဖြစ်လျှင် သစ္စာ ၄-ပါးတပြိုင်နက်ဖြစ်၏ဟု မှတ်လေ။

ရုပ်,နာမ်ခန္ဓာ အာယတန ပဋိစ္စသမုပ္ပါဒ်ဓာတ်သစ္စာတို့ကို တတ် ချင်၊ သိချင်၊ မြင်ချင်လိုသော စိတ်သည် လောဘ ဖြစ်ခြင်းကြောင့်

ထမုဒယသစ္စာဟုမှတ်။ ။ငင်းရုပ်,နာမ် ခန္ဓာတရား တပါးပါးကို ဝိပဿနာညာဏ်ဖြင့် ရှုကြည့်ရခြင်း ဇုရိယာပထ ၄-ပါးနှင့် သွားလာ နေထိုင်ကြည့်ရှုရင်း ဤဝိပဿနာအလုပ်ကို လုပ်ရခြင်းသည် ဆင်းရဲ သဖြင့် ဒုက္ခသစ္စာဟုမှတ်၊ ဤဝိပဿနာ ကမ္မဋ္ဌာန်းကို ရှုကြည့်၍ ရုပ်ခံတတ်, နာမ်ခံတတ်တို့ကို ထင်မြင်သော အခါ အကုသိုလ်စိတ်၊ ကာမာဝစရကုသိုလ်စိတ်၊ ရူပါဝစရ, အရူပါဝစရ ကုသိုလ်စိတ်၊ လောကီစိတ်၊ ကောသိတ်(၈၁)ခုသောစိတ်တို့ချုပ်၏၊ ငင်းစိတ်ချုပ် သည်ကို နိရောဓသစ္စာဟုခေါ်၏၊ နိဗ္ဗာန်ကို အာရုံပြုပြီး ၃၁-ဘုံကို ညာဏ်မျက်စိမှောက်ပစ်လိုက်ခြင်းကို နိဗ္ဗာန်မျက်မှောက် ပြုသည်ဟု ခေါ်ကြသည်။ ။နိဗ္ဗာန်ကို မျက်မှောက်ပြုသည်ဟု ဆိုသောစကား သည် ၃၁-ဘုံထည်းသို့ စိတ်မရောက်သည်ကို ဆိုသည်၊ ဥပမာ- ငွေဒင်္ဂါး တပြား မြက်တောထဲသို့ ကျသွား၏၊ ရှာသော်မတွေ့၊ ဒင်္ဂါးကို မမြင်ဟုဆို၏၊ ဘာကြောင့် မတွေ့ မမြင်သလဲ မေးလျှင် မျက်စိမှောက်၍ မတွေ့ပါဟုပြော၏၊ ထိုမျက်စိထဲ၌ဒင်္ဂါး မရှိဘူး လား၊ ကျတာမမှန်ဘူးလားမေးလျှင် ကျတာမှန်၏၊ ဒင်္ဂါးမျက်စိထဲ ရှိတာမှန်၏ဟု ဝန်ခံ၏၊ ထို့အတူ ၃၁-ဘုံ မရှိဘူးလားဟု မေးလျှင် ရှိပါ၏ဟုဝန်ခံ၏၊ ဘယ်အတွက် ၃၁-ဘုံထဲသို့ စိတ်မရောက်ပါသလဲ ဆိုလျှင် ညာဏ်မျက်စိမှောက်၍ နေသောကြောင့် ၃၁-ဘုံရှာမတွေ့ သဖြင့် ညာဏ်ထဲမှာ ခံတတ်စု, ခံတတ်ခဲသာ တွေ့ထင်မြင်သိနေခြင်း ကြောင့်ဟု ဆိုသကဲ့သို့ ပြောသကဲ့သို့မှတ်။

လောကုတ္တရာမဂ္ဂင်ရှစ်ပါးတပြိုင်နက်ပြီးပုံကား ပညတ်ပျောက်၍ ပရမတ်ရုပ်ခံတတ်, နာမ်ခံတတ်ကို ပေါက်ရောက် ထင်မြင်ခြင်းသည် ဝိပဿနာ သမ္မာဒိဋ္ဌိကြောင့်ဖြစ်သော မဂ္ဂသမ္မာဒိဋ္ဌိဟု မှတ်၊ ငင်းပရ မတ်ရုပ်ခံတတ်,နာမ်ခံတတ်တို့ကို ထင်မြင်အောင် ကြံစည်ရ ခြင်းသည် လောကုတ္တရာမဂ်နှင့် လျော်သော အကြံဖြစ်၍ မဂ္ဂသမ္မာသင်္ကပ္ပဟု မှတ်။ ငင်းရုပ်နာမ်တရားတို့ကို ရွတ်အံခြင်း မဂ္ဂသမ္မာဝါစာ၊ ငင်း ဝိပဿနာကမ္မဋ္ဌာန်းအလုပ်ကို လုပ်ရခြင်း မဂ္ဂသမ္မာကမ္မန္တ၊ ငင်း တရားမွေ့လျော် ပျော်ပါး၍နေခြင်း မဂ္ဂသမ္မာအာဇီဝ၊ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ လျက်တိုင်း၊ တွေ့ထိတိုင်း ငင်းဝိပဿနာ ကမ္မ

ဋ္ဌာန်းအာရုံကို သတိထားရခြင်းသည် မဂ္ဂသမ္မာသတိဟုမှတ်။ ဇုရိယာပထနှင့် မြင်တိုင်း၊ ကြားတိုင်းတို့၌ ဝင်းရုပ်နာမ်ဓာတ် ကမ္မဋ္ဌာန်းတရားကို ဝီရိယ စိုက်ရခြင်း မဂ္ဂသမ္မာ ဝါယာမဟု မှတ်။ အာရုံခြောက်ပါးတို့နှင့်တွေ့ထိတိုင်း ဤဝိပဿနာကမ္မဋ္ဌာန်းစိတ်မှာခိုင်မြဲစွာထားနိုင်ခြင်းကို မဂ္ဂသစ္စာသမာဓိဟုမှတ်၊ဤသမာဓိသည် ခဏိကသမာဓိခေါ်သည်။ စေကဂ္ဂတာ စေတသိက်ခေါ်သည်။ ။ဤခဏိကသမာဓိမျိုးနှင့်သာ မဂ်စိတ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရနိုင်သည်ဟု မှတ်ပါလေ၊ ဥပစာရသမာဓိ၊ အပ္ပနာ သမာဓိမျိုးသည် ဈာန်အဘိညာဏ်ကိုသာရသည်။ ဘယ်တော့မှ မဂ်,ဖိုလ်ကိုမရဟု နာနာ ကြပ်ကြပ်တခါတည်း မှတ်ပါလေ၊ ထို့ကြောင့် အဋ္ဌကထာ ဆရာတို့ သွားရင်း၊ လာရင်း၊ အိပ်ရင်း၊ စားရင်း၊ ရပ်ရင်း၊ ထိုင်ရင်း စသည်တို့၌ မဂ်စိတ်ဖြစ်ကြောင်းကို ပြကြလေသည်။

ယာဿ သဒ္ဓါစ ဗလဝတီ ဝိပဿနာစ အာရဒ္ဓါ၊ တဿ ဂစ္ဆန္တဿ တိဋ္ဌန္တဿ နိသီဒန္တဿ နိပ္ပဇ္ဇန္တဿ ဘုဥ္ဇန္တဿ မဂ္ဂဖလ ပဋိဝေဓော နာမ နဟောတိတိ နတ္ထိ။

ယဿ၊ရဟန်းရှင်လူ မည်သူမဆိုအကြင်ပုဂ္ဂိုလ်အား။ သဒ္ဓါစ၊ ဝိပဿနာဉာဏ်ကို ကေန်ယုံကြည်သော သဒ္ဓါတရားသည်လည်း။ ဗလဝတီ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းမှန်၍ အင်မတန်အားရှိလေတော့၏။ ဝိပဿနာစ၊ နာမ်သည်ငါမဟုတ် ရုပ်သည် ငါမဟုတ်၊ နာမ်ရုပ်နှစ်ပြာသည် ငါမဟုတ်ဟူ၍ဝင်း၊ နာမ်၌ ငါမရှိ၊ ရုပ်၌ငါမရှိ၊ နာမ်ရုပ်နှစ်ပြာ၌ ငါမရှိဟူ၍ဝင်း၊ ဝိပဿနာ ရှုခြင်းကိုလည်း။ အာရဒ္ဓါ၊ လျောင်း, ထိုင်, ရပ်, သွား, ဇုရိယာပထ ၄-ပါးနှင့်အားထုတ်၏။ တဿ၊ လူချင်းသာတူ၍ အသက်ရှုကွဲကြသည်ဆိုသောစကားအရ အန္ဓပုထုဇဉ်တွေနှင့် အပေါ်ရံ အပြုအမူမှာ အတူတူသာထင်ရ၍ အတွင်းက နာမ်နှင့်ရုပ်ကို အဟုတ် အဟာတ် အတပ်မြင်အောင် ပွားများအားထုတ်သောထိုသူအား။ ဂစ္ဆန္တဿ၊ သွားနေစဉ်၌ဝင်း။ တိဋ္ဌန္တဿ၊ ရပ်နေစဉ်၌ဝင်း၊ နိသီဒန္တဿ၊ ထိုင်နေစဉ်၌ဝင်း။ နိပ္ပဇ္ဇန္တဿ၊ လျောင်းနေစဉ်၌ဝင်း။ ခါဒန္တဿ၊ ခဲနေစဉ်၌ဝင်း။ ဘုဥ္ဇန္တဿ၊ စားနေစဉ်၌ဝင်း။ မဂ္ဂဖလပဋိဝေဓော

နာမ၊ မဂ်ဖိုလ်ကိုထိုးထွင်း၍သိခြင်းမည်သည်။ နဟောတိတိ၊ မဖြစ်နိုင်ကြဘူးဟူ၍။ နတ္ထိ၊ ဘယ်တော့မှမရှိကြလေတော့ပြီ။

ဝိပဿနာအလုပ်နှင့် မဂ်စိတ်မဖြစ် မဂ်မရဘူး လင်သားမယားတွေနှင့်သောတာပန် မဖြစ်နိုင်ဘူးဟူ၍မဆိုလိုက်ကြနှင့်၊ မဂ္ဂန္တရာယ်သင့်၍မဂ်ဖိုလ်နိဗ္ဗာန်ကို ဘယ်တော့မှမရဘဲရှိတတ်သည်၊ ကြပ်ကြပ်သတိထား၍ တယောက်နှင့်တယောက် တရားစကား ပြောတော်မူကြပါကုန်။ ဤပါဠိအဋ္ဌကထာဒေသနာကို ထောက်လျှင် ပညတ်ပျောက်၍ပရမတ် ရုပ်ခဝတ်၊ နာမ်ခဝတ်ပေါက်ရောက်ထင်မြင်သည်ကိုပင် မဂ်စိတ်ဟုဆိုသည်၊ သဂြိုဟ်ကျမ်း ကျက်မှတ်သူတို့ ဆရာတို့ ပြောသည်မှာ မဂ်စိတ်ဆိုတာ လူဘဲလဲ၍ မေ့သွားရဦးတော့မလို ဘယ့်နှဲ့ဟာကိုဘဲမြင်ရဦးတော့မလို၊ ဘာဘဲဖြစ်သွားရဦးတော့မလို၊ ပြောကြသော ကိုယ်ရုပ်တမ်း ကိုယ်နံမတားတို့အတွက် မဂ်ဖိုလ်ကို ရဘို့ရန် လွယ်ပါလျက်သားနှင့် ခက်သည်ထက်ခက်၊ ခဲယဉ်းသည်ထက် ခဲယဉ်းအောင် ပြောသူသာများကြသည်၊ စာကြည့်သူတို့ စဉ်းစားပါကုန်။

---

## အပါယ်ကျခြင်းဟူသမျှတို့သည်သက္ကာယဒိဋ္ဌိ ပြဋ္ဌာန်းသည်ကိုပြခြင်း

သက္ကာယဒိဋ္ဌိကိုရင်ခွင်ပိုက်လျက် အလိုက်သင့် မွေးမြူထားကြသူရှင်လူ ပုထုဇဉ်တို့၏ကျင့်ကြံအားထုတ်ကြသော ဒါန၊သီလ၊သမာဓိ၊ ပညာဟူသော တရားမြတ်တရားကောင်းတို့သည်လည်း အစောင်းမထက်၊ ပျက်လွယ်၊ စီးလွယ်၊ ဖေါက်ပြန်လွယ်လှ၏၊ သက္ကာယဒိဋ္ဌိကွာ၍ သောတာပန်စသော အရိယာသူတော်ကောင်းတို့ ပြုလုပ်အားထုတ်၍ထားကြသော ဒါန၊ သီလ၊ သမာဓိ၊ ပညာတို့သည် အစောင်းထက်သန်၍ ဖေါက်ပြန် ပျက်စီးခြင်း မရှိကြဘဲ ခိုင်မြဲလှလေ၏၊ သက္ကာယဒိဋ္ဌိ ရှိသူနှင့်မရှိသူ သောတာပန် အရိယာတို့ တရားထူး တရားကောင်းခြင်းကွာသည်သာမကသေး၊ မကောင်းမှု အကုသိုလ်၏အရာမှာလည်းမတူကြသေး၊မတူပုံကား-သောတာပန်

စသော အရိယာတို့သန္တာန်မှာဖြစ်သော လောဘ၊ ဒေါသ၊ မာန စသော အကုသိုလ် တရားတို့သည် အပါယ်လားကြောင်း မဟုတ်တော့ပြီဟုမှတ်ပါလေ။ အဘယ့်ကြောင့် ဆိုသော်-ငါ ငါ့ထင်စရာ အချက်အသက်ဝိညာဉ်ရှိ၏ဟုအတ္တဒိဋ္ဌိသက္ကာယဒိဋ္ဌိအယူကို ပယ်စွန့်ပြီးဖြစ်သောကြောင့်တည်း၊ ၎င်းအတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိရှိကြသူတို့၏ သန္တာန်မှာ ဖြစ်ကြသော လောဘ ဒေါသ၊ မာနစသောအကုသိုလ် တရားတို့သည် အပါယ်လားကြောင်း စင်စစ် ဖြစ်လေတော့၏၊ အဘယ့်ကြောင့်ဆိုသော် ငါ-ငါ့ထင်မှတ်စရာ အချက် အသက် ဝိညာဏ်ရှိ၏ဟု အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိအယူ တန်းလမ်းအစွဲအမြဲကြီးခြင်းကြောင့်တည်း။ ထို့ကြောင့် ပရမတ္ထဒီပနီ၌-

> သဗ္ဗာနိစ အပါယဂါမိ ကမ္မာနိနာမ အတ္တဒိဋ္ဌိယာ သတိယာ ဧဝ ဝိပစ္စန္တိ၊ အသတိယာ နဝိပစ္စန္တိ၊ ဒိဋ္ဌိသမ္ပန္နာ သာဒိဋ္ဌိ သဗ္ဗသော ပဟီနာ ဟောတိ။

သဗ္ဗာနိစ၊အလုံးစုံလည်းဖြစ်ကုန်သော၊အပါယဂါမိကမ္မာနိနာမ၊ အပါယ်လားကြောင်း မကောင်းမှုအကုသိုလ်ကံတို့ မည်သည်ကား။ အတ္တဒိဋ္ဌိယာ၊ ထင်ရှား ဧကန် တကယ်ရှိ၊ တကယ်ဟုတ်မှန်သည့် ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး သက္ကာယထဲမှာ ငါဆိုတာ မပါ မရှိ ပါဘဲလျက် ပါရှိသည် အထင်အမြင် မှားနေကြသော အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ အယူမှားကြီးသည်။ သတိယာဧဝ၊ သတ္တဝါတို့၏ သန္တာန်ဒြဗ်မှာ စွဲကပ်လျက် ရှိနေသော်သာလျှင်။ဝိပစ္စန္တိ၊အပါယ် ၄-ပါးကျခြင်းအကျိုးကို ဖြစ်စေနိုင်၏။ အသတိယာ၊ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ အယူမှားကြီး သည် သတ္တဝါတို့ သန္တာန်ဒြဗ်မှာ ကင်းပြတ်ချုပ်သွား ထင်ရှားမရှိခဲ့သည်ရှိသော်။ နဝိပစ္စန္တိ၊အပါယ်ကျကြောင်း အကျိုးကို မဖြစ်စေနိုင်ကုန်။ ဝါ၊ အပါယ်ကို မကျနိုင်ကုန်။ ဒိဋ္ဌိသမ္ပန္နာ၊ တရားစစ်တရားမှန်ကို ဧကန် သိမြင်ကြကုန်သော ပုဂ္ဂိုလ်တို့အားလည်း။ သာဒိဋ္ဌိ၊ ထိုအပါယ်ကို ချတတ်သော သက္ကာယဒိဋ္ဌိ အယူမှားကြီးကို။ သဗ္ဗသော၊ အချင်း ခပ်သိမ်းအားဖြင့်။ ပဟီနာ၊ စွန့်ခွာ ပယ်ရှားအပ်သည်။ ဟောတိ၊ ဖြစ်၏။

## ဝိပလ္လာသ ၃-ပါးအကြောင်း

သညာဝိပလ္လာသ-အမှတ်မှားခြင်း၊
ဒိဋ္ဌိဝိပလ္လာသ-အယူအမြင်မှားခြင်း၊
စိတ္တဝိပလ္လာသ-အကြံအသိမှားခြင်း၊

ဂုဏ်းတရား ၃-ပါးသည် အဝိဇ္ဇာဖုံးအုပ်ကွယ်ကာသည့်အတွက် တဏှာအရင်းအမြစ် တရားကိုယ်မှတ်လေ။

အသုဘ-မတင့်တယ်စွာသော ရုပ်၊ နာမ်၊ ခန္ဓာတရား တို့ကို သုဘ-တင့်တယ်လှပသည်ဟု အမှတ်မှားခြင်း၊ အယူအမြင်မှားခြင်း၊ အကြံအသိမှားခြင်း ၃-ပါးရှိ၏။

အနိစ္စ, မခိုင် မမြဲသော ခန္ဓာငါးပါး ရုပ် နာမ် တရားတို့ကို နိစ္စ, ခိုင်မြဲ၏ဟု အမှတ်မှားခြင်း၊ အကြံအသိမှားခြင်း ၃-ပါးရှိ၏။

ဒုက္ခဆင်းရဲခြင်းအတိဖြစ်သောခန္ဓာငါးပါးရုပ် နာမ်တရားတို့ကို သုခ ချမ်းသာငြိမ်းအေးသည်ဟု အမှတ်မှားခြင်း၊ အယူမှားခြင်း၊ အကြံအသိ မှားခြင်း ၃-ပါးရှိ၏။

အနတ္တ, အနှစ်သာရ ဘာမျှမရှိသည့်အတွက် ပုဂ္ဂိုလ်၊သတ္တဝါ၊ ငါသူတပါး၊ ယောက်ျား၊ မိန်းမဟုတ်သောခန္ဓာငါးပါး ရုပ်၊နာမ် တရားတို့ကို အတ္တ,ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောက်ျား၊ မိန်းမဟုအမှတ်မှားခြင်း၊ အယူအမြင်မှားခြင်း၊ အကြံအသိမှားခြင်း ၃-ပါးရှိသဖြင့် ပေါင်း ဝိပလ္လာသ ၁၂-ပါးဖြစ်၏။

အဓိပ္ပါယ်, ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို သုဘ၊နိစ္စ၊ သုခ၊ အတ္တဟု သညာဝိပလ္လာသဖြင့် မှတ်ထင်ခြင်း ၄-ပါး။ ခန္ဓာငါးပါး ရုပ် နာမ်တရားကို သုဘ၊ နိစ္စ၊ သုခ၊ အတ္တဟု ဒိဋ္ဌိဝိပလ္လာသဖြင့် အယူ အမြင်မှားခြင်း ၄-ပါး။ ခန္ဓာငါးပါး ရုပ်၊နာမ်တရားတို့ကို သုဘ၊ နိစ္စ၊ သုခ၊ အတ္တဟု စိတ္တဝိပလ္လာသဖြင့် အကြံအသိမှားခြင်း ၄-ပါး ပေါင်း ၁၂-ပါးရှိ၏။

သောတာပတ္တိမဂ်ဖိုလ်သည် ခန္ဓာငါးပါး ရုပ် နာမ် တရားတို့၌ သုဘဒိဋ္ဌိ၊နိစ္စဒိဋ္ဌိ၊သုခဒိဋ္ဌိ၊အတ္တဒိဋ္ဌိ ၄-ပါး။နိစ္စသညာ၊ အတ္တသညာ ၂-ပါး။ နိစ္စစိတ္တ၊ အတ္တစိတ္တ ၂-ပါး။ ပေါင်းရှစ်ပါးကို အကြွင်းမရှိ

ပယ်သတ်နိုင်၏။ ထို့ကြောင့် အနိစ္စနှင့်အနတ္တကို သောတာပတ္တိမဂ် ကျလျှင် အပြီးတိုင် ထင်မြင်နိုင်၏ဟု မှတ်လေ။ သုဘသညာ၊ သုဘစိတ္တ၊ သုခသညာ၊ သုခစိတ္တ ဤလေးပါးကိုကား မပယ်နိုင်သေးဟု မှတ်လေ။ ထို့ကြောင့် သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်တို့သည် ကာမ စည်းစိမ်၊ ကာမဂုဏ်တို့၌ ခံစား စံစားမှုမှာ ပုထုဇဉ်ပုဂ္ဂိုလ်တို့နှင့် အတူတူပင် ရှိသေး၏။ ခုနစ်နှစ်အရွယ်က သောတာပန်ဖြစ်သော ဝိသာခါ ဒါယိကာမသည် သားတကျိပ်၊ သမီးတကျိပ်၊ မြေး ၄၀၀၊ မြစ် ၈၀၀၀ မွေးဖွား၍ နေသည်ကို ကြည့်ကြလေ။ အနာဂါမိ မဂ်သည် သုဘသညာ၊ သုဘစိတ္တ နှစ်ပါးကို ပိုင်ပိုင်နိုင်နိုင် ပယ်သတ်နိုင်၏။ အရဟတ္တမဂ်သည် သုခသညာ၊သုခစိတ္တ နှစ်ပါးကို ပိုင်နိုင်စွာ ပယ်သတ် နိုင်၍ ဝိပလ္လာသ ၁၂-ပါးလုံး ပြတ်၏ဟု မှတ်လေ၊ ထို့ကြောင့် သင်္ဂဟဂါထာ ဝိသုဒ္ဓိမဂ်၌-

သုခံ သညာစ စိတ္တဉ္စ၊ အန္တမဂ္ဂေန ဝဇ္ဇိတံ။
တံဒွယံ သုဘံ ဟေဋ္ဌေန၊ အာဒိမဂ္ဂေန သေသကာ။

သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ခန္ဓာငါးပါးတို့၌ ချမ်းသာသည်ဟု မှတ်ထင်သော။ သညာစ၊ အမှတ်မှားခြင်း သညာဝိပလ္လာသရင်း။ သုခံ၊ ချမ်းသာသည်ဟု ခန္ဓာငါးပါး ရုပ်,နာမ်တရားတို့ကို။ စိတ္တဉ္စ၊ အကြံအသိမှားသော စိတ္တဝိပလ္လာသရင်း။ အန္တမဂ္ဂေန၊ မဂ်လေးပါးတွင် အဖျားဆုံးကျ အရဟတ္တမဂ်သည်။ ဝဇ္ဇိတံ၊ ပယ်ခွါ နုတ်ဖြတ် အသေသတ်အပ်၏။ သုဘံ၊ ခန္ဓာငါးပါး ရုပ်,နာမ် တရားတို့၌ လှပတင့်တယ်သည်ဟု။ သညာ၊ အမှတ် အထင်မှားသော သညာဝိပလ္လာသရင်း။သုဘံ၊လှပတင့်တယ်သည်ဟု။ စိတ္တဉ္စ၊ အကြံအသိမှားသောစိတ္တဝိပလ္လာသရင်း။ တံဒွယံ၊ ထိုသညာ, စိတ္တဝိပလ္လာသနှစ်ပါးကို။ ဟေဋ္ဌေန၊ အရဟတ္တမဂ် အောက်ဆက်ဖြစ်သည့် အနာဂါမိ မဂ်သည်။ ဝဇ္ဇိတံ၊ပယ်ခွါနုတ်ဖြတ်အသေသတ်အပ်၏။ သေသကာ၊ကြွင်းသော ဝိပလ္လာသရှစ်ပါးတို့ကို။ အာဒိမဂ္ဂေန၊မဂ်လေးပါးတွင်အလျင်ဖြစ်ဘိ သောတာပတ္တိ မဂ်သည်။ ဝဇ္ဇိတံ၊ ပယ်ခွါနုတ်ဖြတ် အသေသတ် အပ်၏။။

အဓိပ္ပါယ် ခန္ဓာငါးပါး ရုပ်, နာမ်တရားတို့၌ လှပတင့် တယ်သည်ဟု အမြင်မှား၊ အယူမှား ရှိခြင်းတပါး။ ချမ်းသာသည်ဟု အမြင်မှား၊ အယူမှား ရှိခြင်းတပါး၊ မြဲ၏ဟု အထင်အမြင်အယူမှား ရှိခြင်းတပါး၊ ပုဂ္ဂိုလ်သတ္တဝါ, ငါ,သူတပါး, ယောကျ်ား,မိန်းမဟု အထင်အမြင် အယူမှားရှိခြင်းတပါး၊ ပေါင်း ၄-ပါး။ ခန္ဓာငါးပါး ရုပ်, နာမ်တရားတို့၌ မြဲ၏ဟု အမှတ်မှားခြင်း တပါး။ ပုဂ္ဂိုလ်, သတ္တဝါ,ငါ,သူတပါး,ယောကျ်ား,မိန်းမဟု အမှတ်မှားခြင်းတပါး။ ပေါင်း ၂-ပါး။ ခန္ဓာငါးပါး ရုပ်,နာမ်တရား၌ မြဲ၏ဟု အကြံအသိမှားခြင်းတပါး။ ပုဂ္ဂိုလ်,သတ္တဝါ,ငါ, သူတပါး, ယောကျ်ား, မိန်းမဟု အကြံအသိမှားခြင်းတပါး ပေါင်းရှစ်ပါးကို သောတာပန်၊သကဒါဂါမ် ပယ်၏။

အနာဂါမ်ပုဂ္ဂိုလ်မှာ ခန္ဓာငါးပါး ရုပ်,နာမ် တရား၌ လှပတင့်တယ်သည်ဟု အမှတ်မှားခြင်း၊ အကြံအသိမှားခြင်း နှစ်ပါးကိုပယ်သတ်၏။ အရဟတ္တမဂ်သည် ခန္ဓာငါးပါး ရုပ်, နာမ် တရားတို့ကို ချမ်းသာသည်ဟု အမှတ်မှားခြင်း၊အကြံအသိမှားခြင်းနှစ်ပါးကိုပယ်သတ်နိုင်၏ဟု မှတ်လေ။

## သာသနာအကြောင်း

သာသနာဆိုသော စကားသည် မြတ်စွာ ဗုရား၏ အဆုံးအမဩဝါဒကိုခေါ်သည်။အဆုံးအမဩဝါဒသည်လည်းသံသရာမှထွက်မြောက်ကြောင်းတရားကို ဆိုသည်။ သံသရာ ထွက်မြောက်ကြောင်း၌လည်း ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ၊ သီလ သာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာ၊ သုတ္တန်သာသနာ၊ ဝိနည်းသာသနာ၊ အဘိဓမ္မာသာသနာ ဤကဲ့သို့ ရှိရာတွင် ပရိယတ္တိဆိုသောစကားသည် သင်အံလေ့ကျက်ခြင်း၊ ပဋိပတ္တိသည်ကျင့်ခြင်း၊ပဋိဝေဓသည် အကျိုးဖြစ်ခြင်း၊ ပရိယတ္တိ သင်အံလေ့ကျက်ခြင်း၌ သံသရာမှ မလွတ်မထွက်နိုင်သော ပေစာ၊ ကျမ်းဂန်တို့ကို မဆိုလို၊ သံသရာမှ လွတ်မြောက်နိုင်သော ရုပ်, နာမ်, ခန္ဓာ, အာယတန ပဋိစ္စသမုပ္ပါဒ်၊ ဓာတ်သစ္စာ တရားတို့ကို သင်အံလေ့

ကျက်မှ သံသရာ ထွက်ကြောင်းနှင့်လျော်၍ ပရိယတ္တိသာသနာခေါ် ထိုက်၏။ ပဋိပတ္တိ အကျင့်၌လည်း သင်္ခါရ ၃-ပါးကို ဖြစ်စေတတ်သော အကုသိုလ်စိတ် ၁၂-ခု၊ မဟာကုသိုလ်စိတ် ၈-ခု၊ ရူပကုသိုလ်စိတ် ၅-ခု၊ အရူပကုသိုလ် ၄-ခုတို့ကို ဖြစ်စေ တတ်သော ဒုစရိုက် ၁၀-ပါး၊ အခမ္မဒါန ၁၀-ပါး၊ ဒါန,သီလ,သမထ,ဘာဝနာစသော တရားအကျင့် တို့ကို မဆိုလို၊ ဘယ်အတွက်လဲ ဆိုလျှင် သံသရာမှ ထွက်မြောက်ခြင်းခေါ်သော သာသနာနှင့် မတွဲနိုင် ခြင်းကြောင့် ဖြစ်သည်။ ရုပ်,နာမ်, ခန္ဓာ, ပဋိစ္စသမုပ္ပါဒ်, ဓာတ်, သစ္စာတရားတို့၌ လက္ခဏာရေးသုံးပါးတင်၍ ရှုဆင်ခြင်ခြင်းကို ပဋိပတ္တိ သာသနာဟု မှတ်ပါလေ။ ပဋိဝေဓ အကျိုး ဖြစ်ခြင်း၌လည်း လောကီကုသိုလ် အကုသိုလ်တည်းဟူသော လူ,နတ်,ဗြဟ္မာ,သတ္တဝါ စည်းစိမ်အကျိုး ရသည်ကို ပဋိဝေဓအကျိုးမဆိုလို၊ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊အနာဂါမိမဂ်၊ အရဟတ္တမဂ်တည်းဟူသော မဂ်လေးပါး၊ဖိုလ်လေးပါး နိဗ္ဗာန်အကျိုးကိုရမှပဋိဝေဓကို သာသနာနှင့်တွဲနိုင်သည်။ ဘယ်အတွက်ပါလဲဟုဆိုလျှင် သာသနာ ဆိုသော စကားကိုက သံသရာမှ ထွက်မြောက်ခြင်းဟု အဓိပ္ပါယ် သဘောဖြစ်၍ ဟု မှတ်ပါလေ။

သာသနာက သံသရာမှထွက်မြောက်အောင် ဗုဒ္ဓရား၏အဆုံးအမ၊ ပရိယတ္တိက သင်အံလေ့ကျင့်ခြင်း၊ သံသရာမှ ထွက်မြောက်သော တရားခမ္မတို့ကို သင့်အံလေ့ကျက်ခြင်းပရိယတ္တိသာသနာခေါ်သည်။ သာသနာက သံသရာမှ ထွက်မြောက်ခြင်း၊ ပဋိပတ္တိက အကျင့်ကို ခေါ်သည်။ သံသရာမှ ထွက်မြောက်သောအကျင့်ပဋိပတ္တိသာသနာ ခေါ်သည်။ သာသနာက သံသရာမှ ထွက်မြောက်ခြင်း၊ ပဋိဝေဓ,က အကျိုးဖြစ်ခြင်း သံသရာမှ ထွက်မြောက်သော မဂ်ကျိုး ဖိုလ်ကျိုးကို ရခြင်း ပဋိဝေဓ သာသနာဟု ခေါ်သည်။

ဤသာသနာ ၃-ရပ်စကား၌ မြတ်စွာဗုဒ္ဓရား သပိတ်တော်ကဲ့သို့ အနားသုံးရစ် သပိတ်က တလုံးတည်း။ ၃-လုံးကိုထပ်၍ လက်တော်နှင့် နှိပ်သဖြင့် အနား ၃-ရစ် သပိတ် တလုံးတည်း ဖြစ်သကဲ့သို့ သာသနာဆိုခြင်းက သံသရာမှ ထွက်ခြင်းတည်း၊ ပရိယတ္တိ၊ပဋိပတ္တိ၊

ပဋိဝေဓ,က အနားရစ် ၃-ရစ် ရှိဘိသကဲ့သို့ တထပ်တည်း ဉာဏ်ပညာနှင့် နှိပ်၍ကြည့်လေ။

မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံလွန်တော်မူသည့်နောက် သင်္ဂါယနာတင်၍ထားသော ပိဋကတ် ၃-ပုံတွင်မြတ်စွာဗုဒ္ဓရှင်စကားကို ရွေးကောက်,ထုတ်နုတ်၍ ကြည့်လျှင် လူသတ္တဝါ နတ်ဗြဟ္မာတို့ ချေကာက်ထားတောင်းပန်သော တရားစကားတွေများစွာပါရှိသဖြင့်မြတ်စွာဗုဒ္ဓရှင် ဟောတော်မူသော တရားဒေသနာသည် သင်္ဂါယနာတင် ကျမ်းကို ၃-ပုံ ပုံ၍ ၂-ပုံလောက်မျှ ကိုယ်တော်မြတ်၏ စကားပါလိမ့်မည်။ ၎င်း သင်္ဂါယနာတင် ဗုဒ္ဓရှင်ဟောတော်မူသော ဒေသနာတော်၌လည်း ၅-ပုံ ပုံ၍ တပုံသည် ဒါနကထာ၊ သီလကထာ တပုံသည် သဂ္ဂကထာ။ တပုံသည် ကာမာဒီနဝကထာ၊ တပုံသည် နိက္ခမ အာနိသံသကထာအားဖြင့် ဝေဘန်ကြည့်ရှုလိုက်သော် သံသရာမှထွက်ကြောင်းတည်းဟူသော နိက္ခမ အာနိသံသ ကထာသည် နည်းနည်းကလေးမျှ ရှိ၏။ ။အဘယ်တရားလဲဟုဆိုလျှင်ရုပ်နာမ်ခန္ဓာ ခေတ်သစ္စာပဋိစ္စသမုပ္ပါဒ် ဗောဓိပက္ခိယ တရား ၃၇-ပါးသာရှိသည်၊

ဗောဓိက မဂ်ဉာဏ်ကို ခေါ်သည်။ ပက္ခ,က အဘို့ကိုခေါ်သည်။ ဗောဓိပက္ခိယ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရဘို့ဟုဆိုသောကြောင့် ၎င်းတရားကလွဲ၍ နိဗ္ဗာန်ရောက်ကြောင်း တရားမရှိဟု မှတ်ပါလေ။ ဤတရားတို့သည်လည်းဝိပဿနာပညာ လမ်းသာဖြစ်သည်၊သီလလမ်း၊ သမာဓိလမ်း မဟုတ်ကုန်။ ဤဝိပဿနာ ပညာလမ်း၌လည်း ပုထုဇဉ်အနွယ်မှပြတ်၍ အရိယာ အတွင်း ဝင်စေနိုင်သော ပဌမ သောတာပတ္တိမဂ်သည်သာလျှင် အရေးအကြီးဆုံး မြတ်စွာဗုဒ္ဓရှင် ကိုယ်တော်မြတ်သည် အလျှင် အလိုဆုံး တရား ဖြစ်ပေသည်။ ။ သောတာပန်ဖြစ်၍ အရိယာအတွင်း ဝင်မိလျှင် သာသနာတွင်း ဖြစ်၍ ထိုသောတာပန် ပုဂ္ဂိုလ်အပေါ်၌အထူးဝီရိယစိုက်၍ဟောရန် ပြောရန် မလိုပြီ၊ ဘယ်လိုပင်ဝိပဿနာဘာဝနာတရားကို ကာမဂုဏ်များ၍ ခံစားစံစား၍ မေ့လျော့သော်လည်း ခုနစ်ဘဝသာယူမည်။

ရှစ်ဘဝပဋိသန္ဓေမယူဟု မှတ်ပါလေ။ပရိတ်ကြီးပါဠိတော်၌"န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ" ဟု မိန့်တော်မူခြင်းကြောင့် ဖြစ်သည်။

သာသနာ အရှင်းအမြစ် ကျကျကို ဖေါ်ပြလျှင် အနတ္တ တလုံး ပေါက်ပေါက်ရောက်ရောက်ရှု၍ ပဌမ သောတာပတ္တိ မဂ်ရတို့ဖြစ်ပေသည်၊ အနတ္တ ပေါက်ရောက်ခြင်း၌လည်း အတ္တ၊ အတ္တာနုဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန် သက္ကာယဒိဋ္ဌိတရားတို့ကင်းပြတ်ခြင်းကို သာသနာခေါ်သည်။ ယင်း သက္ကာယဒိဋ္ဌိ တရား ကိုလည်း သာသနာရှိမှ ဟောပြောပြနိုင်သောသူရှိသည်။သာသနာမရှိဆိုသော စကားသည် တဏှာသတ်တရားကိုဟောပြောသူများသည်ကို ဆိုလိုသည်။ပစ္စေကဗုဒ္ဓါ ဗုရားတို့သည် တဏှာသတ် ဗုရားတည်းဟူသော ဒါန၊ သီလ၊ သမထတရားတို့ကို ဟောနိုင်၏။ သက္ကာယဒိဋ္ဌိ တရားကို မိမိသာ သိ၏။ သူတပါးကို မဟောပြနိုင်၊ သို့အတွက် ဤပစ္စေကဗုဒ္ဓါ ဗုရား လက်ထက် သောတာပန်၊သကဒါဂါမ်၊ ရဟန္တာ ပုဂ္ဂိုလ်မရှိသည်ဟု မှတ်ပါလေ။

သူသူငါငါ သတ္တဝါတို့သည် သက္ကာယဒိဋ္ဌိ၊အတ္တ အတ္တာနုဒိဋ္ဌိ အတ္တဝါဒုပါဒါန်တို့ကို ပဌမ သောတာပတ္တိမဂ်ကို ရအောင် မသတ်ဘဲ လျက်တဏှာ တရားကို ဘယ်လိုပင် သတ်သတ်၊ ၎င်း တဏှာသည် ဝိတိက္ကမတဏှာ၊ ပရိယုဋ္ဌာနတဏှာ တို့သာ ပြတ်မည်။ အနုသယတည်းဟူသော တဏှာမပြတ်၍ မဂ်ဖိုလ်ကိုမရသည်ဟုမှတ်ပါလေ။ ဒိဋ္ဌိသည် ရေသောက်မြစ်နှင့်တူ၏။ တဏှာသည် ၎င်းရေသောက်မြစ်ကို ရံ၍နေသော မြစ်သေး, မြစ်မွှား ၁၄၉၉–နှင့်တူ၏။ တရားဆိုတာ ခန္ဓာပေါ်တင်၍ စဉ်းစားမှ ပိုင်ပိုင်နိုင်နိုင် သိသည်။ စားပွဲပေါ်မှာတင်၍ စဉ်းစားလို့ ဤကမ္ဘာ, ထိုကမ္ဘာမသိဟု သေသေချာချာမှတ်ပါလေ။

---

## လောကီ တရား, လောကုတ္တရာ တရား ခွဲပြဟော်း

ဒါနတရားသည် လှူလျှင် ကုသိုလ်ရမှန်းသိ၏၊ အသိနှင့် ကုသိုလ် မရ၊ အလှူကိုပြုကျင့်မှ ကုသိုလ်ရရန်ကိစ္စတုံး၏၊ သီလ တရား၌လည်း

သီလခစောင့်လျှင် ကုသိုလ်ရ၏ဟုသိ၏၊ သိတာနှင့်ကိစ္စမတုံး၊ ကျင့်မှ ကိစ္စတုံး၏၊ သမထဘာဝနာ၌လည်း အာနာပါနစသော ကသိုဏ်း ၁၀-ပါးတရားတို့ကို ပွားများ အားထုတ်လျှင် ဈာန်အဘိညာဏ်ကို ရ၏ဟုသိ၏။သိတာနှင့်ဈာန်အဘိညာဏ်မရ၊ ကိစ္စမတုံး၊ ကျင့်မှ ကိစ္စ တုံး၏။ ဒုစရိုက်တရားကို ပြုကျင့်လျှင် အပါယ်သို့ ကျ၏ဟု သိရ၏။ သိတာနှင့်အပါယ်သို့ မကျသေး၊ ဒုစရိုက်အမှုကို ပြုကျင့်မှ ကျ၏။ မဂ်တရား, ဖိုလ်တရားသည် ဤယခုပြခဲ့သော တေဘူမက လောက တရားမျိုးကဲ့သို့မဟုတ်၊ အသိမှာကိစ္စတုံး၏။ အကျင့်မှာကိစ္စမတုံးဟု မှတ်ပါလေ။ လောကီတရားစုတို့သည် သိပြီးသည့်နောက် ကျင့်၍ ယူရမှ ကိစ္စတုံးသည်။လောကုတ္တရာမဂ်,ဖိုလ်တရားတို့သည် အသိမှာ ကိစ္စတုံးကြောင်းကို ဖော်ပြပါဦးအံ့။

ဤခန္ဓာကိုယ်ကြီးကို ပုဂ္ဂိုလ် သတ္တဝါ ငါသူတပါး ယောက်ျား မိန်းမဟု သက္ကာယဒိဋ္ဌိ၊ အတ္တ၊ အတ္တာနုဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန်အားဖြင့် အမြင်၊အထင်၊ အမှတ်၊ အယူမှား၍ နေသည်ကို ပျောက်အောင် ရုပ်နာမ်,ခန္ဓာ, ဓာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ် တရား တို့ကို သင်ကြားလေ့ကျက် မှတ်သား၍ ဓာတ်ကောင်၊ ရုပ်ကောင်၊ နာမ်ကောင်၊ ခန္ဓာကောင်၊ ပဋိစ္စသမုပ္ပါဒ်ကောင်မှန်းကို သိအောင် ရှုကြည့်လေ၊ ရုပ်, နာမ်, ခန္ဓာ, ပဋိစ္စသမုပ္ပါဒ် ကောင်မှန်း သိလျှင် ဒိဋ္ဌိကွာ၍ သောတာပန် ဖြစ်လေတော့၏။ ပုဂ္ဂိုလ် သတ္တဝါ ငါ-သူတပါးယောက်ျား၊ မိန်းမ၊ အထင် အမြင် အမှတ် အယူပျောက် လေတော့၏၊ အသိမှာကိစ္စတုံး၏။ ဓာတ်မှန်းသိက ဒိဋ္ဌိကွာ၊ ဓာတ် မှန်းမသိလို့ ဒိဋ္ဌိမကွာသည်ဟု သေသေချာချာမှတ်ပါလေ။

သကဒါဂါမ်နှင့် အနာဂါမ်ပုဂ္ဂိုလ်ဖြစ်လျှင် အသုဘကမ္မဋ္ဌာန်း ကောင်မှန်းသိခအောင်လုပ်။ ဤခန္ဓာရုပ်တရားကြီးကို အသုဘ စက် ဆုပ်ဘွယ် မတင့်မတယ်ကောင်ကြီးပါကလားဟု သမ္မဇ္ဈဒ ပိုင်ပိုင် နိုင်နိုင်သိလျှင် ကာမရာဂ၊ ဗျာပါဒတရားပြတ်၍ အနာဂါမ်ဖြစ်ပြီ ဟု မှတ်။ ဤခန္ဓာကောင်ကြီးနှင့် ပေါင်းဖော်၍ နေရခြင်းသည် ကေန် ဒုက္ခဆင်းရဲ၏ဟု သမ္မဇ္ဈဒ ပိုင်ပိုင်နိုင်နိုင် သိလျှင် ရဟန္တာ ဖြစ်ပြီဟု မှတ်ပါလေ၊ သတိပြုရန်မှာ အောက်မဂ် ဖြစ်သော သော

တာပတ္တိမဂ် ကိစ္စမတုံးဘဲလျက် အသုဘတရား၊ ဒုက္ခ တရားတို့ကို ရှုဆင်ခြင်သော်လည်း တဏှာ အနုသယမသေ၍ အထက်မဂ်ကို မရဟုမှတ်ပါလေ။ မဂ်တက်စဉ်ကိုလည်း ခုန်ကျော်၍ ရကြောင်း တရားမရှိသည်လည်း သတိကြပ်ကြပ်ထားပါလေ။

---

## မဂ်တက်စဉ်အကျင့်ကိုပြဆ်း

ခန္ဓာငါးပါးနှင့် သတိပဋ္ဌာန် ၄-ပါး၌ ဤကဲ့သို့ ဝိပဿနာ ရှုရမည်။ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ၃-ပါးနှင့် စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ ၂-ပါးကို အနိစ္စနှင့် အနတ္တ ထင်မြင်အောင်ရှု၊ သောတာပတ္တိမဂ်နှင့် သကဒါဂါမိမဂ်ကို ရ၏။ ရူပက္ခန္ဓာနှင့် ကာယာ နုပဿနာကို အသုဘရှု၊ အနာဂါမိ မဂ်ကို ရ၏။ ဝေဒနာက္ခန္ဓာနှင့် ဝေဒနာနုပဿနာကိုဒုက္ခရှု၊ အရဟတ္တမဂ်ကို ရ၏။ ဤတရား လုပ်နည်းကို ဒေသနာယုတ္တိနှင့် သိလိုလျှင် သမ္မောနှင့် ဝိသုဒ္ဓိမဂ်မှာကြည့်လေ။ ဓမ္မစေတီ, ဘင်္ဂလိကျမ်း၌ လည်းကြည့်လေ။

သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ဓမ္မာ နုပဿနာ၊ စိတ္တာနုပဿနာ တရားသဘောသည် အမည်သာ ကွဲသည်ဟုမှတ်။ ဝိပဿနာရှုနည်းမှာ အတူတူပင်ဖြစ်သည်။ ၎င်းတရားသဘောကား တေဘူမကဉ္ဇ ရုပ်,နာမ် ခန္ဓာ ဓာတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့ကြောင့် ဖြစ်ပျက်နေကြောင်းကို ကောင်းကောင်း ပိုင်ပိုင် နိုင်နိုင် သိအောင် သင်ကြားခြင်း၊ မေးမြန်းခြင်း၊ ဆင်ခြင်ခြင်း၊ စဉ်းစားတွေးတော ခြင်းဖြင့်မိမိဉာဏ်ကို ထက်သန်အောင် လှုံ့ဆော်ခြင်း၊ သစ္စာ၄-ပါး တရား၌ ယထာဘူတဖြင့် သိအောင် ကြိုးစည်နေမှုကိုပင် ဒိဋ္ဌိကွာ၍ သော်တာပန် သကဒါဂါမ် ဖြစ်အောင် ပြုကျင့်နေသည်ဟုမှတ်၊ အထူးသဖြင့် သမထလမ်းများလိုတနေရာတည်း အညောင်းခံလာ စွဲ၍ သေအောင် ကျင့်ကြံနေသော တရားမျိုးမဟုတ်၊ နာနာကြပ်ကြပ်မှတ်။ သို့မှ သောတာပန် စခန်းလွယ်မှန်းသိမည်။သေလုမတတ် ကျင့်မှ သေလုမတတ် လုပ်မှရမည်ဟု ထင်၍နေလျှင် အပ်နှင့်ထွင် ရမည့်ဆူးကို တားမ၊ ပေါက်ဆိန်တို့နှင့် ထွင်နုတ်သဖြင့် အနာ

ပျက်ကြီးလိုက်၍ ဒုက္ခရောက်တတ်သည်၊ အကယ်၍ ဆူးထွက်ပါ သော်လည်း လူမှာ သေလုအောင် ခံရလိမ့်မည်ဟုမှတ်ပါလေ။

မြတ်စွာဗုဒ္ဓ ကိုယ်တော်မြတ်သည် ပရမတ်ဖြစ်သော ရုပ်နာမ် ခန္ဓာ ဓာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ် တရားတို့ကို ဟောရခြင်းကား သတ္တဝါတို့သည် ပညတ်ကို အထင်အမြင်မှား၍ လူတဲ၊ နတ်တဲ၊ ဗြဟ္မာတဲ၊ ငါသူတပါး ယောက်ျားမိန်းမတဲဟု မှားယွင်းဖောက်ပြန် သော အယူဝါဒကိုရင်း၊ အသက်တဲ၊ လိပ်ပြာတဲ၊ ဇီဝတဲ၊ နိစ္စတဲ၊ အတ္တတဲဟု အထင်အမြင် အယူအမှတ် ပျောက်အောင် ပရမတ် ဓာတ်သဘောတွေသာ ရှိကြောင်းကိုဟောတော်မူရသဖြင့်အောက် မဂ် အောက်ဖိုလ် ဖြစ်သော သောတာပန်နှင့် သကဒါဂါမိ ဖြစ်ဘို့ အတွက်ဟု မှတ်ပါလေ။

အနာဂါမ်နှင့် ရဟန္တာ အတွက်မှာ ပညတ်ထဲ ရုပ်ကောင်ကြီး ပေါ်၌ အသုဘနှင့် ဒုက္ခတရားကို ရှုရမည်၊အကျဉ်းအားဖြင့် ပရမတ် ရုပ်နာမ်၌ ဒိဋ္ဌိစူးစိုက်၍ နေသောကြောင့် ဓာတ်သာရှိသည်၊ငါမရှိ ကြောင်း ကိုဟောရသည်။ ။ပညတ်ရုပ်နာမ်၌ တဏှာ စူးစိုက်၍ နေသောကြောင့် ငါပိုင် ငါ့ဟာမဟုတ်၊ ဘယ်သူ့ဟာမှ မဟုတ် သုဘနှင့်သုခနှင့်မဟုတ်၊ မတင့်မတယ် စက်ဆုပ်ဘွယ် အသုဘနှင့် ဆင်းရဲခြင်းဒုက္ခသာ ဟုတ်သည်ဟုအနာဂါမ်နှင့် ရဟန္တာ အတွက် ကို ဟောရသည်ဟုမှတ်ပါလေ။

## လောကီကုသိုလ်အကျင့်ခက်၍ လောကုတ္တရာကုသိုလ် အကျင့် လွယ်ကြောင်းကိုပြသောအခန်း

ဒါနကုသိုလ်ဖြစ်ဘို့ရာမှာပုဗ္ဗစေတနာမလှူမီ ရှေးအဘို့ကကြံစည် ခြင်း၊ မုဉ္စစေတနာ လှူတုန်းလှူဆဲ၊ ပရစေတနာသည် လှူပြီးသည်က စ၍ မိမိ အသက်ရှည်သမျှ စောင့်ရှောက်ရသည်၊မိမိမသေမီအတွင်း တကြိမ် တခါမျှ ပျက်ကွက်ခဲ့သော် ၎င်းကုသိုလ်သည် အဟောသိကံ ဖြစ်ကုန်၏။ ။လူဘိုင်းလည်းဒါနကုသိုလ်ကြီးကိုကြီးကြီးကျယ်ကျယ် ဖြစ်အောင်မလုပ်နိုင်။ ပိုက်ဆံကြေးငွေ တပြားမျှမရှိသော ပုဂ္ဂိုလ် တယောက်က တထောင်ငွေကုန်အောင် လှူချင်ပါသော်လည်း မလှူ

နိုင်။ အကယ်၍ လှူနိုင်အောင်အခြားသူထံမှာ တနှစ်လျှင်ငွေ ၁၀၀၀ ကျနှင့် လျှန်ခံပါမည်ဆို၍ ၁၀-လောက်မိမိကိုယ်ကို အပင်ပန်းခံ၍ ငွေတထောင်ရအောင်စုပြီးလျှင် လှူဒြားပါသော်လည်း လှူပြီးသော အခါ ပန်းကန်ပြား ၁၀-ချပ်လောက် ပျောက်သွားတာ စိတ်ပျက် သဖြင့် ဆဲမိ, တိုင်းမိသော်ငင်း၊ မဒေါသမီအတွင်း လှူမိတာ မှားပြီဟု သော်ငင်း၊ ဖွေးတောယုံမှားသဖြင့် ဝိစိကိစ္ဆာ ကုက္ကုစ္စတို့ကြောင့် နောက်နောင်ဘဝတို့၌ ငွေတထောင် ရင်းစားပြန်ရဘို့၊ အကျိုးပေး ကို့ အလွန်ခက်ခဲလှလေ၏။ သူသူ၊ ငါငါ ဒါန တရားပြုကြသည်ကို ညာဏ်နှင့် စဉ်းစားတွေးတော ကြည့်လေ။

သီလအရာ၌လည်း ၅-ပါး၊ ၈-ပါး၊ ၁၀-ပါး၊ ၉၅-ပါး၊ ၂၂၇-ပါး တည်းဟူသော သီလတရားတို့သည် အလွန် လုံခြုံအောင် စောင့်ထိန်းရန် ခဲယဉ်း၏။ အကယ်၍ သီလ သုံးပါး လုံပါသော် လည်း မိမိကိုယ်ကို ငါငါထင်ချက်သက္ကာယဒိဋ္ဌိ၊ ငါသာတတ်သည်၊ မြတ်သည်။ ငါသာ ပစ္စည်းရှိသည် စသောမာန၊ ငါ့လင်၊ငါ့သား၊ ငါ့မယား၊ ငါ့ပစ္စည်း စသော တဏှာ ဤပပဉ္စ တရား၃-ပါးက သေခါနီးမှာ ဆွဲငင်လိုက်လျှင် အပါယ်သို့ ကျရောက်လေတော့၏။ ဒုစရိတ တရားကို ကျင့်ကြံမှအပါယ်ကိုကျတတ်သည်ဟု မမှတ်နှင့်၊ ပပဉ္စ တရား ၃-ပါးကြောင့်လည်း ကျ၏ဟုမှတ်။ တိဿရဟန်း သန်းဖြစ်ခြင်း နဂါးဖြစ်ခြင်း၊မြွေ၊ ကျိုင်းကောင်ဖြစ်ခြင်း၊ မယားကို တပ်နှစ်သက်သည့် တဏှာ အတွက် ခွေးဖြစ်ခြင်း၊ ပစ္စည်းကို တပ်နှစ်သက်သည့်အတွက် ငွေမြှုပ်ထားသောမြေပုံပေါ်၌မြွေခွေးမ ဖြစ်ခြင်း စသည်ဖြင့် အမျိုးမျိုးသော ဝတ္ထုသက်သေတို့မှာ ကြည့်၍ ညာဏ်နှင့်မြော်လေ၊ သို့မှ သီလတရား ခက်ကြောင်းကို သိမည်၊ သမထဘာဝနာ တရား၌လည်း ပလိဗောဓ အကြီး အငယ် ၂၀-တို့ကိုပယ်ခွါရခြင်း၊အပြစ် ၁၀-ပါးကင်းသော ကျောင်း,အိမ်တို့မှာ ကျင့်ရခြင်း၊ အင်္ဂါငါးပါးနှင့်ပြည့်စုံမှ သမထကမ္မဋ္ဌာန်း စီးဖြန်းလို့ ဖြစ်ခြင်း ဝတ်ကြောင် လူဝတ်နှင့် မဖြစ်နိုင်၊ ရသေ့, ရဟန်း-ဖြစ်မှ ဤသမထကမ္မဋ္ဌာန်း အထမြောက်ခြင်း၊ အကယ်၍ အထမြောက်ပါ သော်လည်း အလွန်လှသော အဆင်းကာမဂုဏ်, အသံသာသာ

ယာယာ ကာမဂုဏ်, အနံ့ကောင်းကောင်း ကာမဂုဏ်, အရသာ ကောင်းကောင်း ကာမဂုဏ်, အတွေ့ ကောင်းကောင်း ကာမဂုဏ် တို့နှင့်တွေ့ကြုံက ၎င်းဈာန်အဘိညာဏ် ကမ္မဋ္ဌာန်းတရား ပျက်ပြန်၏၊ ၎င်းကာမဂုဏ်ငါးပါး ကင်းဝေးသောအရပ် တောထဲမှာ ချည်းဘဲ တသက်လုံး နေနိုင်ပါမှ သေခါနီးဆဲဆဲ စုတိစိတ်၌လည်း ဤကမ္မဋ္ဌာန်းသမထ ဘာဝနာအာရုံတို့နှင့်သေပါမှ ဗြဟ္မာ့ပြည်သို့ရောက်၏၊ အခြားသောအာရုံတို့နှင့်သေက ရောက်ချင်ရာဘဝသို့ ရောက်တတ် ကုန်၏မှတ်ပါလေ။

ဤဒါန,သီလ,သမထ ဘာဝနာကုသိုလ်တို့သည် အသင်အကြား လွယ်၏၊ အကျင့်တရားအလွန်ခက်၏ဟု သေသေချာချာ စဉ်းစားမှ လိမ္မာမှသိသည်၊ အဘယ်အတွက် လောကီကုသိုလ် ခက်ပါသလဲ ဆိုလျှင် ငွေတမူးနှင့် တထောင်, တသောင်းဖြစ်အောင် လုပ်ရသော ကုသိုလ်၊ အသက်တို၍ အသက်ရှည်အောင် လုပ်ရသော ကုသိုလ်၊ အဆင်းမလှ ဘုန်းမကြီး၍အဆင်းလှအောင်,ဘုန်းပညာကြီးအောင် လုပ်ရသောကုသိုလ်မျိုးဖြစ်၍ သူသူငါငါ သတ္တဝါ တိုင်းပင် မဟာ ကုသိုလ်၊ ရူပ,အရူပကုသိုလ် တို့ကို မလုပ် မကျင့် နိုင်ကြလေ၊ ဤ လောကီကုသိုလ်မျိုးသည် အကျင့်တရား အလွန်တရာ အလွန်ခဲယဉ်း ပြီးလျှင်အပျက်အစီးမြန်လွယ်သောကုသိုလ်မျိုးဖြစ်သည်။ နည်းနည်း ကလေးနှင့် များများ ဖြစ်အောင် စုဆောင်းရသော ကုသိုလ်မျိုး ဖြစ်၍ လယ်မှာ စပါးစိုက် သကဲ့သို့ မြေကောင်း, ရေကောင်း, မျိုးကောင်းပါမှရကြသည်။ မြေ,ရေ,မျိုး ၃-ပါး ကောင်းပါ သော် လည်း လယ်လုပ်သားက မလိမ္မာ၍ အချိန်မဟုတ်ကို စိုက်ပျိုးခြင်း အလုပ်အကိုင် နားမလည်ခြင်းဖြစ်သျှင် မတိုးပွားသကဲ့သို့ မှတ်လေ။ ထို့ကြောင့် လူအာဇာနည်ဖြစ်သော ဗုရားလောင်းကြီး များသည် ကာမကုသိုလ် ရူပ,အရူပကုသိုလ်တို့ကိုသန်္ချေ ၂၀-ဖြည့်ကျင့်ရသည်။ သို့မှ သဗ္ဗညုတဉာဏ်ကိုရ၍ သတ္တဝါအများတို့ကို ကယ်ချွတ်နိုင် သည်။ ဗုရားခေါ်ခြင်းသည် လောကီကုသိုလ် အများဆုံး ပုဂ္ဂိုလ်ကို ဗုရားခေါ်သည်ဟု မှတ်ပါလေ။ ဉာဏ်ပညာနှင့်စဉ်းစားမှဤအရာကို

သေသေချာချာ သိသည်၊ ဉာဏ်သေးက နားမလည်၍ တောင်တောင်မြောက်မြောက် တွေးထင်တတ်သည် စဉ်းစားလေ။

လောကုတ္တရာကုသိုလ်သည် အကျင့်လွယ်၏၊ ပျက်ခဲ၏၊ ပွားများအောင် စုဆောင်းရသော ကုသိုလ်မျိုးမဟုတ်၊ မိမိ၌ရှိတာကို မီးနှင့်တိုက်၍ ဖျက်ပစ်သော ကုသိုလ်မျိုးဖြစ်၍ အလွန်လွယ်၏၊ ဤမိမိခန္ဓာကို ဓာတ်ကောင်၊ရုပ်ကောင်၊နာမ်ကောင်၊ ခန္ဓာကောင်၊ ပဋိစ္စသမုပ္ပါဒ်ကောင်မှန်း သိအောင် သင်ကြားလေ့လာ၍ သိလျှင် ငါ၊ သူ့ဘဝါးယောကျ်ား၊ မိန်းမပျောက်၍ သက္ကာယဒိဋ္ဌိ ကွာသဖြင့် သောတာပန် ဖြစ်လေတော့၏။ သောတာပန် ဖြစ်လျှင် အပါယ်လေးပါးသို့ကျရန် အကုသိုလ်တွေ နောက်နောက်က အနန္တရှိသော်လည်း အပါယ်သို့မကျမရောက်ရ။ အကာယ်၍အကုသိုလ်မှု ပြုမိမှားသော်လည်း အပါယ်သို့ ပြန်၍ ကျခြင်းမရှိ၊ အလွန် ခိုင်မြဲသော ကုသိုလ်မျိုးဖြစ်၏။ ။သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာ ဤအထက်မဂ် ၃-ပါးသည် တဏှာသတ်တရားဖြစ်၍ အသုဘနှင့် ဒုက္ခတရားပိုင်နိုင်စွာထင်၍ ဤခန္ဓာကြီးကို သာယာ ကပ်ငြိခြင်းမရှိ၊ စွန့်လွှတ်နိုင်ကအထက်မဂ် ၃-ပါး ပြီးလေတော့၏။ မိမိခန္ဓာ၌ အမြင်မှားပျောက်၍ အမြင်မှန်ရောက်လျှင် သောတာပန်ဖြစ်၏။ မိမိခန္ဓာကိုတွယ်တာခြင်းမရှိ စွန့်လွှတ် နိုင်လျှင် အထက်မဂ် ၃-ပါး ပြီးလေတော့၏။ ထို့ကြောင့် လောကုတ္တရာကုသိုလ်သည် အကျင့်ရအလွန်လွယ်ကူ၏ဟုမှတ်ပါလေ။ စဉ်းစားမှသိမည်၊ ဉာဏ်ဆိုတာ တခြားဟာမဟုတ် စဉ်းစားတာ၊ ကြံကြည့်တာ၊ တွေးကြည့်တာ၊ ဆင်ခြင်ကြည့်တာ၊ စိတ်ကူးကြည့်တာကိုခေါ်သည်။

---

## ဗုဒ္ဓဘာသာအစစ်ကို ရွေးထုတ်၍ ပြခြင်း

သတ္တဝါအမျိုးမျိုး ဘာသာအမျိုးမျိုးတို့၌ အကုသိုလ် တရားကိုပြုကြကုန်၏။ ဤအကုသိုလ်တရားကို ပြုကျင့်၍ နိဗ္ဗာန်ရောက်မည်ဆိုလျှင် ဗဟ္မာလူမျိုးတို့ထက် ဘာသာကွဲလူမျိုးတို့က သာ၍များများပြုကျင့် နိုင်ခြင်းကြောင့် ဘာသာကွဲလူမျိုးများက နိဗ္ဗာန်ကိုအလျှင်ဘဲရောက်မယ်လိုလိုဖြစ်နေ၏။ အရက်ရောင်းရာမှာ၊ ဖဲရိုက်ရာမှာ၊ ကြက်

ဝက်ငှက်ဘဲတို့ မွေးရာမှာ ဗဟ္မာလူမျိုးတို့ထက် သာ၏။ တွေးကြည့်လေ၊ ၎င်းအကုသိုလ် တရားသည်လည်း ဗုဒ္ဓဘာသာ မဟုတ်သေးဟုမှတ်။

ဒါနတရားကို ဗုဒ္ဓဘာသာဆိုလျှင်လည်း ဘာသာကွဲ လူမျိုးတို့နှင့် ဗဟ္မာလူမျိုးတို့ဒါနပြုပုံကိုစာနာ နှိုင်းယှဉ်လိုက်လျှင်ဘာသာကွဲ လူမျိုးများက စိတ်စေတနာ သဒ္ဓါတရား ထက်ထက်မြက်မြက် ရှိ၏။ အဆောက်အဦတခုကို လုပ်လိုလျှင် အက်စဘီ မိတ်ပုံစံ ထုတ်ပြီး ကံထရိုက်ပေး၍ ပုတ်ပြတ်လှူဒါန်း ကြတာများ၏၊ အလှူနေရာမှာ စိတ်စေတနာ သဒ္ဓါပြတ်ပြတ် တောက်တောက်ရှိ၏၊ ဗဟ္မာလူမျိုး ကျောင်းတဆောင် ဆောက်လျှင် အစိုးရမင်းထံမှာ သစ် ၅-တန် လောက် အကောက်လွတ် ခံယူ၍ ၅-တန်လောက်က ခိုးယူပြီးမှ ကျောင်းဆောက်ကုန်၏၊ ဆယ်လီ ပွတ်စ လုပ်ကုန်၏၊ အစစ အရာရာမှာ ကြည့်လျှင် ဘာသာကွဲက လှူပုံ လှူနည်း သာတာချည်းဘဲ မှတ်ပါလေ၊ ဤဒါနတရားကို ဗုဒ္ဓဘာသာခေါ်မည်ဆိုလျှင်ဘာသာကွဲ လူမျိုးများကို ခေါ်ဘို့သာ၍ကောင်း၏၊ ဤဒါနတရားကို လုပ်တတ်ရုံမျှနှင့် နိဗ္ဗာန်မရောက်သေး၊ ဗုဒ္ဓဘာသာ မခေါ်နိုင်သေးဟု မှတ်ပါလေ။

သီလ တရား၌လည်း ဘာသာကွဲများ စောင့်ရှောက်သော အရာဌာနမှာ ပွဲမကြည့်ဘူးဟုဆိုလျှင် မကြည့်ရှုကြ၊ တံတွေးတောင် မမျိုကြ၊ ပညတ်တော် ရှိသည့်အတိုင်းကျင့်ကြံ လိုက်နာကြကုန်၏၊ ဗဟ္မာလူမျိုးများ သီလစောင့်တာမှာ ပညတ်တော်ကိုလွန်ကျူး၍ဆင်ခြေစကား လုပ်ချင်သလိုလုပ်၊ နေချင်သလိုနေ၊ ပါးစပ်စကြာ စကားပြောပြီး ကျင့်ကြသူများသဖြင့် သီလစောင့်ရှောက်ပုံချင်း စာနာလျှင် ဘာသာကွဲ လူမျိုးများက ဒိဋ္ဌမျက်မြင် သာကြသောကြောင့် သီလ ဗုဒ္ဓဘာသာဆိုလျှင် ကုလား တရုပ်၊ အင်္ဂလိပ်၊ ကရင်တို့ကို ဗုဒ္ဓဘာသာထဲသို့ ထည့်သွင်းဘို့ကောင်းသည်၊ ထိုပုဂ္ဂိုလ်တွေနိဗ္ဗာန်ကို အလျင် ရောက်စရာရှိသည်၊ ၎င်းသီလ တရားသည်လည်း ဗုဒ္ဓဘာသာ မဟုတ်သေးဟု မှတ်ပါလေ။

သမထ ဘာဝနာ ကမ္မဋ္ဌာန်း ၄၀-ကို ကျင့်ကြသော အရာဌာန မှာလည်း ဘာသာကွဲ လူမျိုးများသည် ဥပစာရ သမာဓိ၊ အပ္ပနာ သမာဓိ အဘိညာဏ်ကို ရအောင်ကျင့်ကြ၏၊ ကမ္မဋ္ဌာန်းအချိုးကိုက် ပလိဗောဓကြီး ၁၀-ပါး၊ အငယ် ၁၀-ပါး၊ အရပ်အပြစ် ၁၈-ပါး တို့ကို ရှောင်ကြဉ်၍ ကျင့်၏။ အင်္ဂါ ၅-ပါးပြည့်စုံသော နေရာမှာ ကျင့်ကြ၍ သမထတရား ထမြောက်ကြကုန်၏။ မဟ္ဘာ လူမျိုးများက သမထယောင်ယောင် ဝိပဿနာယောင်ယောင်နှင့် ယောင်၄၀-ထဲ ကကျင့်ကြကုန်၏၊ ထို့ကြောင့် သမထ ဘာဝနာ တရားကို ဗုဒ္ဓ ဘာသာခေါ်မည်ဆိုလျှင် ကုလားများ အလျင်အမြန် နိဗ္ဗာန်သို့ ရောက်ပေလိမ့်မည်၊ ၎င်းသမထ ဘာဝနာ တရားကို ဗုဒ္ဓဘာသာ မခေါ်နိုင်သေးဟု မှတ်ပါလေ။

ဤအကုသိုလ် ဒုစရိုက်တရား လောကီကုသိုလ် ဒါနသီလသမထ ဘာဝနာတရားတို့သည် သင်္ခါရ ၃-ပါး၊ ဘုံ ၃-ပါး၌ ဖြစ်၍ ဗုဒ္ဓ ပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ ဟောသူ၊ ပြောသူ ကျင့်ကြံသူ ဘယ်အခါမှ မပြတ်မလပ်ရှိ၏ဟု နားနားမှတ်ပါလေ၊ တရုပ်ဘာသာ ခရစ်ယံဘာသာ၌ ဒုစရိုက်တရား သီလစောင့်ထိန်းသောတရားရှိ၏။ သမထ ဘာဝနာတရားမရှိ၊ ကုလားဘာသာ၌ ဒုစရိုက်တရား၊ဒါန သီလ သမထ ဘာဝနာတရားရှိ၏။ ၎င်းဒုစရိတ ဒါန၊ သီလ၊သမထ ဘာဝနာတရားတို့ကို လူအမျိုးမျိုး၊ ဘာသာအမျိုးမျိုး၌ဤတရားရှိကြ ကုန်၏။ ကြပ်ကြပ်စဉ်းစားပါလေ။ ။ဤယခုပြသော တရားတို့ကို ကျင့်ကြံကြသောသူကို ဗုဒ္ဓဘာသာအစစ်ဆိုပါလျှင် ဤယခုလောက ရှိသတ္တဝါတို့ အကုန်လုံးပင် ဗုဒ္ဓဘာသာ ဖြစ်နေစရာရှိ၏၊ ဉာဏ်နှင့် စဉ်းစားကြည့်လေ၊ ၎င်းတရားစုသည် ဗုဒ္ဓ မပွင့်မီကတဲ ရှိ၏။ ကမ္ဘာ့တရားဖြစ်၏။ ၎င်းတရားတို့သည် သံသရာမှမလွန်မြောက်နိုင်၊ သို့ဖြစ်၍ ဗုဒ္ဓဘာသာ မဟုတ်ဟုမှတ်ပါလေ။

အရှင် ဂေါတမ မြတ်စွာဗုဒ္ဓ ပွင့်ပေါ်လာမှ ဟောပြောသော တရားသည် မဂ် ၄-ပါး၊ ဖိုလ် ၄-ပါး၊ နိဗ္ဗာန် ၁၀-ပါး၊ပရိယတ် ဝိပဿနာတရား ၁-ပါး၊ ပေါင်း ၁၀-ပါးသော တရားတော် သည်သာ ဗုဒ္ဓဘာသာအစစ် ခေါ်ထိုက်၏၊ ၎င်းတရားကို ကျင့်ကြံ

သူများ သမ္ဘုတိသံဃာ, ပရမတ္ထသံဃာခေါ်၏၊ဗုဒ္ဓဘာသာခေါ်၏၊ ဗုရားသားတော်,သမီးတော်ခေါ်၏၊ ဤမဂ် ၄-ပါး၊ ဖိုလ် ၄-ပါးကို ရစေတတ်သော ရုပ်နာမ်ခန္ဓာဓာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ် တည်းဟူသော ဝိပဿနာတရားတို့မှ မသင်မကြား မကျင့်မကြံသူ ရှင်လူ ရဟန်းတို့သည် ဗုဒ္ဓဘာသာအစစ်မဟုတ်၊ ဗုရားသားသမီး မဟုတ်၊ သာသနာတွင်း ကျသူ မဟုတ်၊ ဗုရားကိုတွေ့သူ မဟုတ်၊ အသွင်ဟန်ဟန် ပန်ပန်တူ၍ အတွင်းက အမှုအရာ အဟုတ်ဟု နာနာကြပ်ကြပ် သတိချပ် စဉ်းစား၍ မှတ်သားတော်မူကြရန် ပါဠိတော်ကျမ်းအစောင်စောင်တိုင်းမှာ လိုပင် ရှိပါ၏၊ ရှာကြံ၍ ကြည့်ရှုပါလေ။

---

## သောတာပန်ပုဂ္ဂိုလ်တို့ ပယ်နိုင်သော ဝိစိကိစ္ဆာ ရှစ်ပါးကိုပြခဏ်း

ငါသည် အတိတ်က ဖြစ်သော နောက်ဘဝက ယုတ်ညံ့သော ဘဝ၌ဖြစ်ခဲ့လေသလော၊ မြတ်သောအမျိုး၌ ဖြစ်ပါ၏လော၊ ဒါန, သီလဘာဝနာစသောကုသိုလ်များမှ ရှိပါလေ၏လောဟုတွေးတောခြင်း ၃-ပါးမရှိပြီ၊ အနာဂတ် ဖြစ်သောရှေးဘဝ၌ ယုတ်ညံ့သော အမျိုးများ ဖြစ်လေမလား၊ မြတ်သောအမျိုး၌ ဖြစ်ပါ့မလား၊ ဒါန, သီလစသော ကုသိုလ်အတွက် ကောင်းကောင်းစံစားရပါမလားဟု တွေးတော ယုံမှားခြင်း ၃-ပါးမရှိပြီ။ ယခုပစ္စုပ္ပန်ဘဝ၌ ငါသည် နောက်ဘဝက ဒါန, သီလစသော ကုသိုလ်မရှိ၍ ဆင်းရဲသည်။ ရှေ့ဘဝကျလျှင် ချမ်းချမ်းသာသာ နေရအောင် ဒါန, သီလစသော ကုသိုလ်ချိုးကို ကြိုးစားအားထား၍ ပြုကျင့်ရဦးမည်ဟု တွေးတော ယုံမှားခြင်း ၂-ပါး၊ ဆင်းရဲသော သောတာပန်၌ မရှိပြီ။ ချမ်းသာသော သောတာပန် ၌လည်း ယခုဘဝ၌ နောက်နောက်က ဒါန, သီလစသော ကုသိုလ်ကြောင့် ချမ်းချမ်းသာသာနေရပေပြီ၊ ရှေ့ဘဝကျသောအခါချမ်းသာစွာနေရအောင် ဒါန,သီလစသော ကုသိုလ်ကောင်းမှုတို့ကို ကြိုးစား၍ပြုကျင့်ဦးမှာဘဲဟု တွေးတောယုံမှားခြင်း ၂-ပါးမရှိပြီ၊ ဒါန,သီလတရားတို့ကို ပြုကျင့် သော်လည်း ကုသိုလ်

လိုချင်၍ လုပ်သည်မဟုတ်၊ ကျေးဇူးရှင်များကိုငင်း၊ သာသနာတော် ကြီးပွားစေရန်ငင်း၊ မိမိ၌ကပ်ငြိနေသော ကိလေသာ ခေါင်းပါး၍ အထက်မဂ် ၃-ပါးတို့ ရအောင်သော်ငင်း၊ ပြုကျင့်ကြသည်။ ဗုဒ္ဓဘာသာ အစစ်အမှန်က ကုသိုလ်ကို အလိုရှိ၍ ဒါန,သီလ လုပ်ကြသည်မဟုတ်ဟု မှတ်ပါလေ၊ သေသေချာချာ ဒေသနာ ယုတ္တိနှင့် သိလိုလျှင် လယ်တီဆရာတော်ဘုရား ရေးသားတော်မူသော ပဒါန သုတ်မှာ ရှုကြည့်ပါလေ။

ဒါန,သီလ ဘာဝနာ စသော ပုညကြိယာ ဝတ္ထု ၁၀-ပါးသည် ဗဟ္ဓာမြင်း ၁၀-စီးအားမျှရှိသော အာရတ်စပ်မြင်းကြီးတကောင်နှင့် တူ၏၊ တူပုံကား ငင်းမြင်းကြီးကို အင်္ဂလိပ် ဆက်ကုန်းနှီး တို့ဖြင့် ဆင်ယင်၍ ဆက်ကိုကိုင်ပြီးလျှင် ငါအလိုရှိရာသို့ ပါအောင် ငင်းမြင်းကို အားတိုက် ဆွဲသော်မရနိုင်၊ မိမိအလိုရှိရာသို့မပါနိုင်၊ ဘယ်အတွက်ပါလဲဆိုလျှင် မြင်းကအားကောင်း၍ လူကအားနည်း၍ ဖြစ်သည်။ ယခုကဲ့သို့ မြင်းနှင့်လူ အားတိုက် ပြိုင်၍ လူဘက်သို့ ပါအောင် ဆွဲ၍မရသော်လည်း လူလိမ္မာလျှင် ဤမြင်းသည် မိမိအလိုရှိရာသို့ပါနိုင်၏။ အဘယ်ကဲ့သို့ မိမိအလိုရှိရာပါအောင် လုပ်ရမလဲဆိုလျှင် ထိုသူသည် မြင်းကျောကုန်းပေါ်သို့ရောက်အောင် မြန်မြန်တက်၍ ဆက်ကို ကိုင်မိလျှင် ဆက်ကျင် လယ်ဘလောက် အလိုရှိရာကိုရောက်နိုင်ပါနိုင်၏။ လက်ဝဲလမ်းကို အလိုရှိကလည်း ရ၏။ လက်ျာလမ်းကိုအလိုရှိကလည်း ရ၏။

ဤဥပမာကဲ့သို့ ဒါန,သီလစသောပုညကြိယာ,၁၀-ပါး ကုသိုလ်သည် ဗဟ္ဓာမြင်း ၁၀ စီးအားမျှ ရှိသော အာရတ်စပ်မြင်းကြီးနှင့် တူ၏၊ ငင်းမြင်းကို အားတိုက် မိမိအလိုရှိရာသို့ ဆွဲငင်၍ မရသကဲ့သို့ နိဗ္ဗာန်ကိုတောင့်တ၍ ပြုကျင့်ပါသော်လည်း ၃၁- ဘုံ၌သာဆွဲငင်၏၊ အကျိုးပေး၏၊ မိမိအလိုရှိရာနိဗ္ဗာန်မဂ်ဖိုလ်သို့မလိုက်ပါကုန်၊ လူလိမ္မာပညာရှိများ ဤမြင်းပေါ်သို့ရောက်အောင်လျင်မြန်စွာတက်၍ စီးမိ၊ ဆက်ကိုင်မိ၊ နိုင်မိသကဲ့သို့ ယခုဘဝမြန်မြန် သောတာပန် ဖြစ်အောင် သူတော်ကောင်းကို မေးမြန်း၍ကျင့်ကြံရာ၏၊ သောတာပန်ဖြစ်သည် နှင့်မြင်းကိုစီးမိတာတူ၏။ ငင်းမြင်းကိုမိမိအလိုရှိရာပါသည်နှင့် ဒါန၊

သီလစသော လောကီကုသိုလ် အပေါင်းတို့သည် မဂ်ဖိုလ်နိဗ္ဗာန်သို့ လိုက်ရပါလေတော့၏၊ ပါပုံကား-သောတာပန်ပုဂ္ဂိုလ်၌ သက္ကာယဒိဋ္ဌိသေ၍ နေသဖြင့် ဒိဋ္ဌိသတ်ရန် အရေးမကြီးပြီ။ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာ ဖြစ်အောင် တဏှာသတ်ဘို့ရာသာ အရေးကြီးတော့သည်။ ဤဒါန သီလ၊ သမထ ဘာဝနာတရားစုသည် စင်စစ်ကေန် တဏှာသတ် တရားဖြစ်ကြ၏၊ ထို့အတွက် သောတာပန်ဖြစ်၍ ဒိဋ္ဌိကွာသော ပုဂ္ဂိုလ်တို့မှာ ဝိပဿနာ မပွားဘဲ မေ့လျော့နေငြားသော်လည်း ဒါန၊ သီလ၊ သမထ ဘာဝနာ တဏှာသတ်တရားက ဘဝအနန္တကလည်းလုပ်၊ ယခု-လည်းလုပ်၊ ရှေ့ဘဝလည်းသုပ်၊ ကျင့်၍မဆုံး လုပ်၍ မဆုံးနိုင်အောင်ပေါများနေကြသူဖြစ်၍ အလကား သက်သက် ဝိပဿနာ မပွားဘဲလျက် အကြာဆုံး ခုနစ်ဘဝနှင့် နိဗ္ဗာန်သွားနိုင်ကြောင်း မြတ်စွာဗုဒ္ဓ ရတနသုတ်တွင် ဟောတော်မူပေသည်၊ ယခုကာလ ရဟန်းရှင်လူတို့သည်ဒိဋ္ဌိကို အလျင်မသတ်ဘဲလျက် တဏှာကို တက်၍ သတ်နေသောကြောင့် တဏှာလည်း မသေ၊ ရဟန္တာလည်းမဖြစ်၊ ပင်ပန်းကျိုးမနပ်၊ ရုပ်နာမ်ခန္ဓာ ဓာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို သင်ကြားလေ့ကျက်၍ နေကြသော ကလျာဏ ပုထုဇဉ် စခန်းသို့ ရောက်နေကြသော ဝိပဿနာ သံခိပ် သူငယ်မကလေးတွေလောက်မျှ ခရီးမရောက်သေးသည်ကို ဉာဏ်နှင့် သေသေချာချာတွေး၍ ကြည့်ပါလေ။

မြင်းကိုစီးမိ၍မြန်မြန်နိဗ္ဗာန်သို့ရောက်လိုလျှင်လကျ်ာဘက်လမ်းကို မောင်းနှင်ရသည်၊ လေးလေးဖြေးဖြေးမှ ရောက်လိုလျှင် လက်ဝဲဘက်လမ်းသို့ မောင်းနှင်ရသည်၊ သိကြား၊ ဝိသာခါ၊ အနာထပိဏ်တို့သည်လက်ဝဲဘက်လမ်းက မောင်းနှင်ကြလေသည်ဟုမှတ်။လကျ်ာဘက်လမ်းကို မောင်းနှင်ပုံကား ငါသည် ဒိဋ္ဌိကွာ၍ သောတာပန်ဖြစ်ပေပြီ၊ သကဒါဂါမိဖြစ်အောင် ကာမရာဂ ဗျာပါဒတည်းဟူသော တဏှာကိုခေါင်းပါးအောင် ငါ၌ သာယာ ကပ်ငြိ၍နေသော ပစ္စည်းဥစ္စာတို့ကို စွန့်နိုင်သမျှစွန့်ဦးမှဘဲ၊ ထို့မှတဏှာခေါင်းပါးမည်ဟု ကြံစည်၍ ငါ့ဟာ ငါ့ဟာ ငါ့ဥစ္စာဟု သာယာ ကပ်ငြိခြင်း တဏှာခေါင်းပါးအောင် ပေးကမ်းစွန့်ကြဲ လှူဒါန်း၏၊ ငါ၌

လင်သားမယားတို့နှင့် နေရသည်မှာ ကာမဂုဏ် ကာယသံသဂ္ဂ အရာ၌ နေ့စဉ်ဘဲ ရှိနေသည်၊ ၎င်းကာမရာဂ ခေါင်းပါးစေခြင်း ငှာ တလလျှင်ရက်ပေါင်း ၃၀-အတွက်မှာ ၄-ရက် ၈-ရက်ဖြစ်စေ ခေါင်းပါးရန် အငြပတ္တစရိယ သိက္ခာပုဒ်ပါသော ရှစ်ပါးသီလ ဆယ်ပါးသီလတို့ကို စောင့်ထိန်းရဦးမည်ဟု ကြံစည်၍ သီလစောင့် ၏။ ဤကဲ့သို့ ဒါနပြုခြင်း သီလဆောက်တည်ခြင်းကို ပြုသည်နှင့် ထို သောတာပန်ဖြစ်ပြီးသော ပုဂ္ဂိုလ်ကို သကဒါဂါမိဟု ခေါ်၏ဟု မှတ်ပါလေ။ ပုထုဇဉ်က ဤကဲ့သို့ စိတ်ထားနှင့် ဒါနသီလကိုပြုသော် လည်း သကဒါဂါမိ မဖြစ်နိုင်၊ ကာမကုသိုလ်သာ ဖြစ်၏ဟု မှတ်။ ဘယ်အတွက်ဆိုလျှင် ဒိဋ္ဌိမသေ၍ တဏှာမသေသည်ဟု မှတ်ပါလေ။ ဒိဋ္ဌိကွာသော သောတာပန်ပုဂ္ဂိုလ်၌ သမထဘာဝနာ တည်းဟူ သော အသုဘ ကမ္မဋ္ဌာန်းကို ရှုလျှင် မြန်မြန် အနာဂါမိ ဖြစ်နိုင်၏ဟု မှတ်ပါလေ။ ။ဤယခုပြခဲ့သော ဒါန သီလ သမထ ဘာဝနာ တရားစုကို သောတာပန်ကကျင့်၍ အထက်မဂ်၃-ပါးရပုံကိုပြသည်၊ ဝိပဿနာ မပါဘဲလျက် နိဗ္ဗာန်သွားပုံကို ပြသည်၊ ဝိပဿနာကို သောတာပန် ပုဂ္ဂိုလ်ကကျင့်လျှင် ဘဝတိုတိုနှင့် နိဗ္ဗာန်ကို မြန်မြန် ရောက်နိုင်သည်ဟု မှတ်ပါလေ။

---

## ကိလေသာ ၃-မျိုးကိုပြသောအကြောင်း

သတ္တဝါ ဟူသမျှတို့၌ ကိလေသာ အကျယ်အားဖြင့် ၁၅၀၀- ရှိ၏။ အကျဉ်းအားဖြင့် ၃-မျိုးရှိ၏၊ ရှိပုံကား-ဝီတိက္ကမကိလေသာ၊ ပရိယုဋ္ဌာန ကိလေသာ၊ အနုသယ ကိလေသာ သုံးပါး ဖြစ်၏၊ ဝီတိက္ကမ ကိလေသာ ဆိုသည်ကား-မကောင်းသော အကုသိုလ်မှု စသည်ကို နှုတ်ဖြင့် ကိုယ်ဖြင့်ကျူးလွန်ခြင်း၊ ပရိယုဋ္ဌာန ကိလေသာ ဆိုသည်ကား မကောင်းမှုကို မနောစိတ်ဖြင့် ကျူးလွန်ခြင်း၊ အနု- သယ ကိလေသာ ဆိုခြင်းကား- မကောင်းမှုကံကို တွေ့လျှင် ကျူး လွန်စေရန်အားပေးတိုက်တွန်းတတ်သောကိလေသာ၎င်း၊အနုသယ ကိလေသာသည် စိတ်ထဲမှာ, မနောထဲမှာမရှိ၊ ဘဝအနန္တက ယခု တိုင် ယခုက နိဗ္ဗာန်မရမီတိုင်အောင် အမျိုးမပျက် ငုပ်၍နေသော

ကိလေသာဖြစ်သည်။ အကြောင်းတိုက်ဆိုင်မှ ပရိယုဋ္ဌာန ကိလေသာ မနော၌ ကိလေသာဆူပွက်၍ ထကုန်၏။ ၎င်းမနောကိလေသာက ဝီတိက္ကမကိလေသာကိုတဖန် ကော်လိုက်ပြန်သဖြင့် ကာယကံ, ဝစီကံတို့ ကျူးလွန်ပြန်ကုန်၏၊ ဥပမာကား မီးခြစ်ထဲ၌မီးတောက်ရန် မီးဖြစ်စေတတ်သော မီးမျိုးစေ့နှင့် အနုသယနှင့်တူ၏။ မီးခြစ် ခြစ်လိုက်၍ မီးတောက်သည်နှင့် မနော၌ ပေါ်လာသော ပရိယုဋ္ဌာနကိလေသာနှင့်တူ၏။ အိမ်ဝင်းခြံ အမှိုက်ကျောင်းကန်တို့ကို မီးလောင်သွားသည်နှင့် ဝီတိက္ကမကိလေသာ၊ နှုတ်၊ ကိုယ်တို့ကို ကျူးလွန်သွားသည်နှင့်တူ၏။ ထို့အတူ မိမိဝမ်းထည်း, စိတ်ထည်း၌ငုပ်၍နေသော မီးမျိုးစေ့နှင့်တူသော အနုသယအမျိုးမပျက်သည့်ကိလေသာ၊ မနောစိတ်ထည်း၌ ဆူပွက်၍ ထနေသောအုံပုန်း တစ်လစ် ပရိယုဋ္ဌာန ကိလေသာ မီးတောက်တမျိုး၊ ကိုယ်နှုတ် လွန်ကျူးသော ဝီတိက္ကမကိလေသာ၊ အိမ်၊ ကျောင်း၊ ဝင်းခြံကို လောင်စေတတ်သော မီးတမျိုးကဲ့သို့မှတ်လေ။

သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ အရိယာပုဂ္ဂိုလ်တို့ပယ်သတ်သော ကိလေသာသည် မိမိဝမ်းထည်း၌ နှလုံးထည်း၌ငုပ်၍နေသော၊ အမျိုးမပျက်သော အနုသယ ကိလေသာပြတ်သည်ကိုဆိုသည်။ ပုထုဇဉ်တို့ပယ်သောကိလေသာသည် ကိုယ်၊ နှုတ် ဝီတိက္ကမ ကိလေသာမလွန်ကျူးခြင်း၊ မနောစိတ် ပရိယုဋ္ဌာန ကိလေသာ မလွန်ကျူးခြင်းကိုသာ ပယ်သတ်ကြ၍ မီးမျိုးစေ့မကုန်သော မီးခြစ်ကဲ့သို့ အကြောင်းနှစ်ဖြာ တည်းဟူသော မီးခြစ်ဆံ၊ မီးခြစ်ဗူး တို့ကို မထိခိုက်၍ မီးမတောက်သည်။ ထိခိုက်လျှင် မီးတောက်၏။ သူတပါးပစ္စည်းကို လိုက်၍လောင်၏၊ ပုထုဇဉ်တို့သည် ခိုးစရာ, သတ်စရာ, မုသား ပြောစရာ တည်းဟူသော အကြောင်းနှင့် မတိုက်ဆိုင်၍ မုသားမပြော၊ မသတ်၊ မခိုး၊ မီးမတောက်နိုင်သည်နှင့်တူ၏။ အကြောင်းတိုက်ဆိုင်သောအခါ စိတ်ထဲဝမ်းထဲကခိုး၏၊ သတ်၏၊ မုသားပြော၏၊ မီးတောက်ခတ်ပေါ်လာ၏။ တဖန် လက်ကခိုးခြင်း၊ နှုတ်က မုသားပြောခြင်း၊ သတ်ခြင်းသို့ ရောက်သော အခါ သူတပါး ပစ္စည်းကို မီးလောင်၍

သွားသည်နှင့်ဟူ၏၊ ဝီတိက္ကမ ကိလေသာသို့ ရောက်၏ဟု မှတ်ပါလေ။

ထိုကိလေသာ ၃ သုံးမျိုး တို့တွင် ကိုယ်, နှုတ် လွန်ကျူးသော ကိလေသာ ဝီတိက္ကမကို သီလတရားနှင့် သတ်လျှင်နိုင်၏။ ၎င်းသီလ တရားသည် မနောဒွါရတောက်နေသောကိလေသာ၊ ငုပ်၍ နေသော အမျိုးမပျက်ကိလေသာတို့ကိုမနိုင်ဟု မှတ်ပါလေ။ မနောဒွါရသောင်း ကျန်းသော ပရိယုဋ္ဌာနကိလေသာကို အာနာပါန၊ ဗုဒ္ဓါ နုဿတိ၊ ကသိုဏ်း ၁၀-ပါး စသော ကမ္မဋ္ဌာန်း တပါးပါးကို ကျင့်ကြံလိုက် လျှင်နိုင်၏။ အနုသယကိလေသာ အမျိုးမပျက် ငုပ်၍ နေတာကို မနိုင်ဟု မှတ်ပါလေ။ ၎င်းသီလတရား၊ သမထဘာဝနာ သမာဓိ တရားသည် ပရိယုဋ္ဌာန ဝီတိက္ကမတည်းဟူသော ကာယကံ၊ ဝစီကံ၊ မနောကံ ၃-ပါးကိုသာနိုင်၏။အနုသယအမျိုးမပျက် ငုပ်၍နေသော ကိလေသာကိုမနိုင်ကြ၍ အနုသယတည်းဟူသော အမျိုးမပျက်သည့် ကိလေသာအကြောင်း တိုက်ဆိုင်သောအခါ ထ၍,ထ၍ ကော်လိုက် လှုံ့လိုက်သဖြင့် မနောကံပရိယုဋ္ဌာန ကာယကံ, ဝစီကံ ဝီတိက္ကမ ကိလေသာတို့ တဖန် ပြန်၍ ပေါ်လာပြန် သဖြင့် သံသရာမှာ ကိလေသာမသေနိုင်ကြ၍ မြောပါးနစ်ဆုံးပြီးနေကြရသည်။ အမြစ် နှင့်ဟူသော အနုသယ အမျိုးမပျက်ကိလေသာမှ ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ပရိယုဋ္ဌာန၊ ဝိတိက္ကမကိလေသာ ၂-မျိုးတို့ သေသည်ဟူ၍ နာနာကြပ်ကြပ်မှတ်ပါလေ။

---

## ပုထုဇဉ်တို့သိလကို လုံခြုံပုံနှင့် အရိယာတို့သိလကို လုံခြုံပုံ ခွဲပြခက်း

ပုထုဇဉ်လည်း ၅ ါးပါးသိလစသော ဒုစရိုက်တရားတို့ကို လုံခြုံ၏၊ အရိယာလည်း ဒုစရိုက်မှုကိုလုံခြုံ၏၊ကွဲခြားပုံကား ပုထုဇဉ်ပုဂ္ဂိုလ်က ခိုးစရာ၊ မုသားပြောစရာ၊ သတ်စရာမတွေ့၍ မခိုး၊ မသတ်၊ မုသား မဆို၊ အကြောင်းတိုက်ဆိုင်၍ ခိုးစရာ၊ သတ်စရာ၊ မုသားပြောစရာ တွေ့လျှင် ပရိယုဋ္ဌာန ကိလေသာ တည်းဟူသော မနောက ခိုး၏။

သတ်၏၊ မုသားပြော၏။ သီလပျက်မှာစိုးရိမ်၍ မခိုးမသတ် မုသား မပြောဟု မှတ်ပါလေ။ အရိယာ တို့မှာမူကား- ခိုးစရာ၊သတ်စရာ၊ မုသားပြောစရာ ကြုံကြိုက်သော်လည်း ခိုးချင်သောစိတ်၊ သတ်ချင်သောစိတ်၊ မုသားပြောချင်သော စိတ် မပေါ်ပေါက်၊ ခိုးလည်း မခိုး၊ သတ်လည်းမသတ်၊မုသားလည်းမပြော၊ အနုသယကိလေသာ ပြတ်၏။ ထို့ကြောင့် သတ္တဝါတို့၌ အနုသယတည်းဟူသော အမျိုး မပျက် ငုပ်၍နေသော ဒုစရိုက်ကိုသတ်၍ သေမှ မနော၌နေသော ဒုစရိုက်၊ ကိုယ်၊ နှုတ်၌နေသော ဒုစရိုက် သေမည်ဟု မှတ်ပါလေ။ ဥပမာကား....မီးခြစ်ဆံနှင့် ကော်ဖတ်မီးချစ်ဗူးကို ခွဲထားက မီး မတောက်ဟူ၍ မမှတ်နှင့် တွေ့ထိက မီးတောက်၏။ မီးတောက် လျှင် အစစ အရာရာကို လိုက်၍ လောင်တတ်၍ ၎င်းမီးခြစ်ဆံ၊မီး ခြစ်ဗူး တို့၌မီးတောက်တတ်သော မျိုးစေ့ကုန်အောင် ရေလေးကြိမ် လျှော်ပစ်မှ မျိုးစေ့သေပျောက်၍ ဘယ်လိုပင်မီးရအောင်ခြစ်သော် လည်း မီးမရသကဲ့သို့ ကိလေသာသုံးမျိုး သေအောင် မဂ်ရေစဉ်ဖြင့် လေးကြိမ်လျှော်ရသည်။ တကြိမ်လျှော်လျှင် သောတာပတ္တိမဂ်၊ နှစ်ကြိမ် သကဒါဂါမိမဂ်၊ သုံးကြိမ် အနာဂါမိမဂ်၊ လေးကြိမ်အရဟတ္တ မဂ်ကျလျှင် ကိလေသာမီးကုန်ငြိမ်းလေတော့၏။ ထို့ကြောင့်"လွန် ကျူးဆူပွက်၊မျိုးမပျက်၊သုံးချက်ကိလေသာ။ ။သီလ,သမာ၊မိ၊ပညာ၊ သက်ရာ သုံးသိက္ခာ။ အနာနှင့်ဆေး၊ ကိုက်အောင်ပေး၊ ပျောက် ရေးမခက်ပါ"ဟု စပ်ဆိုပေသည်။

သီလတရားသည် ကိုယ်လွန်ကျူးမှု၊ နှုတ်လွန်ကျူးမှုကို နိုင်၏။ မနောလွန်ကျူးမှုကိုမနိုင်။မနောကိုသမထဘာဝနာ ၄၀-တပါးပါး သမာဓိ အလုပ်နှင့်သတ်က သတ်နိုင်၏။ အမျိုးမပျက် ငုပ်၍နေ သောကိလေသာကိုမနိုင်၊၎င်းအမျိုးမပျက်ကိလေသာကို ဝိပဿနာ ပညာဉာဏ်နှင့်သတ်မှ နိုင်၍ လွန်ကျူးသောကိလေသာဆူပွက်သော မနောကိလေသာ ၃-မျိုး တခါတည်းသေလေ၏။ ဒုစရိုက်ကံတမျိုး လျှင် ၃-မျိုးကျခွဲပြီး ဝေဘန်၍ ဉာဏ်နှင့်သိလေ။

## ပရိဘောဂလေးပါးကိုအကျဉ်းပြခြင်း

စတ္တာရော ပရိဘောဂါ ထေယျ ပရိဘောဂေါ၊ ဣဏ ပရိဘောဂေါ၊ ဒါယဇ္ဇပရိဘောဂေါ၊ သာမိပရိဘောဂေါ တိ၊ တတ္ထ ဒုဿီလဿ ပရိဘောဂေါ ထေယျပရိဘောဂေါ နာမ၊ သီလဝတော အပစ္စဝေက္ခိတ ပရိဘောဂေါ ဣဏ ပရိဘောဂေါနာမ၊ သတ္တန္နံ သေခါနံ ပရိဘောဂေါဒါယဇ္ဇ ပရိဘောဂေါနာမ ခီဏာသဝဿ ပရိဘောဂေါ သာမိပရိ ဘောဂေါနာမ။ ။အင်္ဂုတ္တရ အဋ္ဌကထာ။

ပရိဘောဂေါ၊ ဗုဒ္ဓသာသနာတော်တွင်း လက်ရင်းသို့ ဝင်၍ ဗုဒ္ဓရှင် ပစ္စည်းလေးပါးတို့ကို စားသုံးမှိဲခြင်းတို့သည်။ ထေယျ ပရိဘောဂေါ၊ ခိုး၍ သုံးဆောင်ခြင်းဝင်း။ ဣဏ ပရိဘောဂေါ၊ ချေးငှား၍ သုံးဆောင်ခြင်းဝင်း။ ဒါယဇ္ဇပရိဘောဂေါ၊ အမွေခံ၍ သုံးဆောင်ခြင်းဝင်း။ သာမိပရိဘောဂေါ၊ အစိုးတရ သုံးဆောင်ခြင်းဝင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးရှိကုန်၏။ တတ္ထ၊ ထို လေးပါးသော သုံးဆောင်ခြင်းတို့တွင်။ ဒုဿီလဿ၊ သီလမရှိသော ပုဂ္ဂိုလ်၏။ ပရိဘောဂေါ၊ သုံးဆောင်ခြင်းသည်။ ထေယျပရိဘော ဂေါနာမ၊ ခိုး၍ သုံးဆောင်ခြင်းမည်၏၊ သီလဝတော၊ သီလရှိ သောပုဂ္ဂိုလ်၏။ အပစ္စဝေက္ခိတ ပရိဘောဂေါ၊ ဝိပဿနာ ပညာ စက္ခုဖြင့် မကြည့်မရှု မဆင်ခြင်ဘဲ လေးအင်သော ပစ္စည်းများကို သုံးစားခြင်းသည်။ ဣဏပရိဘောဂေါနာမ၊ ချေးငှါး၍ သုံးဆောင် ခြင်းမည်၏။ သတ္တန္နံသေခါနံ၊ ဒိဋ္ဌိကွာပြီး ဖြစ်ကြသောသေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏။ ပရိဘောဂေါ၊ ပစ္စည်းလေးပါးတို့ကိုစား သောက်သုံးဆောင်ခြင်းသည်။ ဒါယဇ္ဇပရိဘောဂေါနာမ၊ အမွေခံ ၍ သုံးဆောင်ခြင်းမည်၏။ ခီဏာသဝဿ၊ ဒိဋ္ဌိတဏှာ ကင်းကွာ ကုန်ခန်းသော ရဟန္တာပုဂ္ဂိုလ်၏။ ပရိဘောဂေါ၊ ပစ္စည်းလေးပါး တို့ကိုသုံးဆောင်ခြင်းသည်။ သာမိပရိဘောဂေါ နာမ၊အစိုးတရ သုံးဆောင်ခြင်းမည်၏။

ကျောင်း၊သင်္ကန်း၊ဆွမ်း၊ဆေး ပစ္စည်းလေးပါးကို သီလ မရှိဘဲ သုံးဆောင်လျှင် ခိုး၍ သုံးဆောင်ခြင်း၊ သီလ ရှိပါ သော်လည်း

ဝိပဿနာ ပညာနှင့် မသုံးဆောင်က ချေး၄ါး၍ သုံးဆောင်ခြင်း၊ ဝိပဿနာပညာဆင်ခြင်၍ သုံးဆောင်ခြင်းနှင့် သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့မှာ အမွေခံ၍သုံးဆောင်ခြင်း၊ ရဟန္တာပုဂ္ဂိုလ်တို့၌ အစိုးတရသုံးဆောင်ခြင်း၊ ဤသုံးဆောင်ခြင်း လေးပါးတို့၌ အမွေခံ၍ သုံးဆောင်ခြင်းနှင့် အစိုးတရ သုံးဆောင်ခြင်းကိုသာ မြတ်စွာဗုဒ္ဓ အလိုတော်ရှိသည်။ ချေး၄ါး၍သုံးဆောင်ခြင်းနှင့် ခိုး၍ သုံးဆောင်ခြင်းကိုပယ်တော်မူလေ၏။

ထို့ကြောင့် မြတ်စွာဗုဒ္ဓ သာသနာတွင်း လက်ရင်း ကြသူ ရှင်သာမဏေ ရဟန်းတို့သည် သာ၍ပင်လျှင် ဝိပဿနာ လုပ်ရန် အရေးကြီးသည်။ ဥပမာ-အဋ္ဌက္ကရ သရက်ပင်ပေါ်သို့ ရောက်၍ နေသောသူနှင့် ရဟန်းသာမဏေတို့ တူကုန်၏။ အသီးကို ဆွတ်၍ စားရန်သာ လိုကြတော့သည်။ အသီးကို မဆွတ်ဘဲလျက် လိပ်မွေ့, ဖွတ်မွေ့, မွေ့၍နေလျှင် သစ်ပင်ပေါ်က မြေသို့ ကျ၍ ခါးကျိုး, ခေါင်းပဲ့, အရွဲ့,အစောင်း ရှုမြင်မကောင်းအောင် ဖြစ်တတ်သည်။ တနည်းကား နွားရှစ်သောင်း လေးထောင် ကိုသာ ကျောင်းရ၍ နွားနို့မသောက်ရသော သူကဲ့သို့ရင်း၊ ဓမ္မက္ခန္ဓာ ၈၄၀၀၀-ကိုသာ ရွတ်ဖတ်သရဇ္ဈာယ်ကျက်မှတ်၍ မြတ်စွာဗုဒ္ဓ သာသနာ၌ တရားအရသာကို မသောက်မစို့ရ သကဲ့သို့ ဖြစ်တတ်ချေသည်။ စဉ်းစားတော်မူကြပါကုန်။

---

### ပဟာန် ၃-ပါး တမျိုးပြခြင်း
### ပဉ္စင်္ဂုတ္တရပါဠိတော်

> အာရဒ္ဓဝိရိယော ဝိဟရတိ၊ အကုသလာနံ ဓမ္မာနံ ပဟာနာယ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ။

အကုသလာနံ၊ပါယ်လေးရွာသို့လျှင်စွာချတတ် ယင်းသည့်ခတ်ကြောင့် မမြတ်သမှု အကုသိုလ်စု မည်ကုန်သော။ ဓမ္မာနံ၊ လောဘ, ဒေါသ, မောဟစသား ယုတ်မာသော တရားတို့ကို။ ပဟာနာယ၊ အမြစ်ပါပြုတ် အငုပ်မကျန် တွန်းလှန်ဝေးစွာ ပယ်ခွါ ဖျောက်ပစ်

နောက် အသစ်မဖြစ်စေခြင်းငှါ။ ကုသလာနံ၊ လူ့, နတ်, နိဗ္ဗာန်, ၃-တန်ချမ်းသာ ရောက်တတ်ထာကြောင့် ကောင်းစွာပြုလို ကုသိုလ်မည်ကုန်သော။ ဓမ္မာနံ၊ ခန္ဓာအာယတန ပဋိစ္စသမုပ္ပါဒ်နှင့် မြတ်လှစွာပြား ဝိပဿနာတရားတို့ကို။ ဥပသမ္ပဒါယ၊ မင်္ဂဆိုက် ဖိုလ်ဆိုက် နှစ်မြို့ကပြည့်စုံ ကိုယ်လုံးချိစေခြင်းငှါ။ အာရဒ္ဓဝိရိယော၊ နေ့ရော ညဉ့်ပါ ဘယ်ခါမနား ပွားများအားထုတ်သည် ဖြစ်၍။ ဘိက္ခု၊ သံသရာကို တိုစေလို၍ မငြိမြငြင်နိဗ္ဗာန်ဝင်လိုသူ လူ့, ရှင်, ရဟန်းသည်။ ဝိဟရတိ၊ ဝိပဿနာတရား မပြတ်ပွားလျက် ကြိုးစားအားထုတ်၍ နေသင့်လှပေသတည်း။

ဤပါဠိတော်လာ ပဟာနာယ-ပဟာန် ဆိုသည်ကား ၃-ပါးရှိ၏။ တဒင်္ဂပဟာန် ကိလေသာတို့ကို တနေ့, တရက်, တသက်, တဘဝပယ်မှုကိုခေါ်သည်။ ဝိက္ခမ္ဘနပဟာန် ဗြဟ္မာ့ပြည်နှင့်လူ့ပြည်ဖြစ်စေ၊ နတ်ပြည်ဖြစ်စေ နှစ်ဘဝနှစ်နပ်စာ ကိလေသာကို ပယ်မှုကိုဆိုသည်။ သမုစ္ဆေဒပဟာန်ပယ်မိသမျှ ကိလေသာသည် ဘယ်နံရောအခါမှ ပြန်၍ မဖြစ် အမြစ်ပြတ်ခြင်းကို ခေါ်သည်။ သီလ, သမာဓိ,ပညာ သုံးပါး၌ သီလသည် ကိလေသာကို တဘဝတနပ်စာ တဒင်္ဂပဟာန်သာပယ်နိုင်၏။ သမထ-သမာဓိအလုပ်သည် နှစ်ဘဝနှစ်နပ်စာ ကိလေသာကို ဝိက္ခမ္ဘနပဟာန်ဖြင့်ပယ်နိုင်၏။ ဝိပဿနာပညာတရားသည် မိမိတို့ပယ်မိသမျှ ကိလေသာကို အမြစ်ပြတ်ပယ်နိုင်၏၊ ကာမာဝစရပဟာန်၊ မဟဂ္ဂုတ် ပဟာန်၊ လောကုတ္တရာပဟာန်ဟူ၍လည်း ၃-မျိုးရှိ၏။ ကာမာဝစရ ကုသိုလ်ဖြင့် ကိလေသာကို တဒင်္ဂပဟာန်သာပယ်နိုင်၏၊ မဟဂ္ဂုတ်ကုသိုလ်ဖြင့် ကိလေသာကို ဝိက္ခမ္ဘန ပဟာန်သာပယ်နိုင်၏။ လောကုတ္တရာ ကုသိုလ်ဖြင့် ကိလေသာကိုပယ်မှုသည် မင်္ဂစဉ်အားဖြင့် တဆင့်ထက်တဆင့် သူ့ကုသိုလ်နှင့် သူ့ကိလေသာကို သမုစ္ဆေဒ ပဟာန်ဖြင့် အမြစ်ပြတ် ပယ်နိုင်သည်။ ကာမာဝစရ ကုသိုလ် မဟဂ္ဂုတ် ကုသိုလ်တို့သည် ရခဲဖြစ်ခဲပြီးလျှင် အလွန်ပျက်လွယ်သော ကုသိုလ်မျိုးဖြစ်၍ တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘန ပဟာန်ဟု ခေါ်သည်။ ထို့ကြောင့် အနမတဂ္ဂအစမထင် သံသရာ ဘဝအစဉ်က ခင်မင်နှစ်သက်

စုံမက်မြတ်နိုး ကိုးစား အားထားသော ဒါနမှု, သီလမှု, သမထ ဘာဝနာမှုတို့ကို အဖန်ဖန် ပြုခဲ့ကြ၊ အားထုတ် ခဲ့ကြ သော်လည်း အတည်တကျချမ်းသာခွင့်မရကြနိုင်၊ အုတ်ကျောက်ခဲတို့ကိုကောင်း ကင်သို့ မြှောက်လိုက်သကဲ့သို့ လုံ့လပယောဂအတွက် ခဏတဖြုတ် ကောင်းကင်၌ ရပ်တန့်၏။ လုံ့လပယောဂအရှိန် ကုန်သောအခါ မြေ၌ တည်နေမြဲတိုင်းကဲ့သို့ ကာမာဝစရပဟာန်၊ မဟဂ္ဂုတ်ပဟာန် တို့ဖြင့် ပယ်သတ်လိုက်သော ကိလေသာသည် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ အခိုက်အတန့် နားနေရ၏။ အုတ်ကျောက်ခဲတို့ ကဲ့သို့ ကုသိုလ်ရှိန်ကုန်လျှင် အပါယ်ငရဲ၌အမြဲနေရကြကုန်သည်ဟု မှတ်၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ ပြန်၍ တဖန် ဖြစ်ဘို့ရာ အလွန်တရာနည်း၏။

ထို့ကြောင့် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် မြေမှုန့်ကို ယူ၍ လက်သဲပေါ်၌ တင်ပြီးလျှင် နှစ်သိန်း လေးသောင်း အထုရှိသော မြေကြီးနှင့် လက်သဲပေါ်ကမြေ ဘယ်သင်း များသလဲ မေးပြီးလျှင် သတ္တဝါတို့ စုတေ သေလွန်ကြလျှင် လူ, နတ်, ဗြဟ္မာပြည်မှာပြန်၍ ဖြစ်ခြင်းသည် လက်သဲပေါ်က မြေမှုန့်ပမာ ငရဲမှာ ဤမြေကြီးအထု ပမာကို ဟောတော်မူလေသည်။

---

မဏိမဉ္ဇူဋီကာ

ယထာစ ပုထုဇ္ဇနာနံ ပဟီနာပိ ကိလေသာ ပုန ဥပ္ပဇ္ဇန္တိ၊ တိဟေတုကဘူတာပိ ပုန ဒွိဟေတုကာ ဟေတုကဘာဝံ ဂစ္ဆန္တိ၊ ယတော တေ ဥပရိဘဝဂ္ဂေ နိဗ္ဗတ္တာပိ အပါယေသု သန္ဒိဿန္တိ၊ သီလဝန္တာပိ ပုန ဒုဿီလာ ဟောန္တိ၊ သမာဟိတာပိ ပုန ဥမ္မတ္တကာဝါ ခိတ္တစိတ္တာဝါ ဟောန္တိ၊ ပညဝန္တာပိ ပုန ဒုပ္ပညာဝါ ဧဠမူဂါဝါ ဟောန္တိ၊ န တထာ အရိယာ၊ တေပန တေနတေန မဂ္ဂေန ပဟီနာ ကိလေသာ ပုန နဥပ္ပဇ္ဇန္တိ ပုထုဇ္ဇနဘာဝံဝါ ဟေဋ္ဌိမာရိယဘာဝံဝါ န ဂစ္ဆန္တိ အနုက္ကမေန သဒ္ဓါဒီနံ ဣန္ဒြိယာနံ ပရိပက္ကဘာဝမေဝ ဥပဂစ္ဆန္တီတိ။

စ၊ ပုထုဇဉ်နှင့် အရိယာတို့ ထူးခြားသောအရာကို ထင်ရှားစွာ
ပြလိုက်ပေဦးအံ့။ ပုထုဇ္ဇနာခံ၊ ဒိဋ္ဌိမခွါသူ ပုထုဇဉ် ဟူသမျှတို့အား။
ပဟီနာပိ၊ တဒင်္ဂပဟာန်, ဝိက္ခမ္ဘန ပဟာန်အားဖြင့် ပယ်လှန်အပ်
ပြီးသည်လည်း ဖြစ်ကုန်သော။ ကိလေသာ၊ ကိလေသာတို့သည်။
ဥပဂစ္ဆန္တိ၊ ပြန်၍ ကပ်လာကြကုန်၏။ တိဟေတုက ဘူတာပိ၊
တိဟိတ်ဖြစ်ပြီးသော သူတို့သည်လည်း။ပုန၊ တဖန်။ ဒွိဟေတုကာ
ဟေတုကဘာဝံ၊ ဒွိသြတ်အဖြစ် အဟိတ်တိရစ္ဆာန်အဖြစ်သို့။ ဂစ္ဆန္တိ၊
လားရောက်ကြကုန်၏။ ယတော၊ အကြင်ကြောင့်လည်း။ တေ၊ ထို
တိဟိတ် ပုဂ္ဂိုလ်တို့သည်။ ဥပရိဘဝဂ္ဂေ၊ အထက်ဘဝဂ်၌။ နိဗ္ဗတ္တာပိ၊
ရောက်ကြငြားသော်လည်း။ အပါယေသု၊ အပါယ် လေးဘုံတို့၌။
သန္ဒိဿန္တိ၊ ထင်ရမြင်ရပြန်ကုန်၏။ သီလဝန္တာပိ၊ သီလရှိသော
ရဟန်းမြတ်ကြီးတို့သည်လည်း။ ပုန၊ တဖန်။ ဒုဿီလာ၊ ဘိန်းစား
ဆေးရူ လူရူး လူမိုက်စသော ဒုဿီလ ပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊
ဖြစ်ရကြကုန်၏။ သမာဟိတာပိ၊ တည်ကြည်ခြင်းသမာဓိရှိကြသော
အဘိညာဏ်ရ ဈာနလာဘီ ပုဂ္ဂိုလ်ကြီးတို့သည်လည်း။ ပုန၊ တဖန်။
ဥမ္မတ္တကာဝါ၊ အရူးအမိုက်တို့သည်ဝင်း။ ခိတ္တ စိတ္တာဝါ၊ စိတ်မနှံ့သူ
စိတ်ပျံ့လွင့်သော သူတို့သည်ဝင်း။ ဟောန္တိ၊ ဖြစ်ကြရကုန်၏။ပည
ဝန္တာပိ၊ ကျမ်းဂန်တတ်သိ ပညာရှိ ဆရာတော်ကြီး တို့သည်လည်း။
ဝါ၊ ပိဋကတ် ၃-ပုံ အလုံးစုံကို အာဂုံဆောင်နိုင်သော ဆရာတော်
ကြီးတို့သည်ယည်း။ ပုန၊ တဖန်။ ဒုပ္ပညာဝါ၊ပညာ မရှိကြကုန်သော
လူဖျင်း လူပြိန်းတို့သည်ဝင်း။ ဧဠမူဂါဝါ၊ လူအေး လူအ လူနုန်
လူနတို့သည်ဝင်း၊ ဟောန္တိယထာ၊ ဖြစ်ကြရပြန်သကဲ့သို့။ တထာ၊
ထိုသို့ ကပြောင်းကပြန် ပုထုဇဉ်တို့ဖြစ်သလို အရိယာ သောတာပန်
စသော အရိယာ သူတော်ကောင်းတို့သည်။နဟောန္တိ၊ ပြန်၍ မဖြစ်
ကြလေကုန်။ တေပန၊ ထိုအရိယာ သူမြတ်တို့သည်ကား။ တေန
တေန မဂ္ဂေန၊ ထိုထိုမိမိတို့ ရရှိကြသော မဂ်ဖြင့်။ ပဟီနာ၊ ပယ်အပ်
ပြီးကုန်သော ကိလေသာတို့သည်။ ပုန၊ တဖန်။ နဥပဂစ္ဆန္တိ၊ မပြန်
လာကြကုန်။ ပုထုဇ္ဇနဘာဝံဝါ၊ ပုထုဇဉ် အဖြစ်သို့ဝင်း။ ဟေဋ္ဌိမာရိ
ယဘာဝံဝါ၊ အောက်အရိယာအဖြစ်သို့ဝင်း။ နဂစ္ဆန္တိ၊ တဖန်ပြန်၍

မရောက်ကြလေကုန်။ အနုတ္တမေန၊ အစဉ်အားဖြင့်။ သဒ္ဓါဒိနံ-သဒ္ဓါ အစရှိကုန်သော။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏။ ပရိပက္ကဘာဝမေဝ၊ တဆင့်ထက်တဆင့် ရင့်ခြင်းသဘောသို့သာလျှင်။ ဥပဂစ္ဆန္တိ၊ ကေန် မလွဲ အမြဲရောက်ကြလေကုန်သတည်း။

---

## အာရုံခြောက်ပါး၌ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ဖြစ်ပေါ်လာပုံကိုပြခြင်း

မျက်စိနှင့်အဆင်း တိုက်ဆိုင်သောအခါ မျက်စိအကြည်ဓာတ်၌ အဆင်းရုပ်ထင်သည်၊ ၎င်းအဆင်းသည် ရုပ်တရား၊ ၎င်းရုပ်မျက်စိ၌ ထင်သည်နှင့် တပြိုင်နက် အာရုံကို စဉ်းစားမှု သင်္ခါရက္ခန္ဓာ၊ ၎င်း အဆင်းကို မှတ်မှု သညာက္ခန္ဓာ၊ အဆိုး အကောင်း ခံစားမှု ဝေဒနာက္ခန္ဓာ၊ အဖြူ,အနီစသည်ဖြင့်သိမှု ဝိညာဏက္ခန္ဓာ၊နာမ်တရား လေးပါးတပြိုင်နက်ပေါ်၏။ မျက်စိအကြည်၌ထင်သောအရိပ်သည် ရုပ်တရား၊ မှတ်မှု၊သိမှု၊ ခံစားမှုအာရုံကို ကြံစည်မှုသည် နာမ်တရား လေးပါး၊ ရုပ်နာမ်နှစ်ပါးဖြစ်၏။ ဉာဏ်နှင့်သေသေချာချာ စဉ်းစား ကြည့်ခေလ။ ပရမတ်နာမ်ရုပ် ခန္ဓာငါးပါးထင်ထင်ရှားရှားဖြစ်ပေါ် လာသည်ကိုတွေ့ရှိလိမ့်မည်။ ။၎င်းခန္ဓာ ငါးပါး ရုပ်နာမ်နှစ်ပါး သည် တပြိုင်တည်းဖြစ်၊ တပြိုင်တည်း ချုပ်၏။ အာရုံ တခုသို့ ပြောင်း၍ မျက်စိအကြည်၌ ရူပါရုံ ရုပ်တခုထင်ပြန်လျှင် နာမ်တရား လေးပါး၊ ၎င်းရုပ်နှင့်တကွ အတူတူပေါ်ပြန်၍ ခန္ဓာငါးပါး နာမ် ရုပ်နှစ်ပါးဖြစ်ပြန်ရ၏။

မျက်စိနှင့် အဆင်း တိုက်ဆိုင်၍ ပရမတ်၊ ခန္ဓာငါးပါး ရုပ်နာမ် တရားတွေ များစွာဖြစ်၏ဟု မှတ်ပါလေ။ နားအကြည် ၌လည်း အသံ ရုပ်တွေ ထင်လာသည်နှင့် တပြိုင်နက် နာမ်တရားလေးပါး ပေါ်လာရ၏။ ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးတွေ များစွာ ဖြစ်၏။ ရုပ်တရား၌ မျက်စိအကြည်၌ ထင်သော ရုပ်ထက် နားအကြည်၌ ထင်သောရုပ်၊ နှာခေါင်း အကြည်၌ထင်သောရုပ်၊ လျှာအကြည်၌ ထင်သောရုပ်၊ ကိုယ်အကြည်၌ထင်သောရုပ်တို့သည် သာ၍ သိမ်မွေ့

သဖြင့် အသိခက်၏။ စဉ်းစားလေ၊ ညဏ်ထဲ၌ ထင်ထင်ရှားရှားရှိ၏။ အထည်ဖြဲ၍ အစိုင်အခဲမရှိဟုမှတ်၊ ပရမတ်ရုပ်သည် သဘောမျှသာ ဖြစ်သည်။ ရေ၌ရေးသော အရေးအကြောင်းကဲ့သို့ ရေ၌မထင်။ ညဏ်ထဲ၌သာထင်ကုန်၏။ ထို့ကြောင့် အဘိဓမ္မာ အဋ္ဌကထာ၌-

ဥဒကေ ဒဏ္ဍရာဇိဝ၊ အာရဂ္ဂေရိဝ သာသပေါ။
ဝိဇ္ဇုပ္ပါဒါဝ ဓမ္မာ တေ၊ ပရိတ္တဋ္ဌာယိနော သိယုံ။

တေဓမ္မာ၊ ထိုနာမ်ရုပ်နှစ်ဖြာ ခန္ဓာငါးပါး အပေါင်းအစုတရားတို့သည်။ ဥဒကေ၊ ရေပြင်၌။ ဒဏ္ဍရာဇိဝ၊တုတ်လှံတံဖြင့် ရေးသော အရေးအကြောင်းကဲ့သို့ရင်း။ ဝါ၊ တုတ်လှံတံဖြင့် ရေးသော အရေး အကြောင်းသည် ဖြုန်းကနဲ ပေါ်လာပြီးနောက် ချက်ချင်းပင် ချုပ်ပျောက်ကြသကဲ့သို့ရင်း။ အာရဂ္ဂေ၊ အပ်နဖားထွင်းသော စူးဖျား၌။ သာသပေါဣဝ၊ တင်လိုက်သည့်ခဏ၌ ချက်ချင်းပင် လိမ့်ကျသော မုန်ညင်းစေ့ကဲ့သို့ရင်း။ ဝိဇ္ဇုပ္ပါဒါဝ၊ တိမ်လွှာ တိမ်ထပ်နှစ်ခုထပ်မိရာတွင် ဖျပ်ကနဲပေါ်လာပြီးနောက် ချက်ချင်းပင် ချုပ်ပျောက်တတ်ကြသည့် လျှပ်စစ်ဓာတ် ကဲ့သို့ရင်း။ ပရိတ္တဋ္ဌာယိနော၊ လွန်စွာတိုလှ မပြောနိုင်အောင် တခဏကလေးမျှ တည်နေ တာန့်ရပ်နိုင်ကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

အချို့သောဆရာတို့သည် ဓာတ် ၁၈-ပါး၌ နာမ်ရုပ်ကိုပြကြသော အရာမှာ မျက်စိရုပ်၊အဆင်းရုပ်၊ အဆင်းကိုသိမှုစိတ်ကလေးနာမ်ဟု ပြကြသည်။ ယခုပြဆိုသောအဋ္ဌကထာဆရာနှင့် ကိုက်ညီမည်မထင်။ အဘယ့်ကြောင့် ဆိုသော် ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါး တို့သည် အကြောင်း သင့်သောအခါ တပြိုင်တည်း ပေါ်လာရ ကြောင်းကို အဋ္ဌကထာ၊ ဋီကာ၊ ပါဠိတော်တို့၌ များစွာ ပြကြသည် ဖြစ်သော ကြောင့် နာမ်တရား၌အာရုံတခုကို ပြောင်းလွဲလျှင်သိမှု နာမ်တရား အသစ်ဖြစ်ပေါ်မှု၊ ချုပ်ပျောက်မှု ထင်ရှားပါ၏။ ရုပ်တရားအဆင်း မျက်စိဟာ လူသေသည် တိုင်အောင် မပျောက် သေးကြောင်း ထင်ရှား သောကြောင့် နာမ်နှင့်တကွ ချုပ်၊ ပျက်သော ရုပ်တရား မဟုတ်ကုန် စဉ်းစားပါလေ။

## မနောဒွါ၌ နာမ်ရုပ်ဖြစ်ပုံ

မနောအကြည်သည် နာမ်အကြည်ဖြစ်၏။ ၎င်းမနော အကြည် ခေတ်က စိတ်ကူးအကြံအစည်တို့ကိုမြွှာရုံအတိုက်ခေတ်ဟု ခေါ်၏၊ ၎င်းမြွှာရုံ စိတ်ကူးလိုက်သော အခါ အဆင်းတွေ၊ အသံတွေ၊ အနံ့တွေ၊ အရသာတွေ၊ ဝတ်ဘူး, ဆင်ဘူး, တွေ့ထိဘူး တာတွေ ပေါ်လာ၏။ ၎င်းပေါ်လာသမျှ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့သည် မနောအကြည်မှာ ထင်ကုန်၏။ ထင်သမျှကို မှတ်မှု၊ သိမှု၊ ခံစားမှု၊ ကြံစည်မှုတည်းဟူသောနာမ်တရား လေးပါး တို့သည် တပြိုင်ထဲ ပါလာရလေတော့၏။ မနောအကြည်၌ အဆင်း တခု ပေါ်လာသည်မှာပင် နာမ်တရား ၄-ပါး ပါလာရလေ တော့၏။ ညာဏ်နှင့်စဉ်းစဉ်းစားစား ရှုလေ။ ညာဏ်ထဲမှာ နာမ် ရုပ် ၂-ပါး၊ ခန္ဓာ ၅-ပါးတွေ တွေ့လိမ့်မည်။ မနောနှင့် စိတ်ကူးတည်း ဟူသော မြွှာရုံတိုက်မှု၌ မနောကို ရုပ်ခေတ်တိုက်ခြင်း နာမ်ခေတ် တိုက်ခြင်း နှစ်မျိုးရှိ၏။ ရုပ်ခေတ် အတိုက်များ၏၊ နာမ်ခေတ် အတိုက် နဲ၏၊ ယခု ပြလိုက်သည်မှာ ရုပ်ခေတ်တိုက်ပုံကို ပြခြင်း ဖြစ်သည်။ နာမ်ကို နာမ်ချင်းတိုက်၍ နာမ်ခေတ်ပေါ်ပုံမှာ မနေ့တနေ့က ငါ့စိတ်ဟာမကောင်းပါဘူး။ ငါစိတ်ဆိုးတာ မကောင်း ပါဘူး။ တနေ့က ငါ့စိတ်ကောင်း၏။ ယခု ငါ့စိတ် မကောင်းဟု ဤကဲ့သို့ စိတ်အမျိုးမျိုးတွေကို မနောနာမ်အကြည်ကစဉ်းစားစိတ်ကူးသည်ကို ဆိုသည်။ သို့သော်လဲ ရုပ်တရား မကင်းနိုင်။ မကင်းပုံကား- သိမှု စိတ်ခေတ်၊ ကြံစည်မှုစိတ်ခေတ်မှာပင် စိတ္တဇ ဝါယောခေတ်ရုပ်တို့ ပါလာခြင်းကြောင့်တည်း။

ဝိညာဉ်ဝိထိ ခုနစ်ပါး၌လည်း မျက်စိ၌ ပေါ်သောစိတ် (၁)၊ နား၌ ပေါ်သောစိတ် (၂)၊ နှာခေါင်း၌ ပေါ်သောစိတ် (၃)၊ လျှာ၌ ပေါ်သောစိတ် (၄)၊ ကိုယ်၌ ပေါ်သောစိတ် (၅)၊ မနော၌ ပေါ်သောစိတ် (၆)၊ မနောက နာမ်အကြည်ဖြစ်၍ခုနစ်ပါးဖြစ်၏။

## ဓာတ်သတ္တရသ၊ အဋ္ဌာရသကို ပြခြင်း

ဓာတ်သတ္တရသ ၁၇-ပါး၌ အဆင်း၊ အနံ့၊ အရသာ၊ အတွေ့ ၅-ပါး။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ငါးပါး။ ၎င်းအခံဓာတ်နှင့် အတိုက်ဓာတ်ကြောင့် ဖြစ်ပေါ်လာသော သိမှု နာမ်ဓာတ် ၅-ပါး၊ မနော၌ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ငါးပါး တို့ကို တပါးပါး ထင်မှု ရုပ်တပါး၊ ၎င်းရုပ်ကို သိမှု နာမ် တပါးပေါင်း ၁၇-ပါးဖြစ်၏။ မနောအကြည်သည် နာမ်ဓာတ် အကြည် ဖြစ်၍ မနော၌ နာမ်နှစ်ခုတပြိုင်တည်းမဖြစ်နိုင်၍ နုတ်ပယ်ခြင်းပြုကြသည်။

မနောဓာတ်ကိုထည့်လျှင် ၁၈-ပါး အဋ္ဌာရသဖြစ်၏။ တနည်း အားဖြင့် မနောဓာတ်ကို နာမ်ဓာတ် ဓမ္မာရုံ တိုက်သောအခါ မနော၌ နာမ်ဓာတ်သိမှုတပါး ပေါ်လာသဖြင့် နာမ်ဓာတ် ၊ သိမှု နှစ်ပါးဖြစ်ရာ တခုကိုပယ်၊ မနောဓာတ်တပါး၊ သိမှု နာမ်ဓာတ် တပါး နှစ်ပါးနှင့်အထက်က ၁၅-ပါးနှင့် ပေါင်းသော် ၁၇-ပါး ဖြစ်၏။ မနောကို ရုပ်ဓာတ် တိုက်သောအခါ ၁၈-ပါး ဖြစ်၏။ မနောကို နာမ်ဓာတ်တိုက်လျှင် ၁၇-ပါးဖြစ်၏။ စဉ်းစဉ်းစားစား ပြုမှ သိမည်။

## သတိပဋ္ဌာန် သမ္မာဓိဉာဉ်နာမ်ရုပ်ရှုနည်း

သတ္တဝါတို့၏ ကိုယ်တွင်း၌ နှလုံးအိမ်သည် ပဒုမ္မာ ကြာဖူး သဏ္ဌာန်ရှိ၏။ ၎င်းနှလုံးအိမ်သည် ရင်အချိုင့် အလယ်တည့်တည့်၌ အောက်သို့ တွဲရ ရွဲ ဆွဲလျက် ရှိနေ၏။ ပညာရှိသူတို့၏အဖျားမှာ နှစ်မွှာ သုံးမွှာရှိ၏၊ ပညာမဲ့သူတို့၌ တမွှာတည်းသာရှိ၏၊ အဘယ့် ကြောင့် ပညာရှိက နှလုံးဖူး၍ အဖျားမှာ နှစ်မွှာ သုံးမွှာရှိသလဲ၊ အဘယ့်ကြောင့် ပညာကြီးသလဲ ဆိုပါလျှင် ၎င်း နှလုံးသွေးသည် သည်းခြေပေါ်သို့ တစေ့ မပြတ် ကျရောက်လျက်နေရာ သည်းခြေကို လေတိုက်သဖြင့် နှလုံးသွေးသည်းခြေပေါ်သို့ မှန်မှန် မကျရသော ကြောင့် သည်းခြေခြောက်၍ စကားပါကျ ဟပိုဒ်မဆုံးခင် တခြား စကားသို့ ရောက်မိရောက်ရာ ပြောတတ်သော သူကို လူရူးဟု ခေါ်၏။ နှလုံးသွေးမှန်မှန်ကျလျှင်သည်းခြေစိုရွှဲ၍ နေသောကြောင့်

စကားမှန်မှန် ကောင်းကောင်းပြောသူကို လူကောင်းဟု ခေါ်၏။ နှလုံးသား အဖျားက တမြွာရှိသောသူမှာ သည်းခြေပေါ်သို့ နှလုံးသွေးတနေရာထဲကျသဖြင့် သည်းခြေတခုလုံး မရွဲမစို။ ။သုံးမြွာရှိသည့်အတွက် နှလုံးသွေး ၃-ပေါက်က ယိုစီး ကျရသောကြောင့် သည်းခြေတခုလုံး များများ ပျံ့နှံ့ခြင်းကြောင့် သမာဓိ တရားခိုင်၍ ပညာကြီးသည်။

နှလုံးသွေး ချွဲလျှင် စကား ချွဲချွဲပြော၏။ ဘိုန်းစားများကိုခေါ်သည်။ နှလုံးသွေးဆူပွက်လျှင် စကားဆူဆူညံညံ ပြော၏။ အရက်သမားကိုဆိုသည်။

ဒေါသစိတ်ဖြစ်သောအခါနှလုံးသွေးနောက်သည်။သောမနဿစိတ် ဖြစ်သောအခါ သွေးကြည်ကြည်လင်လင် ရှိ၏။ရင်မှ နှလုံးဖူးအိမ်ထည်း၌ သွေးတလက်ဖက်ခန့် ရှိ၏။ ၎င်းနှလုံးသွေး အပေါ်၌ မနောအကြည်ခါတ် တည်နေ၏။ နှလုံးထိပ်ပေါ်က အသားအဖတ်ကလေးနှစ်ခု ဝိတ်လျက်ရှိ၏။ နာရီထိုးမည် ကြိုသောအခါ များစွာလည်သောနာရီလိပ်ပြာကလေးနှစ်ခုကဲ့သို့တည်း။ သွားလို, ထိုင်လို, လှမ်းလို,ရပ်လို, စကားပြောလိုသောအခါ ၎င်းနှလုံးသွေး အပေါ်၌ ရှိသောမနောအကြည်ပေါ်မှာ စိတ်ဓာတ်ကလေး ဖြစ်ပေါ်လာ၏။ ၎င်းစိတ်နှင့်တကွ ပထဝီ၊တေဇော၊အာပေါနန့်၍ ဝါယောလွှန်ကဲပြီးလျှင် တကိုယ်လုံးပျံ့နှံ့ ရုပ်ဓာတ်လေးပါး၊ နာမ်ဓာတ်တပါး ပေါင်း နာမ်ရုပ်နှစ်ပါးတို့ တိုးဝှေ့တိုက်ခိုက်လှုပ်ရှား သွားလာ ပြောဆိုကြသည်။ ဉာဏ်နှင့်မြင်အောင်ကြည့်လေ။

သွားမည်ဟုကြံစည်လိုက်သောအခါ မနောဓာတ်ပေါ်မှာ စိတ်ဓာတ်ကလေးပေါ်၏။ ၎င်းစိတ်နှင့်တကွ ဖြစ်သော ဝါယောဓာတ်သည် လိပ်ပြာအတောင် နှစ်ခုနှင့်တူသော အသားဖတ် ကလေးနှစ်ခုကို တိုးဝှေ့ထွက်လာပြီးလျှင် တကိုယ်လုံး စိတ္တဇဝါယောဓာတ် ပျံ့နှံ့၍ ဤဥတုဇရုပ်ကြီးကို တွန်းလိုက်သည်။ ရပ်လိုက် သောအခါ စိတ်ဓာတ်နှင့်တကွ တကိုယ်လုံးကို ပျံ့နှံ့ပြီး တောင့်ထား ခြင်းကို ရုပ်နေသည်ဟု ခေါ်သည်။

စိတ္တဇဝါယောဆိုခြင်းကား စိတ်နှင့် ဖြစ်အတူ ပျက်အတူ လေဓာတ်ရုပ်ကို ဆိုသည်။ ၎င်းလေဓာတ်၌လည်း ပထဝီ၊ အာပေါ၊ တေဇောပါ၏ဟု မှတ်။ ဓာတ်လေးပါးသဘောကိုမခွဲကောင်း၊ ခွဲလို့မရဟု မှတ်။ နာမ်နှင့် ရုပ်ကိုလည်း မခွဲကောင်း၊ ခွဲလို့မရဟု မှတ်။ ဝိပဿနာ ယောဂီပုဂ္ဂိုလ်များ ရှုကြသောအခါ နာမ်ကိုဖိ၍ ရှုခြင်းသာရှိသည်၊ ရုပ်ကိုရှုလျှင်နာမ်ပါ၏၊ နာမ်ကိုရှုလျှင် ရုပ်ပါ၏ဟုမှတ်။

ယခု ပြသောအတိုင်း ဣရိယာပထဖြင့် သွားခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊လျောင်းခြင်း၊ ကွေးခြင်း၊ကိုင်းခြင်း၊ စကားပြောခြင်းတည်းဟူသောကိုယ်၏အမူအရာ၊ နှုတ်၏အမူအရာ ဖြစ်ပေါ်လာသမျှ ပရမတ်ရုပ်နာမ်သည် နှလုံးအိမ်တွင်းက အသစ်အသစ်လာပြီး ဖြစ်လျှင် တကိုယ်လုံးကိုပျံ့နှံ့၍ ကိုယ်၏အမူအရာနှုတ်၏အမူအရာ ဖြစ်ပြီးလျှင် ချုပ်သွား၏။ နောက်ထပ်ရုပ်နာမ်အသစ် ဖြစ်လာပြန်၏။ ဖြစ်လာသောရုပ်နာမ်ချုပ်သွားပြန်၏။ခြေတလှမ်း၌ နာမ်ရုပ်ဖြစ်၏၊ ချုပ်၏၊ ရပ်သောအခါ နာမ်ရုပ်အသစ်ဖြစ်၍ချုပ်၏။ တဖန် လှမ်းလိုပြန်လျှင် နာမ်ရုပ်အသစ် ဖြစ်ပေါ်လာ၏၊ ရပ်လိုပြန်၍ လှမ်းပြီးသောနာမ်ရုပ် ချုပ်၍ရပ်သောနာမ်ရုပ်ဖြစ်ပေါ်လာပြန်၏။ ဤကဲ့သို့ အရာရာမှာပင် ဉာဏ်နှင့်စဉ်းစားလေ။ ။အာဂန္တုကဖြင့် အသစ် အသစ်သော နာမ်ရုပ်နှစ်ပါးတို့သည် ဤမိဘနှစ်ဦးတို့ကဖြစ်သော ဥတုဇရုပ်ကြီးပေါ်၌ ကျရောက်ဖြစ်ပွားပျက်စီးချုပ်ငြိမ်းပုံတွေကို သေသေချာချာ မြင်လိမ့်မည်။

ပေးလို၊ ကမ်းလို၊ လှူလိုသောအခါ မနောဓာတ်၌ နာမ်တရားစိတ်ဓာတ်ကလေးဖြစ်၏၊ ၎င်းစိတ်နှင့်တကွဖြစ်သော ပရမတ်ဓာတ် ၄-ပါးသည် ဝါယောလွှန်ကဲပြီးလျှင် တကိုယ်လုံးကိုပျံ့နှံ့၍ မျက်နှာ ရွှင်ရွှင်ပျပျဖြစ်၏။ ။ဤသောမနသာရုပ်ကို ဉာဏ်နှင့် ကြည့်လေ။ စိတ်ဆိုးသောအခါ ၎င်းမနောဓာတ်၌ ဖြစ်သော နာမ်ရုပ်နှစ်ပါး တကိုယ်လုံးပျံ့နှံ့၍ မျက်နှာများ ကြမ်းကြမ်းတန်းတန်း ဖြစ်လာ၏။ ဉာဏ်နှင့်ကြည့်လေ။ ။ဤဥတုဇရုပ်ပေါ်မှာ နာမ်ရုပ် အသစ်တွေ လဲပြောင်းပုံကို မြင်လိမ့်မည်။

ဒေါသကြောင့် ဖြစ်သော နာမ်ရုပ်သည် ဒေါသစိတ် ချုပ်မှ ချုပ်၏။ သောမနဿကြောင့် ပေါ်လာသော နာမ်ရုပ်သည် သောမနဿစိတ်ချုပ်မှ ချုပ်၏။ ။မိမိကိုယ်ကို မမြင်လျှင် သူတပါး စိတ်ဆိုး၊ စိတ်ကောင်းဖြစ်သောအခါကြည့်ရှုလေ။ မိမိ၌ ဖြစ်တာကို မြင်ချင်လျှင် မှန်ကိုကြည့်ရှုလေ။ စက်ယန္တယားရုပ်ထဲတွင် လူဝင်ပြီး ကခုန်သကဲ့သို့ ဤမိဘနှစ်ဦးတို့၏ သုက်ကဖြစ်သော ဥတုဇ ရုပ်ကြီး ထဲသို့ ပရမတ်နာမ်ရုပ်တွေ အသစ်အသစ် ဖြစ်ပေါ်သည်ကို မြင်လိမ့်မည်။ ဤနာမ်ရုပ်မှ အနိစ္စ အချက်မြင်နိုင်၊ ထင်နိုင်သည်။ သို့မှ ဤပရမတ်နာမ်ရုပ်သာ ဟုတ်သည် ငါမဟုတ်ဟု ယူနိုင်ခြင်း ဖြစ်၍ အနတ္တပေါက်မည်၊ အတ္တပေါက်မည်ဟု မှတ်ပါလေ။

စိတ်ကြောင့် ဖြစ်သော နာမ်ရုပ်၊ ကုသိုလ်ကံစိတ်၊ အကုသိုလ်ကံ စိတ်ကြောင့် ဖြစ်ပေါ်လာသော နာမ်ရုပ် ယခုပစ္စက္ခမှာအာဂန္တုက ဖြင့် အပူအအေးကို သိမှု တည်းဟူသော နာမ်ရုပ် အာဟာရ စားသောက်သောအခါ ချုပ်ပျောက်သွားသောအခါ ဖြစ်ပေါ်လာ သော နာမ်ရုပ် ဤ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းကြောင့် နာမ်ရုပ်တွေ အသစ်သစ် ဖြစ်ကာ ချုပ်ကာ ဆက်လက်၍ နေခြင်းကြောင့် သမ္မုတိ မရဏသေခြင်းသို့ မရောက် သေးသည်ဟုမှတ်ပါလေ။

သင်္ခါရတရားကို သိတယ်ဆိုလျှင် အသစ်သစ်သောအကြောင်း လေးဖြာထောက်ပံ့၍ နေပုံကိုသိမှ သင်္ခါရသိ၍ ဒိဋ္ဌိ ကွာမည်မှတ်။ ခွေးသိဝက်သိသင်္ခါရတွေကိုမဆိုလို။ ။ခွေးသိသော သင်္ခါရကား- အခြားက ခွေးတကောင်လာလျှင် ဝိုင်း၍ ကိုက်ကြ၏။ ခွေးသေ ကောင်ကို ဆွဲယူသွားလျှင် တကောင်မှဝိုင်း၍ မကိုက်ကြလေကုန်။ သေမှန်းသိ၍ မကိုက်သည်ဟုမှတ်။ မည်သူသေသည်၊ မည်သူပျက်စီး သည်၊ မည်သူ ဒုက္ခရောက်သွားသည်။ အိုရမည်၊ သေရမည်၊ ဤလို သိကာမျှဖြင့် တိရစ္ဆာန်တို့သိတာထက် ဘာမျှမထူးဟုမှတ်လေ။ ။ သင်္ခါရအကြောင်းကို အကျယ်နှင့်တကွ သေသေချာချာ သိလိုလျှင် ငါတို့ထံကို ရောက်ရှိမှသာ စုံစုံလင်လင် ကြားနာရမည်။ စာထဲ

လောက်နှင့်မစုံလင်နိုင်။ ။ပါးစပ်ထား မရမ်းကြလေနှင့်၊စဉ်းစား ကြည့်လေ။

---

## သီလဆိုလောက်သော သီလ၊သမာဓိဆိုလောက်သော သမာဓိ၊ ပညာဆိုလောက်သောပညာကို ရွေးကောက်၍ ပြပါဦးအံ့

သီလ၌ စတုပါရိသုဒ္ဓိသီလ၊ ပါတိမောက္ခ သံဝရသီလ၊ ဣန္ဒြိယ သံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ အာဇီဝဋ္ဌမကသီလ၊ သုစရိတ သီလ၊ အင်္ဂါသီလ ဤကဲ့သို့ များစွာသော သီလတို့၌ မင်္ဂဖိုလ်နှင့် လျော်သောသီလကို ရွေးကောက်လိုက်သည်ရှိသော် သုစရိတသီလ သည် မဂ်ဖိုလ်နှင့် လျော်သော သီလဖြစ်သည်။ ။ဘယ်အတွက်ဆို ပါလျှင် ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော ၃-ပါးသော ကံလုံခြုံခြင်းကြောင်းဖြစ်သည်။အခြားသောသီလတို့သည် ကာယကံ နှင့်ဝစီကံသာ လုံခြုံသည်၊သို့ပါ၍ သုစရိတ သီလမှသာလျှင် မဂ်ဖိုလ် နှင့် လျော်သော သီလဖြစ်သည်။

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။
ခန္တီပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ၊
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ။
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။
အနုပဝါဒေါ အနုပဃာတော၊ ပါတိမောက္ခေစ သံဝရော။
မတ္တညုတာစ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေစ အာယောဂေါ၊ ဧတံဗုဒ္ဓါန သာသနံ။
(ဓမ္မပဒပါဠိတော်လာ ဩဝါဒ ပါတိမောက်ပါဠိ)

ဘိက္ခဝေ၊ ရဟန်းတို့။ သဗ္ဗပါပဿ၊ အလုံးစုံသော မကောင်း မှုကို။ အကရဏံ၊မပြုရခြင်းသည်ဧင်း။ ကုသလဿ၊ လောကီကုသိုလ် လောကုတ္တရာ ကုသိုလ်တရားအစုကို။ ဥပသမ္ပဒါ၊ ပြည့်စုံစေရခြင်း သည်ဧင်း။ သစိတ္တပရိယောဒပနံ၊ မိမိစိတ်ကို ဖြူစင် စေရခြင်းသည် ဧင်း။ ဧတံ၊ ဤတရားသုံးပါးသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။သာ

သန်၊ အဆုံးအမ သာသနာတော်ကြီး ပေတည်း။ ။ဘိက္ခဝေ၊ ရဟန်းတို့။ တိတိက္ခာ၊ တိတိက္ခာဟုဆိုအပ်သော။ ခန္တီ၊ ကိုယ်နှုတ်သုံးပါးလုံး သည်းခံခြင်းသည်။ ပရမံ၊ မြတ်သော၊ တပေါ၊ အကျင့်တည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပရမံ၊ အမြတ်ဆုံးဟူ၍။ ဗုဒ္ဓါ၊ မြတ်စွာဗုရားတို့သည်။ ဝဒန္တိ၊ မိန့်မြွက်ဟောကြားတော် မူကြကုန်၏။ ပရူပဃာတီ၊ သူတပါးအသက်ကိုသတ်ဖြတ်လေ့ရှိသော ရဟန်းသည်။ ပဗ္ဗဇိတော၊ ကိလေသာကို နှုတ်ထုတ်သော ရဟန်းကောင်းသည်။ နဟိ၊ မဟုတ်သည်သာလျှင်တည်း။ပရံ၊သူတပါးကို။ဝိဟေဌယန္တော၊ ရိုက်နှက်ခြင်းစသော ကိုယ်မှုဖြင့်၎င်း, စွပ်စွဲဆဲရေးခြင်းစသော နှုတ်မှုဖြင့်၎င်း, ညှဉ်းဆဲလေ့ရှိသော ရဟန်းသည်။ သမဏော၊ ကိလေသာမီးကို ငြိမ်းအောင်ပြုကျင့်သော ရဟန်းကောင်းသည်။ နဟောတိ၊ မဟုတ်သည် သာလျှင်တည်း။ဘိက္ခဝေ၊ ရဟန်းတို့။အနုပဝါဒေါ၊ သူတပါးတို့ကိုမစွပ်စွဲ မကဲ့ရဲ့ရခြင်းသည်၎င်း။အနုပဃာတော၊သူတပါးတို့ကို မညှဉ်းဆဲမသတ်ဖြတ်ရခြင်းသည်၎င်း။ ပါတိမောက္ခေစ၊ ပါတိမောက္ခသီလ၌လည်း။ သံဝရော၊ စောင့်စည်းရခြင်းသည်၎င်း။ ဘတ္တသ္မိံ၊စားမှုသောက်မှု အစာအာဟာရ၌။မတ္တညုတာစ၊အတိုင်းအရှည်ကို သိရခြင်းသည်၎င်း။ ပန္တဥ္စသယနာသနံ၊ ဆိတ်ငြိမ်သောတောကျောင်း အစွန်အဖျားကျောင်းတို့၌နေရခြင်းသည်၎င်း။ အဓိစိတ္တေစ၊ ကမ္မဋ္ဌာန်းဘာဝနာ၌ အားထုတ်သော အဓိစိတ္တ သမာဓိ၌လည်း။ အာယောဂေါ၊ အမြဲယှဉ်ရခြင်းသည်၎င်း။ ဧတံ၊ဤတရားခြောက်ပါးသည်။ ဗုဒ္ဓါနံ၊ မြတ်စွာဗုရားရှင်တို့၏။ သာသနံ၊ အဆုံးအမသာသနာတော်ကြီးပေတည်း။

(ခပ်သိမ်းသော ဗုရားရှင်တို့သည် လပြည့်-လကွယ် သီတင်းနေ့အခါ ရဟန်းများအား ဟောပြောတော်မူအပ်သော ဩဝါဒပါတိမောက် အနက်ပြီး၏။)

ဝိပဿီ, သိခီ-အစရှိသော အသက်ရှည်သော ရှေးဗုရားတို့၏ သာသနာတော်၌ ဤဩဝါဒ ပါတိမောက်သာ ရှိ၏။ ပါရာဇိကအာပတ်သင့်စေ၊ သံဃာဒိသိသ်အာပတ်သင့်စေ စသည်ဖြင့် ဟောကြားအပ်သော အာဏာပါတိမောက်ကားမရှိပြီ။ ယခုရှင်ဂေါတမ

သာသနာတော်၌သာ ပစ္စည်းစု၊ ခလေးထိန်း၊ရဟိန်း၊ ရဟန်း၊ ရဟံ၊ ရဟတ်၊သံသရာမပြတ်အောင်ရောက်တတ်ရာရာရဟန်းကြမ်း တကာ ကြောင့် အာဏာတော်ဖြင့် အတင်းအကြပ် နှိပ်ကွပ် ဆုံးမခြင်းငှါ အာဏာပါတိမောက်ကိုလည်း ဟောတော်မူရသည်ဟုမှတ်။ ဤသြ ဝါဒ ပါတိမောက်တွင် ပဌမဂါထာ၌ သာသနာသုံးပါး၊ တတိယ ဂါထာ၌ သာသနာခြောက်ပါး၊ ဤ ၉-ပါးသော ဗုဒ္ဓရှင် တို့၏ သာသနာတော်အဆုံးအမကို ဟောကြားတော်မူသော နည်းလမ်း အတိုင်းလူဖြစ်စေ၊ နတ်ဖြစ်စေ အမှတ်မရှိ တစုံ တယောက်သော သူသည် အဝီစိမှာဘဲနေ၍ အားထုတ်ထုတ် ဘဝဂ်မှာဘဲနေ၍ အား ထုတ်ထုတ်၊ စကြဝဠာတသောင်းပြင်ကဘဲ အားထုတ်ထုတ် ထိုသူ သည် ဗုဒ္ဓရှင်၏ သာသနာတော်ထမ်း ရဟန်းပင်တည်းဟု မှတ်ပါ လေ။ အကြင်သူသည် ဤဗုဒ္ဓရှင်၏ သာသနာတော် အဆုံးအမ ၉-ပါး၌ မတည်ငြားအံ့။ ထိုသူသည် ဦးခေါင်းပြည်းလျက် သင်္ကန်း ကြီးကိုဝတ်ရုံ၍ သိမ်အပြင်ဗုဒ္ဓရှင်၏ ရင်ခွင်ပေါ်၌ နေငြားသော် လည်း ဗုဒ္ဓရှင်၏သာသနာတော်ထမ်း ရဟန်းမဟုတ်၊ ဗုဒ္ဓရှင်၏ တပည့်သားတော် မဟုတ်ဟု သန္နိဋ္ဌာန်ကျ မှတ်ကြပါလေ။

## သြကာသ ပဏာမ အဓိပ္ပါယ်

ကန်တော့ကြ-ကန်တော့ကြဟု ရှေးဦးစွာ ဗုဒ္ဓရဟန္တာမှ စ၍ ကမ္မဋ္ဌာန်း ဆရာတို့ တိုင်အောင် လူကြီး, မိဘ-နှင့်တကွ ပြောဆို ကြသောစကားသည် တပည့်တို့၌ရှိသော အကုသိုလ်ကံ-ကုသိုလ်ကံ ဟုဆိုအပ်သော နောက်နောက်က ကံအပေါင်းတွေ ရှိသမျှကို တော် ကြတော့ဟု ဆုံးမသောစကား ဖြစ်သည်ဟုမှတ်။ ။ဘယ်အတွက် ဆိုပါလျှင် အကုသိုလ်ရှိလျှင်ခံ၊ ကုသိုလ်ရှိလျှင်စံ၊ နှစ်တန် နှစ်ဝ သခ်ါရ ၃-ပါး အကျဉ်းအားဖြင့် ကုသိုလ် အကုသိုလ်ကံ အမှု ကြောင့် သံသရာမပြတ်စက်ရဟတ်ပမာ ခန္ဓာငါးခု အစု အပေါင်း အကုသိုလ် ကုသိုလ် အကြောင်းကြောင့် ဘဝပေါင်း အနန္တ ဖြစ်ပျက်၍ နေရသည်ဟုမှတ်၊ သို့အတွက် ဆရာသမား မိဘများက ကန်တော့ကြ,ကန်တော့ကြ-ဟု ဆုံးမပြောဆိုခြင်း ဤကြသည်။

ဤကဲ့သို့ ဆုံးမသည့်အတိုင်း တပည့်,သားသမီးတို့က ဩကာသ-ဩကာသ ဆရာမိဘတို့ ဆုံးမသည့်အတိုင်း ကန်တော့ တတ်သည့်တရား၊ ကန်တော့ တတ်သည့် အခွင့်ပေးပါဟု တောင်းပန်ခြင်း ပြုကြသည် တောင်းပန် ဆိုသော စကားလည်း အကုသိုလ်ကံ ကုသိုလ်ကံ နှစ်တန်ငြိမ်းသည့်တရားကို ဆရာမိဘတို့အား တောင်းခြင်းကြောင့်ရ၍ မိမိနား၌ အသက် ထက်ဆုံး ပန်ဆင်ခြင်း၊ သောတာပန်ဖြစ်ခြင်းကို အလိုရှိ၍ တပည့်များကဩကာသ-ဩကာသဟု အခွင့်တောင်းခြင်းပြုကြသည်။

တောင်းပန်ပုံအဓိပ္ပါယ်ကား

တပည့်တော်, တပည့်တော်မတို့သည်ကာယကံမှု၊ ဝစီကံမှု၊မနောကံမှုတို့နှင့် အကုသိုလ်ကံတွေ ပြုမိခြင်းကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် အပါယ်လေးဘုံ အဝီစိ စသည်တို့၌ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့နှင့် ခံရခြင်းသည်လည်း များစွာ မရေမတွက်နိုင်သောဘဝပေါင်း ရှိပါပြီ၊ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့နှင့် ကုသိုလ်ကံတွေကို ဆည်းပူးရခြင်းကြောင့် လူ, နတ်, ဗြဟ္မာ ခန္ဓာငါးပါးနှင့် ခံစံရခြင်းလည်း ဘဝပေါင်းများစွာ ရှိပါပြီ၊ သို့ပါ၍ သဗ္ဗဒေါသ ခပ်သိမ်းသော ဒေါသအပြစ်၊ ခပ်သိမ်းသော လောဘအပြစ်၊ ခပ်သိမ်းသော မောဟအပြစ်တို့မှ ပျောက်ပါစေခြင်းအကျိုးငှာ တကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် "ဗုဒ္ဓေါ သဗ္ဗညု မတော" ဆိုသည့်အတိုင်း ဂုဏ်ကိုးပါးကိုက် ဗုရား အစစ်ရတနာ၊ "ဓမ္မော လောကုတ္တရော မတော" ဆိုသည့်အတိုင်း ဂုဏ်ခြောက်ပါးကိုက် တရားအစစ် ရတနာ၊ "သံဃော အရိယော မတော" ဆိုသည့်အတိုင်း အကြောင်းတရား၄-ပါး အကျိုးတရား ၅-ပါး။ အကြောင်းအကျိုး နှစ်ပါးစပ် ဂုဏ်ကိုးပါးကိုက် သံဃာအစစ်ရတနာ ဤရတနာမြတ် ၃-ပါးကို သဒ္ဓါ စိတ္တုပ္ပါဒ်ဖြင့် ရိုရိုသေသေ လေးလေးမြတ်မြတ်ပြု၍ လက်အုပ်မိုး၍ ရှိခိုးပူဇော်ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏။ ရှိခိုးပူဇော် ဆိုသောစကားသည် ဗုရားမှစ၍ ဆရာသမား မိဘတို့၌ ကာယ၊ ဝစီ၊ မနောကံ ၃-ပါး ငြိမ်းသောတရား၊ အကုသိုလ် ကုသိုလ်ကံ နှစ်ပါးငြိမ်းသော

တရားရှိခြင်းကြောင့် အားကိုးအားထားပြုခြင်းကို ရှိခိုးပူဇော်သည်ဟု ဆိုလိုသည်။

ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ဆိုသော စကားသည် ဖုသနသဒ္ဒါ တွေ့ထိခြင်းကိုအနက်ရ၍ ၎င်းတရားထူး တရားမြတ် ရှိသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့နှင့် တွေ့ရခြင်းကြောင့် သံသရာပြတ်သော တရား၊ ကာယကံ၊ဝစီကံ၊ မနောကံ ငြိမ်းသောတရား၊အကုသိုလ်ကံ ကုသိုလ်ကံ ငြိမ်းသောတရား၊ နိဗ္ဗာန်ပေါက်တရားတို့ကိုဟောပြောဆုံးမ၍ မိမိမနော ဟဒယ ဝတ္ထုအကြည်ဓာတ် စိမ့်စမ်း ရေကဲ့သို့ တစေမပြတ် နားနေသော စိတ်ဓာတ်ကလေးနှင့် တွေ့ထိခြင်းကို "ဖူးမြော်" ဆိုသည်။

၎င်းတရားထူး တရားမြတ်နှင့် တွေ့ထိရခြင်း၊ ပုဂ္ဂိုလ်ထူး၊ပုဂ္ဂိုလ်မြတ်နှင့် တွေ့ထိရခြင်းသည် '၊သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ" ဆိုခြင်းကြောင့်မိမိတို့၌လူမင်းဖြစ်ချင်သောမာန်၊နတ်မင်းဖြစ်ချင်သောမာန်၊ ဗြဟ္မာမင်း ဖြစ်ချင်သောမာန်၊ ယခုဘဝ သူဌေးဖြစ်ချင်သောမာန်၊ ဘဝထိုထို၌ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ တဏှာ ၃-တန် ခံစံ လိုချင်သော မာန်မာနဟု ဆိုအပ်သော မာန်အပေါင်းတွေ ရှိသမျှတို့ကို လျှော့ချပါ၏။ မိမိ၌ ရှိသော အကုသိုလ်ကံ ကုသိုလ်ကံ တွေကိုလည်းတော်ပါ၏ဟု ဆိုသောစကားကို"ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏"ဟု ဆိုကြသည်။

၎င်း ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ပြုလုပ်သော အကုသိုလ်ကံ ကုသိုလ်ကံ နှစ်ပါးကို တော်ရသော အကျိုးကြောင့် အပါယ် ၄-ပါး၊ ကပ် ၃-ပါး၊ ရပ်ပြစ်ရှစ်ပါး၊ ဝိပတ္တိတရားလေးပါး၊ ရန်သူမျိုး ငါးပါး၊ မိလက္ခု တောင်သူ အပြစ်လေးပါး ဤအပါဒါန်ဆုတရား ခြောက်ပါး၊ အခါခပ်သိမ်းကင်းလွတ်ငြိမ်း၍ မဂ်လေးပါး၌ တည်သောတရား၊ ဖိုလ်လေးပါး၌ တည်သောတရား၊ နိဗ္ဗာန်ရောက်သော တရားတို့ကို ရလိုပါ၏ဟု ဆုတောင်းပတ္ထနာပြုကြသည်။

သို့ဖြစ်သောကြောင့် ဩကာသ ပဏာမ တောင်းပန်ချက် အဓိပ္ပါယ်မှာလည်း ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ပြုကျင့်မိသော ကုသိုလ်ကံ အကုသိုလ်ကံတို့ကို တော်ကြ၍ ကံသုံးပါး ငြိမ်းလို

ကြောင်းကို ဆုတောင်းခြင်း ပြုကြသည်။ ၎င်းသြကာသ ပဏာမ အတိုင်း သီလကို တောင်းခံ ဆောက်တည်မည် ဆိုလျှင် ၅-ပါး၊ ၈-ပါး၊ ၁၀-ပါး၊ ၂၂၇-ပါး၊ ၇၅-ပါးသီလတို့သည်ကာယဝါစာ၊ ဝစီဝါစာ၌သာ အကျုံးဝင်ကြသည်။ မနောဝါစာ၌ အကျုံးမဝင် ကုန်။ ကိုယ်မှုနှုတ်မှုကိုသာ ထိန်းသိမ်းခြင်းကြောင့် ကိုယ်အင်္ဂါ နှုတ် အင်္ဂါတို့သာ အကျိုးပေး၍ ချမ်းသာ၏။ မနောစိတ်ကို မထိန်းခြင်း ကြောင့် စိတ်၏ ချမ်းသာခြင်းကို အကျိုး မပေး၍ ဈာန်၊ ဥပါဒ်၊ မဂ္ဂရိယ၊ ကုက္ကုစ္စ၊ သီလဗ္ဗတ ပရာမာသ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ တရားတို့ကို သေအောင် မသတ်နိုင်ကုန်။ ၎င်းတရား တို့သည် မနောစိတ်နှင့် သတ်ရသော တရား ဖြစ်၍ ကိုယ်မှုနှုတ် မှုနှင့် သတ်လို့ မနိုင်ဖြစ်ချေသည်၊ ကာယကံ ကိုယ်မှုနှင့် ရှောင် ကြဉ်ရသော တရားကို ဝစီကံနှုတ်မှုနှင့် ရှောင်ကြဉ်လို့မရ၊ ဝစီကံ နှုတ်မှုနှင့် ရှောင်ကြဉ် ရသောတရားကို မနောကံစိတ်မှုနှင့် ရှောင် ကြဉ်လို့မရ၊ မနောကံ စိတ်မှုနှင့် သတ်ရမည့် တရားကို ကာယကံ, ဝစီကံ ကိုယ်မှု,နှုတ်မှုနှင့် သတ်လို့မရဟူ၍ မှတ်ပါလေ။

၎င်းမနောကံစိတ်မှုနှင့် သတ်ရသော ဈာန်၊မဂ္ဂရိယ၊ ကုက္ကုစ္စ၊ သီလပဗ္ဗတပရာမာသ၊ အဘိဇ္ဈာ၊ ဥပါဒ်၊မိစ္ဆာဒိဋ္ဌိ တရားတို့ကို သတ်လို့ မိမိစိတ်ထည်း၌သေပါက အရဟတ္တမဂ်ကို ကေန်ရပြီဟူ၍ မှတ်ပါလေ။ ဘယ်ကိုထောက်၍ သိရသနည်းဆိုလျှင် မြတ်စွာဗုရား သခင်သည် ကုရုတိုင်းတွင် သတိပဋ္ဌာနသုတ်ကို ဟောတော်မူရာ၌ သောတာပတ္တိမဂ်၌ တည်သော ပုဂ္ဂိုလ်တို့သည် သံယောဇဉ် ဆယ် ပါး၌ သုံးပါးကို ပယ်ကြောင်း ပြဆိုခြင်းကြောင့် သိရသည်။ သော တာပန်ဆိုသော ပုဂ္ဂိုလ်သည်လည်း မနောကံစိတ်၌ အပါဒါန် ပယ်ထိုက်သည့်တရားကို ပယ်နိုင်ခြင်းကြောင့် သောတာပန် ခေါ် သည်။ ကာယကံ-ဝစီကံမှုကို ကုဋေ ကဋာ မရေတွက် နိုင်အောင် ပယ်၍ထိန်းသိမ်းသော်လည်း သောတာပန် မဖြစ်ဟု မှတ်ပါလေ၊ သကဒါဂါမ်၌လည်း စိတ်၏ ပဋိသန္ဓေပြောင်းမှု အနာဂါမ်၌လည်း စိတ်၏ပဋိသန္ဓေပြောင်းမှု၊ အရဟတ္တမဂ်၌လည်း စိတ်၏ ပဋိသန္ဓေ ပြောင်းမှုသာ ရှိကြသည်။ ထို့ပါ၍ လိုရင်းတရား၌ မနောကံမှု

သေအောင် တဆင့်ထက်တဆင့် သတ်နိုင်ဘိုသာ လိုရင်းဖြစ်သည်။ ဥပမာ ဤမှာဘက်ကမ်းက ဟိုမှာဘက်ကမ်းသို့ ရောက်အောင် လှေငယ်တစင်းကိုတွန်းပို့လိုက်မည်ဆိုလျှင် ခွန်အားမလတူ ၂-ယောက်တွန်းပို့သည်ထက် သုံးယောက်တွန်းပို့ခြင်းက သာ၍လျှင် မြန်စွာရောက်နိုင်သကဲ့သို့ ထိုအတူ သံသရာ ကည်းဟူသော ဤမှာဘက်ကမ်းက နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းကို ကူးမည်ဆိုလျှင် အဓိသီလအရာ၌ ကာယကံ-ဝစီကံထိန်းသည့် ၂-ယောက်အားနှင့် ကာယကံ-ဝစီကံ-မနောကံ ထိန်းသည့် ၃-ယောက်အားက လျှင်လျှင်မြန်မြန်ရောက်၍ ရှေးဦးစွာပဌမ သောတာ ပတ္တိမဂ်ကို ရနိုင်သည်ဟု မှတ်ပါလေ။ ။သင်္ဂြိုဟ်ကျမ်း၌လည်း ပဌမသောတာ ပတ္တိမဂ်ပုဂ္ဂိုလ်သည် ဝိစိကိစ္ဆာ မိစ္ဆာဒိဋ္ဌိကို ပယ်ကြောင်း ပြသဖြင့် မနောကံအရာဖြစ်ကြောင်းကို သိရသည်။

မြတ်စွာဘုရား လက်ထက် တိဿသာမဏေ မထေရ်မြတ်သည် ခုနစ်နှစ်သားအရွယ်နှင့်ပင်လျှင် ရဟန္တာဖြစ်ကြောင်းကို ထောက်၍ သိရသည်။ ၎င်းအရှင်မြတ်သည် သီလကွန် အဓိသီလအရာ၌ သုစရိတ သီလဆယ်ပါးနှင့်ပင် ရဟန္တာဖြစ်သည်။ ဩဝါဒပါတိမောက် ဒေသနာ ပါတိမောက်နှင့်ပင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာအဖြစ်သို့ရောက်ကြသည်။ မြတ်စွာဘုရားလက်ထက်က ရဟန်းတွေ လေ်မာဆိုးညစ်၍ အနည်းနည်း အဖုံဖုံ အာဏာတော်နှင့် အတင်းအဓမ္မနှိပ်ကွပ်ဆုံးမ ရသော အာဏာပါတိမောက်ကား အချို့ရဟန်းကားရှိ၏။ အချို့ရဟန်းကား မရှိ။ အချို့ ရဟန်းကား ပါတိမောက် သိက္ခာနည်းနည်းနှင့် ဆုံးမလို့ရ၍ ရဟန်းကိစ္စတုံး၏။ အချို့ရဟန်းကား များများဆုံးမမှရ၍ ရဟန်းကိစ္စ တုံး၏။ ဤကဲ့သို့ အထူးထူးအထွေထွေ အာဏာဒေသနာနှင့် ဆုံးမရသော အာဏာပါတိမောက်ကား ကာယဝါစာ၊ ဝစီဝါစာ၌သာ အကျုံးဝင်ခြင်းကြောင့် မဂ်ကို ရဘို့ရာ အထောက်အတည် အလွန်တရာ အားနည်းသည်။ မနော၌ ထိန်းသိမ်းသော သိက္ခာပုဒ် ဩဝါဒပါတိမောက်ကို မသိမ်းဆည်း ခြင်းကြောင့် ယခုတိုင် ၅-ပါး၊ ရှစ်ပါး၊ ၁၀-ပါး၊ ၇၅-ပါး၊ ၂၂၇-ပါး၊ သီလတို့ကို လုံခြုံ

သော်လည်း သမ္မုတိ သံဃာမျှ မဖြစ်နိုင်တဲ့လျက် ရှိနေကြသည်။ သမ္မုတိသံဃာ ၁၀၀-ပါး၊ ပရမတ္ထသံဃာရှစ်ပါး အရာ၌ သတိပဋ္ဌာန်ဂိုဏ်းဝင် ထေရ်အရှင် တရားရှစ်ပါး၊ သမ္မုတိ သံဃာတို့သည် သီလ, သမာဓိ, ပညာသိက္ခာသုံးပါးကို စောင့်ရှောက်ကြသည်။ စောင့်ရှောက်သည့်အတိုင်း ပြည့်စုံလျှင် ပရမတ္ထသံဃာတော်အဖြစ်သို့ရောက်ကြသည်။ သမ္မုတိသံဃာ ခေါ်ခြင်းကား ပရမတ္ထအလောင်းကိုခေါ်သည်၊ ပရမတ္ထသံဃာ ဖြစ်တတ်သော တရားကိုကျင့်၍အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာသိက္ခာ ၃-ပါးကိုမလေ့လာမပွားများပါက သမ္မုတိလည်းမဟုတ်၊ ပရမတ်လည်းမဟုတ်၊ ခြားအလုပ်လောကီ အကုသိုလ် ကုသိုလ်မျှသာဖြစ်သည်၊ လောကုတ္တရာမဟုတ်ကုန်။ ဗုရားသားသွီးမဟုတ်ကုန်ဟုမှတ်ပါလေ။ ။၎င်းသိက္ခာ ၃-ပါးကို လေ့လာပွားများနေပါက မည်သူမဆို ဗုရားသားသွီး သမ္မုတိသံဃာ၊ ပရမတ္ထ သံဃာဟူ၍မှတ်ပါလေ။

အလက်တောစေပိ သမံ စရေယျ၊
သန္တော ဒန္တော-နိယတော ဗြဟ္မစာရီ။
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊
သော သမဏော သောဗြာဟ္မဏော သဘိက္ခူ။

ဤဓမ္မပဒပါဠိတော်ကိုထောက်၍သိရသည်။

ဘိက္ခဝေ၊ရဟန်းတို့။ယော၊အကြင်သူသည်။ သန္တော၊ ကိုယ်နှုတ်နှလုံးငြိမ်သက်သည်ဖြစ်၍။ ဒန္တော၊ ကိုယ်,နှုတ်နှလုံးယဉ်ကျေးသည်ဖြစ်၍။ နိယတော၊ သီလ သမာဓိ ပညာ သိက္ခာ ၃-ပါးတရား၌မြဲသည့်ဖြစ်၍။ ဗြဟ္မစာရီ၊ ကာမဂုဏ်နှင့် အာရုံမစပ် မြတ်သောအကျင့်ကိုကျင့်လေ့ရှိသည်ဖြစ်၍။ သဗ္ဗေသု ဘူတေသု၊ အလုံးစုံသောသတ္တဝါတို့၌။ ဒဏ္ဍံ၊ ရိုက်နှက်ခြင်း ဆင်းရဲခြင်းစသော ကာယဒဏ် ဝစီဒဏ်စုကို။ နိဓာယ၊ မထင်စေရ စွန့်ပယ်ချထား၍။ သမံ၊ သီလ သမထ ဝိပဿနာနှင့်ညီညွတ်စွာ။ (ဝါ)ကိလေသာမီးငြိမ်းအောင်။ စရေယျ၊ ကျင့်ငြားအံ့။ သော၊ ထိုသို့ ပြုကျင့်သော သူသည်။ အလက်တော၊အဝတ်ပုဆိုး ပုတီး နားဋ္ဌောင်း မင်းမြောက် တန်ဆာတွေပင် ဝတ်ဆင်၍နေသည်။ စေပိဟောတိ၊ အကယ်၍ ဖြစ်စေ

ဦးတော့။ သော၊ ထိုသူသည်။ သမဏော၊ မာဂဓေါ် သမဏ ပေတည်း။ ဗဟ္မာခေါ် ရဟန်းပေတည်း။ သော၊ ထိုသူသည်။ ဗြာဟ္မဏော၊ မာဂဓေါ် ဗြာဟ္မဏပေတည်း။ ဗဟ္မာခေါ်သူမြတ် ပေတည်း။ ပုဏ္ဏားပေတည်း။ သော၊ ထိုသူသည်။ ဘိက္ခု၊ မာဂဓေါ် ဘိက္ခုပေတည်း။ ဗဟ္မာခေါ် ရဟန်းပေတည်း သံဃာပေတည်း။ (သံဃာ ဟုတ်မဟုတ် သိလိုက သံဃာစစ်တမ်း-အလင်းကျမ်းမှာ ကြည့်)။

---

ရေစက်ချအကြောင်း

အလှူရေစက်၊ လက်နှင့်မကွာ၊ အနုငါးရာ၊ ရင့်မာတကျိပ်၊ နောင်လာရှစ်သောင်း၊ သူတော်ကောင်းတို့ကိုင်သော လက်နက်သည် ဝိပဿနာလက်နက်ဖြစ်သည်။ ။ရူပါရုံ၊ အဖြူ အနီ အဆင်းသဏ္ဌာန် နိမိတ်ကိုကြည့်ရှုတွေ့ထိသောအခါ လောဘ၊ ဒေါသ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ကိလေသာ တရားအပေါင်း ထောင်သောင်း မကသော ရန်သူတွေပေါ်ပေါက်လာလျှင် ၎င်းရန်သူတွေကို နှိမ်နင်းနိုင်သော ဤကမ္မဋ္ဌာန်း ဝိပဿနာ လက်နက်နှင့် ပစ်လိုက်လျှင် ပပျောက်၍ သွားရလေတော့သည်။ ဤတရားလက်နက်မှလွဲ၍ မနိုင်ကုန်၊ ဒါန လက်နက်လည်းမနိုင်၊သီလလက်နက်လည်းမနိုင်၊ရူပါဝစရဘာဝနာ၊ ကာမာဝစရဘာဝနာ၊ အရူပါဝစရဘာဝနာလက်နက်လည်း မနိုင် ဟူ၍ မှတ်ပါလေ။ နားနှင့် အသံအမျိုးမျိုးကိုကြားမိ နားထောင်မိသောအခါ ၎င်းနည်း ဤလက်နက်နှင့်ပင် ပစ်ခတ်လိုက်ရသည်။ နှာခေါင်းနှင့် အနံ့အမျိုးမျိုး တွေ့ထိသောအခါ ဤကဲ့သို့ပစ်ခတ်ရသည်ဟု မှတ်ပါလေ။ လျှာနှင့် အရသာအမျိုးမျိုး တွေ့ထိသောအခါ ဤသို့နည်းအတိုင်း မှတ်ပါလေ။ ကိုယ်နှင့် အသိမ်အမွေ့ အနူးအညံ့ တွေ့ထိသောအခါ ဤကဲ့သို့နည်းအတိုင်း မှတ်ပါလေ။ စိတ်နှင့် တောင်တောင်အီအီ ကြံစည်မိ၍ ထွေထွေရာရာ မိမိမနေသာ ထည်းမှာ ထင်မြင်မိသော် ဤကမ္မဋ္ဌာန်းဝိပဿနာ လက်နက်နှင့်ပင် ပစ်ခတ်မှတထောင့်ငါးရာ ကိလေသာတရားအပေါင်းကို နှိပ်နင်း နိုင်သည်။ မိမိတို့၌သူတော်ကောင်းလက်နက်တခုခုကိုမှမရှိခဲ့ပါလျှင်

လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတရားအပေါင်းရန်သူ တွေကနိုင်၍ မိမိကို အာယံသံသရာမှ မထွက်နိုင်အောင် ဆွဲငင်၍ ထားတတ်သည် ဖြစ်သောကြောင့် မအိုမီ မနာမီ မသေမီက သူတော်ကောင်း လက်နက်တပါးပါးကို ရအောင် ဆည်းပူးဘို့ အလွန်တရာကောင်းလှသည်။

ဥပမာကား- အမြောက်လက်နက်၊ ဗုံးလက်နက်၊ စိန်ပြောင်း လက်နက်၊ မိုးကြိုး လက်နက်၊ လောင်မီး လက်နက် တို့သည် များစွာသော ရန်သူအပေါင်းပေါ်ပေါက်၍လာလျှင် ပစ်ခတ်ဘို့ရာ လွယ်လင့်တကူထားဘိသကဲ့ကိုလည်း မှတ်ပါလေ။

ယခုကာလ လက်ထဲသို့ရေစက်ချ၍ အလှူဒါန ပြုကြသော အရာ ဌာနတို့သည် ယနေ့ပင် ရေစက်နှင့် လက်နှင့် ထိပါ၏၊ နက်ဖြန်ခါ ကိုယ်ကကွာ၍ တလမှတခါ, တနှစ်မှတခါ လက်နှင့် ရေစက်နှင့် ထိရ၏။ မိမိကိုယ်နှင့်ကွာသည်က အလွန်များ၏၊ "ဝင်းအလှူရေ စက် လက်နှင့်မကွာ" ဆိုသော စကားသည် မိမိခန္ဓာ ငါးပါးကို အာရုံခြောက်ပါး တို့နှင့် တွေ့ထိတိုင်း မျက်စိ တမှိတ်မပြတ် စွန့်ချ လှူခြင်းကိုခေါ်သည်။ ဝင်းတရားကိုပင် အဘိဓမ္မဒါန ခြောက်ပါးဟု ခေါ်သည်၊ ဓမ္မဒါနခေါ်သည်၊ မိမိကိုယ်နှင့် မိမိစိတ်နှင့် ကမ္မဋ္ဌာန်း ဝိပဿနာလက်နှင့်မကွာ အမြဲထားရခြင်းကို လက်နက်မကွာခေါ် သည်။ အာရုံခြောက်ပါး မြူးကွန့် ကျက်စားတိုင်း လိုက်၍ လိုက်၍ မိမိစိတ်၌အမြဲထားသော လက်နက်နှင့်ရန်သူအပေါင်း ပေါ်ပေါက် သမျှကို ပစ်ခတ်၍နေရသည်ကိုပင် အလှူရေစက်လက်နက် မကွာဟု ပညာရှိများ စပ်ဆိုခြင်းပြုကြသည်။

## ပါရမီ ၁၀–ပါးအကြောင်း

မြတ်စွာဘုရားကိုယ်တော်မြတ်သည် တာဝတိံသာမှ သင်္ကဿ နဂိုရ်ပြည်သို့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်း တန်းဖြင့် အဆန်းဆန်း အထူးထူးသော အံ့ဩဘွယ်တို့နှင့် တကွ ဆင်းသက်တော်မူရာကို မြင်ကြသဖြင့်ဤအခါ ဘုရားတို့၏ တင့်တယ် ခြင်းကိုမြင်ကြရသော သူအပေါင်းတို့သည် ဘုရားအဖြစ်ကို အလိုရှိ

ကြ၍ တယောက်မျှမကျန် ဗုဒ္ဓရားဆုကို တောင်းကြကုန်၏၊ မြတ်စွာဗုဒ္ဓရားသည် ဤအကြောင်းကို သိ၍ တရားဟောလို သောကြောင့် ဉာဏ်အရာ၌ ဧတဒဂ်ရသူလက်ျာရံတွင် အကြီးဆုံး ဖြစ်သော အရှင်သာရိပုတ္တရာကို ပုစ္ဆာပြဿနာ မေးတော်မူ၏၊ မဖြေဆိုနိုင်။ အရှင်သာရိပုတ္တရာက "တပည့်တော်မဖြေဆိုနိုင်သော ပြဿနာကို အရှင်ဘုရားသည် အဘယ်အကြောင်းကြောင့် မေးတော်မူပါသနည်း"ဟု လျှောက်ထားသောအခါ မြတ်စွာဘုရားတို့၏ ဉာဏ်တော်, တန်ခိုးတော်ကို မည်သူ တစုံတယောက်မျှ မတုပ နိုင်ကြောင်း၊ ပါရမီ ၁၀-ပါး၊ အပြားသုံးဆယ်၊ စွန့်ခြင်းကြီးငါးပါးနှင့်တကွ ဖြည့်ကျင့်မှ ဖြစ်နိုင်ကြောင်းကိုဟောတော်မူ၏၊ ဤအခါ အရှင်သာရိပုတ္တရာက လျှောက်ထားသည်မှာ "ဘုရားဖြစ်လိုသော ပုဂ္ဂိုလ်များသည် အဘယ်ပါရမီကစ၍ ဖြည့်ကျင့်ရပါသနည်း"ဟု လျှောက်ထားသောအခါ "ဒါနံ အာဒိံ ကတွာ သမ္မောဓိ"အစရှိသော ဂါထာကို ဟောတော်မူ၏၊ အမိပ္ပါယ်ကား ဘုရားဖြစ်လိုသော သူတို့သည် ဗောဓိပက္ခိယ တရား ၃၇-ပါးနှင့်တကွ ဒါနပါရမီကို အစပြု၍ ဖြည့်ကျင့်ရသည်၊ ဤတရားမှလွဲ၍ ငါဘုရားမြင်တော်မမူ"ဟု ဟောတော်မူ၏၊ ဤယခု ဟောတော် မူသော ဒေသနာကို ထောက်လျှင် ပါရမီ ၁၀-ပါး၊ ပုညကြိယာ ၁၀-ပါး စကား တရားစု တို့သည် မြတ်စွာ ဘုရား၏ သာသနာတော်နှင့်မဆိုင် သာသနာတွင်း တရားမဟုတ် ကုန်သော သာသနာ့ပ သာသနာအပြင်ဘက်ကတရားစကားဖြစ်၍ မဂ်ဖိုလ်ကို ယခုဘဝ နောင်ဘဝရလိုသူတို့နှင့် မဆိုင် အပါဒါနိပယ်စု တရား ဖြစ်သည်၊ စင်စစ်အားဖြင့် ပါရမီဆိုသော စကားသည် လောကီ ကုသိုလ်တို့ကို နိဗ္ဗာန် တောင့်တ၍ပြုသော အရာမျှကို ခေါ်သည်၊ ကေန်-မဂ်ဖိုလ်ကို တိုက်ရိုက်ရသော တရားမဟုတ်ကုန်။ ဒါနပါရမီ သည် ငွေ-ရွှေတို့ မည်မျှ မည်ရွေ့ ကုန်သောအခါ "ပါရမီပြည့်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို ရမည်ဟု ပုတ်ပြတ်မရှိ၊ သီလပါရမီ သည်လည်း ဘဝပေါင်း,ကမ္ဘာပေါင်း ဘယ်မျှလောက် လုံခြုံအောင် ထိန်းလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကိုရမည်ဟု ပုတ်ပြတ် အရေအတွက်မရှိ၊ ရမ်းကျင့်, မှန်းကျင့်, ရမ်းလုပ်, မှန်းလုပ်သော တရားတွေသာ ဖြစ်ကြသည်၊

ပါရမီ ၁၀-ပါး အပြား ၃၀-ကို သေချာစွာ သိလိုလျှင် ငါတို့စီရင် ရေးသားသော ဓမ္မဝိဇ္ဇာနရ နိဗ္ဗာန ကျမ်းမှာကြည့်ရှုလေ။

သာသနာတွင်းစကား သာသနာတွင်း တရားကား မဂ်တရား, ဖိုလ်တရား,နိဗ္ဗာန်တရားသာဖြစ်သည်၊ ၎င်းတရားကို ယခုဘဝ ရလို လျှင် ရုပ်နာမ်ခန္ဓာခေတ်သစ္စာ ပဋိစ္စသမုပ္ပါဒ် အာယတန တရားတို့ ကိုသာ သင်ကြားလေ့လာ ကျင့်ကြံဘို့ ရှိသည်၊ ဤတရား များကို မသင်ကြား မကျင့်မကြံကြသော ရဟန်းရှင်လူတို့သည် ဗုဒ္ဓဘာသာ မဟုတ်၊ ဗုရားသားသမီးမဟုတ်၊ အသွင်သာတူ၍ အမူကွဲသကဲ့သို့ မှတ်ပါလေ၊ ထို့ကြောင့် မြတ်စွာဗုရား ကိုယ်တော်မြတ်က တိတ္ထိ ခြောက်ယောက်ထံက ရဟန်းခံလာသော ရဟန်းတပါးက အရှင် ဗုရားတပည့်တော်သည် အရှင်ဗုရား၏တပည့်သား သံဃာများကဲ့သို့ အဝတ်အစားလည်းတူပါ၏၊ ရွာစဉ်၌လည်းဆွမ်းခံပါ၏။ မုတ်ဆိတ် ဆံကိုပယ်၍ သင်္ကန်းကိုလည်းဝတ်ပါ၏။ သို့အတွက် "ဗောဓိ ဘိက္ခု" ခေါ်၍အရှင်ဗုရား၏တပည့်မှတ်တော်မူပါဟု လျှောက်ထားလေ၏။

ဤကဲ့သို့ လျှောက်ထားသောအခါ မြတ်စွာဗုရား ကိုယ်တော် မြတ်သည် ချစ်သားရဟန်းတို့....ငါ၏သားများနှင့် အသွင်တူကာမျှ ရွာကိုလည်၍ဆွမ်းခံကာမျှဖြင့် ငါ့သားမဟုတ်။ ကာမတဏှာ၊ ဘဝ တဏှာ၊ ဝိဘဝတဏှာ တည်းဟူသော တဏှာသုံးတန်၊ အဆိပ် ထန်သောသင်္ခါရကုသိုလ်ပုညကြိယာ ၁၀-ပါးတို့ကိုကျင့်ကြံရုံမျှနှင့် ငါ၏သားတော် သမီးတော်မဟုတ်။ ဤငါဗုရား သာသနာတော် အတွင်း၌ ပုညကြိယာ ၁၀-ပါးကိုရင်း၊ ဒုစရိုက် တရားကိုရင်း၊ လောကီကုသိုလ်, အကုသိုလ်တရားနှစ်ပါးပယ်၍ မြတ်သော သီလ၊ သမာဓိ၊ ပညာ တရားကို ကျင့်ကြံသောသူမှသာ ငါ၏သားတော်၊ သမီးတော် ရဟန်းသံဃာခေါ်နိုင်ကြောင်းကို ဟောတော်မူသည်။

နတေန ဘိက္ခု သော ဟောတိ၊ ယာဝတာ ဘိက္ခတေ ပရေ၊
ဝိဿံ ဓမ္မံ သမာဒါယ၊ ဘိက္ခု ဟောတိ နတာ ဝတာ။
ယောစ ပုညဉ္စ ပါပဉ္စ၊ ဗာဟိတွာ ဗြဟ္မစရိယံ၊
သင်္ခါယ လောကေ စရတိ၊ သဝေ ဘိက္ခူတိ ဝုစ္စတိ။
(ဓမ္မပဒပါဠိတော်)။

ယာ၀တာ၊ အကြင်မျှလောက်။ ဝါ-တသက်ပတ်လုံး။ ပရေ၊ သူတပါးတို့အိမ်၌။ဘိက္ခတေ၊ ဆွမ်းထမင်းဘိတ်၍ခံ၏။တေန၊ ထိုသို့ ရွာစဉ့်ကိုလျှောက်၍ ဆွမ်းခံစားကာမျှဖြင့်။ ဘိက္ခု၊ ရဟန်းသည်။ နဟောတိ၊မဖြစ်သေး။ ဝိသံမွဲ၊ တဏှာသုံးတန် အဆိပ်ထန်သော တေဘူမိက လောကီကုသိုလ် အကုသိုလ် အကျင့် တရားကို။ သမာဒါယ၊ တော်စွာသိမ်တွင် သိက္ခာတင်၍ ကျင့်ကြံကာမျှဖြင့်။ တာ၀တာ၊ ထိုမျှလောက် အသွင်တူကို ယူကာမျှဖြင့်။ ဘိက္ခု၊ ငါဗုဒ္ဓရား၏သား ရဟန်းဘိက္ခုသည်။ နဟောတိ၊ မဖြစ်သေး။ ဣဓလောကေ၊ ဤငါဗုရားသာသနာ ၅၀၀၀-တည်သော လောက အတွင်း၌။ ယော၀၊ ရဟန်း, ရှင်လူ မည်သူမဆို အကြင်ပုဂ္ဂိုလ် သည်လည်း။ ပုည္ဉ၊ ပုညကြိယာ ၁၀-ပါးကိုရင်း။ ပါပဥ္စ၊ ယုတ် မာသော အပုညာဘိဒ္ဓစရိုက်ဟရားကိုရင်း။ ဗာဟိတွာ၊ ဘာဟုတ် မလဲဟုစွန့်ပစ်၍။ ဗြဟ္မစရိယံ၊ မြတ်သော ပညာ၊ သီလ၊ သမာဓိ သိက္ခာ ၃-ပါး၊ သာသနာ ၃-ပါး၊ အဓိ ၃-ပါးကို။ သင်္ခါယ ပဋိသင်္ခါယ၊ပစ္စဝေက္ခဏာဖြင့်။ စရတိ၊ ဣရိယာပထ လေးပါးဖြင့် ကျင့်၏။ သောပုဂ္ဂလော၊ ထိုသို့သင်္ခါရ၌ဖြစ်စေတတ်သော လောကီ ကုသိုလ်၊ အကုသိုလ်၊ ဒွိဟိတ်၊ တိဟိတ်-ပါရမီတရားစကားပယ်၍ ပညာ၊ သီလ၊ သမာဓိ တည်းဟူသော ရုပ်,နာမ်,ခန္ဓာခေတ်သစ္စာ ပဋိစ္စသမုပ္ပါဒ်တို့ကို သင်ကြားလေ့လာ ကျင့်ကြံသော ပုဂ္ဂိုလ်ကို။ ဘိက္ခုတိ၊ ရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုသင့်ဆို အပ်ဆိုထိုက်၏။

---

ကုဋ္ဌပြရာရဟန်းကျင့်ဝတ်
ခြောက်ပါးပြခြင်း

မကောင်းရာမြစ်၊ ကောင်းရာလှစ်၊ အသစ်ဟောကျူး၊ မကြား စဘူး၊ ကြားဘူးထပ်မံ၊ နိဗ္ဗာန်ဝင်မှု၊ ဤခြောက်ခု၊ ကောင်းမှု လွန်သချာ။

အဓိပ္ပါယ်ကား။ ။အပါယ် လေးပါးကို မြစ်တား နိုင်သော တရားဖြင့်ဟောရခြင်း၊ ရင်းတရားထက်သာသော လူ,နတ်,ဗြဟ္မာ ဖြစ်နိုင်သောတရားကိုဟောရခြင်း၊ အသစ် အသစ်သော တရားဖြင့်

လူနတ်ချမ်းသာထက် ပြဟ္မာချမ်းသာ၊ ၎င်းထက် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာကိုဟောရခြင်း၊ ကမ္ဘာကမ္ဘာမှစ၍ ယခုဘဝအထိ မကြား စဖူးသော မဂ်ဖိုလ်တရား သောတာပန်၊ သကဒါဂါမိ စသော တရားများကိုဟောရခြင်း၊ ကြားဖူးပြီးသောတရားကို မမေ့မလျော့ မှတ်သားမိအောင် ဟောရခြင်း၊ ဟောသမျှ တရားတို့၌ နိဗ္ဗာန် ရောက်ကြောင်း ကိုသာ ဟောရခြင်း၊ ထို့ကြောင့် ဓမ္မပဒပါဠိ တော်၌-

နိရယေ ဘယသန္တာပံ၊ နိဗ္ဗာနေ ဝိပုလံ သုခံ။

ယထာဘူတံ ဝိညာပေတုံ၊ ဒေသေတဗ္ဗံ ဟိ ယောဂိနာ။

နိရယေ၊ ငရဲအစရှိသော သံသရာ ဝဋ်ဆင်းရဲကြီး ထဲ၌။ ဘယ သန္တာပံ၊ ကြောက်ဘွယ်သရဲ ပူပန်ဆင်းရဲခြင်း ဘေးအပေါင်းကို ၎င်း။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ ဝိပုလံ၊ ပြန့်ပြော ကြီးကျယ်သော။ သုခံ၊ အလွန်ချမ်းသာခြင်းကို၎င်း။ ယထာဘူတံ၊ ဟုတ်မှန်သည့် အတိုင်း။ ဝိညာပေတုံ၊ တရားနာပရိသတ်အများ ထင်ရှား သိကြစေခြင်းငှါ။ ယောဂိနာ၊ ယောဂီ ပုဂ္ဂိုလ်သည်။ ဝါ၊ တရားဟောဆရာ ဓမ္မ- ကထိကပုဂ္ဂိုလ်သည်။ ဒေသေတဗ္ဗံဟိ - ဒေသေတဗ္ဗံဧဝ၊ ၃၁-ဘုံ ဆင်းရဲကြောင်း, နိဗ္ဗာန် ချမ်းသာကြောင်းကို သေသေ ချာချာ ဟောဖော် ညွှန်ပြလိုက်ကြပေရာသတည်း။

မြတ်စွာဗုဒ္ဓ ကိုယ်စားလှယ်မှစ၍ တပည့်သား သံဃာတော်တို့ သည် မိမိတပည့်သား ဒါယကာ, ဒါယိကာမတို့ကို ဆုံးမ ဩဝါဒ ပေးသောအခါ သစ္စာလေးပါးတရားတွင် ဒုက္ခသစ္စာကို ရှေးဦးစွာ ဝေဘန်၍ ဟောပြောရသည်၊ ဒုက္ခကိုကြောက်မှ သုခကို အလိုရှိ သည်၊ သုခချမ်းသာ တည်းဟူသော နိဗ္ဗာန်ကို ရောက်ကြောင်း ဖြစ်သော မဂ္ဂသစ္စာ မဂ်လေးပါးတရားကို ဟောရသည်။ ။ဤမဂ္ဂင် ရှစ်ပါး မဂ္ဂသစ္စာ, ပညာ, သီလ, သမာဓိတရားကိုသာ သာသနာ ခေါ်သည်၊ မဂ်တရားမှ သာလျှင် ဘဝအနန္တက ပါလာသော လောကီကုသိုလ်, အကုသိုလ်သင်္ခါရတရား ဘုံ ၃-ပါးကို ပယ်နိုင်, သတ်နိုင်သည်။ ။နာယကဂုဏ် ကုဋ္ဌပရဝ ရဟန်း ကျင့်ဝတ် ခြောက်ပါးနှင့် ကိုက်ညီသည်။ ၎င်းကျင့်ဝတ် ၆-ပါးကို တပါးပြု၍

"ရဟန်းကျင့်ဝတ်၊ တပါး တတ်က၊ လူ့,နတ် ဦးခိုက် ပူဇော်ထိုက်သည်"ဟု စပ်ဆိုလေသည်။

သူသူငါငါ သတ္တဝါတို့သည် ကမ္ဘာအနန္တပင် ကြာသော်လည်း မဂ်တရားဖိုလ်တရားကို မကြားရကုန်၊ ဗုဒ္ဓပွင့်၍ နေသော်လည်း ကြားရခဲ၏၊ သာသနာအတွင်းကျ၍၊ ရဟန်း,ရှင်လူဖြစ်၍ နေပါသော်လည်း ကြားရခဲ၏၊ ကြားရ ပါသော်လည်း မိမိနှင့် မတန်ဟု ပြော၏၊ ပါရမီနှင့် ဒွိဟိတ်ကိုချ၍နေ၏။ ။ဤမဂ်တရားမှသာလျှင် "မကြားစဘူး"အဓိပ္ပါယ်နှင့်ညီ၏။

ဤသောတာပန်ဖြစ်နိုင်သော မဂ်တရားမှသာလျှင် မကောင်းရာတည်းဟူသော အပါယ ဒုက္ခကို ပိုင်ပိုင်နိုင်နိုင် ပယ်ဖြတ်နိုင်၏၊ "မကောင်းရာမြစ်"ဆိုသော စကားနှင့်ညီ၏။

ဤမဂ်ဖိုလ်တရားမှသာလျှင်"ကောင်းရာလှစ်"ဟူသောအဓိပ္ပါယ်စကားနှင့်ညီ၏။

ဤမဂ်တရားရ၍ သောတာပန်စသော အရိယာဖြစ်မှ သာလျှင် အသစ်ဖြစ်၏၊ ဘယ်အတွက်ဆိုလျှင် သတ္တဝါ အများတို့သည် ဘဝပေါင်းများသဖြင့် လူအမျိုးမျိုး၊ နတ်အမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုး၊ ပြိတ္တာအမျိုးမျိုး ဖြစ်လှဘူးပြီ။ အရိယာဟူ၍ အသစ်ပုဂ္ဂိုလ် မဖြစ်ရဘူးသေးဟု မှတ်၊ အရိယာဟာ ပုဂ္ဂိုလ်တမျိုး အသစ်ဖြစ်သည် ဟူ၍မှတ်၊ သို့မှ "အသစ်ဟောကြား"စကားနှင့် ကိုက်ညီ၏။

ရုပ်နာမ်,ခန္ဓာ, ဓာတ်သစ္စာ ပဋိစ္စသမုပ္ပါဒ်တရားတို့သည် နက်နဲသိမ်မွေ့သဖြင့် တခါတလေ ကြားရရုံနှင့်မမှတ်မိ၊ ထပ်ကာ ထပ်ကာ ကြားနာရမှသာလျှင်မှတ်မိ၍ ဒိဋ္ဌိ တဏှာ ကွဲကွဲပြားပြားရှိမှအယူမှန် သောတာပန် ဖြစ်နိုင် ခြင်းကြောင့် ထပ်ကာ ထပ်ကာဟောရ ပြောရသည်၊ ဤတရားကို ဟောမှ "ကြားဘူးထပ်မံ"ဆိုသော စကားနှင့်ညီ၏။

ဤရုပ်နာမ်, ခန္ဓာ, ပဋိစ္စသမုပ္ပါဒ်ဓာတ် သစ္စာတရားတို့ကို ဟောပြောပြသ ဆုံးမမှ သာလျှင် ပဌမ သောတာပန်တို့ရသော မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်မည်၊ ဝင်စံမည် ဖြစ်ပါသောကြောင့် သခ်ါရ

သုံးပါးကို လည်ရာ လည်ကြောင်း တရားစကားကို မပြောအပ်ဟု မှတ်ပါလေ။

ဤနာယကဂုဏ်ကုဋ္ဌပရပရဟာန်း ကျင့်ဝတ်နှင့်ပြည့်စုံမှ"လူ့နတ်၊ ဦးခိုက်ပူဇော်ထိုက်၏"ဟုမှတ်၊ ဤဂုဏ် ၆-ပါးနှင့်ပြည့်စုံသော ဆရာသမားကို ရှိခိုး ကိုးကွယ်ရခြင်းကား မိမိ၌ များစွာသော ကျေးဇူးရှိသဖြင့် ကျေးဇူးရှင်ကိုရှိခိုးရခြင်း၊ပူဇော်ရခြင်းမည်၏၊ ဤ ၆-ပါးနှင့် မပြည့်စုံသောသူကို ရှိခိုးကိုးကွယ် ရခြင်းကား မိမိအကျိုးမရှိဘဲ လျက် ရမ်းခိုး မှန်းခိုး ယောင်ခိုး အားနာခိုး မင်းတိုင်းကြေခိုး ဤကဲ့သို့ ရှိခိုးပူဇော်ခြင်းအမျိုးမျိုးဖြင့် ကိုးယိုးကားယားစိတ်ရှုပ်စရာ ရှိခိုးပူဇော်ခြင်းသာဟုမှတ်။

လောက၌ပေးကမ်းစရာရှိလျှင်ကျေးဇူးရှင်များကို များများလိုလို လောက်လောက်အလိုရှိသမျှ ပေးပြီးမှကျေးဇူးရှင်မဟုတ်သောသူကို ပေးရသည်။ ။ပူဇော်ခြင်းရှိခိုးခြင်း၌ ကျေးဇူးရှင်ကိုသာ ပူဇော် ရှိခိုးရသည်ဟုမှတ်။ ။လောက၌ လူအများတို့သည် ဘာမဆိုင် ညာမဆိုင်အလုပ်ကိုများစွာ လုပ်လေ့ ကျင့်လေ့ ပူဇော်လေ့ရှိခိုးလေ့ ရှိကြသည်။ နားမလည်လျှင် ကြပ်ကြပ်စဉ်းစားလေ။ မိမိကို မဂ်ဖိုလ် နိဗ္ဗာန်သို့မပေးနိုင် မပြောပြနိုင်သော ဗုရားကို အားကြီးကိုးကွယ် ဆည်းကပ်ကြ၏။ စဉ်းစားကြည့်။ မိမိကိုမဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက် နိုင်သောတရားကို များများကြီးကျင့်ကြ၏၊ စဉ်းစားကြည့်။ မိမိကို မဂ်ဖိုလ် နိဗ္ဗာန်သို့မပို့နိုင်၊ မဟောပြနိုင်သော သံဃာ၊ သူလည်း မဂ်ဖိုလ်တရားကိုမကျင့်၊ ဤယိုသံဃာမျိုးကို များများကြီးအားထား ကိုးကွယ်ခြင်းများကြ၏။ စဉ်းစားကြည့်၊ အရှင်သာရိပုတ္တရာသည် ပဌမသောတာပတ္တိမဂ်ဖိုလ်ကို ပြဆိုဆုံးမသော အရှင်အဿဇိကို များစွာကျေးဇူးတင်၍ အသက်ထက်ဆုံး အရှင်အဿဇိ ဝတ်ကြီး ဝတ်ငယ်ကိုပြု၏။ အရှင်အဿဇိရှိရာကို ဦးခေါင်းပြု၍ အသက် ထက်ဆုံးအိပ်၏။ ဗုရားရှိရာ အရပ်ကို ဦးခေါင်းထား မအိပ်။ ရှေးပညာရှိ သူတော်ကောင်းကြီးများ နည်းလမ်းကို ထောက်လျှင် ယခုဘဝလောကကျေးဇူး၊ လောကုတ္တရာကျေးဇူးရှိသူကို ရှေးဦးစွာ ရှိခိုးပူဇော်ခြင်း၊ ကိုးကွယ်ခြင်းပြုထိုက်သည်။ကျေးဇူးရှင်ဆရာသမား

မိဘ သားသမီးတို့ကိုပစ်ထား၍ ပေတနော ပါတနော ဘာမျှမဆိုင် သူဌေးကြေးပွံ့ "ရွှေဝန်မင်း ဘုန်းကြီးတာ ပါနောက် ခြေကြွ" နေသလို အလွဲမှာ ဆံပင်ကောင်း၍ နေကြသူများသာ များ၏။ စဉ်းစားကြည့်။ ။တလုပ်ကျွေးဘူး သူ့ကျေးဇူး၊ တဆုပ်ပေးဘူး သူ့ကျေးဇူး တပုဒ်ဟောဘူး သူ့ကျေးဇူး ကိုသာ ကျေးဇူးရှင် ဆိုလိုသည်။ ။ဂင်္ဂါဝါဠူပုရားတွေသည် မိမိတို့ကျေးဇူးရှင် ဟုတ်, မဟုတ် စဉ်းစားကြည့်။ ဘာသာကွဲကပုရားတွေ မိမိတို့ကျေးဇူးရှင် ဟုတ်,မဟုတ် စဉ်းစားကြည့်။ တရား၌လည်း လောကီကုသိုလ်၊ အကုသိုလ်ဟာ မိမိကို ချမ်းသာသုခ အစစ်ကို ပေး၏, မပေး၏ ကျေးဇူးရှင်ဟုတ်,မဟုတ် စဉ်းစားကြည့်။ ။တနိုင်ငံကရဟန်းတွေ မိမိတို့ နိုင်ငံက ရဟန်းတွေက မိမိတို့ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကျေးဇူးရှင်ဟုတ်,မဟုတ်တွေးကြည့်။ ဉာဏ်နှင့်စဉ်းစား ကြည့်လေ။ သို့မှကျေးဇူးတင်တတ်၍ ကျေးဇူးသိ၍ ပုရား၊ တရား၊ သံဃာ ၃-ပါးအမြတ်ဆုံးနှင့် ပုရား၊ တရား၊ သံဃာ အယုတ်ဆုံးတို့ ကွဲလွဲကြောင်းသိမည်၊ လိမ္မာမည်။ ။ဤတရားအတိုင်း ဉာဏ်ဖြင့် ဆင်ခြင်၍ ကွဲကွဲပြားပြားရှိလျှင် သိက္ခာရ သန္တာပေါ်ဖြစ်ပြီဟူ၍ မှတ်လေ။



# ဓမ္မစေတီ-ဘင်္ဂလီကျမ်း

—————

## ဘင်္ဂလီနှင့် ဗုဒ္ဓရားကိုပင့်ခြင်း

၁။ မာရစော်နော်၊ ပေါ်ဇွန်နော်၊ ဒိလောဇေယိဂေါတိအာဆ ဩမြိနဒျာ၊ ဇော်ယော်ဒေဝေါ်၊ ဟာလူကော် နာထော်၊ ကော်ရဏာ၊ ဆိန္ဒု၊ ဇေဇော်ယော်။
ရူပေါ်ဆော်နာတွံနော်၊ ပရော်ဘုဆေယိ၊ ဩဒွန်မော်၊ စတု ရဒိကြေ၊ ဇိပ္ပွန်နော်အာရော်၊ ဉရဇော်လော်။ ။ဇော် တော်မော်ယေ၊ ဍုဟောလုကြေ၊ ဆီရိမော်၊ မော်ဂူရော်ဒေ ဝေါ်။ ဇိကျွုရေ၊ ဟော်ရာ၊ ပရမော်။

မာရစော်နော်၊ ဒိဋ္ဌိတဏှာ သုံးဖြာမာန ပပဉ္စတရား မရှိသဖြင့် ပကတိ စင်ကြယ်သန့်ရှင်းသော စိတ်တော်လည်း ရှိတော်မူပေထ သော။ ပေါ်ဇွန်နော်၊ သီလသမာ ပညာအစဉ် သခ်ာမိမဂ္ဂင်လည်း ရှိတော်မူပေထသော။ ဒိလောဇေယိ၊ တထောင့်ငါးရာ ကိလေသာ မှန် မကျန်မကြွင်း ရန်ခပင်းကို အောင်ခြင်းငှာ ပေးသနားတော် မူပေတတ်ထသော။ ဂေါတိအာဆ၊ စိတ္တ ဆန္ဒ ဝီမံသနှင့် ဝိရိယ မပြတ် ဣဒ္ဓိပါဒ်လေးပါး ထိုတရားဖြင့် မကွေ့မယောက် နိဗ္ဗာန် ရောက်အောင် စောင့်ရှောက် ခြင်းကိုလည်း ဖြစ်တော် မူပေ ထသော။ ဩမြိနဒျာ၊ ငါးရာတထောင် မိုက်မှောင်များစွာ ကိလေ သာခပင်း သူ့လက်တွင်းမှ။ ဇော်ယော် ဒေဝေါ်၊ လက်ငင်း အောင်မြင် ထင်ထင်ရှားရှား လွတ်မြောက် သွားအောင် သနား

ကယ်မတော်မူပေထသော။ ကော်ရဏာဆိန္ဒု၊သားနှင့်ရန်သူထပ်တူ
တကွ မုန်းချစ်မျှ၍ ကရုဏာသနိုင်သည့် မဟာသမုဒ္ဒရာ ပမာနှိုင်း
ဆွယ် ကြီးကျယ်မြင့်မြတ်သမာပတ္တိ ဉာဏ်တော်လည်း ရှိတော်မူပေ
ထသော။ ဇော်ယော်၊ ဒေဝပုတ္တ စသည်များဖြင် ငါးအင်မာရ်ဟူ
အောင်ယူ ပယ်သိမ်းနိုင်ပေ ထသော။ ဟာလူကော်နာထော်၊
သောကသုံးဘန် ဖန်ဖန်ထပ်ထပ် တောင်းပန်အပ်သော အို-လော
နာထသခင်ဗုရား။ဇေ၊ငါးမာရ်အင်ကိုအောင်မြင်ပယ်ရှား ဂေါတမ
သခင် အရှင်ဗုရားသည်။ ဩဝ္ဒန်မော်၊ ဩဃလေးဖြာ သံသရာမှာ
ခါခါနစ်မြုပ် ဝဇလုပ်မှ အဟုတ်ထွက်ရန်ကြံဖန်လေ့လာ အဖြာဖြာ
သော သူတော်ကောင်းတို့၏။ ဗိဗ္ဗန်နော်၊ ဒုက္ခတန်တန် ရန်မာန်
ခပ်သိမ်းအကုန်ငြိမ်းရသဖြင့် မုချကေန် အမှန်မပျက် အသက်သခင်
ပါပေတည်း။ ဆောယီ၊ လူ,နတ်,ဗြဟ္မာ,သတ္တဝါဟူ သုံးလူထွဋ်ထား
မြတ်ဗုရားသည်ကား။ ပရော်ဘု၊ မျှားသူငါနှင့် နှိုင်းရာမတူ ပရာ
ဘိဘူ သခင်ဗုရားပါပေတည်း။ ရူပေါ်ဆော်နာတွံနော်၊ နီလပီတ
ဩဒါတနှင့် ခြောက်ဝရောင်ကြည် ကွန့်လည် ထွန်းပြောင် ဘုန်း
ခေါင်ဘုရင် ချစ်ရှင်ထွဋ်ထား ဂေါတွန်မူနီ အရှင်ဗုရားသည်။ စတု
ရဒိကြေ၊ လေးရပ်မျက်နှာ ပတ်လည်ချာမှ ရောက်လာစည်းဝေးကြ
ကုန်သော။ ဇူဟောလုကြေ၊ မဃ္ဃသဘင် ဆင်ယင် မွေ့လျော် ပျော်
ပျော်ကျင်းပ ဤဌာနသို့။ အာရော်ဥရဇော်လော်၊ အကြိမ်တရာ
လျှော်ကာဦးပြီး ရွှေတောင်ကြီးသွင် ကြည်လင်ထွန်းပြောင် ကိုယ်
တော်ရောင်ဖြင့် ဘုန်းခေါင်သခင် ထင်ထင်ရှားရှား ကြွလာငြား၍။
ဇော်တော်မော်ယော၊ ဇာတိပုည ဂုဏ်မာနနှင့် လေးဝမဂ္ဂင် လိုချင်
တောင့်တ ရှာကြံကြသည့် လောကသုံးတန် ဘေးရန်များဘိ ဒုက္ခ
သည်အကျွန်ုပ်တို့၏။ ဆိရီမော်၊ကိုယ်ခန္ဓာတွင် သန့်စင်ကောင်းလတ်
သင့်လျော်ပတ်သည် မြတ်မြတ်ထူးထူး ဦးထိပ်အပြင်၌။ ပေါ်ရော်
မော်၊ ရုပ်နာမ်, ခန္ဓာ, သစ္စာလေးရပ် ပဋိစ္စ သမုပ္ပါဒ် ပရမတ္ထတရား
တို့ကို။ ဗိကျွူရေဒေဝါ၊ ဒိဋ္ဌိပျောက်ရန် မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဝေဘန်
ပိုင်းခြား သနား ကယ်မတော် မူခြင်းငှါ။ မော်ရူရော်ဟော်ရာ၊
ရတနာရွှေအိမ် နှိုင်းချိန်ပမာ ကောင်းစွာမယွင်း စိတ်တော်သွင်း၍

ချက်ချင်းလျင်စွာ ကြွရောက်၍သာ ရပ်တန့်၍သာ တည်နေတော်မူပါ အရှင်ဘုရား။

၂။ ဇရဂျာနံတိမြို့ရဲ၊ ဒိသျှုဂျာနံ ဇော်နော်၊ ဆလာကော်ရာ ဇိက္ကျူရံ။ ဥမြိလိတံ၊ ဇေနော၊ဒသျှမေ-ဆိရိဂူရူ။ဗျေနော်မော်နော်မော်။

တိမြို့ရဲ၊သံသရာလမ်းနယ်စခန်းမှထွက်လမ်းကိုတကယ်မသိသဖြင့် အမိုက်အတိဖုံးလွှမ်းအပ်သော။ဇရဂျာနံ၊ မောဟအဝိဇ္ဇာတိမ်သလာလွှမ်းမိုး၍ အကောင်းအဆိုးကိုမျှ မသိမမြင်နိုင်ကြသော အကျွန်ုပ်တို့ကို။ ဂျာနံဇော်နော်၊ အသိဉာဏ်အလိမ္မာလျင်မြန်မကြာပေါ်လာစေခြင်းအကျိုးငှါ။ ဆလာကော်ရာ၊ အတိညာဉ် ခြောက်ပါးနှင့်တူသော မျက်စဉ်းတို့ဖြင့်။ ဒိသျှု၊ ထုတ်ချင်းလျှိုး ထိုးဖောက်၍။ ဇိက္ကျူရံ၊ ဝိပဿနာ ပညာထက်သန် ကောန်တိတိ ဉာဏ်မျက်စိကို။ ဥမြိလိတံ၊ မြန်စွာချက်ချင်း လက်ငင်းမဖင့် ပွင့်စေတတ်သော။ ဆိရိဂူရူ၊ ကျောက်ထီးအတူ လေးမူကော်ရော် ဂေါတ္တံမူနီ အရှင်ဘုရားကို။ နော်မော်၊ မင်္ဂလစေတီ ဘွဲ့မည်အတိတ် ပရိတ်သင်းသားတပည့်များတို့သည်။ ဗျေ၊ နေ့တိုင်း နေ့တိုင်း။ ဇေနောဒသျှမေ၊ နှစ်ပြင်ယှက်ငုံ လုံးစုံအပေါင်း လက်ဆယ်ချောင်းဖြင့်။ နော်မော်၊ ထိခြင်းငါးဖြာ ဝန္ဒနာဖြင့် အခါခါရှိခိုး ကန်တော့လိုက်ပါ၏ အရှင်ဘုရား။

### တရားတော်ကိုရှိခိုးရန်

၃။ ဆိရိဂူရူ၊ စော်ရော်နော်၊ ပထမော်၊ ကျယ်မော်လယ်၊ ဘောဂေါဘိ၊ သျှတ္တမော်၊ ဗန္ဓော်မူယိ သျှဗ္ဗောမဟံ နော်မော်နယ်။

ဆိရိဂူရူ၊ကျောက်ထီးအတူအလေးမူအပ်သော ဂေါတ္တံမူနိအရှင်ဘုရား၏။ ပထမော်၊ မွှေးပျံ့လှိုင်ထုံ ရဂုံကြိုင်သင်း ပင်မင်းရွှေကြာပဒုမ္မာနှင့်တူသော။ စော်ရော်နော်၊ နှစ်ဖြာရပ်နာမ် သတိပဋ္ဌာန်သစ္စာအာယတနာ ပဋိစ္စ ငါးဝခန္ဓာ ဝိပဿနာခေတ် ပရမတ်အနှစ်တရားစစ်အကျင့်တို့ကို။ ကျယ်မော်လယ်၊ သံသရာလမ်းနယ်စခန်းမှထွက်လမ်းကို အလိုရှိကြကုန်သော။ ဘောဂေါဘိ၊ ဒုက္ခကိုမြင်

ကိုယ့်ဘဝ ကိုယ်တော်ချင်သည့် သူတော်စင် အပေါင်းတို့၏။ သျှတ္တမော်၊ ကျင့်ဘို့ကျင့်ရာ အဖြာဖြာ ကောင်းလှပေသော အိမ်ကျောင်း စရပ် ပြာသာဒ်သဘွယ်ပေတည်း။ မူယီ၊ မင်္ဂဖိုလ်နိဗ္ဗာန် သုံးတန်တရား လိုလားစုံမက် လွန်နှစ်သက်ကြသော တပည့်တော်တို့သည်။ သျှဗ္ဗော၊ ဓဟံနော်မော်နယ်၊ ကာယဝစီ သုံးလီမနော ငြိမ်သက်သော သဘောဖြင့်။ ဗန္ဓော်၊ ရိရိသေသေ လေးလေး မြတ်မြတ်ဆည်းကပ်ကိုးကွယ် ကျင့်ဘွယ်တရား လွန်အားထုတ်လတ် မပြတ်ညွှတ်ကျိုး လက်စုံမိုးပြီးရှိခိုး၍သာ ပူဇော်၍သာ ကန်တော့ လိုက်ပါ၏အရှင်ဘုရား

---

## ရုပ်နာမ်ခန္ဓာတရားကိုကျက်မှတ်သင်ကြားရ၍ ဒိဋ္ဌိတဏှာတို့မလာမကပ်နိုင်ခြင်း

၄။ ပြိရင်မော်၊ တ္တိတ္တိ၊ ဇဟာတွေတေ။ ဩဗြီဒျာ။ ဗြိနာဆော်။ ဇာတေ။ မျေဒေါ်ဂါယော်၊ ဇဟာရေ၁်၊ စော်ရိထော်။

ဇာတေ၊ ဇာတိပုည ဂုဏ်မာနနှင့် လေးဝမဂ္ဂင် လိုချင်တောင့်တ ရှာကြံကြသည့်အာကတမူ များရှင်လူတို့။ ဇဟာရေ၁်၊သမ္ဗုဒ္ဓသခင် ရှင်တော်ဘုရား ဟောကြားဆုံးမ ပြောဆိုပြပေသော။ စော်ရိထော်၊ ဗောဓိပက္ခိယ ငါးဝခန္ဓာ နှစ်ဖြာ ရုပ်နာမ် သတိပဋ္ဌာန် သစ္စာ အာယတနဓာတ် ပဋိစ္စသမုပ္ပါဒ် ပရမတ်အနှစ် တရားစစ် အကျင့်တို့ကို။ မျေဒေါ်၊ မိမိတို့ဘာသာ အက္ခရာဖြင့် စာစောင်ကျမ်းဖွဲ့၍။ ဂါယော်၊ နှုတ်၌ တွတ်တွတ်ရွတ်ဘတ် သရဇ္ဈာယ်ကြ ကုန်ရာ၏။ ဇာတေ၊ ဇာတိပုည ဂုဏ်မာနနှင့် မရရအောင် နှုတ်တက်ဆောင် သည့် လူ့ဘောင်ထင်ရှား အိုအမျိုးကောင်းသား အမျိုးကောင်း သမီးတို့။ ပြိရင်မော်တ္တိတ္တိ၊ နိဗ္ဗာန်လိုချင် သူတော်စင်တို့ အလျင်ပင် နှစ်သက်ဘွယ်ရှိသော။ ဇဟာတွေတေ၊ မင်္ဂဖိုလ်နိဗ္ဗာန် ရရန်အမှူး ကျက်မှတ်သင်ကြားကြရသော ကုသိုလ်ကံအထူးသည်။ဩော်ဗြီဒျာ၊ ဒိဋ္ဌိသက္ကာ အဝိဇ္ဇာရောင် တဏှာမှောင်နှင့် အမိုက်ကောင်ရှိသမျှ တို့ကို။ ဗြိနာဆော်၊ ပျောက်ပျက် ချက်ချင်း မလာကွင်းအောင် လက်ငင်းမကြာ ချက်ချင်းမကြာ နှိပ်စက်နိုင်ကြပေသတည်း။

## မြတ်စွာဗုဒ္ဓရားထံ မှူးပြည်တန်လည်ဆွဲ အမြဲပုတီးနှင့်တူသော မင်္ဂဖိုလ်တရားကိုတောင်းခံကား

၅။ ဇော်ယော်ရှုပေါ်၊ ဆော်နာတွံနော်၊ ဒေဝေါမော်ယော၊ ယောယီဒေါနော်၊ ဇော၊ ရော်တော်နော်၊ မော်ယော၊ဂေါရာ၊ ဟာရာ။

ဇော်ယော်၊ ဒေဝပုတ္တ စသည်များဖြင့် ငါးအင်မာရ်ဟူ ဆောင်ယူပယ်သိမ်း နိုင်ပေထသော။ ရှုပေါ်ဆော် နာတွံနော်၊ နီလပီတ ဩဒါတနှင့် မြောက်ဝ ရောင်ခြည် ကွန့်လည် ထွန်းပြောင် ဘုန်းခေါင်ဘုရင် ချစ်ရှင်ထွင့်ထား ဗုဒ္ဓရားသခင်ကိုယ်တော်မြတ်၏။ယောယီဒေါနော်၊ ဇမ္ဗူရစ်ရွှေစင် စံတင်ပုံပြု ရုပ်နာမ်စုနှင့် ငါးခုခန္ဓာ သစ္စာလေးရပ် ပရမတ်အနှစ် တရားစစ် အကျင့်တို့ကို။ မော်ယော၊ လောကသုံးတန် ဘေးရန်လွှန်များ ဒုက္ခသည် အကျွန်ုပ်တို့အား။ ဒေဝေါ၊ မင်္ဂညာဏ်ဖိုလ်ညာဏ် နိဗ္ဗာန်မကြွင်း အမြင် လင်းအောင် ချက်ချင်းပေးသနားတော်မူပါအရှင်ဗုဒ္ဓရား။ ဇော၊ ဒိဋ္ဌိတဏှာ ကိလေသာကို လျင်စွာဆတ်ဆတ် အောင်စေ တတ်သော။ ရော်တော်နော်၊ ဗုဒ္ဓရားစစ်အမှန် တရားကေန် သံဃာစစ်မှား ဤရတနာသုံးပါးတို့သည်။ မော်ယော၊ လောကသုံးတန် ဘေးရန်များတိ ဒုက္ခသည် အကျွန်ုပ်တို့၏။ ဂေါရာဟာရာ၊ စိတ်နှလုံးတွင် ကြည်လင်ချမ်းသာ ကောင်းစွာဆောင်တတ် အမြတ်အထူး ဂုဏ်ရောင်မြူးသဖြင့် မှူးပြည်တန်လည်ဆွဲ အမြဲပုတီးပါပေတည်း။

---

## ဒိဋ္ဌိတဏှာနတ်ဒေဝါရီတို့၏ တိုက်တွန်းခြင်းကိုလက်မခံဘဲ ရုပ်နာမ်နှစ်ပါးလက်နက်နှင့် တားမြစ်ခြင်း

၆။ ဌာန္တော်ဒေဗာ၊ ဆရော်ယော်နာရီ၊ တွံမာရော်။ ကော်မီလော်။ ဗာဟိုင်ရီ ယောယီ တထွော်၊ ပေါ်ရော်မော်။ ကာရော်နော်။

ဗာဟိုင်ရီ၊ အဆင်းအသံ ခြောက်တန်အာရုံ တွေ့ဆုံပါမှဖြစ်ပေါ်လာရသော။ တွံမာရော်၊ မှတ်ရန်ခံစား သိပြားကြံစည် လေးလီ

မဆိတ် သင်တို့ငါတို့၏စိတ်သည်။ ဇုန္နော်ဒေဗာ၊ အဆင်းအသံမွှေးနံ့လျက်ထိ တွေ့ရှိအာရုံ ကာမဂုဏ်ကို ခံ့မင်နှစ်သတ် မလွတ်ရက်အောင် သွေးဆောင်တိုက်တွန်းတတ်သော နတ်ဒေဝါရီတို့၏။ ဝါ၊ သံသရာကို ကျယ်စွာချဲ့တတ် နတ်ဒေဝါရီ ပလီပလာ ဒိဋ္ဌိတဏှာတို့၏။ ဆခရော်ယော်နာရီ၊ တိုက်တွန်းစီရင် တမင် နှိပ်စက်ခြင်းကို လက်မခံရာဟူ၍။ ကော်မီလော်၊ ချွေဗျာဒိတ်သံ ဖန်ဖန်ခြိမ့်ကြော်ဓမ္မခံတော်ဖြင့် ဂေါ်တွံမူနီဗုရား မိန့်တော်မူခဲ့ ပေ၏။ ယေယီ၊ စင်စစ်ကေန် အမှန်မုချမူကား။ တတ္တော်၊ ထိုသို့ဒိဋ္ဌိတဏှာ နတ်ဒေဝါရီ ပလီပလာအခါခါဖြင့် ဘာဘာညာညာ သွေးဆောင် လာမူဝင်မပြု နိုင်အောင်။ တုံမာရော်၊ မှတ်ရန်ခံစား သိပြားကြိစည်လေးလီမဆိတ်သင်တို့ ငါတို့၏စိတ်သည်။ပေါ်ရော်မော်၊ မဖောက်မပြန် မှန်ကန်ဖြောင့်သား ပရမတ္ထရုပ်နာမ် နှစ်ပါးတို့နှင့်။ ကာရော်နော်၊ လက်ဆုပ်လက်ကိုင် ပိုင်ပိုင်နိုင်နိုင် ခါတ်ဆိုင် ခါတ်သားညက်ဥ္စထား၍ ငါကားငါကော ဝင်မနှောအောင် အဆောလျင်စွာ ပယ်ရှား၍သာ တားမြစ်၍သာ ပြုကျင့်လိုက်ကြရာသတည်း။

ရုပ်နာမ်ခန္ဓာ ပရမတ္ထတရားတို့ကို ဗုရား၊အာတုလိုက်၍ ကျင့်ခြင်းကြောင့် ပဝါးခြေထပ် နောက်ထပ်မကွာ နိဗ္ဗာန်သို့ ရောက်ခြင်း

၇။ ဇဟာရော်၊ ပြာဆာဒေ၊ ဗာဟိုင်ရီ၊ ရေဗော်တော်၊ တော်ရီယာစာရီ၊ ကရဘနော်၊ ပြာတီဟောရယ်၊ဇဟာဟောနေ။

ဇဟာရော်၊ လောကသုံးခွင် ပေါ်ထင် ကျော်စော ဂေါ်တမ သခင်ရှင်ချစ်ဗုရား ဟောကြားဆုံးမ ပြောဆိုပြပေသော မြတ်ဓမ္မ အထွေထွေတို့၏။ ပြာဆာဒေ၊ မဂ်ဖိုလ်နိဗ္ဗာန်သုံးတန်တရားထင်ရှားပဘူး မြတ်ကျေးဇူးကြောင့်။ ဗာဟိုင်ရီ၊ ဝေဒနာသညာ သင်္ခါရာ ဝိညာဏ် လေးတန်သောနာမက္ခန္ဓာ တရားအစုတို့သည်။ ရေဗော်တော်၊ သံသရာနှောင်အိမ် ပူရှိန်လောင်ပြင်း ဆင်းရဲခြင်း ဒုက္ခအချိုးချိုးတို့မှ။တော်ရီယာစာရီ၊တကယ်အမှန် ကေန်ပေါက်ရောက်

လွန်မြောက်မသွေ ဖြစ်ခဲ့ချေသည်ရှိသော်။ ဇဟာဟောနေ၊ အရှင်ဘုရားနည်းတူ ကိလေသာ ပရိနိဗ္ဗု။ အတုအပ ယူရခြင်းသည်။ ကရဆနော်ပြာတိဟောရယ်၊ သမ္ဗုဒ္ဓသခင်ရှင်တော်ဘုရား ထံတော်ပါးသို့ ဖဝါးခြေထပ် လေးရပ်ခန္ဓာ လျှင်မကြာဘဲ မြန်စွာရောက်ရပါစေ၏အရှင်ဘုရား။

---

## ရုပ်နာမ်ခန္ဓာခေတ်သစ္စာတရားတို့ကိုစိတ်နှလုံးထည်း၌ အမြဲထားသင့်ကြောင်း

၈။ ဂုရှုမုခေါ် ပတမော်၊ ဗဟိုက်ကျော်၊ ရိဒေါ်ရေ၊ ကော်ရိယာ။
ဣဋ္ဌေဂျ ာ်။ အာရော် မော်နယ်၊ နာကော်ရိဟောအာဆ။

ဂုရှုမုခေါ် ပတမော်၊ သင်းပျံ့ကြိုင်စွာ ပဒုမ္မာ ကြာတိုက်နှင့်တူသော ခံတွင်းတော်မှ ဖြစ်ပေထသော။ ဗဟိုက်ကျော်၊ ရုပ်ခေတ်နာမ်ခေတ် လေးရပ်သစ္စာ ငါးပြာခန္ဓ ပရမတ္ထတရား စကားတို့ကို။ ရိဒေါ်ရေ၊ သူသူငါငါ ခန္ဓာကိုယ်လုံး အကျဉ်းချုံး၍ စိတ်နှလုံးထည်း၌။ ဣဋ္ဌေဂျ ာ်၊ အာရုံထွေထွေ ပွေပွေရှုပ်ရှုပ် မတုန်လှုပ်ဘဲ အဟုတ်ခိုင်စွာ။ ကော်ရိယာ၊ ခေတ်ညဏ်ခပင်း အမြင်လင်းအောင် ချက်ချင်းပြုထိုက်လှပေ၏။ အာရော်၊ အာသဝေါလေးဖြာ ပွားရာပွားကြောင်း မကောင်းသော တောဘူမက သခ်ါရတရားတို့ကို။ မော်နယ်အာဆ၊ ခြောက်ဖြာအာရုံ ကာမဂုဏ်အစွမ်း မြော်ကာတန်း၍ သူသရမ်းတိုင်း။ နာကော်ရိဟော၊ ရုပ်ခေတ် နာမ်ခေတ် လေးရပ်သစ္စာ ငါးပြာခန္ဓ ပရမတ္ထတရား အကျင့်များတို့ စိတ်ထားပေါ့ဖျင်း မေ့လျော့ခြင်းဖြင့် အလျဉ်းပါမျှနေနိုင်စရာ ရှောင်နိုင်စရာ ရှိပါတော့အံ့နည်း။

---

## ရုပ်ခေတ်နာမ်ခေတ်ပရမတ်တရားတို့ကိုကျင့်ကြံသူတို့ လောကီလောကုတ္တရာနှစ်ဖြာအကျိုးပြီးနိုင်ခြင်း

၉။ ဆိရိဂုရှု၊ စော်ရော်နော်၊ ရော်တိ၊ ယေယိလျှစ်။ ဦးတွံမော်
ဂေါ်တိ၊ ဇဗြော်ဆာဒေ၊ ပူရေ၊ ဆော်ရဗွော်အာဆ။

ဆိရိဂူရူ၊ ကျောက်ထီးအတူ လေးမူကော်ရော် ဝေါတွံမူနီအရှင်ဗုရား၏။ စော်ဇရော်နော်၊ ဆုံးမသွန်သင်ကျင့်စဉ်မမှားရုပ်နာမ်ပရမတ်ခတ်တရားတို့ကို။ ရော်တိ၊ နှစ်သက်မြတ်နိုး အတုခိုး၍ ကိုယ်ကျိုးဖြစ်အောင် ကျင့်ထိုက်ပေရာ၏။ ယေယိလျှော်၊ ဤသို့လျှင်စွာ ခတ်သစ္စာနှင့် နှစ်ပြာရုပ်နာမ် တရားမှန်ကို ဇောန်လိုက်၍ ကျင့်ခြင်းကြောင့်။ ဦးတွံမော်၊ ဥတ္တရိမနုဿ ဗုဒ္ဓဗုရား ပြောဆိုကြားသည့် မဟာဂ္ဂတ တရားတော်သည်။ ဝေါတိ၊ မတွေ့မထောက် နိဗ္ဗာန်ရောက်အောင် စောင့်ရှောက်ခြင်းကို ဖြစ်ပေရာ၏။ ဇေ၊ ငါးမာန်အင်ကို အောင်မြင်ပယ်ရှား ဂေါတမသခင် အရှင်ဗုရား၏။ ဖြော်ဆာဒေ၊ မလွဲမှန်ဘို့ ဗောဓိမဂ်ဉာဏ် တန်တန်ကျေးဇူး ဂုဏ်အထူးကြောင့်။ ဆော်ရဗ္ဗော်၊ အလိုရှိလျှင်းမကြွင်းဥဿုံ လုံးစုံတက္ကဖြစ်ကုန်ကြသော။ အာဆ၊ စိတ္တဆန္ဒ ဝိမံသနှင့်ဝီရိယမပြတ်ဇုဒ္ဓိပ္ပါဒ်လေးပါးထိုတရားသည်။ ပူရေ၊ ပြည့်ပြည့်စုံစုံ ကုံလုံကြွယ်ဝ ခဏချက်ချင်းမကြာလျှင်းဘဲ လက်ငင်းတမုဟုတ် ဖြစ်ပေါ်၍သာ ပေါ်ပေါက်၍သာ ပြည့်စုံကြရသတည်း။

— —

## ဖြစ်လေရာဘဝတိုင်းတို့၌မဂ်ဉာဏ်ဖိုလ်ဉာဏ်နှင့်တကွ ကြံတိုင်းပြည့်စုံရန်ဆုတောင်း

၁၀။ ဇိက္ခူဒန္ဓေ၊ ဒိလောဇေယိဇရမြေ ဇရမြေ။ ပဇရော်ဘုဆေယိ ဒိဗ္ဗော်ဂျန္ဓော် ရိဒိ။ ပရကာဆိတော်။

ဇရမြေ ဇရမြေ၊ ဖြစ်လေရာရာသံသရာဘဝတိုင်း၌။ ဝါ၊ စိတ်ကလျှင်မြန်ကြံစည်လေသမျှ ခဏမဆိုင်းတွေးဆတိုင်းတို့၌။ ဇိက္ခူဒန္ဓေ၊ ဆီးမီးထွန်းပြောင် အရောင်ထိန်မှု ဒိဗ္ဗစက္ခု ဉာဏ်မျက်စိတို့ဖြင့်။ ဝါ၊ ခန္ဓာငါးတန် ရုပ်နာမ်သစ္စာ ဝိပဿနာဉာဏ်မျက်စိတို့ဖြင့်။ ဒိလောဇေယိ၊ တထောင့်ငါးရာကိလေသာမှန် မကျန်မကြွင်း ရန်ခပင်းကို အောင်မြင်ခြင်းငှာပေးသနားတော်မူနိုင်ထသော။ ဆေယိ၊လူ,နတ်,ဗြဟ္မာ သတ္တဝါဟု သုံးလူထွန်းထားမြတ်ဗုရားသည်ကား။ ပဇရော်ဘု၊ များသူငါနှင့်နိုင်းရာမတူပရာဘိဘူ သခင်ဗုရားပါပေတည်း။ ဒိဗ္ဗော်

ဂျန္ဒေ၊ အလိုရှိပြန်ကောင်းကြီမှန်က ပါမျှမကြွင်း ထွန်းလင်းသော ဉာဏ်ပညာသည်၊ ရီဒိ၊ ငါးခုခန္ဓာမှန်စွာ ကိုယ်လုံး အကျဉ်းချုံးသည့် စိတ်နှလုံးထည်း၌။ ပရကာဆိတော်၊ ယခုလျှင်စွာ မကြာချက်ချင်း လက်ငင်းလုံလောက် ကွေ့မထောက်ဘဲ ပေါက်ပေါက် ရောက် ရောက် ထမြောက်၍သာ အောင်မြင်၍သာ ဖြစ်ပါရစေသတည်း။

---

## မဟာကရုဏာသမာပတ္တိဉာဏ်တော်ကိုတောင်းခြင်း

၁၁။ ဟာဟာပရေဘု၊ ကော်ရေဒေါ်ယာ-ဒေဝေါ်မော်ယေ။
ပေါ်ဒေါ်ဆာယာ-မယဗြေဇော်ယော်။ ဘူဇော်ကော်။
တြိဗ္ဗုန်ဇွန်နေ။

ဟာဟာပရေဘု၊ လောကသုံးခွင်ထင်ပေါ်လေပြား အိုသခင်ဗုရား။ ပရာဘိဘူ-ကော်ယော်ဒေါ်ယာ၊ သားနှင့်ရန်သူ ထပ်တူထပ်မျှ ကရုဏာသနိုင်သည့် သမာပတ္တိဉာဏ်တော်ကို။ မော်ယေ၊ မင်ဖိုလ်နိဗ္ဗာန် သုံးတန်ချမ်းသာ ကောင်းစွာနှစ်သက် လွန်စုံမက်ကြသောတပည့်တော်တို့အား။ ပေါ်ဒေါ်ဆာယာ၊ခြေတော်ရာသွင် ကျင့်စဉ်မဂ္ဂါဝိပဿနာပညာ အရောင်အရိပ်ကို။ဒေဝေါ်၊ချက်ချင်းကေန် လျှင်လျှင်မြန်မြန် အမှန်ပေးသနားတော်မူပါ အရှင်ဗုရား။ ယဗြေဇော်ယော်၊ ရတနာသုံးတန် ဆက်ဆံမခြား တေဒဂ်ထားပေသည့် ဗု-ရ-ခ ဟူသော နာမတော်ဖြင့် ကျော်စောခြင်းသည်။ တြိဗ္ဗုန်ဇွန်နေ၊ ပြောမဆုံးအင် သုံးခွင်လောကဘုံကိုး၀၌။ ဘူဇော်ကော်၊ တဘက်မမြင်ဘုရင်တပါး ပြိုင်စံရှားအောင် ကျော်ကြား၍သာ ထင်ပေါ်၍သာဖြစ်ရပါစေသတည်း။

---

## ရုပ်နာမ်ခန္ဓာခေတ်သစ္စာတရားတို့ကိုကျက်မှတ်ရ၍ အထူးနှစ်သက်သဖြင့် ထိုပ်ပေါ်၌ရှိသေစွာတင်၍ထားခြင်း

၁၂။ ဇဟာရေ၊ ဆရဗ္ဗော်ပေဗွတော၊ ပေန်ယာနန္ဒေ၊ ပော်ရေ
စေတေ၊ ဇူဂေါ်လော်၊ မော်ဝူရေ၊ ကော်ရာရေမော်။

ဇဟာရော်၊ သုံးလူ့ပရမေ မဟာဆွေသည် ဟော်ချွေမိန့်အစ် ဆုံးမတတ်ပေသော။ဆရဗ္ဗော်၊ ရုပ် နာမ် ခန္ဓာလေးသစ္စာနှင့်အာယ တနာဓာတ် ပဋိစ္စသမုပ္ပါဒ်တို့ကို။ ကော်ရာ၊ ကျက်မှတ်သင်ကြား ပွားများ နှုတ်ဝယ် ရွတ်ဘတ်သရဇ္ဈာယ် ကျင့်ကြံ ရခြင်းသည်။ ဟွေတော၊ ဟဒယတွင် ကြည်လင်ရှိလိုက် ထိကာခိုက်မူ။ စေတော၊ စိတ်စေတသိက် မင်္ဂလိပ်ပြာဗိုလ်လိပ်ပြာ ရုပကာယာ ခန္ဓာအိမ်၌။ ပေါ်ယာနဒွေ၊ လွှန်လွှန်ကြူးကြူး ထူးထူးမပျက် တွေ့နှစ်သက် ခြင်းသည်။ ဟော်ရော်၊ မုချအမှန် ကောန်စင်စစ် ဖြစ်ရလေကုန်၏။ ဇူဝေါ်လော်၊ မဟာကရုဏာ ပညာအဟုတ် ရုပ်နာမ် နှစ်ပါး ဗုရားနှစ်ဆူသည်။ဆရော်မော်၊ ကိုယ်ခန္ဓာတွင် သန့်စင်ကောင်းလတ် သင့်လျော်ပတ်သည့်မြတ်မြတ်ထူးထူးဦးထိပ်အပြင်၌။မော်ရူရော်၊ တဘဝမပျက် မင်္ဂလိုလ်နိဗ္ဗာန် သုံးတန်ချမ်းသာ ကောင်းစွာရအောင် ကျကျနန မြဲမြဲခိုင်ခိုင် မလွဲပိုင်ပိုင် တည်နေတော်မူပါပေသတည်း။

---

### ရုပ်နာမ်ခန္ဓာ ဝိပဿနာတရားကိုကျင့်မှ သံသရာက ထွက်မြောက်ခြင်းရင်းတရားနားမလယ်သူတို့ စုန်းစုန်းမြုပ်ခြင်းအကြောင်း

၁၃။ မာရစော်နော်၊ မောဇွန်နော်၊ ဟော်ရာ၊ ဆာဓု ဆံဃော။ ဩန္နူချော်နော်။ ဠဂ္ဂ၂ န္တော်၊ဩမြဲဗျာ၊ ပေါ်ရာ ဇော်ယော်။

မာရစော်နော်၊ ဒိဋ္ဌိတဏှာ သုံးဖြာမာန ပပဉ္စတရား မရှိသဖြင့် ပကတိ စင်ကြယ်သန့်ရှင်းသော စိတ်တော်လည်း ရှိတော်မူပေ ထသော။ မောဇွန်နော်၊ သီလသမာပညာအစဉ် သမာဓိမဂ္ဂင်လည်း ရှိတော်မူပေထသော။ဆာဓုဆံဃော၊ မြင့်မြတ်လှစွာ အရိယာသခင် ထေရ်အရှင်တို့၏ အပေါင်းဖေါ်သို့။ ဩန္နူချော်နော်၊ ဝိပဿနာ ဉာဏ် ဝေဘန်ပိုင်းခြား ရုပ်နာမ် ပရမတ် ဓာတ်တရားတို့နှင့် အစဉ် မပြတ် နောက်ထပ်ယခု အတုလိုက်၍ ကျင့်ခြင်းကို။ ဟော်ရာ၊ မကွေမကွာ သေသေချာချာ ကောင်းစွာအစစ် ဖြစ်ကြပေရာ၏။

ဣင္ဂ၂ နွေ်၊ ရုပ် နာမ် ခန္ဓာ မလိမ္မာ မကျွမ်းကျင် အမြင်နည်းပါး အန္ဓပုထုဇန်အများတို့သည်။ ဩဗြိုဒျာ၊ ငါးရာတထောင် မိုက်မှောင်များစွာ ကိလေသာခပင်း သူ့လက်တွင်းမှ၊ ပေါ်ရာ၊မပေါ် လုံးလုံး နှစ်ကာဆုံး၍ ရှုံးခြင်းကြီးစွာ ရှုံးကြရရှာလေ၏။ ဩန္ဒူချော်နော်၊ အရိယာနည်း သိပ်သည်းသေချာ တုကာကျင့်ကြ ကလျာဏတို့ သာလျှင်။ ဇော်ယော်၊ ဆင်းရဲလှစွာ ဒိဋ္ဌိတဏှာ ကိလေသာ ထောင်တွင်း ညွှတ်ကျော့ကွင်းမှ ချက်ချင်းဤဘဝ ထမြောက်၍သာ အောင်မြင်၍သာ လွတ်မြောက်ကြရာသတည်း။

---

ရုပ်နာမ်ခန္ဓာတရားတို့ကို ဝတ်တက်ဝတ်ကပ်မပြတ် ပြုကျင့်၍နေသင့်ကြောင်း

၁၄။ ဆိရိတ္တတ် ဂေါ်ဆော်တော်၊ ဆာရှစ်တရော်၊ ပရမော်။
နော်ဗော်ဗြိုထ၊ ဇော်တော်၊ ဆော်ဒါရီ၊ ကော်ရီဘော်၊
ဆူဆစ်ဘော်နော်။

ဆိရိ၊ လွန်လွန်ကြူးကြူး အထူးကောင်းမြတ်သော အနှစ်သာရ လည်းရှိပေ ထသော။ တ္တတ်ဂေါ်ဆော်တော်၊ နရသီဟဆရာ ကောင်းစွာစီရင် ပြုပြင်ရေးသားအပ်သော အာဂဘွတ်ကျမ်း၊ ဘဂဝန္တဘာဘူကျမ်း။ ဘဂဝတိဂီတာကျမ်း၊ ဗုဒ္ဓလီကျမ်းတို့၌။ ဆာရှစ်တရော်၊ သံသရာ ထွက်ကြောင်း ကောင်းကောင်း အဟုတ် လောကုတ္တရာ အနှစ်သာရနှင့် ပြည့်စုံသော။ ပရမော်၊ ပရမတ္ထသဘာဝ ကောင်းမြတ် ထင်ရှားလှပေသည့်။ နော်ဗော်ဗြိုထ၊ ဗောဓိမဂ်ဉာဏ် လေးတန်သစွာ ငါးဖြာခန္ဓ ပဋိစ္စသမုပ္ပါဒ် ဓာတ်တဆယ့်ရှစ် ပွားလစ်ရုပ်နာမ် သတိပဋ္ဌာန်အာယတနာ မဂ္ဂင်ဘာဝနာတို့ကို။ ဇော်တော်၊ ဇာတိ ပုည ဂုဏ်မာနနှင့် လေးဝမဂ္ဂင် လိုချင်တောင့်တ ရှာကြံကြသည့် အာကတမှု များရှင်လူတို့သည်။ ဆော်ဒါရီ၊ ပါဒ်ဗိဇနာ ပြန်ခရာမှ ဘယ်ခါမလပ် အထပ်ထပ်ဖြင့်။ဆူဆစ်ဘော်နော်၊ ရတနာသုံးတန် ဖန်ဖန်အပြီး ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို။ ကော်ရီဘော်၊ ဒိဋ္ဌိသတ္တာ ငါငါကင်းပျောက် ဓာတ်ဉာဏ်ပေါက် အောင် မြောက်မြောက်မြားမြား ရှုကြည့်စား၍ စိတ်ထားပေါ့ဖျင်း

မနေလျှင်းသဲ ချက်ချင်းတမုဟုတ် ပြုလုပ်၍သာ ကျင့်ကြံ၍သာနေ သင့်လှပေသတည်း။

---

## မြတ်စွာဗုဒ်ဓရားသည် သတ္တဝါတို့၏ အသက်သခင် ဖြစ်ကြောင်း

၁၅။ သိရိဂုရု၊ ကော်ရုဏာသိန္ဓု၊ ဩဝွန်မော်၊ စော်ရော်နော်၊
ဗုန္ဓုလူကော်နာထော်၊ လုဇျေရော်၊ ဇိဗ္ဗန်နော်။

သိရိဂုရု၊ ကျောက်ထိုးအတူ လေးမူကော်ရော် ဂေါ်တွံမူနိသခင် ဗုရား၏။ ကော်ရုဏာ၊ သားနှင့်ရန်သူ ထပ်တူတကွ မှန်းချစ်မျှ၍ မဟာကရုဏာသနိုင်သည့် သမာပတ္တိညဏ်တော်သည်။ သိန္ဓု၊မဟာ သမုဒ္ဒရာ ပမာနှိုင်းဆွယ် ကြီးကျယ်လှပါပေ၏။ စော်ရော်ခနော်၊ ခန္ဓာနာမ်ရုပ် သတိပဋ္ဌာန်သစ္စာ အာယတနဓာတ် ပရမတ္ထတရား တို့နှင့်၊ ဩဝွန်မော်၊ ဩဃလေးဖြာ သံသရာမှာ ခါခါနစ်မြုပ် ဝဲဇလုပ်မှ အဟုတ် ထွက်ရန် ကြံဖန်လှေ့လာ အဖြာဖြာသော သူတော်ကောင်းတို့၏။ ဗုန္ဓု၊ အငွမဟာ ငါးဖြာဗုဒ္ဓ သာဝကတို့၏ မှုချမသွေ ဆွေမျိုးအစစ်ပါပေတည်း။ လူကော်နာထော်၊ လောက သုံးတန် ဖန်ဖန်ထပ်ထပ်တောင်းပန် အပ်သော အို....လောကနာထ သခင်ဗုရား၊ လုဇျေရော်၊ သံသရာ ထွက်ကြောင်း မဂ်လမ်း ကောင်းနှင့် အတောင်းပန် ခံနိုင်ကြသော သတ္တဝါဖို-မ, ခေါ်ဆို ကြသည့် ပြောပြမပြီး လူလောကကြီး၏။ ဇိဗ္ဗန်နော်၊ ဒုက္ခတန်တန် ဖြစ်ပျက်မှန်သည့် ရန်မာန်ခပ်သိမ်း အကုန် ငြိမ်းရသဖြင့် မှုချကောန် အမှန်မပျက် အသက်သခင်ပါတည်း။

## ရုပ်နာမ်ပရမတ် ဓာတ်တရားတို့ကို လည်ဥ္ဆဲ့ထားသော ပုလဲကုံးကဲ့သို့ အမြဲကြင့်သုံးဘို့အကြောင်း

၁၆။ ဗြိရင်မော် တွိုတွို၊ ရိတိဇော်တော်၊ နိဇော်ကဈော၊ ယေယိ
ဗျေဒေါ်ကော၊ လက္ခိယာဆေး၊ ဒုရိမဟတ်ဇော်နော်။

ဗြိရင်မော်တွိုတွို၊ နရတုံမော်ဒါ ဆောဆရာ ကောင်းစွာ စီရင် ပြုပြင်အပ်ပေသော ပြင်တွိုတွိုကျမ်း ပရမပီတိမည်သော ကျမ်းတို့၌။

ရီတိဇော်တော်၊ ပဋိပတ်ကျင့်စဉ် မဂ်ဝင်,ဖိုလ်ဝင်, နိဗ္ဗာန်ဝင် တရား ရုပ်နာမ်ခန္ဓာစကားတို့သည်။ နိဇော်တော်၊ ဒိဋ္ဌိတဏှာ ကိလေသာ တရား ပျက်စီးသွားအောင် လိုလားစုံမက် နှစ်သက်ကြ ကုန်သော သူတော်ကောင်း တို့၏။ ကဗျော်၊ နှစ်နှစ် သက်သက် မပျက်အမြဲ လည်၍ဆွဲသော ပုလဲကုံးသဖွယ်ပါပေတည်း။ ယေယီ၊ စင်စစ်ဧကန် ဝေဘန်ပိုင်းခြား အမှန်မုချအားဖြင့်။ ဗျေဒေါ်ကော့်၊ မိမိတို့ဘာသာ အက္ခရာဖြင့် စာစောင်ကျမ်းဖွဲ့၍။ ဒူရီမဟတ်ဇော်နော်၊ ရှင်ဇတော် ဗုရား ဟောကြားဆုံးမ ပြောဆိုပြပေသည့် ပရမတ္ထတရား လေးပါး သစ္စာ အာယတနာဓာတ် ပဋိစ္စသမုပ္ပါဒ် စကားတို့ကို။ လဏ္ဍီယာ ဆေး၊ လက္ခဏာသုံးအင် မထင်, ထင်အောင် ဆင်ခြင် ထပ်ထပ် ခါမပြတ်ဘဲ စွဲမှတ်၍သာ ကျင့်သုံး၍သာ နေထိုက်လှပေ သတည်း။

---

### နိယတသရဏဂုံတည်သော ပုဂ္ဂိုလ်များ နတ်မိစ္ဆာများကိုမပူဇော် စင်စစ်အားဖြင့် နိဗ္ဗာန်ရကြောင်းပရမတ္ထ တရားတို့ကိုသာ ကျင့်ကြံကြသည့် အကြောင်း

၁၇။ ဆာဒုဆံဃော၊ ကရှနော်ဆယ်ပါ၊ နာပူဇိပေါ၊ ဒေဗြိဒေဗာ
ယေယီတ္တိတ္တိ၊ ပေါ်ရော်မော်၊ ကာရော်နော်။

ကရှနော်ဆယ်ပါ၊ ရတနာသုံးတန် ပန်ဆင်ညွတ်တွား ဦးထိပ် ၌ထား၍ပြီးသော။ ဆာဒုဆံဃော၊ ခန္ဓာရုပ်နာမ် ဝေဘန်ပိုင်းခြား ရှုစားလေ့လာကြသော သူတော်ကောင်း တို့သည်။ ဒေဗြိဒေဗာ၊ ခြောက်ဆယ့်နှစ်ဖြာ မှားရာမှားကြောင်း နတ်မိစ္ဆာအပေါင်းတို့ကို။ နာပူဇိပေါ၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးမပူဇော်ကြ လေရာ။ ယေယီ၊ စင်စစ်ဧကန် အမှန်မုချအားဖြင့်။ တ္တိတ္တိ၊ ဒိဋ္ဌိတဏှာကိလေ သာကို ကောင်းစွာ အောင်မြင်တတ်သဖြင့် မြတ်လှစွာသော။ ပေါ် ရော်မော်၊ ရုပ်နာမ်ခန္ဓာသစ္စာ အာယတန ပရမတ္ထတရား အစုတို့ သာလျှင်။ ကာရော်နော်၊ မဂ်ဖိုလ်နိဗ္ဗာန် ရရန် ရကြောင်း ဆုပန် တောင်းကြသည့် သူတော်ကောင်းမှန်သမျှ ပြုကြောင်း ဧကန် ကျင့် ကြောင်းအမှန် ဖြစ်ပါပေတော့သတည်း။

## မဇ္ဈိမကျင့်စဉ် ပဂ္ဂင်ရေကျော မျှော၍ လိုက်သင့်ကြောင်း

၁၀။ ဆာရ၊ ဆာဆစ်ထရော်၊ ဂူရူဗဟိုက်ကျော်၊ ရိဒွေယေကော်ရိယာ ဇုဂ္ဂေ့ကျော်၊ ဆော်တော်ထော်၊ ဗာဆီပေါ်၊ ပရင်မော်မာဒေဆဲ့။

ဆာဆစ်ထရော်၊ ခြောက်ဖြာ အာရုံ လုံးစုံတွေ့လျှင် ချစ်ခင်မုန်းတယ် နှစ်ရပ်ဘယ်ဟာ မရောက်ပါဘဲ အပြစ်မကူ လျစ်လျူသာရှု ဥပေက္ခာအစုတို့နှင့်ယှဉ်သော။ ဝါ၊ သဿတ ဥစ္ဆေ နှစ်ထွေဘယ်ညာ သက္ကာယခပင်း အကုန်ကင်းကုန်သော။ ဆာရ၊ တရားအမြိုက် နှစ်မြိုက်ရသော မဟာသုဒ္ဓါဘုတ်ဖြစ်ပေသော။ ဂူရူဗဟိုက်ကျော်၊ကျောက်ထိးအတူလေးမူကော်ရော်ဂေါ်တ္တံမူနီအရှင်ဗုရား၏အမိန့်တော်ကို။ ရိဒွေယေ၊ ခြောက်ဖြာအာရုံ လုံးစုံ သိမ်းချုံး စိတ်နှလုံးထည်း၌။ ဇုဂ္ဂေ့ကျော်၊ မတုန်မလှုပ် အဟုတ်ခိုင်စွာ။ ကော်ရိယာ၊ သေသေချာချာ ကောင်းစွာမလပ် တပ်အပ်အမှု ပြုသင့် ပေရာ၏။ ဆော်တော်ထော်၊ ပါဒ်ဗိဇနာ နာရီ,မိနစ် မလစ်မလပ် ခြားမပြတ်ရအောင်။ ပရင်မော်မာဆေ့၊ ရုပ်ဓာတ်, နာမ်ဓာတ် ပရမတ်တရားရှစ်ပါး မဂ္ဂင်ရေအယဉ်၌။ ဗာဆီပေါ်၊ လေးပါးပါယ်ရွာ များသူငါတို့ မကြာချက်ချင်း လွတ်မြောက် ကင်းအောင် လက်ငင်းဒိဋ္ဌပြုကျင့်၍သာ ကျင့်ကြံ၍သာ မျှောလိုက်ကြရာ့သတည်း။

---

## ကာမသုခလ္လိက အတ္တကိလမထ အယုတ်တရားနှစ်ပါးကို ပရမတ္ထတရားနှင့် ပယ်သင့်ကြောင်း

၁၉။ ကရမြိဂျန္ဒိ၊တ္တိတ္တိဟိနော်၊ ဇုဟာတ္တေ၊ ကော်ရိဘော်ပရင်မော်၊ နော်ရော်တ္တံနော်၊ ယေယီတတ္တော်ဂါစေ။

ဂျန္ဒိတ္တိတ္တိ၊ လေးဖြာဥပါဒါန် ဒိဋ္ဌိဇုကမ္မည၏ကြောင့် ဖြစ်ကြပေကုန်သော။ဝါ၊သံသရာထွက်ကြောင်း လမ်းကောင်း လမ်းမှန် ဧကန်မသိ၍ဖြစ်ပေကြကုန်သော။ ကရမြိ၊ဒါန,သီလာ ဘာဝနာဖြင့် ဆယ်ဖြာပုည ကုသလတရားတို့ကို။ ဟိနော်၊ကာမသုခလ္လိက အတ္တကိလ

မထ ဒုက္ခများသည့် ယုတ်စွတရား အမှားစင်စစ် ကောန်ဖြစ်၍ စွန့်ပစ်ပယ်ရှားပြီးလျှင်။ဝါ၊သဿတ ဥစ္ဆေဒ ထွေထွေဘန်တန် ဖန်ဖန် မယွင်း ကောန်မကင်းသဖြင့် ချက်ချင်းပယ်ရှားပြီးလျှင်။ ဇုဟတ္တေ၊ ဤမုရားသာသနာဝါးထောင်မှာလျှင် ပယ်ရာတရား ပွားရာတရား ခွဲခြားဝေဘန် ပရမတ်ဉာဏ်ဖြင့် အမှန် ဟည်ရှိသော အခါ၌။ ပရင်မော်၊ မင်္ဂဖိုလ်နိဗ္ဗာန် ရရန်အကြောင်း ကောင်းခြင်းဆင့်ပွား ပရမတ္ထတရားတော်ကို။ဝါ၊ ရုပ်နာမ်ခန္ဓာ အာယတန ပဋိစ္စ လေးဝ သစ္စာ ပရမတ္ထဒေသနာကို။ ကော်ရိအော်၊ မသွေအဟုတ် နောက် မဆုတ်ဘဲ အားကုန်ခဲ၍ အပြုကျင့်ကြရာ၏။ နော်ရော်ဟွံနော်၊ အရိယာဟူ နိဗ္ဗာန်ယူသည့် သူတော်ကောင်းဖြစ်သော နရသီဟ ကျမ်းပြုဆရာသည်။ ယေယိ၊ စင်စစ်အညီ တပသီ ဇာမရိ မေခဝိ ပုဂ္ဂိုလ်တို့၏ အကျင့်ဖြစ်ကုန်သော။ တစ္တော်၊ ထိုသို့သစ္စာလေးပါး ခိုင်ခံ့ပြားသည့် တရားပရမတ်အကျင့်မြတ်တို့ကို။ဂါစေ၊နောက်သား နောင်လာ သတ္တဝါအများ နိဗ္ဗာန်သွားရအောင် ရေးသား၍သာ စီရင်၍သာ ထားခဲ့ပါပေသတည်း။

---

### လောကီသင်္ခါရတရား ၃-ပါးကိုပယ်ဖြတ်၍ ပရမတ္ထရုပ်နာမ်တရားကို ကျင့်ကြံပွားများသင့်ကြောင်း

၂၀။ ဇုညော်သြဗြီလာ၊ ယေယိဆော်ရိ၊ ဂျန္တော်-ကရမော်ပေါ်ရိ ဟော်ရိ၊ ကာယော်မော်နယ်၊ ကော်ရိအော်၊အော်ဇွန်နော်။

ဇုညော်၊ ဒိဋ္ဌိတဏှာ သုံးဖြာမာန ပပဉ္စတရားတို့ ဦးစီးစီရင်အုပ် ထသော။ ဂျန္တော်ကရမော်၊ ဆယ်ဖြာပုည အာနေဉ္ဇနှင့် ပါပအမှု သင်္ခါရတရားအစုတို့၌။ သြဗြီလာ၊ ကပ်ကပ်ကုတ်ကုတ် အမြဲဆုပ်၍ ပြုလုပ်ချင်တတ်သော အလိုဆန္ဒကို။ ဆော်ရိ၊ အဆောလျှင်မြန် ပညာရှိထံနည်းကိုခံ၍ အမှန်ပယ်ဖျောက်ကြရာ၏။ ယေယိ၊ စင်စစ် ကောန် ဝေဘန် ပိုင်းခြား အမှန်မုချ အားဖြင့်။ ပေါ်ရိဟော်ရိ၊ ငှက်ပျောပင်စိုက်မိလိုက်(ဘဲ)လာ ဓမ္မတရား မိစ္ဆာမှားကို ပယ်ရှား

သပ်သပ်အကုန်ဖြတ်၍။ ကာယော်မော်နယ်၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးခု ပေါင်းစုတုံလတ် ပရမတ်ကို။ အော်ဇွန်နော်၊ပိုင်းခြားဝေဘန် ဖန်ဖန်မလပ် ဉာဏ်မှာကပ်၍ တပ်အပ်ဖြောင့်စွာ။ ကော်ရီအော်၊ ဒိဋ္ဌိသက္ကာ ပြတ်ကွာကင်းဘိ သောတာပတ္တိ မဂ်ဉာဏ်ထိအောင် မိမိရရပြုကျင့်၍သာ ပယ်ရှား၍သာနေလိုက်ကြရာသတည်း။

---

## မြတ်စွာဘုရား၏တရားတော်သည်မြေစိုင်မြေမာ၌<br>ပေါက်ရောက်သော<br>သစ်ပင်ကြီးနှင့်တူကြောင်း

၂၁။ ဇော်ယော်၊ အော်နာတုံနော်၊ ရူပေါ်၊ ပြိရင်မော်တ္တိတ္တိ။
ရော်ဆော့ကူပေါ် ဇူဂေါ်လော်၊ ဥရဇော်လော်၊ မော်ရော်
တော်နု၊ ဇဟာရော်၊ ပြာဆာဒေ။ ။လူကော်၊ ပါဆော
လိလော-ပရော်ကော်တော် ကမ္ဗတြူ၊ ဇော်နု။

ဆော်နာတုံနော်ရူပေါ်၊ နရတုံမော်ဒါဆော အမည်ရှိသော ဆရာသည်။ ပြိရင်မော်တ္တိတ္တိ၊ နိဗ္ဗာန်လိုချင် သူတော်စင်တို့အလွန်ပင် နှစ်သက်ဘွယ်ရာရှိသော ပရမပီတိကျမ်း၌။ ကူပေါ်၊ လူမိုက်နှင့်သာ သေသေချာချာ မတန်ပါ၍လျှို့ဝှက်ကာထားအပ်သော။ဇော်ယော်၊ ဒိဋ္ဌိတဏှာကိလေသာကိုအောင်ရာအောင်ကြောင်းဖြစ်ပေထသော။ ဇူဂေါ်လော်၊ မဂ်ဖိုလ် မဂ်လမ်း ဖြောင့်တန်းထင်ရှား ဟောကြားသုံးမနိုင်သော ရှင်တော်ဗုရား၏။ ရော်ဆော်၊ ဝိမုတ္တိရသဓမ္မအနှစ် တရားစစ် အကျင့်တို့ကို။ ဇာနိလေ၊ မုချမသွေ ဉာဏ်နှင့်မွေ့သဖြင့် သေသေချာချာသိနိုင်ပေရာ၏။ ဇဟာရော်၊ သမ္ဗုဒ္ဓသခင် ရှင်တော်ဗုရား ဟောကြားသုံးမ ပြောဆိုပြုပေသော။ ပြာဆာဒေ၊ မဂ်ဖိုလ် နိဗ္ဗာန် ရရန်လုံးစုံ ဂုဏ်တော်အထူး မြတ်ကျေးဇူးကို။ ပါဆောလိလော၊ ခြောက်ဖြာအာရုံ ကာမဂုဏ်အတွက် ဝင်နှိပ်စက်သဖြင့် သက်သက်မေ့လျော့၍ နေကြကုန်သော။ လူကော်၊ သတ္တဝါဗိုမ ခေါ်ဆိုကြသည့် ပြောပြမပြီး လူလောကကြီး၌။ ဆွတ်ရဇော်၊ ဒုက္ခတန်တန် ရန်မာန်မငြိမ်း ခပ်သိမ်းသော သတ္တဝါတို့၏။ ဇော်နူ၊

အစဉ်မပြတ် ထပ်ထပ်ညွတ်ကျိုး မြတ်နိုးသဖြင့် ကိုးကွယ်ရာပါပေတည်း။ ဥရဇော်လော်၊ အကြိမ်တရာလျှော်ကာဦးပြီး ရွှေတောင်ကြီးသွင် ကြည်လင်ထွန်းပြောင် ကိုယ်တော်ရောင်လည်း ရှိပေထသော။ ဇူဝေါ်လော်၊ မင်္ဂလမ်း ဖိုလ်လမ်း ဖြောင့်တန်းထင်ရှား ဟောကြားဆုံးမနိုင်သော ရှင်တော်ဗုရားသည်။ ကမ္ဘုတြူ၊ မြေခိုင်မြေမာပေါက်ရောက်လာသည့် ဝေဆာအထူး ကမ္ဘာဦး သစ်ပင်ကြီး၏။ ဂရော်ကော်တော်၊ အကိုင်းအခက် အရွက်ပွင့်ငုံလုံးစုံအပြီးကြီးပွား စည်ကားသော။ ဇော်နူ၊ များလူခိုဝင် အစဉ်နေနားချမ်းသာပွားကြသည့်တရားအမြတ် မပြတ်အစဉ် ပရမတ်အပင်ကြီးပါပေတည်း။

---

သူတော်ကောင်းများတရားကျင့်ရန်ရှေ့နောက်
ဆင်ခြင်၍ရှေ့အရိယာတို့လမ်းကိုလိုက်ပုံ

၂၂။ မဟတ်ဇော်နေဉ် ဇေယီပေါ်ထော်- တာထေဟော်ဘော် ဩနုရော်တော်၊ ပွ၂ပွါ ပေါ်ရော်၊ ကော်ရိဟာ- ဗြိဇာရော်။

မဟတ်ဇော်နေဉ်၊ ရဟန်းရှင်လူ မည်သူမဆို ထိုထိုသော ယောကျ်ားမြတ်မိန်းမမြတ်တို့သည်။ ဇေယီပေါ်ထော်၊ ကိလေသာကို အောင်ရာ အောင်ကြောင်း တရားကောင်းလမ်းခရီးဖြင့်။ တာထေဟော်ဘော်၊ ဖြောင့်တန်းစေန် အမှန်မလွဲ အမြဲလိုက်လိုသည်ရှိသော်။ ပွ၂ပွါပေါ်ရော်၊ ရှေ့နောက်နှစ်တန် ပုဗ္ဗပရံတို့ကို။ ဗြိဇာရော်၊ တွေးတောသမ္ဘဇဉ် ဉာဏ်အမြင်နှင့် ဆင်ခြင်စဉ်းစား၍။ ဩနုရော်တော်၊ အရိယာနည်း နိသျှည်းဖြင့် သိပ်သည်းသိုက်မြိုက် အစဉ် တစိုက် လိုက်ခြင်းကို။ ကော်ရိယာ၊ သောတာပန်အစ အရဟတ္တအထိ မိမိရရ ဖြစ်နိုင်ကြအောင် ကျကျနန ဆင်ခြင်၍သာ စဉ်းစား၍သာပြုကျင့်လိုက်ကြရာသတည်း။

---

### နာမ်ရုပ်တို့ကိုမြင်အောင်ရှုမည့်အကြောင်း

၂၃။ ဆာဒ္ဒုန်နော်။ အရှစ်မော်ရော်နော်၊ ယီလာ-ယိဟာတကေ။
နာကော်ရီဟော၊ဟျိုလာ ကာယော်မော်နယ်။ ကော်ရီယာ၊
ဆုဆာရော်။

ဆာဒ္ဒုန်နော်၊ ပရမတ်ရုပ်နာမ်ဝေဘန်ပိုင်းခြားမြတ်တရားတို့ကို။ အရှစ်မော်ရော်နော်၊ မနောစိတ်တည်ရာခန္ဓာကိုယ်တွင်းမလစ်ဟင်းအောင် သွင်းထားပြီး၍။ ယီလာ၊ ခိုင်ခိုင်မြဲမြဲ စွဲစွဲအသင့် တင့်တင့်တယ်တယ်။ကော်ရီယာ၊မဂ်ဖိုလ်နိဗ္ဗာန်ရရန်ရကြောင်းကောင်းစွာပြုထိုက်လှပေ၏။ ယိဟာတကေ၊ရုပ်နာမ်အစဉ်ထင်ထင်ရှားရှားမြင်ငြားမယုတ် အဟုတ်အားထုတ်ဆဲ၌။ ဟျိုလာ၊ စိတ်ကိုလျှော့၍ ပေါ့ပေါ့ရော့ရော့။ နာကော်ရီဟော၊ မပြုထိုက်ပေရာ။ ကာယော်မော်နယ်၊ ကိုယ်စိတ်နှစ်ပါး၌။ဆုဆာရော်၊ခန္ဓာရုပ်နာမ်ဝေဘန်ပိုင်းခြားတရားအစစ်ပရမတ်အနှစ်ကို။ ကော်ရီယာ၊အဟုတ်မသွေ အမြဲနေအောင်ကောန်တည်မှု စိုက်ရာဖြင့်ပြုပြုစုစု ယခုလျင်စွာနေ့ညဉ့်မကြာ ပြုထိုက်ကြရာသတည်း။

---

### သင်္ခါရတရားပယ်ပြီးမဂ်ဖိုလ်တရားကျင့်ရန် ပညာရှိများသောအရပ်၌နေရခြင်း

၂၄။ ဩဆော်တော်၊ ဆံကူတိဆော်ဒါ၊ ဒျာဘော်ကော်ရော်။
ဍူညော်ဂျိတာ။ ကရမြိဂျန္တိ၊ ပူရိဟောရိ- ဒူရေကျယ်ဗော်
လယ်၊ ဘောဂေါတ်။ ဆံဃောပရင် တ္တတ္တိပူရေ၊ ရော်ဆ
ရင်္ဂေါ၊ ပရဇော်ပါဆိ။

ဩဆော်တော်၊သံသရာထွက်ကြောင်းတရားပေါင်းကို ကောင်းကောင်းသင်ပြ ဆုံးမနိုင်သောသူကို။ ဆံကူတိဆော်ဒါ၊ မပြတ်မလပ်ထပ်ကာထပ်ကာ ပေါင်းဖေါ်မိခြင်းကြောင့်။ ဍူညော်၊ ဒိဋ္ဌိတဏှာအဝိဇ္ဇာမာန လှည့်ဖျားသွေးဆောင် ကြသည်ဖြစ်၍။ ဂျိတာ၊ မိရိုးဘလာသံသရာမှာမှားတာရှေ့လှတောဘူမိက တရားတို့ကို။ ဒျာဘော်ကော်ရော်၊ ယခုဗုဒ္ဓရားသာသနာမှာ တခါတည်း စွန့်လွှတ်လိုက်ကြ

ပေရာ၏။ကရမြိုဂျန္ဒီ၊ ပုညကြိယာဆယ်ဖြာကုသိုလ်ထိုထိုတရားတို့၏။ ပူရိဟောရိ၊ ယုဝအဆက်ဆက် မပျက်လေ့လာ ဆည်းပူးဖြည့်ကျင့်ခြင်းကို။ ဒူရေ၊ ဝေးစွာရှောင်ကြဉ်လိုက်ကြပေရာ၏။ကျယ်ဖော်လယ်၊ သံသရာလမ်း နယ်စခန်းမှ ထွက်လမ်းကို အလိုရှိကြကုန်သော။ သောဂေါတိ၊ ဒုက္ခကိုမြင် ကိုယ့်ဘဝကိုယ်တော်ချင်သည့်သူတော်စင်အပေါင်းတို့၏။ ဆံဃော၊ ဒိဋ္ဌိတဏှာ ကိလေသာကို ပယ်ရာပယ်ကြောင်း ဖြစ်ပေသော။ ပြင်တွတ္တိ၊ ရပ်နာမ် ခန္ဓာသစ္စာဓာတ်တရားတွတ္တိကိုးပါးကို။ ရော်ဆရင်္ဂ၊ ဝမ်းမြောက်နှစ်သက် မပျက်သဲစွဲအမြဲပြုကျင့်ပေရာ၏။ ပရဇော်ပူရေ၊ ကလျာဏအပေါင်း သူတော်ကောင်းတို့ ကိန်းအောင်း မွေ့လျော်သောအရပ်၌။ ပါဆိ၊ တမဂ်တဖိုလ် ရလိုရကြောင်း တရားကောင်းတရားမြတ် ပရမတ်ဓာတ်တို့ကို မပြတ်မလပ် ထပ်ကာထပ်ကာ မေးမြန်း၍သာ နေလိုက်ကြရာသတည်း။

---

## လူမိုက်များနှင့်မိတ်ဆွေအဖြစ်ကိုယူကြတာပယ်၍
## ဗုဒ္ဓ၏တရားတော်ကိုကျင့်ရန်

၂၅။ ဇူဂျီနာဇီ၊ ကရမြိုဂျန္ဒီ-ဇူညော်ဒေဗော်၊ ပူဇော်ကော်ဟျိန္ဒီ။ ဇူဟောလုကြေ ရေမော် ကရမော်၊ ဒုခေါ်ဆုခေါ် ဇေဗာထပ်ကြေ။ ဆာရီဗော်ဇွန်၊ဂျီရီပေါ်ရေ၊ ဟျီရီ။

ဇူဟောလုကြေ၊သတ္တဝါမိုလ်မထိုထိုမျှတို့ပြောပြမပြီး၍လောကကြီး၌။ ဇေဗာ၊ တော်လျော်စွာ လူဖြစ်လာ၍ ခန္ဓာ အာယတန ပဋိစ္စဓာတ်ပရမတ်ကိုတပ်အပ်ထင်ထင်မကျွမ်းကျင် မလိမ္မာကြသောသူတို့သည်။ ထပ်ကြေ၊မပြတ်မလပ်အထပ်ထပ် ပြုလုပ်ကြကုန်သော။ ဇူဂျီနာဇီ ကရမြို ဂျန္ဒီ၊ ရသေ့ဇော်ဂီတပသီတို့ကြံစည် လေ့လာ မိစ္ဆာညဏ်ဖြင့်။ ဇူညော်ဒေဗော်၊ ၃၇-ဖြာ ဗော်ဓိဒျာ နတ်မင်းကို။ ပူဇော်ကော်ဟျိန္ဒီ၊ အကြီးအကျယ် အသွယ်သွယ်ဖြင့် ဆန်းကြယ်စွာ ပူဇော်ခြင်းတို့သည်။ ဒုခေါ်ဆုခေါ်၊ ဆင်းရဲချမ်းသာ ထိုနှစ်ဖြာတို့ဘယ်ခါမကင်းသဖြင့်။ရေမော်ကရမော်၊ကာမသုခလ္လိက အတ္တကိလ

မထ အယုတ်တရားနှစ်ပါးပါပေတည်း။တစ္ဆေ၁၊ထိုသို့နတ်မိစ္ဆာကို ကောင်းစွာကိုးကွယ် သွယ်သွယ်ပြုလုပ်ခြင်းကို။ ဆာရီ၊ ဆောလျှင်မကြာ အခါခါဖြင့် ပယ်ကာစွန့်ပစ်လိုက်ကြရာ၏။ ဂျီရိပေါ်ရေ၊ ကျေးဇူးသခင် ချစ်ရှင်မြတ်ဖျား ဟောကြားဆုံးမတော်မူအပ်သော။ ဟျူရီ၊ ဝိပဿနာဉာဏ် ဝေဘန်ပိုင်းခြားရပ်နာမ် ပရမတ်ဓာတ်တရားတို့ကို။ မော်ဇွန်၊ စိတ်မှာအစဉ် ဆင်ခြင်အောက်မေ့ တစေ့စေ့ဖြင့် နေ့စဉ်မကွာ နှလုံးသွင်းကာပြုကျင့်လိုက်ကြရာသတည်း။

---

ဗုဒ္ဓါးဖူးသွားသူတို့ဗုဒ္ဓါးမတွေ့ကာမဂုဏ်မွေ့ခြင်း

၂၆။ တြိထော။ စာတြာ။ ပေါ်ရီဆော်ရမော်၊ ကြယ်ဘော်လယ်၊ မော်နယ်ရော်။ ဖြဟွော်။ ဆရဇ္ဇော်ဆိဒ္ဒိ။ ဂေါ်ဗြိထော်။ စော်ရော်နော်။

စာတြာ၊လျှပ်ပေါ်လော်လည်မတည်ကြည်သောစိတ်ရှုံးစိတ်မိုက်ရှိကြကုန်သည်ဖြစ်၍။ တြိထော၊ အဝေးအနီး ကြီးကြီးကျယ်ကျယ် သွယ်သွယ်များပြား ရတနာသုံးပါး ဗုဒ္ဓါးဖူးသွားကြသော သူတို့သည်။ ပေါ်ရီဆော်ရမော်၊ စရိတ်ကုန် ကိုယ်နွမ်းရော်ကာရမ်းရ၍ ပင်ပန်းကြောင်းသာဖြစ်ကြလေကုန်၏။ကြယ်ဘော်လယ်၊ မုချကေန် အမှန်စင်စစ်အားဖြင့်။ မော်နယ်ရော်၊ ဝေဒနာသညာ သင်္ခါရ ဝိညာဏ် လေးတန်သော အာရုံများသည်လည်း။ ဖြဟွော်၊ ဗုဒ္ဓါး, တရားအစစ်များကို လားလားမတွေ့ ကာမဂုဏ်မွေ့၍ ယနေ့တိုင်ပေ တွေ့ဝေကြလေ၏။ ဆရဇ္ဇော်၊ ကြံသမျှချက်ချင်း မကြွင်းဥဿုံ အလုံးစုံသော။ ဆိဒ္ဒိ၊ စိတ္တဆန္ဒ ဝီမံသနှင့် ဝီရိယမပြတ် ဣဒ္ဓိပါဒ် လေးပါး ပြည့်စုံငြား၍ လိုကားမရှိ ပြီးဘိအောင်မြင် များဖြင်ဖြင်တို့သည်။ ဂေါ်ဗြိထော်၊ ဂေါတမသခင် ချစ်ရှင်မြတ်ဖျားဟောကြားပေသည့်။ စော်ရော်နော်၊ ငါးပါးခန္ဓာ နှစ်ဖြာရုပ်နာမ် သတိပဋ္ဌာန် သစ္စာ အာယတနဓာတ် ပဋိစ္စသမုပ္ပါဒ် ပရမတ်အနှစ် တရားအစစ် အကျင့်မြတ်ပေတည်း။

## မာနဣဿာတရားကိုပယ်၍ ဝိပဿနာပွားသင့်ကြောင်း

၂၇။ ဩဟော ဗြိဿာသော၊ ရိဒိကော်ရိ မော်ဒေါမာ၊ ရေစော်၊
ဒေါရိယောရိ ဆော်ဒါကော်ရော်၊ဇုညော်၊ ဗော်ဖွန်နော်။

မော်ဒေါမာ၊ ငါကောငါကား ငါတကားဟု ထောင်လွှား မောက်မို မာနဆိုသော တရားကိုဂုဏ်း။ စရေစော်၊ သူတပါးကို စောင်းချိတ်ဆို၍ မလိုမုန်းကြောင်း မျက်စောင်းထိုးတတ် မမြတ်တရား အကျင့်များတို့ကိုဂုဏ်း။ ဒေါရိယော်ရိ၊ အဟုတ်ကေန် အမှန် ပယ်ဖျောက်ပြီး၍။ ဩဟော၊ မမေ့မလျော့ မပေါ့မတန် မြဲမြံခိုင်ခံ့ စွာဖြင့်။ ဗြိဿာသော၊ ဝိပဿနာဉာဏ်လျှင်မြန်ချက်ချင်း သက်ဝင် ခြင်းကို။ ရိဒိ၊ ခန္ဓာကိုယ်လုံး အကျဉ်းချုံးသည့် စိတ်နှလုံးထည်း၌။ ကော်ရိ၊ မပြတ်မလပ် တပ်တပ်ခွခွ ကျနသေချာ ပြုကြရာ၏။ ဗော်ဖွန်နော်၊ ရုပ်ဓာတ်နာမ်ဓာတ် ပရမတ်မှတပါး ပြင်ဗာဟိရ တရားတို့ကို။ ဩဇုညော်၊ အဝိဇ္ဇာအမိုက် သူ့အကြိုက်ကို စိုက်စိုက် စိတ်မှာ လိုက်မပါရအောင်။ ဆော်ဒါကော်ရော်၊ မြင်ကြွားနံလျက် ခြောက်ချက်အာရုံ လုံးစုံတရား ရုပ်နာမ်ထား၍ ထင်ရှားအောင်သာ မြင်ငြားအောင်သာ ရှုကြည့်အပ်ပေသတည်း။

---

## ရုပ်နာမ် ခန္ဓာ တရားတို့ကို ကျင့်သောသူသည် မင်းပေါင်းတကာတို့ထက်မြတ်ကြောင်း

၂၈။ စံစော်ရော်၊ အရှစ်မော်ရော်နော်၊ ချီဟံနော်၊ နော်ဗော်
တွတ္တိ၊ မဟတ်ဂျနွှော် ယေယီတွတ္တိ ပေါရော်မော်၊ ကာ
ရော်နော်။

စံစော်ရော်၊ မမေ့မလျော့ မပေါ့မတန် မြဲမြံခိုင်မြဲလှစွာသော။ အရှစ်မော်ရော်နော်၊ မြူညစ်မတင် ဖြူစင်သန့်ရှင်းတကယ်ကင်းသော စိတ်ဝိညာဉ်ဖြင့်။ ချီဟံနော်၊ အောက်မေ့အပ်စဉ် ဉာဏ်အမြင်ဖြင့် ဆင်ခြင်နှလုံးသွင်းအပ်သော။ နော်ဗော်တွတ္တိ၊ ဓမ္မက္ခန္ဓာ အင်္ဂါ ကိုးမည်သုံးလီသိက္ခာဝိပဿနာဓာတ်ပရမတ်တရားတို့သည်။မဟတ် ဂျနွှော်၊ မဟာပုရိသအာဇာနည်၏ လုံ့လအားကိုးဉာဏ်တန်ခိုးတို့ပါ

ပေတည်း။ ယေယိ၊ မုချကေန် ပရမတ်ဉာဏ်ဖြင့်အမှန်စင်စစ်မူကား။ ဝတ္တိ၊ သူဘော်ကောင်းမှန်သောတာပန်တို့ကျင့်ရန်လမ်းကို မဂ်ဖိုလ် နိဗ္ဗာန်တရားမှန်ကို။ ကာရော်နော်၊ သင်အံ့လေ့ကျက် မပျက်အမှု ပြုကျင့် ဆည်းပူးကြသော သူတို့သည်။ ပေါရော်မော်၊ လူ, နတ်, ဗြဟ္မာ သတ္တဝါခပင်း ပြိုင်ဘက်ကင်းရသည့် သောင်းတိုက်တွင်းမှာ မင်းပေါင်းတကာတို့ထက် အဆဘထောင် မကလေအောင် အမြတ် ဆုံးပေတည်း။

---

## သင်္ခါရ တရားကိုဆည်းပူးမိသောသူသည် လတ်တလော သေစေတတ်သော အဆိပ်အိုးကြီး စားမိသည်နှင့်တူကြောင်း

၂၉။ ရိရှိဂျေဆော်။ ဂေါ်ပြိထော်ဆယ်ပါ၊ နာပုဇီပေါ ဒေပြိဒေ ဗာ။ ဗာရော်ဇော်တော်၊ ဥပါလဇ္ဈော၊ ပြိဆေရော် ဆော် ဂေါတိ၊ ကွမ္မော။

ရိရှိဂျေဆော်၊ မဂ်ဖိုလ်နိဗ္ဗာန် ရရန်အမှူး တရားထူး တရားမြတ် ပရမတ်ကို။ ဂေါ်ပြိထော်ဆယ်ပါ၊ ကျင့်ကြံဆည်းပူး ဝိပဿနာ ဉာဏ်သို့ကူးကြသော သူတို့သည်။ ဒေပြိဒေဗာ၊ နတ်ပေါင်းများစွာ ဗြဟ္မာသိကြား နတ်မိစ္ဆာ အများတို့ကို။ နပုဇီပေါ၊ ကာယဝစီ လက်အုပ်ချီ၍ ရှင်ကြည်တမူ မပူဇော်ကြကုန်လေရာ၊ ဗာရော် ဇော်တော်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာနှင့် ပုညာပုည အာနေဉ္ဇကို။ ဥပါလဇ္ဈော၊ ဥပါဒါန်စွဲ အားကုန်ခဲ၍ အမြဲပြုမိသော သူသည်။ ဆော်ဂေါ်တိ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တရားမှန်ကိုပယ်လှန်ဖြတ်တောက် တတ်သော။ ပြိဆေရော်၊ စားလျှင်ချက်ချင်း လက်ငင်းသဘော လတ်တလော မသွေ သေစေတတ်သည်။ ကွမ္မော၊ သူတော် ကောင်းမှန် ဧကန်မလုပ် အဟုတ်ပယ်ထား စက်ဆုပ်ငြားသည့် တရားအဆိပ်အိုးကြီးဖြစ်ပါပေကုန်သတည်း။

## အာရုံခြောက်ပါးထိခိုက်လာလျှင် လောကီနှင့် လောကုတ္တရာ ဦးသူကနိုင်ကြောင်း

၃၀။ ဒက္ခိုမိတော၊ လာကော်ရေ၊ မေဟ်နေပြေထော်၊ ဒေဟေ့ဘိန္ဓေ့ ရိပုဆော်နေဟ်၊ ဇော်တေကော်၊ ဇုန္ဓိယော်၊ ဆော်နေဟ်၊ ဂျေဟောကာရော်၊ ရိုက်ဇော်နေဟ်၊ ဟိဟောရော်။

ဒက္ခိုမိတော၊ မြင်,ကြား,နံ,လျက် ခြောက်ချက် အာရုံ လုံးစုံမခြား ဗာဟိရတရားတို့ကို။ လာကော်ရေ၊ စိတ်မှာ စိုက်စိုက် နှစ်မြို့က် လိုက်စားမိသောသူ၏။ မေဟ်နေဟ်၊ မနောဝိညာဉ် စိတ်စေတသိက် သည်။ ပြေထော်၊ ပျက်စီးမြဲမွတာပါပေတည်း။ ဒေဟေ့ ဘိန္ဓေ့၊ လူ,နတ်,ဗြဟ္မာ သတ္တဝါ သခ်ါရတို့၏ ကိုယ်ခန္ဓာတို့၌။ ရိပုဆော် နေဟ်၊ ကာမဆန္ဒဗျာပါဒဖြင့်များစွာသောင်းသောင်း နိဝရဏရန်သူ အပေါင်းတို့သည်။ဇော်တေကော်၊မျောက်ကိုမျက်စင်းခတ်မိခြင်းသို့ အတွင်းရန်သူ ပွက်ပွက်ဆူလျက် ယောက်ယက်ဆံခတ် ငြိမ်မရပ်ဘဲ ပျာကလပ် ပျာကလပ် ရှိတတ်လှလေ၏။ ဇုန္ဓိယော်ဆော်နေဟ်၊ မဂ်ဖိုလ်နိဗ္ဗာန် ရရန်တရား ဇုန္ဓြေခြောက်ပါးကို ဖျက်ဆီးတတ်သော ဒိဋ္ဌိဘဏ္ဍာ များစွာ သောင်းသောင်း နိဝရဏရန်သူ အပေါင်းတို့ သည်။ ဂျေဟောကာရော်၊ တယောက်တယောက် ငဲ့မထောက်ဘဲ ရောက်တတ်ရာရာ ဦးသူကလာ၍။ရိုက်ဇော်ဟိရော်ကော်၊ ခြောက် ဖြာအာရုံ လုံးစုံတွေ့လျှင် အစဉ်အတိုင်း ယှဉ်မနိုင်း ရအောင် ထင် တိုင်းကိုသာ ရောက်တတ်ရာရာ ပြုလျက်နေကြလေသတည်း။

---

## ရုပ်နာမ်ခန္ဓာ ခတ်သစ္စာကို ကျွမ်းကျင် လိမ္မာသော သူတော်ကောင်းကို ပေါင်းဖော်၍ ထွက်ကြောင်းကိုကျင့်ရခြင်း

၃၁။ ကရှစ်နေဟ်တ္တတ္တော်၊ ဆံဆော်ကော်ရိ၊ ကရှစ်နေဟ်တ္တတ္တိ၊ ဆံဆောဟောရိ၊ ဆော်ရော်ဟိုန္ဒိ၊ ကြိတ္တံနေဟ်၊ ဆော်ရော် ပေါ်နေဟ်။

ကရှစ်နော်တ္တဇတ္တော်၊ ရပ်နာမ်ခန္ဓာ ဓာတ်သစ္စာကို ကောင်းစွာ ထင်ထင် ကျွမ်းကျင်လိမ္မာသော သူတော်ကောင်းတို့နှင့်။ ဆံဃော ကော်ရိ၊ အပေါင်း အဖော်သင့်လျော် အမြဲ အမှီသဟဲ ပြုကြကုန် ရာ၏။ ကရှစ်နော်တ္တဿီ၊ ရပ်နာမ်ခန္ဓာ ဓာတ်သစ္စာကို ဝိပဿနာ ဆင်ခြင် လက္ခဏာ တင်၍ မြင်အောင် ရှုနိုင်သော သူတော် ကောင်းကို။ ဆံဃောဇဟောရိ၊ စိတ်ထားစိတ်ကောင်း နှလုံးကောင်း ဖြင့် ပေါင်းဖော်မိအောင် ရှက်ဆောင်ကြရာ၏။ ဆော်ရိဟျုန္နီထော်၊ သူတော်ကောင်းများ ဆုံးမ ထားသည့် တရား ပရမတ် အကျင့် ဓာတ်ကို လေးမြတ်ယုံကြည် စိတ်၌တည်ပြီး။ ဆော်ရော်ပေါ်နော်၊ နားထောင်စိုက်စိုက် ဝိပဿနာ ဉာဏ်ကို မှန်အောင်လိုက် ကြ၍။ ကြီတွံနော်၊ ရုပ်ဓာတ် နာမ်ဓာတ်ပရမတ်ကို တပ်အပ်ခပင်း အမြင် လင်းအောင် ချက်ချင်းလျှင်စွာ ပွားများ၍သာ ကျင့်ကြံ ၍သာ နေလိုက်ကြရာသတည်း။

---

### နားရှိလျက်မကြား, စိတ်ရှိလျက်မသိ ခိုင်ခံ့စွာပေါလျက် မတည်ကြည်ခြင်းကိုပြခြင်း

၃၂။ ဆူနီလေနာ၊ ဆူနီကာရော်၊ ဇာနီလေ၊ နာဇာနီပြာနော်၊
ဒေါ်ရာရီတော၊ နာပါရိ၊ နီစွော်ရော်။

ကာရော်၊ လောက သုံးတန် သတ္တဝါမှန်က ဧကန်ရှိကြသော နားရွက်သည်။ ဆူနီလေနာ၊ သေသေချာချာ ကောင်းစွာ မပျက် နားထောင်ကြပါလျက်။ နာဆူနီ၊ နိဗ္ဗာန် ရောက်ကြောင်း ကောင်း သောတရား မြတ်စကားကို ဘယ်ခါမှ မကြားနိုင်ကြကုန်။ ပြာရော်၊ လောက သုံးတန် သတ္တဝါမှန်က ဧကန်ရှိကြသော စိတ်လိပ်ပြာ ဝိညာဉ်သည်။ ဇာနီလေ၊ ခြောက်ဖြာအာရုံ လုံးစုံမပျက် အခံဓာတ် အတိုက်ဓာတ် အတွက်ကြောင့် ဆက်ကာ ဆက်ကာ ရှိပါလျက်။ နာဇာနီ၊ ခန္ဓာရုပ်နာမ် ပရမတ်ဉာဏ်ကို ဧကန် တည့်တည့် မသိနိုင် ကြကုန်။ ဒေါ်ရာရီတော၊ မတုန်မလှုပ် အဟုတ်ခိုင်ခံ့သော နေရာ၌။ နီစွော်ရော်၊ ပုံသေမလွဲ အားကုန်ခဲ၍ မြဲမြဲကြီး နေရပါလျက်။ နာပါရိ၊ ဘဝအဆက်ဆက် သံသရာစက်နှင့် ကမ္ဘာ ပျက်တောင်

တမဂ်တဖိုလ်ကလေးလောက်မျှ မြိမြိစွဲစွဲ တည်တည် ကြည်ကြည် ရှိပါတော့အံ့နည်း။

——

## ကာမဂုဏ်ငါးပါးလောဘ မောဟ မာန ဣဿာ တရားတို့မဖြစ်အောင်နေရခြင်း

၃၃။ ကာမေဉ်ကူရဠ္ဌော၊ လုဋ္ဌော မုဟော၊ မေဉ်ဒေါ် မာရစော်၊ ထမ္ဘော ဆော်ဟော၊ ဘဿျင့်နေ၊နိဇ တော်ကော်ရိတော်။

ကာမေဉ်၊ ကာမဂုဏ်ငါးပါး ပျော်ပျော်ပါးပါး လိုက်စားခြင်း အမှုကိစ္စရင်း။ ကူရဠ္ဌော၊တွေ့ရာကိုပင် မြင်မြင်ကရာ လျှင်စွာစိတ်ဆိုး တတ်သောဒေါသရင်း။လုဋ္ဌော၊မတရားမဆင်ခြင်တွေ့လျှင်မြင်လျှင် လိုချင်တတ်သော လောဘရင်း။ မုဟော၊ သစ္စာလေးထွေ မသိချေ၍ တွေဝေမိုက်မဲသော မောဟရင်း။ မေဉ်ဒေါ်၊ ငါကော ငါကား ငါတကားဟု ထောင်လွှားသောမာနရင်း။ မာရစော်၊ ရန်ထောင် အားကိုး မျက်မုန်းကျိုး၍ မျက်စောင်း ထိုးခြင်းရင်း။ ထမ္ဘော၊ သတ္တဝါကို မကြာနှိပ်စက် ခက်ထန်ခိုင်မာခြင်း ခြောက်ပါးနှင့်။ ဆော်ဟော၊ ဖြစ်ပျက်တမှု ဆူဆူပွက်ထ အတူတကွ။ ဘဿျင့်နေ၊ ခြောက်ဖြာအာရုံလုံးစုံမဆိုင်းနေရာတိုင်းတို့၌။နိဇတော်၊ပါဒ်မိဇနာ နာရိမလစ် ဘယ်အခါမှမဖြစ်ရအောင်။ ကော်ရိတော်၊ ဖြစ်ပျက် နှစ်တန် ဝိပဿနာဉာဏ်ဖြင့် ဝေဘန်ဝိုင်းခြားလျက် တားမြစ်၍သာ ပြုကျင့်၍သာနေသင့်လှပေသတည်း။

——

## နိဝရဏရန်သူခြောက်ပါးကိုသတ်၍ဗုဒ္ဓရားကိုပူဇော်ခြင်း

၃၄။ ဘာနန္ဒော်၊ ကော်ရိ၊ ရိဒ္ဒွယော၊ရိပုဝေါ်ရိ၊ ပေါ်ရာဇော် ယော်၊ ဩနာယာဆော့၊ ဝေါ်ဗျည်တော် ပူဇိနော်။

ရိပုပေါ်ရိ၊ အသားကပင် လောက်လျှင် ထွက်လာ ပုံပမာသို့ နိဝရဏ ရန်သူအပေါင်းတို့ကို။ ပေါ်ရာဇော်ယော်၊ တဘာဝလုံး အစတုံးပြီး ဆုံးရှုံးပျက်စီး၍ သွားစေခြင်းငှါ။ ဝေါ်ဗျည်ထော်၊

သမ္ဗုဒ္ဓသခင် ထင်ထင်ရှားရှား ဂေါတ္တမမုနိ အရှင်ဘုရားကို။ ရိဒ္ဓယေ၊ ခန္ဓာကိုယ်လုံး ပိတ်ကာဖုံးပြီးအကျဉ်းချုံးသည့် စိတ်နှလုံးထည်း၌။ အာနန္ဒော်၊ စိတ်မှာမကွက် နှစ်သက် ကြည်ညိုခြင်းကို။ ကော်ရီ၊ ပြုကျင့်မသွေ ဖြစ်စေပြီး၍။ ဩနာယာဆော့၊ စိတ်ကိုနိုင်နိုင် ပိုင်ပိုင် ဖြောင့်ဖြောင့် မနှောင့်မယှက်။ ပူဇိနော်၊ အာရုံထွေထွေ ပွေပွေလီလီ မတည် သိမ်းချုပ် အဟုတ်အဟပ် အတပ်မြင်အောင် အမြတ် ထွတ်ခေါင် ပူဇော်ထိုက်ကြရာသတည်း။

---

## သူတော်ကောင်းအားနှိပ်စက်သောသူကို ဒေါသထွက်ကောင်း၏၊ တရားအစည်းအဝေးကို လောဘထွက်ကောင်းခြင်း

၃၅။ ကရှစ်နော်ဆယ်ပါ၊ ကာရမြီပေါ်နော်၊ ကူရဗ္ဗောတ္တဗ္ဗော်။
ဒေသျှိဇော်နော်၊ လုဗ္ဗော၊ ဆာဒုဆံဃော၊ ဟောရကော်ထ။

ကရှစ်နော်ဆယ်ပါ၊ ဘုရား, တရား, သံဃာ, အားကိုးညွတ်ထွား ဆည်းကပ်လျက်။ ကာရမြီပေါ်နော်၊ သံသရာထွက်ကြောင်း ကောင်းခြင်းမှား တရားအမြိုက်ရည်ကို သောက်လေ့ရှိသော။ တ္တဗ္ဗော်၊ ကလျာဏ အစစ်သေက္ခအဝင် အရိယာသခင် သူတော်စင်အပေါင်း သည်၊ ဒေသျှိဇော်နော်၊ အလကားသက်သက် နှိပ်စက်ညှဉ်းပန်း တတ်သောသူမိုက်ကို။ ကူရဗ္ဗော၊ သဘာဝသဘောလတ်တလောဖြင့် မင်္ဂဒေါသ ထွက်သော်လည်း ထွက်ကောင်းပါ၏။ ဟော်ရကော်ထ၊ တရားသဘင် ဆင်ယင်လေ့လာ စည်းဝေးရာကို လျင်စွာမေးမြန်း စုံထောက်လေ့ရှိသောသူသည်။ ဆာဒုဆံဃော၊ သူတော်ကောင်း စီမံထားသည့် တရားပွဲအစည်းအဝေးကြီးကို။ လုဗ္ဗော၊ နာကြားရန် အတွက် တရားမက်၍ နေ့ဆက်ရက်ဆက် လောဘထွက်ခြင်းကို တပ်မက်၍သာ မက်မော၍သာ ပြုကျင့်ကောင်းပါပေသတည်း။

## ရုပ်နာမ်တရားကိုဟောပြောကျင့်ကြံခြင်းမှလွှဲ၍ လောဘ,မာန ထောင်လွှားသင့်ကြောင်း

၃၆။ မူဟော၊ ဤရှစ်ထော်ဒျစ်၊ လတ္တော်၊ ဗြိနော်မော်ဒေါ်ကရှစ်
နော်၊ ဂုဏော်-ဂါဏော၊ နိဇော်တော် ကော်ရိတော်၊ ဇော်
ဘဇတ္တော်ထ။

မူဟော၊ သဲသဲမဲမဲအားကုန်ဘဲဟု အံသွား ခဲသင့်သော အရာ၌။ ဤရှစ်ထော်ဒျစ်၊ ဗော၀ိမဂ်ဉာဏ် ရုပ်နာမ်ခန္ဓာ ၀ိပဿနာ ကိစ္စကို။ ဗြိနာ၊ ဖယ်ကြဉ်ထား၍။ လတ္တော်၊ လောဘထွက်၍ သက်သက်အမြဲ မဲသင့် ခဲသင့်၏ဟူ၍။ မော်ဒေါ်၊ စိတ်ကို ထက်အောင် ထောင် ထောင်လွှားလွှား မော်ကြွားခြင်းမာန တရားသည်။ နိဇော်တော်၊ သူတော်ကောင်းမှန် ၀ိပဿနာ ဉာဏ်ဖြင့် ဧကန် စင်စစ် မဖြစ် စကောင်းပေ။ ကရှစ်နော်ဂုဏော်၊ သမ္ဗုဒ္ဓသခင် ရှင်တော် ဗုဒ္ဓား ဟောကြားဆုံးမသော ဂုဏ်ကျေးဇူးအပေါင်းကို။ ဂါဏော၊ သင်အံ လေ့ကျက် နှုဆက် ရက်ဆက် ရွတ်ဘတ် သရဇ္ဈာယ်ခြင်းမှ။ ဗြိနာ၊ ဖယ်ကြဉ်ထား၍။ လတ္တော်၊ လောဘထွက်၍ သက်သက်အလကား ကြွားသင့်-လွှားသင့်၏ဟူ၍။ နိဇော်တော်၊ သူတော် ကောင်းမှန် ၀ိပဿနာဉာဏ်ဖြင့် အမှန်တိတိ မရှိစကောင်းပေ။ ဇော်ဘတ္တော်ထ၊ အာရုံခြောက်ထွေ ကြီစည်လေသမျှ အစစအဖြာဖြာ အရာရာတို့၌။ နိဇော်တော်၊ လောဘ-မာန-ဣဿာ-မစ္ဆရိယ မဖြစ် ရအောင်။ ကော်ရိတော်၊ ရုပ်ဓာတ် နာမ်ဓာတ် ပရမတ်ကို တင်အပ် စိတ်တွင် ဉာဏ်သမ္မစဉ်ဖြင့် ဆင်ခြင် ၍သာ ကြည့်ရှု ၍သာ ပြုလိုက်ကြရာ သတည်း။

---

## သခ်ါရအကုသိုလ် ကုသိုလ်ကို အားထုတ်သောသူသည် လောကုတ္တရာကိုကျင့်ကြံက မဖြစ်နိုင်ကြောင်း

၃၇။ ဣဿော်ထ၊ ဂေါ်န္တရော် ကမ္မော်၊ ဣဿော် တတ္တတ္တိ
ဇာရော်၊ ဟျိန်နမော်၊ တ္တတ္တိပေါ်ထ ဆော်ဒါဒေဟိ၊
တ္တန်ဂေါ်။

ဇူညော်ထ၊ ရသေ့ဇော်ဂီ တပသီတို့သည် ကြီးစည်ပြုလုပ်အပ်ထ သော လောကဓမ္မတာ သင်္ခါရ ကုသိုလ်-အကုသိုလ် တရားတို့၌။ ဝေါန္တရော်ကမ္မော်၊ တစိုးတရ စိတ်ချလက်ချ နှစ်သက် ပြုလုပ်တတ် သောသူသည်ဖြင့်။ ဇူညော်တ္တတ္တိ၊ ထိုလောကီဓမ္မတာ သင်္ခါရာ သုံးပါးတရားတို့၌။ ဇာရော်ဟိုန်မော်၊ အားထုတ်မပျက် နေ့ဆက် ရက်ဆက် ရွက်ဆောင်လေ့ရှိသော သူတို့သည်ဖြင်း။ တ္တတ္တိပေါ်ထ၊ သံသရာထွက်ရန် ရုပ်နာမ်ခန္ဓာ ဝိပဿနာ တရားတို့ကို။ ဆော်ဒါ ဒေဟိ၊ ကျင့်ကြံလုပ်ဆောင် ငြားသော်လည်း။ တ္တန်ဂေါ၊ လောက ဓမ္မတာ သင်္ခါရာအတွက် ကာမဂုဏ်ဖျက်သဖြင့် ပျက်စီး ၍သာ ပြုန်း တီး၍သာ ဖြစ်လေတော့သတည်း။

---

## အမျက်ထွက်ခြင်းကို စင်ကြယ်အောင် သူတော်ကောင်းနှင့် ပေါင်းဖော်ရမည့် အကြောင်း

၃၈။ ကျီပါဂေါ်ရီတေ ပါရေ၊ကမ္မော ကူရဋ္ဌော၊ ဆပေဂျိဳ်၊ကော် ရေ၊ ဆာဒုဇော်နော်၊ ဇော်တိ၊ ဟော်ရော် ဆံဆော်။

ကမ္မောကူရဋ္ဌော၊ အတ္တိဗ္ဗာဒေါမနဿ အမျက်ထွက်ခြင်း အမှု ပြုကျင့်ခြင်းစသည်တို့ကို။ ဆပေဂျိဳ်၊ စင်ကြယ်စေခြင်းငှါ။ ကော်ရေ၊ ပြုလုပ်သောသူသည်။ ကျီပါကော်ရီတော၊ အဘယ်ကဲ့သို့ ပြုကျင့်မှ သာလျှင်။ ပါရေ၊ မုချအမှန် ကေန်မဖယ် တကယ် စင်ကြယ် ပါအံ့ နည်း။ ဇော်တိ၊ဇာတိပုည ဂုဏ်မာနနှင့် သဘာဝရှိ တကယ် ပြည့်စုံ သော။ ဆာဒုဇော်နော်၊ ရုပ်နာမ်ခန္ဓာ လိမ္မာကျွမ်းကျင် သူတော်စင် တို့နှင့်။ ဆံဆောကော်ရေ၊ ပေါင်းသင်း ဆက်ဆံ တပည့်ခံ၍ ကေန် နေလိုက်ပါမူကား။ ဟော်ရော်ပါရေ၊ ဒိဋ္ဌိတဏှာ သုံးဖြာမာန ပပဉ္စ တရားမရှိ၍ **ပကတိအမှန်** သန့်ရှင်းတဖန် စင်ကြယ် ကြရလေ သတည်း။

---

## လောဘ,ဒေါသ,မောဟသည် ခန္ဓာကိုယ်၌ဖြစ်တတ်ခြင်းအကြောင်း

၃၉။ ကူရဋ္ဌောပါ၊ နာကော်ရေ၊ကျီပါ၊ ကူရဋ္ဌော၊ တြာကော်၊ ဆော်ဒါဒိပါ၊ လုတ္တော၊မူဟော၊ ယေယီထော်၊ ကော် ထော်ရေနော်။

ကူရဋ္ဌောပ၊ မျက်ကြွင်ကိုးတန် ကိုယ်တွင်းရန်ကို။ နာကော်ရေ၊ မထွက်ကြစေရာ။ကျိုပ၊ တနည်းကား။ကူရဋ္ဌော၊ အမျက်ဒေါသကို။ ဆော်ဒါဒိပ၊ ခြောက်ဖြာအာရုံ လုံးစုံမဆိုင်း တွေ့ကြုံ စေ့ဆော်တိုင်းတို့၌။ တြာကော်၊ တကယ်ကေန် အမှန်မရွံ့ စွန့်နိုင်အောင် စွန့်ကြရာ၏။ လုဗ္ဘော၊အဆင်း,အသံ ခြောက်တန်အာရုံလုံးစုံတွေ့က လိုချင်တတ်သောလောဘရင်း။ မူဟော၊ ဒုက္ခဖြစ်ရန် တန်တန်မသိ အမိုက်ဖိသောမောဟရင်း။ယေယိထော်၊ဤလောဘ,ဒေါသ,မောဟ မာနတရားတို့သည်။ကော်ထော်နှော်၊ရပ်နာမ်နှစ်ဖြာ ကိုယ်ခန္ဓာတွင် ဆင်ခြင်သမျှ ဘေးရန်ခသဖြင့် မုချကေန် အမှန်ဆတ်ဆတ် ဖြစ်တတ်ခြင်းတရားပါပေတည်း။

---

## အဇ္ဈတ္တရန်သူအပေါင်းကို ဝိပဿနာနှင့်ဆုံးမလျက် ဗုရားကို ကြည်ညိုရန်

၄၀။ ဆော်ယော်ရိပု၊ ဆော်ဒါပဟိနော်၊ ကော်ရိဗော်၊ မော်နယ် ရော်၊ ဒိုဟံနော်၊ကရှစ်နော် စန္ဒရော်၊ကောရိယာ၊ ဘာသျှ မော်ရော်နော်။

ဆော်ယော်ရိပု၊ ခြောက်ဖြာအာရုံတွေ့ကြုံပါမှ ဖြစ်လာရသော အဇ္ဈတ္တရန်သူအပေါင်းကို။ ဆော်ဒါပဟိနော်၊ သတိပညာ ဝိပဿနာ အထပ်ထပ် မပြတ်နှိုးဆော် ဖွန့်လိုက်ကြကုန် ရာ၏။ မော်နယ်ရော်၊ ဝေဒနာ သညာသင်္ခါရာ ဝိညာဏ်လေးတန်သော နာမက္ခန္ဓာတရားတို့ကို။ ဒိုဟံနော်၊ ယဉ်ကျေးလိမ္မာ ကောင်းစွာဆုံးမ အပထားခြင်းဖြင့်။ ကော်ရိဗော်၊ ပြုကုန်လျက်။ ကရှစ်နော်စန္ဒရော်၊ လေးကျွန်းလွှမ်းကြည် ပုဏ္ဏမီလပြည့်ဝန်းနှင့်တူပေသော'သုံးလူ့ထွတ်ထား ဗုရားသခင်၏ မျက်နှာတော်ကို။ ဘာသျှမော်ရော်နော်၊ မနောစိတ်တွင် ကြည်လင်မရွှေ့ အောက်မေ့နှလုံးထားခြင်းဖြင့်။ ကော်ရိယာ၊ ကာယဝစီ သုံးလီမနော ညြထိုက်ပနာ ပူဇိတာဖြင့် ရိုရိုသေသေ လေးလေးမြတ်မြတ် ပြုကျင့်အပ်ပေသတည်း။

## ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကိုဟောသဖြင့် မနာခံနိုင်၍ ထွက်ပြေးခြင်း

၄၁။ အာပူနီ၊ ပါလာပျေ၊ ဆော်ပျေ၊ ဆူနီယာ၊ ဂေါ်ဗီ၂ထော်၊
ရော်ပျေ၊ လျှိုဟော်၊ ရော်ပျေ၊ ဇေနော်၊ ကော်ရိ ဂေါ်နော်။

အာပူနီ၊ အရှုပဘုံအပါယ်ဘုံသို့ ဆန်စုန်၊ အောက်၊ ထက်၊ ဘဝဂ်ဝိစိ နှံ့ဘိစကြဝဠာ ဖိလာထုတ်ချင်း ပြေးသွားခြင်းကို ဖြစ်စေတတ်သော။ ဆော်ပျေ၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်မခြား ခြောက်ပါး သင်္ခါရတို့သည်။ ဂေါ်ဗီ၂ထော်၊ သမ္ဗုဒ္ဓသခင် ချစ်ရှင် ထွတ်ထား ဂေါ်ပတ္တမူနီအရှင်ဗုရား၏။ ရော်ပျေ၊ ဒိဋ္ဌိတဏှာ ပပဉ္စာကို အနေ ကဇာ တင်တော်မူသော တရားတော်အသံကို။ ဝါ၊ သံသရာစက် ပြတ်ကာထွက်သော မဂ်တရား ဖိုလ်တရား၏ အသံကို။ ဆူနီယာ၊ ကြားနာကြရသဖြင့်။ ပါလာပျေ၊ များစွာ သောင်းသောင်း ရှင်လူ အပေါင်းတို့ထွက်ပြေး တိမ်းရှောင်ကြရလေကုန်၏။ ကျီပါ၊ ဟကယ် ဟုတ်တိုင်း နှိုင်းရာတန္တ၊ ဥပမာပြုလိုက်လျှင်။ လျှိုဟော်၊ တောနေ သုံးထောင် သားငါးကောင်ကို မရှောင်တန်ခိုး အစိုးရသောခြင်္သေ့ မင်း၏။ ရော်ပျေ၊ ဝဲ့တန်ဟိန်းအောင် ကျိန်းမောင်း မြိမ်းချောက် ဟောက်လိုက်သော အသံကို။ ဆူနီယာ၊ နားအုံပွင့်၍ လွင့်ကာ ကွဲမလောက် ကြားသိလိုက်ကြရသော။ ကော်ရိဂေါ်နော်၊ တွေး တောညက်မြင် ဆင်ခြင်ခြင်းကိုပြုတတ်သော ဆင်အပေါင်းတို့သည်။ ဇေနော ပါလာပျေ၊ သစ်ပင်အပေါင်း ထောင်းထောင်း ကြေမျှ ကဆုန်ချလျက် ခဏမဆိုင်း အော်ဟစ်၍သာ ကြွေးကြော် ၍သာ ပြေးလေသကဲ့သို့ ပေလျှင်တည်း။

## သူတော်ကောင်းများ ရုပ်နာမ်ခန္ဓာတရားနှင့် ဝေးကွာရခြင်းသည် ငါး့လိပ်တို့နေပူမှာ ဆင်းရဲဒုက္ခ ခံရသကဲ့သို့ တူပုံအကြောင်း

၄၂။ ဇော်လော်ပြိုန္နု၊ ဇေနော်မြိုနော်၊ ဒုက္ခိတေ ပါရေ၊ အာယု
ဟိနော၊ ပြေမော်ပြိုန္နု၊ ယောယိမော်တော်၊ တ္တဇ္ဇော်။

ဇော်လော်ဗြိန္နာ၊ ရေမရှိသော မြေပြင် ကုန်းကျော ထက်၌။ ဇဇနော်မြိနော်၊ နေပူကိုခံနေကြရသော ငါး,လိပ်-တို့သည်။ ဒုက္ခိတော၊ ဆင်းရဲဒုက္ခတွေ့ကြရသကဲ့သို့ဂုင်း။ အာယုဟိနော၊ အသက်နေဆုတ်ခြင်းသို့ ရောက်ကြ သကဲ့သို့ဂုင်း။ ပြေမော်ဗြိန္နာ၊ ရုပ်နာမ်ဓမ္မပရမတ္ထတရားတို့နှင့် ကင်းကွာကြကုန်သော။ တ္တတ္တော်ပါရေ၊ ဒုက္ခရန်ဘေး ကင်းဝေးလိုမှု ကျင့်ကြံခြင်း ပြုကြသော သူတော်ကောင်းတို့သည်။ ယောယိမော်တော်၊ ဤငါး,လိပ်နှစ်ဖြာ ဥပမာသို့ မှန်စွာအရှိပုံကိုကြည့်ပြီး တိတိပြတ်ပြတ် သတိချပ်၍ သိအပ်လှပေသတည်း။

---

## မိမိခေါ်၍ ရသော ရေယာဉ်ကို အသဲစွဲ တပ်နှစ်သက် သကဲ့သို့ နိဗ္ဗာန်အလိုရှိသော သူသည် မဂ္ဂင်ရေကို နှစ်သက်ရန် အကြောင်း

၄၃။ ဇော်တေကော်၊ ဇော်လော်တော်ဂေါတိ၊ ဘီမော်တော် ယေကန္တိရော်တိ၊ ဆေရိဇာနေ့၊ ယေယိ၊သြန္နူရော်တော်။

ဇော်တေကော်၊ မိုးရေကိုခေါ်တတ်သောငှက်သည်။ ဇော်လော်တော်ဂေါတိ၊ မိမိခေါ်၍ရသောမိုးရေ၌။ ယေကန္တိရော်တိ၊ မတုန်မလှုပ် ငုတ်တုတ် အမြဲ အသဲစွဲတပ်နှစ်သက်သည်ကို။ ယိမော်တော်၊ သိအပ်ကြပေ ကုန်၏။ ဆေရိဇာနေ့၊ ထိုမိုးရေကို သေသေချာချာ ကောင်းစွာ နှစ်သက် ဇာမရိ ငှက်ကဲ့သို့။ ဇေယိ ကျင့်ဖို့ ကျင့်ရန် တန်တန်လိုလား ရှစ်ပါးမဂ္ဂင် ရေအယဉ်ကို။ သြန္နူရော်တော်၊ အစဉ်တစိုက် နှစ်ခြိုက်သဲစွဲ အားကုန်ခဲ၍ အမြဲမကွာ မလွဲတဖြာ ပြုထိုက်လှပေသတည်း။

---

## ရဟန်းရှင်လူ မည်သူမဆို ရုပ်နာမ်ခန္ဓာတရားကို ဟောနိုင်လျှင် ဆရာဗုရားဟူ၍ မှတ်ရမည်ကိုပြခြင်း

၄၄။ မြဟွော်နော်၊ ချယ်တရိယော်၊ ဘိဇ္ဇော့၊ ဆူတရူ၊ ကြယ်နယ် ဟော်ရော် ဆေယိကာသျှစ်နော်၊ တ္တတ္တော ဗြာတာ၊ သျှီရိဂူရူ ဟော်ရော်။

ဗြဟ္မပုတ္တနေဂ်၊ မဟာဗြာဟ္မဏ ပုဏ္ဏားမျိုးတို့ သည်ဂုင်း။ ချယ်တရီယော်၊ မဟာသမ္မတ ခတ္တိယမင်းမျိုးတို့ သည်ဂုင်း။ ဘိဋ္ဌေ့၊ မဟာ ဓနသူဌေးမျိုးတို့သည်ဂုင်း။ ဆူတရု၊ လယ်လုပ် ကုန်သွယ် သူကြွယ် မျိုးတို့သည်ဂုင်း၊ ကြယ်နော်ဟော်ရော်၊ ရဟန်း,ရှင်လူ မည်သူမဆို ပုဂ္ဂိုလ်တပါးပါးတို့သည်ဂုင်း။ ကရှစ်နော်၊ မဟာကရုဏာ လွန်စွာ ကြီးမား မြတ်ဗုရား၏။ ဩဗျော်၊ ထိုသို့ခန္ဓာ ရုပ်နာမ် သတိပဋ္ဌာန် သစ္စာ အာယတနဓာတ် ပဋိစ္စသမုပ္ပါဒ် ပရမတ္ထတရားစကား တို့၌။ မြာဘာ၊ ဓဘန်ပိုင်းခြား ဟောကြားဆုံးမပြောဆိုပြခြင်းငှာ စွမ်းနိုင်သော။ ဆေယိကာရှစ်နော်၊ ရဟန်း, ရှင်လူ မည်သူမဆို ထိုပုဂ္ဂိုလ်တို့ သည်ဘား။ သျှိရိဂုရုဟော်ရော်၊ ကျောက်ထီး အတူ အလေး မူ၍ ထိုသူကိုပင် ကြည်ရှင်ဆပ္ပား ရှိသေဝြားသဖြင့် မခြားပမာ ဗုရား ဆရာဖြစ်ထိုက်ပါပေသတည်း။

---

ဒုဿီလ ရဟန်းရှင်လူနှင့် ပေါင်းဖေါ်မိက ငရဲသို့ရောက်ခြင်း
သုသီလရဟန်းရှင်လူနှင့် ပေါင်းဖေါ်မိက နိဗ္ဗာန်သို့
ရောက်ခြင်း

၄၅။ ဒုဆံဓယာ၊ ကော်ရိဘော်၊ ဇုံရာရှိ၊ နိဗာဆော၊ ဆုဆံဓယာ
ကော်ရိဘော်၊ ဗိန်ကွန်ဌော၊ ပါယိလော။

ဒုဆံဓယာ၊ အလဇ္ဇီ ဒုဿီလ ပါပဘိက္ခု။ ရှင်လူ ရဟန်းတို့နှင့်။ ကော်ရိဘော်၊ ကံကြီး,ကံငယ် သွယ်သွယ်ဝဝ အတူတကွ ပြုလုပ်ကြသောသူတို့သည်။ ဇုံရာရှိ၊ ငရဲ,တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် လေးသွယ်အပါယ ဒုက္ခ အမျိုးမျိုး တို့၌။ နိဗာဆော၊ စောက်ထိုး ထွမ်းပြန် အတန်တန်ဖြင့် ခံရအမြဲပါပေတည်း။ ဆုဆံဓယာ၊ လဇ္ဇီ ပေသလ သိက္ခာကာမ ကလျာဏဘိက္ခု, ရှင်, လူ, ရဟန်းတို့နှင့်။ ကော်ရိဘော်၊ ကံကြီး,ကံငယ် အသွယ်သွယ် အဝဝ အတူ တကွ ပြုလုပ်ကြသောသူတို့သည်။ ဗိန်ကွန်ထော်၊ ၂၆-မှန် နိုင်ငံ ပေါင်းစု ကြည်ရှုအေးစွ ဘေးမခသည့် အမတမည်ပေ နိဗ္ဗာန်ပြည်၌သာ လျှင်။ ပါယိလော၊ မုချကေန် အမှန်မလွဲ အခိုင် အမြဲဖြင့် လည်း ပျော်ငး၍သာ ပုန်းအောင်း၍သာ ခိုလှုံကြရလေသတည်း။

## မဂ်တက်စဉ်ကျင့်ထုံးပြခန်း

၃၆။ အာဇီကာရီ၊ တီလီဘော်ရဲ၊ ဒိနပ်ဂျေရော်၊ ဆာရီဆာရဲ။

အာဇီကာရီ၊ ဒိဋ္ဌိသတ္တာ ဘယ်ခါမဝင် သန္ဓစင် ကောင်းလတ် သုံးထပ်သိက္ခာတင်ပြီးပါ၍။ တီလီဘော်ရဲ၊ တဏှာ သတ်ရန် သတိပဋ္ဌာန်ကာယဂတာ ဝေဒနာ ကမ္မဋ္ဌာန်းတရားအစုကို။ ဒိနပ်ဂျေရော်၊ နေ့ဝင်,နေ့ထွက် အထက်မဂ်ကိုဆက်လက်၍ မရသမျှကာလ်ပတ်လုံး။ ဆာရီ၊ ဒိဋ္ဌိသေ၍ သုံးထွေမဂ်ဆင့် ရရန်ခွင့်ဖြင့် တဏှာလွင့်အောင်။ ဆာရဲ၊ ၃၂-ဖြာ အသုဘာဖြင့် ဝေဒနာအစု ဒုက္ခအမှုကို ရှုကြည့်၍သာ ထင်မြင်အောင်သာ ပြုကျင့်ထိုက်ပါပေသတည်း။

---

## ဒိဋ္ဌိသေပြီးသူ အထက်မဂ်ကို ကျင့်ရန်ပြခန်း

၄၇။ ပြင်ဒါမော်နော်၊ ရာဒိကျောဆော့၊ ဆော်ဒါဆာရီ၊ ပြင်ဒါမော်နော်၊ မြေဇော်ပြင်ဒါနော်၊ ရာဒိကျော-ရာဒိကရှစ်နော် ဟောရေ၊ ဟောရေ။

ပြင်ဒါမော်နော်၊ ဒိဋ္ဌိသေ၍ သုံးထွေမဂ်စဉ် တက်လို ချင်တတ်မြတ်သော့အကျင့်ကို။ ရာဒိကျောဆော့၊ စုံစုံမက်မက် နှစ်သတ်မြတ်နိုးလေ့ရှိကုန်သော။ မြဒါမော်နော်၊ ဖြပ္ပစရိယ ကာမပယ်ဖြတ် မြတ်သောအကျင့်ရှိသောသူသည်။ ဆော်ရော်၊ ကာမစ္ဆန္ဒ ဗျာပါဒနှင့် ထိနမိဒ္ဓ နီဝရဏတို့ကို။ ဆာရီ၊ ဒိဋ္ဌိသေပြီးသူတို့မှာတကား စွန့်ပစ်နိုင်ကြလေကုန်၏။ ရာဒိကျော၊ ပွားစီးမပျက် နှစ်သက် မြတ်နိုးအပ်သော။ ပြင်ဒါမော်နော်၊ ဖြပ္ပစရိယ ကာယဂတာ ဝေဒနာနှင့် နှစ်ဖြာသော သတိပဋ္ဌာန်ကို။ မြေဇော်၊ အသုဘာနှင့် ဒုက္ခထင်မှု ရှုကြည့်ပွားစီးလျက်။ ရာဒိကရှစ်နော်၊ ဒွိန္နံဖလာနံ နှစ်တန် မဂ်စဉ် တက်လိုချင်၍ ဆင်ခြင်ပွားများသောသူသည်။ ဟောရေ-ဟောရေ၊ ဒိဋ္ဌိသတ္တာ ကွာပြီးပါ၍ မြတ်စွာဗုဒ္ဓ အလိုကျဖြင့် မုချ ဖြစ်ပြီ ဒိဋ္ဌ ဟုတ်ပြီ ဆိုထိုက်ပါပေသတည်း။

## သောတာပန်ဖြစ်ပြီးသူကို အထက်မဂ်တက်ရန်ပြခဏ်း

၄၈။ တူလသိ၊ ကန္ဒော်၊ ကဏ္ဍောဇော်၊ ဇွတ်ဆော်ဇွတ်ဆော်နာပြီ ဒဏ္ဍော၊ နရကျော၊ စန္ဒေစရပါတ်၊ စန္ဒရော်ဒိနပ်ပါကော်ရေ။

ကန္ဒော်၊ မဂ်တရားကိုပင် နား၌ဝင်၍ ပန်ဆင်မိကြသော သူသည်ငှင်း။ကဏ္ဍောဇော်၊ မုတ်ပုတီးကို အပြီးလည်တွင် ဆင်ယင် ဆွဲထားသကဲ့သို့ငှင်း။ တူလသိ၊ သဿတ ဥစ္ဆေ နှစ်တွေချိန်ကျ အယူမှုတသောသူသည်ငှင်း။ ဝါ၊ ဒိဋ္ဌိကင်းကွာ သောတာပန်စစ် ဖြစ်ကြီးဖြစ်ကြသောသူသည်ငှင်း။ ကျိဂါ၊ အနာဂါမ် ရဟန္တာဖြစ်ရာ အမှန်တက်ရန် ကျင့်ထုံးနည်းတို့ မှုကား။ ဇွတ်ဆော်ဇွတ်ဆော်၊ ပြဟ္မာမင်းတို့အလျင်းမနှစ်သက် စက်ဆုပ်ဘွယ်ရာ သံဝါသာပြု မေထုနအကျင့်ယုတ်မျိုးကို။ စရပါတ် စန္ဒရော် ဒိနပါကော်ရေ၊ မြင့်မိုရ်တောင်ကို လှည့်ဆောင် မနား လ,နေ-တို့သွားနေသမျှ ကာလပတ်လုံး။ နရကျော်စန္ဒေ၊ ရှန့်ရင်းကြမ်းတမ်း ကာမဂုဏ် အသရမ်းကိုဘီလူးတွေ့ဖမ်းသကဲ့သို့ ထင်မှတ်လျက်။ နာဗိဒဏ္ဍော၊ အသက်သေမတတ် လန့်ဖျပ် ကြောက်ဘွယ် တကယ် ရှောင်ဘိ ကာမဂုဏ်အညိကို တိတိပြတ်ပြတ်မထိအောင်သာ မခိုက်အောင်သာ နေလိုက်ကြရာသတည်း။

---

## သတ္တဝါတို့၌ဖြစ်ပေါ်နေသော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ၄-တန်သော နာမ်တရားအစုတို့သည် နိဗ္ဗာန်ဖြစ်ကြောင်းကိုပြခြင်း

၄၉။ ပရာနိရော်၊ ပရာနာထော၊ လွှန်မော်အာပေါ်နယ်၊ ပော်ပော်ရော်။

ပရာနိရော်၊ သတ္တဝါကို ကောင်းစွာ ဆောင်တတ်သော စိတ်စေတသိက် နေ့ပ္ပန်လေးပါးသည်။ ဝါ၊ ဗုဒ္ဓမြတ်စွာ အရိယာအစစ်ကေန္တ ဖြစ်နိုင်သော နာမ်တရား လေးပါးသည်။ ပရာနာထော၊ သတ္တဝါတို့ ပျာပျာညွတ်ကျိုး ကိုးကွယ်ရာ စိတ်စေတနာ ပါပေ

တည်း။ ဝါ၊ နိဗ္ဗာန်လမ်းကို ဖြောင့်တန်း သေချာ ကောင်းစွာ သွားတတ်သော စိတ် စေတနာပါ ပေတည်း။ လွန်မော်၊ မင်္ဂဝင်၊ ဖိုလ်ဝင် လေးအင်ခွန်ာ လေးဖြာနာမ်စု တရားမှုတို့သည်။ အာပေါ် နယ်၊ စိုးရိမ်ပူဆွေး ဝိုကြွေးမြည်တမ်း ပင်ပန်း ပူပန်ခြင်း ကင်းပေ သော။ ဟော်မော်ရော်၊ သတ္တဝါပုံယင် ခံမင်တောင့်တ လိုချင်ကြ သည့် တဘာဝမပြန် အမတနိဗ္ဗာန်ဖြစ်ကြပါစေကုန်သတည်း။

---

## ပစ္စက္ခတွင် လူရှင်လိမ္မာတို့နှင့် ပေါင်းဖော်ပြီး ရုပ်နာမ် ဓမ္မတရားတို့ကို ကျင့်ကြံလိုက်က ကေန် နိဗ္ဗာန်ရနိုင်ကြောင်း

၅၀။ ဖြင်ဒါမော်နယ်၊ စတုရဒိကျေ၊ ဆော်ခိဝေါနော်၊ မော်နေ ပေါ်ရာ၊ ဆော်ခိရော်၊ ဩနုကာ ဟော်ရာ၊ ပရာဆိဒ္ဓေါ ဒေဟိပါရာ။

စတုဒိကျေ၊လေးရပ်မျက်နှာ ပတ်လည်ချာမှ ရောက်လာစည်းဝေး ကြကုန်သော။ ဆော်ခိဃော်နော်၊ မင်္ဂဖိုလ်နိဗ္ဗာန် သုံးတန်ချမ်းသာ ကောင်းစွာ နှစ်သက်ကြကုန်သော သူတို့သည်။ ဆော်ခိရော်၊ ဗောဓိမင်္ဂဉာဏ် ရုပ်နာမ်ခန္ဓာ သစ္စာအာယတန ပဋိစ္စဓာတ် ပရမတ် အနှစ်တရားစစ် အကျင့်တို့ကို။ ဩနုကာဟော်ရာ၊ အစဉ် တစိုက် နှစ်ခြိုက်သဲစွဲ အားကုန်ခဲ၍ အမြဲလိုက်ကြသည် ရှိသော်။ မော်နေ ဟော်ရာ၊ မနေ့ာသဋ္ဌေတနာ လောကုတ္တရာအာဟာရ ကိုးပါးကို ရွက်ဆောင် ခြင်းကြောင့်။ ဒေဟိပါရာ၊ ပစ္စက္ခအလိမ္မာ ပဝတ္တိ ဉာဏ်ဝါ နာမ်ဇာတိလေး ကေရှုပံ ရုပ်နာမ်နှစ်ရပ် ပရမတ်သည်။ မြင်ဒါမော်နယ်၊ ဒုက္ခခပ်သိမ်း ကင်းလွတ်ငြိမ်း၍ ဇာတ်သိမ်း တုံလတ် နိဗ္ဗာန်အရပ်သို့။ပရာဆိဒ္ဓေါ၊ပုထုဈန်အနွယ်ဖြတ်ကာပယ်၍ တကယ်ထုတ်ချောက် မင်္ဂစဉ်ပေါက်ပြီးထမြောက်၍သာ အောင်မြင် ၍သာ ရောက်ကြလေကုန်သတည်း။

### ဝဇီရာ ရွှေစိန်တောထွက် တိုင်ပင်ခဏ်း

၅၁။ ဇရမြေ ဇရမြေ၊ ဇှုဟောလုကျော၊ ကော်ရိယာ-ဇွတ်ဆော် ဇွတ်ဆော်၊ နာကော်ရိဘော်၊ နာနိဗာဆော၊ မောနယ် အာဆာ၊ အာပေါ်နယ်ဟော၊ ယေဘော်ဘော်တဇ္ဇော်၊ ကော်ရိယာ စာရိ ဇဟာမရော် ပရမော်ကော်ရိ၊ နာဩဗြိ လာခဆော၊ ကော်ရိဟော၊ ယေယီလျော်၊ ဣဣိမဟာတ်ဇော် နော်၊ နာပေါရိ၊ ဟော်ရာ အာဆာ၊ ဗြင်ဒါဗော်နော်၊ ကော် ရိမော်နယ် စာရိယေဣဣိ။

ယေဣဣိ၊ တအူတုံတွင်း ရွှေနောက် ဆင်းသို့ ညီရင်းနှမ ပေါင်းသင်းကြသည့် မာနမသွေ မိတ်ဆွေတသင်း အို....အစ်မ အရင်းတို့။ ဇှုဟောလုကျော၊ သူသူငါငါ သတ္တဝါတို့ များစွာဒုက္ခ တွေ့ကြုံကြသည့် ပြောပြမပြီး ဤလောကကြီးဝယ်။ ဇရမြေ-ဇရမြေ၊ ဖြစ်လေရာရာ သံသရာဘဝတိုင်း ဘဝတိုင်းတို့၌။ ဇွတ်ဆော် ဇွတ် ဆော်၊ ဖြဟ္မာမင်းတို့ အလျှင်းမနှစ်သက် စက်ဆုပ်ဘွယ်ရာ သံဝါ သာပြု အိမ်ထောင်မှု အကျင့်ယုတ်မျိုးကို။ မော်နယ်အာဆာ၊ ခြောက် ဖြာအာရုံ ကာမဂုဏ်အစွမ်း မြော်ကာတမ်း၍ သူသာရမ်းတိုင်း။ ကော်ရိယာ၊ သတ္တဝါဖို့မ-တိုထိုမျှတို့ ဖြစ်လေရာရာ နှစ်ဖြာ မောင် မယ် သွယ်သွယ်ဝဝ သံဝါသဖြင့် ကြည်စွာရှင်မှု ပြုကျင့်လေ့လာ အဖြာဖြာကြောင့်။ အပေါ်နယ်ဟော၊ ဆွေမျိုးစည်းစိမ် ဂုဏ်သိမ် ပျက်စီး သားသမီး တွက်တာ အဖြာဖြာဖြင့် ပူဆာ ကြောင့်ကြ လွမ်းတ,ငိုကြွေး မအေးဒုက္ခ စိုးရိမ်ကြရ လေကုန်၏။ နာကော်ရိ ဘော်၊ လောကလူ့ရွာ တုပကာဖြင့် အိမ်ယာ တည်ထောင် မပြု မဆောင်ကြသောသူတို့သည်။ နာနိဗာဆော၊ စောက်ထိုး ဂျမ်းပြန် ပူပန်ဆင်းရဲအမြဲဒုက္ခမတွေ့မရှိကြလေကုန်။ ယေဘော်ဘော်၊ သံသရာ နှောင်အိမ် ပူရှိန် လောင်ပြင်း အိမ်ထောင်ခြင်း ဒုက္ခ အမျိုးမျိုး တို့မှ။ ကော်ရိယာစာရိ၊ တကယ်အမှန် ကေန် ပေါက်ရောက် လွန်မြောက်မသွေ ဖြစ်ခဲ့ချေသည်ရှိသော်။ ဇဟာရော်၊ သမ္ဗုဒ္ဓ သခင် ရှင်တော်ဗုဒ္ဓ ဟောကြားဆုံးမ ပြောဆိုပြပေသော။ ပရမော် ကော်ရိ၊ တမဂ်-တဖိုလ် ရလိုရကြောင်း တရားကောင်း တရားမြတ်

ပရမတ္ထအကျင့်ကို။ ကော်ရပေဟာ၊ စိတ်ချလက်ချ အေးအေး မြမြ ကျကျနန ဟန်ရပန်ရ ပြုကျင့်၍နေနိုင် လေတော့၏။ ယေရိသျှော်၊ ထိုသို့တမဂ်တဖိုလ်ရလိုရကြောင်းတရားကောင်း တရားမြတ်ပရမတ္ထ အကျင့်ကို စိတ်ချလက်ချ အေးအေးမြမြ ကျကျနန ဟန်ရပန်ရ ပြုကျင့်၍ နေနိုင်ခြင်းငှါ။ နာဩဗြိလာဆော်၊ လူမှုလူရာ ဖြာဖြာ နေ့-ည, အိမ်ထောင်ကိစ္စ ဘာကလေးတခုမျှ မရှိကြကုန်သော။ ဝါ၊ သားလင်ကိစ္စ ယုယတွယ်တာ ဘာညာ ဘယ်သင်း အကုန်ကင်းကုန်သော။ နာပေါရိအာဆ၊ ငါးပါးကာမဂုဏ် လုံးစုံပွားများ ခံစားလိုမှု ပြုချင်စိတ်လည်း မရှိထသော။ ဝါ၊ လှပတင့်တယ် သွယ်သွယ်ဆင်ယင် ကြွားချင်ဝါချင် မော်ချင် မောက်ချင် စိတ်လည်း မရှိထသော။ ပြင်ဒါဗော်နော်ဟော်ရာ၊ သီလသမာ ပညာရောကြိတ် သိက္ခာသုံးဆင့် မြတ်သောအကျင့်လည်း ရှိပေထသော။ ဝါ၊ဗုရား မြတ်စွာ အရိယာသခင် ထေရ်အရှင်တို့ ကြည်လင် နာပျော် သာခု ခေါ်သော အကျင့်လည်း ရှိပေထသော။ တ္တတ္တိမဟတ်ဇော်နော်၊ နိက္ခမပါရမီငါးလီကာမဂုဏ် စွန့်တုံပစ်ငြား မြတ်ဗုရား၏သားသမီး မှန် ကေန်ဖြစ်မှု ရည်ရွယ်ပြုသည့် ဘိက္ခုနီကလေး၏ အဖြစ်ကို သာလျှင်။ ကော်ရိမော်နယ်စာရိ၊ တောင်တောင် အီအီ ပွေလီ ဆန်းပြား ဘာဘာ တွေကိုမှ တွေးတောခြင်း မထားတော့ဘဲ သားသားနားနား ဟန်ကျပန်ကျ စိတ်ချ၍သာ ပြုကျင့်၍သာ နေပါ တော့အံ့သတည်း။

ဘင်္ဂလီနှင့် တရားတောင်း

၅၂။ ဆီရိဆံဿော၊ ဆော်ပြေကာရော်၊ ဇုံရာရှိ၊ နိဗာသော၊ တိမ္ဗြိ နော်၊ အာပူနိ၊ မူယီ၊ ဇော်လော်ဗြိနူ၊ ဇေနော်မြိနော်၊မဟတ် ဂျနေ့ော်၊ အာယု ဟိနော် ဒုက္ခိုတော၊ ဆော်ရော်နော်၊ ဆံဿော၊ ယေယီဟော်ရာ၊ ဇော်တေကော်၊ ဇော်လော် တော်ဝေါ်တီ၊ ယေကန္တိ၊ ရော်တီဆေရိဇာနေ၊ ယေယီမော် တော်၊ ဩန္နူရော်တော်၊ ဇေယီဂိန်ကွန်ထော်၊ ပါယ်လော၊ ဆော်ဒိနော်၊ စတုရဒိကျော၊ ဒေတိပါရာ ဆော်ဒိရော်၊ ကော်ရာ။

ဆိရိသံဃော၊ မေရုမဟိ ထိုထိုတောင်မြင့် ပမာချင့်လည်း နှိုင်းသင့်မရ ကြီးစွကျေးဇူး ဂုဏ်အထူးကြောင့် ချီးကျူးမကုန် လုံးစုံကြက်သရေ ပရမေဗုဒ္ဓ ပုတ္တသားစစ် ဖြစ်ကြီးဖြစ်၍ စွန့်ပစ်ကာမဂုဏ် လူ့ဘုံလောကီ မဃ္ဃဒေဝီဟု နယ်ပြည်ကျော်ကြား ကျေးဇူးတော်ရှင် အရှင်ဗုရား။ မူယိ၊ မင်ဖိုလ်နိဗ္ဗာန် သုံးတန်တရား လိုလား စုံမက်လွန်နှစ်သက်ကြသောတပည့်တော်တို့သည်။ တိမြိုရော်၊ သံသရာလမ်း နယ်စခန်းမှ ထွက်လင်းကို တကယ်မသိသဖြင့် အမိုက်အတိဖုံးလွှမ်းကြပါသည်ဖြစ်၍။ အာပူနီ၊ အရူပဘုံအပါယ်ဘုံသို့ ဆန်စုန် အောက်ထက် ဘဝဂ်ဝိစိ နှံ့ဘိစကြဝဠာ ဖိလာထုတ်ချင်း ပြေးသွား ခြင်းကိုဖြစ်စေတတ်သော။ သော်ပြေကာရော်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်မခြား ခြောက်ပါးသဒ်ါရ ပြုမိကြပါသည် ဖြစ်၍။ ဝါ၊ ဒိဋ္ဌိတဏှာ သုံးဖြာမာန လွှမ်းမိုးကြပါသည် ဖြစ်၍။ ဇုံရာရှိ၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ် လေးသွယ် အပါယ ဒုက္ခ အမျိုးမျိုးတို့၌။ နီဗာသော၊ စောက်သိုး ငွမ်းပြန် အတန်တန်ဖြင့် ခံရအမြဲပါပေတည်း။ မဟတ်ဂျနော်၊ ရာကုဋေမှာ ရှာဖွေပတ်နှောက် တယောက်မရှိ မဃ္ဃဒေဝီဟု နယ်ပြည်ထင်ရှား ကျေးဇူးတော်ရှင် အရှင်ဗုရား။ ဇော်လော်ဗြုနူ၊ ရေမရှိသော မြေပြင် ကုန်းကျောထက်၌။ ဇေနော်မြိနော်၊ နေပူကို ခံနေကြရသော ငါး,လိပ်တို့သည်။ ဒုက္ခ၂တော၊ ဆင်းရဲဒုက္ခတွေ့ကြသကဲ့သို့ရင်း။ အာယုဟိနော်၊ အသက်နေ ဆုတ်ယုတ်ခြင်းသို့ရောက်ကြသကဲ့သို့ရင်း။ ယေယိဟောရာ၊ ဤငါး, လိပ်နှစ်ဖြာ ဥပမာသို့ မှန်စွာဖြစ်၍ နေကြရပါကုန်၏။ ဆော်ရော်နော်သံဃော၊ နှစ်ဖြာရပ်နာမ် သတိပဋ္ဌာန်သစ္စာ အာယတနာ ပဋိစ္စငါးဝခန္ဓာ ပိပဿနာဓာတ်ပရမတ်ဉာဏ် ဝေဘန်ပိုင်းခြား ထင်ရှားပြသ ဆိုဆုံးမ နိုင်သော အရှင်ဗုရား။ ဇော်တေနော်၊ မိုးရေကိုခေါ်တတ်သောငှက်သည်။ ဇော်ဃော်တော်ဂေါ်တိ၊ မိမိခေါ်၍ရသောမိုးရေ၌။ ယောကန္တိရော်တိ၊ မတုန်မလှုပ် ငုတ်တုတ်အမြဲအသဲစွဲ တပ်နှစ်သက်တတ်သည်ကို။ ယေယိမော်တော်၊ စည်းဝေးရောက်လာ တရားနာဖြင့် တကာ-တကာမ ထိုထိုမျှတို့ သိကြရပါကုန်၏။ ဆေရိဇာနေ၊ ထိုမိုးရေကို သေသေချာချာကောင်းစွာ

နှစ်သက် ဇာမရီငှက်ကဲ့သို့။ ဇေယိ၊ ကျင့်ဘို့ကျင့်ရန် တောင်းပန်လိုလား ရှစ်ပါး မဂ္ဂင် ရေအလျှင်ကို။ ဩန္နရော်ဘော်၊ အစဉ်တစိုက် နှစ်ခြိုက်သဲစွဲ အားကုန်ခဲ၍ အမြဲပြုလိုကြပါ၏။ ဗိန်ကွန်ဗ္ဗော်၊ ၂၆-မှန် နိုင်ငံပေါင်းစု ကြည်မှု အေးစွ ဘေးမခသည့် အမတမည်ပေ နိဗ္ဗာန်ပြည်သို့။ ပါယိကော၊ အမြဲလည်းလျှောင်းပုန်းအောင်း ခိုလှုံကြပါလို၏။ စတုရဒိကျေ၊ လေးရပ်မျက်နှာပဘ်လည်ချာမှ ရောက်လာစည်းဝေးကြကုန်သော။ ဆော်ဒိနော်၊ မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်ချမ်းသာ ကောင်းစွာ နှစ်သက် လွန်စုံမက်ကြသော တပည့်တော်တို့ကို။ ဒေဟိပါရာ၊ ပစ္စက္ခ-အလိမ္မာ ပဝတ္တိဉာဏ်။ ဝါ၊ နာမ်ဇာတိလေး ရပ်နာမ်မလွဲအမြဲကိန်းအောင်းခြင်းငှါ။ ဇေကရူဆော်ဓိရော်ကော်ရာ၊ ဒိဋ္ဌိသတ်နည်း တရားကြီးကို မြေတီးလက်ခတ် ပြတ်ပြတ်သားသား ပိုင်းခြားဝေဘန် ကေန်တည့်တည့်ဒိဋ္ဌိတဏှာ နှစ်ဖြာထက်အောက် မဂ်စဉ်ပေါက်အောင် ချီးမြှောက်၍သာ ပေးကြား၍သာဆုံးမတော်မူပါအရှင်ဘုရား။

---

ကသျှစ်နော်ဆယ်ပါးဆရာတော်ဘုရားကို ဆည်းကပ်လျက်
ကသျှစ်နော် ဂုဏဆရာဘုရားဂုဏ်တော်ကို
ကရမြီနော်ပေါ်တရားအမြိုက်ကိုသောက်လေ့ရှိသော
ရောင်ခြည်တော်ဖွင့်ဘုရားပင့်

စတုက္ကရံသိ နိက္ခန္တ၊ မေရုရာဇာ ဂိရုတ္တမော၊
သောဘတေဝ သကာဘာယ၊ ဩဘာသယံ သမန္တတော။
ဟထာစ သောဘဏော ဗုဒ္ဓ၊ ဆဗ္ဗဏ္ဏရစိယာ ဘဝံ၊
အနန္တ ဇုတိမာ ဘန္တေ၊ ဂန္တွာ ဌာတု သိရေမှိမေ။

ဂိရုတ္တမော၊ ကမ္ဘာပေါ်တွင် ထင်ရှားရှိသမျှ တောင်တကာ့ထွတ်မှူး တောင်ဦး တောင်မြတ်ကြီးဖြစ်ပေထသော။ စတုက္ကရံသိနိက္ခန္တမေရုရာဇာ၊ ရွှေငွေမြဖလ် လေးတန်ရောင်ခြည် ထွက်လည်ကွန့်မြူး တင့်ထူးလျှံဖြိုင် မဏ္ဍိုင်ချက်ဗွေ နေစက်လစက်နက္ခတ်တာရာ ကြယ်တကာတို့ ဝဲယာပတ်ဝိုက် ဦးခိုက်ကြရာ မဟာမြင့်မိုရ်တောင်

မင်းကြီးသည်။ သကာဘာယ၊ ဝါဝင်းရောင် ဖြူဝင်းရောင် စိမ်းလဲ့
ဝင်းရောင် ဖလ်မှန်ရောင် တည်းဟူသော မိမိအရောင်အဝါဖြင့်။
သမန္တတော၊ နှစ်ထောင်ကျွန်းငယ် လေးသွယ်ကျွန်းကြီး သီးသီး
မြွာမြွာ အဏ္ဏဝါလေးသွယ် မြစ်ငယ်ငါးရာ ငါးဖြာမြစ်မရှိသမျှ
အကုန်လုံးစုံ ရပ်ဒိပတ်ပတ်လည်၌။ သောဘတိဋ္ဌဝ၊ လေးကျွန်း
လုံးလယ် လွန်တင့်တယ်သကဲ့သို့။ တထာစ၊ ထိုမြင့်မိုရ်တောင်ကြီး
ပုံနည်းစံယူ အလားတူသာလျှင်။ ဆဗ္ဗဏ္ဏရစိယာ၊ ကြာညိုရောင်
မဲ့ညိုရောင် ပုလဲညိုရောင် မြစိမ်းညိုရောင် အဆင်းကဲ့သို့ ညိုဝင်းသော
ရောင်ခြည်တော်၊နေမင်းအ့ရောင် ရွှေအဆင်းရောင်ပယင်းဝါရောင်
သလင်းအဝါရောင် ဖဲအဝါရောင်ပတ္တမြားအဝါရောင် အဆင်းကဲ့သို့
ဝါဝင်းသော ရောင်ခြည်တော်၊တိမ်နီရောင်စိန်နီရောင်သန္တာနီရောင်
ကမ္ဗလာနီရောင် ပတ္တမြားအနီရောင် အဆင်းကဲ့သို့ နီဝင့်သော
ရောင်ခြည်တော်၊ ဘော်သာခွါရောင် သော်တာလရောင် မကန်း
အ့ဖြူရောင် ငွမ်းအဖြူရောင် ခတ္တာအဖြူရောင် ထပ်တရာအဖြူရောင်၊
ချရားအဖြူရောင် စကားအဖြူရောင် စပယ်အဖြူရောင် ကြယ်အဖြူ
ရောင်၊ ရတီစိန်အဖြူရောင် ဝဇီစိန်အဖြူရောင် ပွတ်သစ်စ ခရသင်း
အရောင်၊ အဆင်းကဲ့သို့ဖြူဝင်းသော ရောင်ခြည်တော်။ မည်းရောင်
နီရောင်ညို ရောင်ထည့်လျှောင်းကူးယှက် ပေါင်းသဖြင့် မဲမှောင်း
မှိုင်းအုံ့ရိမှုံ့သော အဆင်းရှိသော မဉ္ဇိဋ္ဌရောင်ခြည်တော်၊ မင်းလွင်
မြူးခုန် ကဆုန်မာသခါသမယ၌ မိုးဝပြင်ကျယ်ကောင်းကင်လယ်က
လျှပ်ပန်းနွယ်ယှက်ကူး ပိုးစိန်းဖြူ သဏ္ဍာန် မီးပန်းတွေ ပျံ့သလို
အလျှံတလက်လက် တက်တွဲချည် သက်တွဲချည် ဝဲတွဲချည် ပျံ့တွဲချည်
ထိုမှဤမှ လူးလာပြိုးပြက် တခဲနက်သော ခြောက်သွယ်သော
ရောင်ခြည်တော်တို့ဖြင့်။ သောဘဏော၊ မြင်သူအများ ရှုမအား
အောင် ကြွားကြွားဆင့်ဆင့် တင့်တယ်တော်မူထသော။ ဘန္တေ၊
ရွှေဘုန်းတော်သခင် အရှင်ဘုရား။ အနန္တဇုတိမာ၊ မြေအဆုံး
မိုးအဆုံး စကြဝဠာဆုံးအောင် အုပ်ဖုံးဖြန့်မိုးခြင်းငှာ စွမ်းနိုင်ရာ
သောကြောင့် မိုင်တာကောသ ဂါဝုတ ယူဇနာ သင်္ချာပမာဏ
ဂဏန်းချလည်းဆုံးစမထင် ရောင်ရှင်တော်အပေါင်းနှင့်ပြည့်စုံတော်

မူပေထသော။ဘဝံ၊သုံးဘုံမကိုင်ငြိသုံးတိုက်မှန်ကူ သယမ္ဘူ ထွတ်ထား ရှင်တော်ဗုဒ္ဓဘုရား ကြီးသည်။ ဂန္ဓာ၊ တရာ့ရှစ်ကွက် ရွှေစက်အစုံ ကြာပဒုံကို ညွှတ်ရုံဖြန့်မြန်း ကြွလှမ်းချီတော်မူ၍။ မေ၊ ရှင်တော် ဗုဒ္ဓဘုရားကြီးကို ကိုးစား ယုံကြည် အတည်မပြတ် ဆည်းကပ်ကိုး ကွယ်လျက်ရှိပါသော တပည့်တော်၏။ သိရမှိ၊ နှစ်ကုဋေငါးသန်း မြန်မာချည်ဟန် ဆံပင်ပေါင်းဖွဲ့ ပျောင်းနွဲ့ညွတ်ရုံ နဖူးတုံ ပမာ ဦးခေါင်းတော်တည်းဟူသောနေရာတော်၌။ ဌာတု၊ မယိမ်းမယိုင် ကျောက်စာတိုင် ကဲ့သို့ ခိုင်ခိုင်မတ်မတ် တန့်ရပ် တည်နေတော်မူ လှည့်ပါ ဣသဝရိယ, ဓမ္မ, ယသ, သိရီ,၊ကာမ,ပယတ္တတို့နှင့် ပြည့်စုံ တော်မူသော ရွှေဘုန်းတော်သခင် အရှင်ဘုရား။

ကျမ်းပြုသည့်အတွက် မေတ္တာပို့

ဇုပေါ်လော်၊ကျီဆူရော်၊ ပြယ်မော်၊ လိကျွော ဖော်နော်၊ဇော် နော်တျိမော်၊ပောနော်၊ဒေါ်နော်၊ပြော်ကာဆိလာ၊ဇာလာ။

ဇုဝေါ်လော်၊ ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့ ဖြောင့်တန်း ကြွရောက်တော်မူသောအရှင်ဘုရား၏။ ပောနော်ဒေါ်နော်၊ သတ္တဝါ တို့ခန္ဓာအစဉ် တွေ့လျှင်ချက်ခြင်း ဉာဏ်မြင်လင်းရောက် မဂ်ပေါက် ဖိုလ်ပေါက် စွမ်းမြောက်ထင်ရှား ပရမတ္ထတရားအနှစ်ကို။ ဇာလာ၊ သဒ္ဒါပညာ နှစ်ဖြာခုရ ကုံလုံဝ၍ နာမအမည် ဓမ္မစေတီသည်။ ပြယ်မော်၊ သတ္တဝါအား ဉာသနား၍ တရား ဝိပဿနာ ဉာဏ် မဟာကို ကောင်းစွာပြုစု စီရင်ရေးသားသည့် အမှုကြောင့်။ ဝါ၊ ဓမ္မစေတီ-ဘင်္ဂလီကျမ်း အမည်ဆန်းသည့် ကျမ်းမဟာကို ရေးကာ ပြုစုရသည့်အတွက်ကြောင့်။ ကျီဆူရော်၊ အဆင်းရောင်ဝါ အဖြာ ဖြာမစဲ ရဲရဲတောက်သော။ လိကျွောမာနော်၊ အကြိမ် တထောင် ကောင်းအောင် လှော်ခုတ် အဟုတ်ကောန် ပြီးပေသော။ ဇော်နော် တျိမော်၊ ရွှေဆိုသမျှ ယှဉ်ပြိုင်လိုက်က မမှီရသည့် ဆရာထောင်သစ် ဇမ္ဗူရာစ်ရွှေစင် တနိက္ခကဲ့သို့။ ပြော်ကာဆိလာ၊ ရဟန်း, ရှင်, လူ, မည်သူမဆို ထိုထိုအများ ကျင့်ကြံပွားသဖြင့် ထင်ရှား၍သာ အောင် မြင်၍သာ ပေါက်ရောက်ကြပါစေသတည်း။

မကြာမီ ထွက်ပါတော့မည် မျှော်ပါ

ရွှေမြိုင်-ဦးပဏ္ဍိတ

၏

# ဒေသနာလွှာပုံညွှန့်

## မဟာမေရုံယပ်လှဲ

---

ဤတရားစာသည် တရားအစစ်ကို စကားယဉ် စကားနု ကဗျာစု အချိုးအပုဒ်တို့ဖြင့် သရုပ်ဖေါ်ထားပေသည်၊ အမည်နှင့် လိုက်ဖက်အောင် အညွှန့်အခက်တို့ တလွှန့်လွှန့် ထွက်လျှက်ရှိသည်၊ ဘတ်၍ မငြီးအောင် ဒေသနာနည်း အကွက်ဖေါ်ပုံ စေ့စပ်သည်၊ ဂါထာကို အနက်ပြန်ပုံက လည်း မြန်မာ့ဟန် မြန်မာ့အသွင် စကားလုံး အသစ် အလွင်တို့ဖြင့် နုယဉ်လှပေသည်။

ဇာတ္တာသယ ပိဋကတ် စာပုံနှိပ်တိုက်က ခေတ်ကြိုက် ဖြစ်သော အနေအထား စာခေါင်းများ တပ်ဆင်လျှက် သစ်လွင်သော စာလုံး လှပသော အဖုံးတို့ဖြင့် ခေတ်သုံး အကြိုက် သိုက်မြိုက်စေကာ ရိုက်နှိပ် ထုတ်ဝေ ပါတော့ မည်။